မြစိမ်းတောင်ဆရာတော်

# အရှင်ဇာဂနေယျ

(လိမ္မော်ခြံ–တိုက်ကြီး)

# လွတ်မြောက်မှု ချမ်းသာကို ရှာဖွေခြင်းနှင့် အလုပ်ပေး တရားတော်များ



Design : Pann Zan

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြစိမ်းတောင်ဆရာတော်-အရှင်ဇာဂနေယျ • လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်း နှင့် အလုပ်ပေးတရားတော်များ

မြစိမ်းတောင်ဆရာတော်

# အရှင်ဇာနေယျ

(လိမ္မော်ခြံ-တိုက်ကြီး)



# လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်းနှင့် အလုပ်ပေး တရားတော်များ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပ္ပမာဒစာစဉ်

## မြစိမ်းတောင်ဆရာတော်
## အရှင်ဇာနေယျ
### လိမ္မော်ခြံ၊ တိုက်ကြီး

# လွှတ်မြောက်မှုချမ်းသာကိုရှာဖွေခြင်း
# နှင့်
# အလုပ်ပေးတရားတော်များ

အပ္ပမာဒဓမ္မရသစာပေတိုက်
အမှတ် (၁၈၉) ရွှေဝါထွန်း(၂) လမ်း၊ (၃၃)ရပ်ကွက်
ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း – ၅၈၄၇၃၈

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## ဓမ္မံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တရားတော်ကို အားကိုးရာဟူ၍
ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

## သံဃံ သရဏံ ဂစ္ဆာမိ

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ်အပေါင်းကို
အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူအားလုံးတို့တွင် တရားအလှူသည်
အမြတ်ဆုံးဖြစ်၏

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


✸ ဝိနည်းမိုရ်ဆရာတော်ကြီး၏အမှာစာ

၁။ ဘဝနှင့်အလုပ်တရားတော် ၁

■ ဖြစ်ပြီးတဲ့အကုသိုလ်ကို ဘယ်လိုပယ်မလဲ ၇

■ ဘဝဆိုတာပျော်စရာလား ၁၃

■ မကောင်းတဲ့ခံစားက ကူးလွယ်တယ် ၂၀

■ တန်ဖိုးရှိတဲ့ဘဝ ဖြစ်စေဖို့ ၂၄

၂။ ဝိပဿနာအကြောင်း သိကောင်းစရာတရားတော် ၃၃

■ ဝိပဿနာဆိုတာ ဘာလဲ ၃၅

■ ဝိပဿနာမလုပ်ရင် အပါယ်ကျမှာလား ၃၈

■ ဝိပဿနာအားထုတ်ရင် ဘယ်လိုအကျိုးတွေရမလဲ ၄၇

■ ဝိပဿနာကို ဘယ်လိုလုပ်ရမှာလဲ ၅၈

■ စိတ်အဆိုလေးနဲ့ ထိန်းပေးပါ ၆၅

■ ဆင်ခြင်သင့်တဲ့အခါ ဆင်ခြင်ပါ ၇၂


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၃။ လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်းတရားတော် ၇၉
■ ဘာအရေးအကြီးဆုံးလဲ ၈၀
■ ဒိဋ္ဌိကိုဆင်ခြင်ပြီးတော့လည်း ခွာရတယ် ၈၅
■ ရှုမှတ်ပြီးခွာဖို့က အဓိက ၉၇
■ အတွင်းကို ဦးစားပေးမှတ် ၁၀၁
■ နည်းမှားနေရင် မဂ်ဖိုလ်မရ ၁၁၀
■ ရှုမှတ်ခြင်းနှင့် ဆန်းစစ်ခြင်း ၁၂၂
■ ဣန္ဒြေညီမှ တရားရ ၁၂၈
■ နိဗ္ဗာန်ဆိုတာ ဘယ်မှာလဲ ၁၃၆
■ ဒိဋ္ဌိခွာနိုင်မှ နိဗ္ဗာန်ရ ၁၄၀

၄။ ဉာဏ်စဉ်လမ်းမှ ကမ်းတစ်ဖက်သို့ ၁၄၉
■ ဆုပန်ထားတာရှိသလား ၁၅၃
■ တရားထူးလိုချင်တဲ့ နိကန္တိ ၁၅၅
■ အရှိန်အားကောင်းပါမှ ၁၅၉
■ ဆုံးမရ ခက်နေမှတော့ ၁၆၅
■ အနတ္တဆိုတာ ဒါပါလား ၁၆၈
■ နှစ်နဲ့ချီပြီးလုပ်ရတယ် ၁၇၄
■ သမထကို အထင်မသေးနဲ့ ၁၈၀

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဝိနည်းမိုရ်ဆရာတော်ကြီး၏အမှာစာ

ရန်ကုန်မြို့၊ကမ္ဘာအေးကုန်းမြေ၊ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့၌ တာဝန်ထမ်းဆောင်စဉ် တပည့်တစ်ဦးဖြစ်သော အရှင်ကုမာရ(B.A.) က စာမူကြမ်းတစ်ခုကိုလာကပ်ပြီး အမှာစာချီးမြှင့်ပေးရန် လျှောက်ထား သည်။ ချမ်းမြေ့မြိုင်ဆရာတော် ဖတ်ရှုစိစစ်ပေးတော်မူထားပြီးဖြစ်သည် ဟုလည်းသိရသည်။

ယနေ့အချိန်အခါတွင် ဝိပဿနာတရားမှာ လွန်စွာထွန်းကား နေသည်။ တိုင်းနှင့်ပြည်နယ်အနှံ့၊ တောရောမြို့ပါ ဝိပဿနာတရားကို အားထုတ်နေကြသည်။ မြန်မာပြည်မှာသာမက ကမ္ဘာမှာပါ ပျံ့နှံ့နေသဖြင့် ဝမ်းမြောက်စရာကောင်းသလို၊ ဂုဏ်ယူစရာလည်း ကောင်းလှသည်။

သို့သော် ရှေးအစစ်များနေရာတွင် ရှေးအတုများ အတင်းဝင် ရောက်နေရာယူလာသလို၊ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်အောင် ကျင့်ကြံ အားထုတ်သည့် မဇ္ဈိမပဋိပဒါကျင့်စဉ်မှ၊ မသိမသာ **သွေဖည်လာသော ကျင့်စဉ်များ** နေရာယူလာသည်ကို မကြာခဏ ကြားသိတွေ့မြင်နေ ရသည်။

စာအုပ်များလည်း ဖတ်ရသည်။ ကက်ဆက်တိပ်ခွေ၊ CD. MP3.DVD အသွင်မျိုးစုံတွေ့မြင်ရသည်။ ဒါယကာ၊ ဒါယိကာမများကို ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန်၊ ကယ်တင်နေသလိုလိုနှင့် သံသရာထဲမှာပဲ ချာချာလည်နေအောင် ဆောင်ရွက်သလိုဖြစ်နေကြ သည်။ ဆရာအရွေးမှားလျှင် တပည့်အများ ဒုက္ခရောက်ပေဦးတော့ မည်။

လမ်းမှန်ပေါ်ရောက်အောင် ပြောဆိုဆုံးမရသည်မှာ ခက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ခက်လှသည်။ ဒါယကာ၊ ဒါယိကာမများကိုယ်တိုင်က အရင်း နည်းနည်းစိုက်ပြီး အမြတ်များများလိုချင်ကြသည်။ အလွယ်ကြိုက်၊ သက်သာလိုက်ကြသည်။ မဂ်ဖိုလ်နိဗ္ဗာန်ကို ဖြတ်လမ်းက သွားချင်နေကြသည်။ ပင်ပင်ပန်းပန်း၊ ရက်ရှည်လများ အားထုတ်ရမည်ဆိုလျှင် မနှစ်သက်ကြ။ တချို့ လမ်းလွဲနေသည်ကို တွေ့ရသည်။

တကယ်ဆိုလျှင် ဆရာအရွေးမှန်ပါမှ အသိမှန်၊ အကျင့်မှန်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်အစစ် ရနိုင်သည်ကို အထူးသတိပြုစေလိုပါသည်။ ယခု မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူသော အလုပ်ပေးတရားတော်များမှာမူ ...

၁။ မဇ္ဈိမပဋိပဒါကျင့်စဉ်ကိုဆုပ်ကိုင်ထားသည်။ အစွန်းရောက်ကျင့်စဉ်များကို ရှောင်ပြီး၊ ဝိပဿနာ မရှုမှတ်ဖြစ်သောအခါ သမထကိုရှုမှတ်စေသည်။ ဆရာစွဲ၊ ရိပ်သာစွဲ မရှိ။

၂။ ဝိပဿနာလမ်းကြောင်းပေါ်မရောက်သေးသည့်ပုဂ္ဂိုလ်များကို ဝိပဿနာလမ်းကြောင်းပေါ်ရောက်အောင် ဆွဲတင်ပေးထားသည်။ တွန်းတင်ပေးထားသည်။

၃။ ဝိပဿနာကို အားထုတ်ချင်သော်လည်း ဘယ်က စရမှန်းမသိသည့် ယောဂီအသစ်များအတွက် အလွယ်ဆုံး၊ အကျဉ်းဆုံး၊ အခြေခံကျင့်စဉ်များကို ဟောပြထားတော်မူသည်။

၄။ ဝိပဿနာယောဂီအများစုသည် ရှုနည်းမှတ်နည်းများကို အကြမ်းအားဖြင့် သိနေကြပြီးဖြစ်သည်။ သို့သော် တကယ်လက်တွေ့အားထုတ်သည့်အခါ မကျွမ်းကျင်ကြ။ ရှုနည်းမှတ်နည်းက မှန်ကန်ဖို့လည်း လိုသည်။ ကျွမ်းကျင်ဖို့လည်း အရေးကြီးသည်။

ရှုမှတ်သည့်အခါ ဝိပဿနာဉာဏ်မဖြစ်ဘဲ ဝိပဿနာဉာဏ်လိုလိုနှင့် စိန္တာမယဉာဏ်များ ဖြစ်နေတတ်သည်။ တချို့က သမထများဖြစ်နေတတ်သည်။ နှစ်တွေကြာနေပြီး ခရီးမရောက်။ ထိုကဲ့သို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြိုးစားအားထုတ်နေပါလျက်နှင့် ခရီးမရောက်ဖြစ်နေကြသည့် ယောဂီများအတွက် လမ်းညွှန်ကျင့်စဉ်များကို ရိုးရိုးရှင်းရှင်း ဟောကြားတော်မူထားသည်။

၅။ မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်အောင် ကျင့်ကြံအားထုတ်နေကြသည့် ယောဂီကြီးများအတွက် သိမ်မွေ့သော၊ နက်ရှိုင်းသော၊ သိရန်ခက်ခဲသော မြုပ်ကွက်များကိုလည်း ထုတ်ဖော်ဟောကြားတော်မူထားသည်။

၆။ ကြည့်တတ်မှ မြင်၏၊ ယူတတ်မှ ရ၏၊ အမှန်တကယ်ကျင့်သုံးလျှင် ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုးကိုရစေနိုင်၏။ ထို့ကြောင့် ဖြည်းဖြည်းဖတ်ပါ။ မှတ်မိအောင် အကြိမ်ကြိမ်အခါခါဖတ်ပါ။ လက်တွေ့အသုံးချပါ။ အသိမှန်၊ အကျင့်မှန်များကို လက်ဆင့်ကမ်း ဖြန့်ဝေပြီး၊ သာသနာတော်ကြီး တည်တံ့ပြန့်ပွားအောင် ပါဝင်ဆောင်ရွက်ကြပါဟု အကြံပြုတိုက်တွန်းအပ်ပါသတည်း။

**ဘဒ္ဒန္တဝိပုလ**
**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ**
**သာသနဓဇသိရီပဝရဓမ္မာစရိယ**
**အပရဂေါယာနကျောင်းဆောင်**
**ကမ္ဘာအေးကုန်းမြေ၊ရန်ကုန်မြို့။**

၁၃၇၀ ခုနှစ်၊သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)
၂၀၀၈ ခုနှစ်၊အောက်တိုဘာလ၊(၁၄)ရက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# တရားအဖွင့်

ရတနာသုံးပါး၊ ဆရာအား၊ ဝပ်တွားရှိခိုးပါ၏ဘုရား။

အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ကျန်းမာချမ်းသာကြစေသား။

သူတော်ကောင်းဓာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသား။

အပ္ပမာဒစာစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဘဝနှင့် အလုပ် တရားတော်

သစ္စာဆိုပြီး မေတ္တာပို့ကြရအောင်၊ ပရိသတ်အားလုံးလည်း လက်အုပ်ချီပြီး အာရုံပြုထားကြပါ။

**သဗ္ဗိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ န ပါပိယော။**
**သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။**
**သတံ သဒ္ဓမ္မ မညာယ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။**
**ဧတေန သစ္စေန၊ သုဝတ္ထိ ဟောတု။**

**သဗ္ဘိရေဝ**–သူတော်ကောင်းတို့နှင့်သာလျှင်၊ **သမာသေထ**–ပေါင်းဖော်ရာ၏။ **သဗ္ဘိ**–သူတော်ကောင်းတို့နှင့်သာလျှင်၊ **သန္ထဝံ**–အတူသွား အတူလာ အတူစား အတူနေမှုကို၊ **ကုဗ္ဗေထ**–ပြုရာ၏။

**သတံ**–သူတော်ကောင်းတို့၏၊ **သဒ္ဓမ္မံ**–သူတော်ကောင်းတရားကို၊ **အညာယ**–သိမြင်၍၊ **အညာယ**–မိမိစိတ်မှာကောင်းစွာ အားထုတ်၍ အရဟတ္တဖိုလ်ပေါက်သိသည်ရှိသော်–



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**သေယျော**–မြင့်မြတ်လှသည်၊ **ဟောတိ**–ဖြစ်ပါပေ၏။ ပါပိ **ယော**–ယုတ်မာသည်၊န **ဟောတိ**–မဖြစ်ပါပေ။

**သဗ္ဗဒုက္ခာ**–အလုံးစုံသောဝဋ်ဆင်းရဲအပေါင်းတို့မှ၊ **ပမုစ္စတိ**–ကင်းလွတ်ရပါပေ၏။

**ဧတေန သစ္စေန**–ဤသို့ ဟုတ်မှန်ဖော်ထုတ်ပြန်၍ ဟုတ်မှန်သောသစ္စာစကားကြောင့် တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော ပရိသတ်အပေါင်းတို့နှင့်တကွ၊ လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာမကြွင်း အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့သည်–

**သုဝတ္ထိဟောတု**–ဘေးရန်ခပ်သိမ်းတို့မှ ကင်းဝေးကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။ ဆင်းရဲခပ်သိမ်းတို့မှ ကင်းဝေးကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

မညှိုးမမှိန် တန်ခိုးရှိန်၍ စိုးရိမ်ကြောင့်ကြ ငိုကြွေးခြင်းတို့မှ ကင်းဝေးကြကုန်သည် ဖြစ်ကြပါစေကုန်သတည်း။

ယနေ့ကစ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် သူတော်ကောင်းတရားတွေကို ဆတက်ထမ်းပိုး ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု – သာဓု – သာဓုပါဘုရား။

သစ္စာဆို၊ မေတ္တာပို့ပြီးတဲ့နောက်၊ ဒီကနေ့ည **"ဘဝနဲ့အလုပ်"** လို့ အမည်ပေးထားတဲ့တရားတော်ကို ဟောကြ နာကြ ကြည်ညိုကြရအောင်။

ဖြစ်တာကို ဘဝလို့ခေါ်တယ်။ ဘာတွေဖြစ်တာလဲဆိုတော့ ရုပ်တွေ နာမ်တွေ ဖြစ်တာပေါ့။

အင်မတန်ရခဲတဲ့ လူ့ဘဝ ဖြစ်လာရလာတာဟာ အတိတ်ဘဝက ကုသိုလ်အလုပ်တွေ လုပ်ခဲ့ကြလို့ပဲ။ ယခုပစ္စုပ္ပန်ဘဝမှာလည်း ဘဝရပ်တည်ရေးအတွက် အလုပ်တွေ ဆက်တိုက်လုပ်ကြရဦး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ သေချာတယ်။

လောက ဝေါဟာရနဲ့ပြောတော့ "**အလုပ်**"။ ဒေသနာ ဝေါဟာရနဲ့ပြောရင်တော့ "**ကံ**"။ အတူတူပါပဲ။ လောကမှာ အလုပ်တွေ အများကြီးရှိသော်လည်းပဲ တူရာတူရာပေါင်းလိုက်ရင် (၃)မျိုးပဲရှိတယ်။

ကိုယ်နဲ့လုပ်တယ်၊ နှုတ်နဲ့ပြောတယ်၊

စိတ်နဲ့ကြံတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ။

ဒီကာယကံ၊ ဝစီကံ၊ မနောကံတွေဟာ တစ်ခုမဟုတ်တစ်ခုကတော့ မိမိတို့သန္တာန်မှာ အမြဲတစေဖြစ်နေတာပဲ။

ဒီဘဝမှာသာ ဖြစ်နေတာမဟုတ်ဘူး။

အတိတ်ဘဝတွေကလည်း ဖြစ်ခဲ့တာပဲ။

နောင်ဘဝတွေမှာလည်း ဖြစ်နေဦးမှာပဲ။ သံသရာထဲမှာ ကျင်လည်နေသ၍ကာလပတ်လုံး ဒီအလုပ်(၃)မျိုးထဲက တစ်မျိုးမျိုးကို လုပ်နေ ကြရမှာပဲ။ ရှောင်လွှဲလို့ကို မရဘူး။

ဒီအလုပ်သုံးမျိုးကို ကောင်း၊ မကောင်းအားဖြင့် နှစ်မျိုးစီ နှစ်မျိုးစီ ထပ်ခွဲတယ်။

**ကောင်းတဲ့အလုပ်က ကုသိုလ်ကံဖြစ်မယ်။**

**မကောင်းတဲ့အလုပ်က အကုသိုလ်ကံဖြစ်မယ်။**

အဘိဓမ္မာအနေနဲ့ပြောတော့ ...

**ကောင်းတဲ့စေတနာက ကုသိုလ်ဖြစ်မယ်။**

**မကောင်းတဲ့စေတနာကတော့ အကုသိုလ်ဖြစ်မယ်။**

ဒါကြောင့် ကာယကံမှာလည်း ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်။ ဝစီကံမှာလည်း ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်။ မနောကံမှာလည်း ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်ဖြစ်မယ်။

ဘဝရလာကတည်းက ကုသိုလ်(သို့မဟုတ်)အကုသိုလ်ဟာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အချိန်တိုင်းအချိန်တိုင်းမှာဖြစ်နေတာ။ ကုသိုလ်နှင့် အကုသိုလ်ကြား ဆိုတာမရှိဘူး။

**ကုသိုလ်ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကုသိုလ်ပဲ။**

ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားရဲ့ အဆုံးအမက ငါကို ရှေ့တန်းတင်ပြီးလုပ်တဲ့ အလုပ်ဟာ မကောင်းဘူး။ အများအတွက် အဓိကမထားဘဲ မိမိကောင်းစားရေးအတွက်ပဲလုပ်တယ်၊ ကိုယ့်ဘက်ကိုပဲဦးစားပေးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ တစ်နည်းအားဖြင့် အသာစံတယ်၊ အမြတ်ထုတ်တယ်။ အဲဒီလို တဏှာ၊ မာန၊ ဒိဋ္ဌိ ဦးစီးပြီးလုပ်တဲ့အလုပ်ဟာ မကောင်းဘူးလို့ သတ်မှတ်ပါတယ်။ "**အတ္တသင်္ဂဟ**" လို့ခေါ်တယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိ ပါးအောင်၊ ငါ၊ ငါ့ဥစ္စာ၊ ငါ့အတွက် ဟူသော အတ္တပါးအောင်လုပ်တဲ့အလုပ်ကို "**လောကသင်္ဂဟ**" လို့ခေါ်ပါတယ်။

လောကသင်္ဂဟဆိုတာ လောကအတွက်၊ အများအတွက်၊ လောကကို ချီးမြှောက်တာ၊ အနာခံတတ်တဲ့သဘောပဲ။ ကရုဏာရှိတဲ့ပုဂ္ဂိုလ်၊ အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်မျိုးမှသာ အနာခံနိုင်တယ်။

ပညာတတ်ပေမဲ့ ကရုဏာမရှိဘူးဆိုပြန်ရင်လည်း တစ်ကိုယ်ကောင်းဆန်တာများတယ်။ ပရဟိတလုပ်ငန်းတွေတော့ အများကြီးလုပ်တယ်၊ ကိုယ့်ဘာသာကိုယ် လောဘ၊ ဒေါသ၊ မောဟပါးအောင် မလုပ်ဘူးဆိုရင်လည်း အစွန်းပဲ။

အများအတွက်ချည်းပဲ အချိန်မကုန်စေရဘူး။

အများကို ကယ်တင်ရင်းနဲ့ ကိုယ့်ကိုယ်ကိုကယ်တင်တဲ့ အလုပ်တွေကိုလည်း လုပ်ရမယ်။ အစွန်းမရောက်အောင် ဝေဖန်ပိုင်းခြားပြီး ကရုဏာနဲ့လုပ်တဲ့အလုပ်မှ မဇ္ဈိမပဋိပဒါဖြစ်မှာ။

**အပ္ပမာဒစာစဉ်**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဇ္ဈိမပဋိပဒါဖြစ်မှ နိဗ္ဗာန်ကို ကျေးဇူးပြုနိုင်မှာ။

အများအကျိုးကို ရည်ရွယ်ပြီးတော့လုပ်တဲ့ အလုပ်ဟာ အတ္တကို ပါးသွားစေပါတယ်။ တဏှာငါ၊ မာနငါ၊ ဒိဋ္ဌိငါကိုပါးသွားစေပါတယ်။ တစ်ယူသန်တာတွေ၊ တစ်ကိုယ်ကောင်းဆန်တာတွေ ပြောရဆိုရခက်တဲ့ ခေါင်းမာတာတွေကို ပါးသွားစေတယ်။ နည်းသွားစေပါတယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိပါးတဲ့အလုပ်ကို ကောင်းတဲ့အလုပ်လို့ ဗုဒ္ဓဘာသာမှာ သတ်မှတ်ပါတယ်။ **"မှန်ကန်တဲ့အကျင့် သမ္မာပဋိပဒါ"** လို့ခေါ်တယ်။ အတ္တ(၃)မျိုးကို တိုးပွားစေတဲ့အလုပ်ကိုတော့ **"မှားတဲ့အကျင့် မိစ္ဆာပဋိပဒါ"**လို့ခေါ်ပါတယ်။

ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အလုပ်၊ ကောင်းတဲ့အလုပ် ဆိုသော်လည်း ဦးတည်ချက်က ငါတို့ကောင်းစားဖို့၊ ငါတို့ခံစားဖို့၊ ငါတို့ကြီးပွားဖို့ဆိုရင် ဦးတည်ချက်မှားသွားပြီ။

တဏှာ၊ မာန၊ ဒိဋ္ဌိကို တိုးပွားအောင်လုပ်ရာရောက်တဲ့အတွက် ကုသိုလ်တော့ကုသိုလ်ပဲ ...

**"မှားတဲ့အကျင့်၊မိစ္ဆာပဋိပဒါ"**လို့ ခေါ်တယ်။

လွယ်မလိုလိုနဲ့ ကုသိုလ်၊အကုသိုလ်မှာ သိစရာအများကြီး ပါပဲ။ အဓမ္မကိုပယ်သတ်ဖို့၊ လူမျိုးဘာသာ သာသနာအတွက် မလွဲသာ မရှောင်သာတဲ့ အများအတွက်လုပ်ရတဲ့ အကုသိုလ်မျိုးကျတော့ လောကသင်္ဂဟဖြစ်တယ်။

အကုသိုလ်တော့ အကုသိုလ်ပဲ၊ ဦးတည်ချက်အနေနဲ့က လောကအတွက်၊ အများအတွက်ဖြစ်သောကြောင့်–

**"ကောင်းတဲ့အလုပ် သမ္မာပဋိပဒါ"**လို့ ခေါ်ပါတယ်။

ပါရမီဖြည့်တဲ့ အလောင်းတော်ကြီးတွေဟာ ကုသိုလ်လည်း လုပ်ဖြစ်တယ်။ အကုသိုလ်လည်း လုပ်ဖြစ်တယ်။ အကုသိုလ် လုပ်ဖြစ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လို့လည်း တိရစ္ဆာန်ဘဝတွေ ကျင်လည်ရတယ်။ ငရဲကျတဲ့အခါ ကျတယ်။ သို့သော်လည်းပဲ အလောင်းတော်ကြီးတွေလုပ်တဲ့ အကုသိုလ်ဟာ–

ငါကောင်းစားရေးအတွက်လုပ်တဲ့ အကုသိုလ်မဟုတ်ဘူး။ အများအတွက်၊ လောကအတွက်၊ အဓမ္မကို ဓမ္မက လွှမ်းမိုးနိုင်ရေးအတွက်၊ အဓမ္မကို ပယ်ဖျက်နိုင်ရေးအတွက် မိမိကိုယ်မိမိစတေးပြီး အနစ်နာခံပြီးလုပ်တဲ့ အလုပ်ဖြစ်လို့ ပါရမီမြောက်တယ်။

ဒါတွေကတော့ သေသေချာချာ နက်နက်နဲနဲ စဉ်းစားမှ၊ တဖြည်းဖြည်းစဉ်းစားမှ သဘောပေါက်မှာ။ ဆရာကြီးဦးရွှေအောင်ရဲ့ စာအုပ်တွေထဲမှာ အများကြီးပါပါတယ်။

သတ္တဝါတွေမှာ ကုသိုလ်နဲ့ အကုသိုလ်ဟာ အမြဲတမ်းဖြစ်နေတာပဲ၊ မလွဲသာမရှောင်သာလို့ အကုသိုလ်လုပ်မိတဲ့အခါမှာ အဲဒီအကုသိုလ်ကို –

အသုံးချကိရိယာအနေနဲ့၊

လမ်းစဉ်အနေနဲ့ အသုံးချတတ်ဖို့လိုတယ်။

အကုသိုလ်လုပ်ဖို့ အားပေးတာ မဟုတ်ပါဘူး။

ကျွမ်းကျင်တဲ့ဆေးသမားဟာ အဆိပ်ကိုလည်း အသုံးချတတ်ရင် ဆေးအဖြစ်အသုံးချလို့ရသလို၊ ဘယ်အမြစ်၊ ဘယ်အရွက်၊ ဘယ်အခေါက်ကိုပဲဖြစ်ဖြစ် ကျွမ်းကျင်တဲ့ဆေးသမားဟာ ရောဂါပျောက်အောင် ဆေးကုလို့ရတယ်။

အဲဒီလိုပဲ သူသူငါငါ မလွဲသာမရှောင်သာဖြစ်နေရတဲ့ ကုသိုလ်၊ အကုသိုလ်ကိုလည်းပဲ မြတ်စွာဘုရားရဲ့တရားဒေသနာတွေကို လေ့လာပြီးတော့–

လမ်းစဉ်အဖြစ်အသုံးချရင်၊ ပဋ္ဌာန်းနည်းအရ ဥပနိဿယပစ္စည်းအနေနဲ့ ကျေးဇူးပြုတယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ပြန်ပြီးတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျေးဇူးပြုနိုင်တဲ့ အခြေအနေကို ဖြစ်လာနိုင်တယ်။

ကုသိုလ်ကို လမ်းစဉ်အဖြစ် အသုံးချတာကတော့ ထင်ရှား ပါတယ်။ ကုသိုလ်တွေပြုလို့ရှိရင် တစ်ဆင့်ထက်တစ်ဆင့်မြင့်ပြီး နိဗ္ဗာန် အထိရောက်နိုင်တယ်၊ ဒါကတော့ထင်ရှားတယ်။

ကုသိုလ်ကောင်းမှုကို အများအကျိုးအတွက်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အတွက် နိဗ္ဗာန်အတွက်ရည်ရွယ်ပြီး ကုသိုလ်ပြုလို့ရှိရင် မဂ္ဂင်ရှစ်ပါးထဲဝင်ပြီးတော့ တစ်ဆင့်ထက်တစ်ဆင့် မဂ်ဉာဏ် ဖိုလ် ဉာဏ် နိဗ္ဗာန်ကို ရနိုင်တယ်။

အကုသိုလ်ကျတော့ ဘယ်လိုလုပ်ပြီး မဂ္ဂင်ရှစ်ပါးထဲဝင်အောင် လုပ်မလဲ။ လမ်းစဉ်အဖြစ်၊ အသုံးချကိရိယာအဖြစ် ဘယ်လိုလုပ်မလဲ။ ဗုဒ္ဓဘာသာမှာ–

လမ်းစဉ်ရယ်၊ ပန်းတိုင်ရယ်ရှိပါတယ်။

ဗုဒ္ဓဘာသာရဲ့ ပန်းတိုင်ဟာ နိဗ္ဗာန်၊ လမ်းစဉ်က မဂ္ဂင်ရှစ်ပါး၊ လမ်းစဉ်က မှန်ပါမှ မှန်ကန်တဲ့ပန်းတိုင်ကို ရောက်မှာ။ လမ်းစဉ်မှန်မှ စစ်မှန်တဲ့အသိရမယ်။ စစ်မှန်တဲ့အသိရှိမှ စစ်မှန်တဲ့ငြိမ်းအေးမှုကို ရနိုင်မယ်။ ဒါကြောင့် လမ်းစဉ်မှန်ဖို့လည်း အရေးကြီးတယ်။ ပန်းတိုင် မှန်ဖို့လည်း အရေးကြီးတယ်။

***

## ဖြစ်ပြီးတဲ့အကုသိုလ်ကို ဘယ်လိုပယ်မလဲ

ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို မဂ္ဂင်ရှစ်ပါးထဲကို ဝင်အောင် ပြုလုပ်တတ်ရင် အသုံးချကိရိယာဖြစ်သွားတာပဲ။

မဂ္ဂင်ရှစ်ပါးထဲဝင်အောင် မလုပ်ဘဲနဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ရဲ့ နယ်ပယ်ထဲမှာပဲ အချိန်ကုန်သွားမယ်ဆိုရင်တော့ အသုံးချကိရိယာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဖြစ်တော့ဘူး။

ပါရမီမြောက်တဲ့ကုသိုလ်လည်း မဖြစ်တော့ဘူး။

မလွှဲသာ မရှောင်သာလို့ အကုသိုလ်လုပ်မိတဲ့အခါမှာ မဂ္ဂင်ရှစ်ပါးထဲဝင်အောင် မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် အထောက်အပံ့ရအောင် ဘယ်လိုလုပ်ရမလဲဆိုတော့ ...

အကုသိုလ်ကို မေ့ထားလို့မရဘူး၊ မိမိလုပ်ခဲ့တဲ့အကုသိုလ်တွေကို ဉာဏ်ပညာနဲ့ယှဉ်ပြီးတော့ ပြန်သတိရရမယ်။ တရားအားထုတ်နေတဲ့အခါမှာ ...

**တွေးတောနေစရာ မလိုဘူး။**

ပေါ်လာရင်မှတ်ပစ်ရုံပဲ။ ခုဟာက အားထုတ်နေတဲ့အချိန်မဟုတ်သေးဘူး။ ဆင်ခြင်နှလုံးသွင်းတဲ့အချိန်။

အကုသိုလ်တွေ မေ့ပစ်လိုက်ဆိုတာက လမ်းစဉ်အဖြစ် အသုံးချတဲ့အပိုင်း မရောက်သေးဘူး။ အကုသိုလ်တွေကို ပြန်သတိရနေရင် အကုသိုလ်တွေ ထပ်တိုးလာမှာစိုးလို့၊ ဒါက ဘာမှမလုပ်တတ်တဲ့သူတွေအတွက် ပြောတာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အတွက် အသုံးချတတ်မယ်ဆိုရင် မိမိပြုထားတဲ့အကုသိုလ်တွေကို မေ့ပစ်လို့မရဘူး၊ ဥပေက္ခာပြုလို့မရဘူး။

မိမိက ဥပေက္ခာပြုထားပေမယ့် အကုသိုလ်က ဆိုးကျိုးပေးမှာ၊ မိမိတို့ပြုထားတဲ့ အကုသိုလ်တွေဟာ တူညီတဲ့အကျိုးကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ အကျိုးပေးမှာပဲ။ ဘယ်လိုမှ ရှောင်လို့မရဘူး။ အဲဒီလိုအကျိုးပေးမဲ့အတူတူ အခုကတည်းက နှလုံးသွင်းဆင်ခြင်ရမယ်။ အကုသိုလ်တွေ လုပ်ထားတာကို ပြန်တွေးပြီးတော့ **ဝမ်းနည်းပူဆွေးနေဖို့ မလိုဘူး။**

ဝမ်းနည်းနေမယ်၊ ပူဆွေးပြီး မျက်ရည်ကျနေမယ်ဆိုရင် အကု



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သိုလ်တွေ ထပ်တိုးလာလိမ့်မယ်။ ကုဏ္ဍလွှစ္စဆိုတာ မဂ်တား ဖိုလ်တားပဲ၊ နိဗ္ဗာနတံခါဆဲမှာ ပါတယ်။ စုတိပျက်ကြွေ သေခါနီးမှာ နောင်တတွေရပြီး ဝမ်းနည်းပူဆွေး ငိုကြွေးနေမယ်ဆိုရင် အပါယ်လေးပါးကို ရောက်သွားလိမ့်မယ်။

အဝိဇ္ဇာမကင်းသေးသူမှန်သမျှ အကုသိုလ်နဲ့ မကင်းပါဘူး၊ နည်းတာနဲ့ များတာပဲကွာပါတယ်။ အကုသိုလ်တွေ လုပ်မိတဲ့အတွက် ဝမ်းနည်းပူဆွေးနေဖို့ မဟုတ်ဘူး။ ဒီအကုသိုလ်တွေဟာ တစ်နေ့ကျရင် ငါ့ကို ဆိုးကျိုးပေးလိမ့်မယ်။ ဘယ်လိုမှ ရှောင်လို့တိမ်းလို့ မရဘူးဆိုတာ သိထားပါ။

မြတ်စွာဘုရားရဲ့ ဆွေတော်မျိုးတော်တွေဖြစ်တဲ့ သကျသာကီဝင်မျိုးတွေဟာ တစ်ခုသောဘဝတုန်းက ငါးတွေကို အဆိပ်ခပ်ပြီး ရက်ရက်စက်စက် သတ်ခဲ့တယ်၊ အဲ့ဒီ အကုသိုလ်ဝဋ်ကြွေးကြောင့် ပြန်ခံရပုံကိုကြည့်ပါဦး။

ကောသလမင်းကြီးရဲ့သား ''ဝိဋူဍူဘမင်း''က–

သာကီဝင်မင်းတွေရဲ့ လည်ချောင်းသွေးနဲ့ ခြေဆေးမယ်ဆိုပြီး အကုန်သတ်ပစ်တယ်။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိပါရဲ့နဲ့ ဆွေတော်မျိုးတော်တွေ ရက်ရက်စက်စက် အသတ်မခံရအောင်ကယ်နိုင်ရဲ့လား။

''မကယ်နိုင်ပါဘူးဘုရား''

အဲဒီလိုပဲ အကုသိုလ်ကံတွေရှိရင် ပြန်ပြီးတော့ ဝဋ်ကြွေးခံရမယ်ဆိုတာ နှလုံးသွင်းပါ။ ဆက်ပြီးနှလုံးသွင်းရမှာက

''ရေများရေနိုင် မီးများမီးနိုင်''ဆိုသလို ...

မိမိလုပ်ခဲ့တဲ့ အကုသိုလ်တွေထက်ပိုပြီး အားကောင်းတဲ့ ကုသိုလ်တွေဖြစ်အောင် ပထမကြိုးစားရမယ်။ ဒါန၊ သီလ၊ သမထကုသိုလ်တွေ အများကြီးလုပ်ရုံနဲ့မပြီးသေးဘူး။ ဒီကုသိုလ်တွေက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘယ်လောက်ပဲများများ အကုသိုလ်ကို မပယ်သတ်နိုင်ဘူး။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ကသာလျှင် ...

ကုသိုလ် အကုသိုလ်တွေကို ပယ်သတ်နိုင်မှာ။

ဒါကြောင့် ဝိပဿနာဉာဏ်တွေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရအောင် ဆက်ကြိုးစားရမယ်။ မိမိတို့ရသမျှအချိန်တွေကို ဘာဝနာတရားဖြစ်အောင် နှလုံးသွင်းရမယ်။ အဲ့ဒါ ...

အကုသိုလ်ကနေ၊ ကုသိုလ်ကို ကျေးဇူးပြုတာ၊

အကုသိုလ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုတာ။

**အကုသိုလ်ကို ''လမ်းစဉ်''အဖြစ်နဲ့ အသုံးပြုတာ။**

**''ဖောင်''အဖြစ်၊ ''ငြမ်း''အဖြစ် အသုံးချတာ။**

အဆိပ်ကို အသုံးမချတတ်ပဲ သောက်ရင်တော့ သေမှာပဲ။ ကျွမ်းကျင်တဲ့ ဆေးဆရာကျတော့ အဆိပ်ကို ဆေးအဖြစ် အသုံးချတတ်တဲ့အတွက် အမျိုးမျိုးသောရောဂါတွေကို ကုသပျောက်ကင်းစေနိုင်တယ်။

အကုသိုလ်ဟာ ကုသိုလ်အတွက်အားကြီးတဲ့ အထောက်အပံ့ဖြစ်စေရမယ်။ မြတ်စွာဘုရားဟောကြားတဲ့''ယောနိသော မနသိကာရ'' ဒေသနာတော်ကိုမှီပြီး ပြုခဲ့မိတဲ့အကုသိုလ်တွေ အပါယ်အကျိုးပေးခွင့်မရအောင် ...

ယခုအချိန်ကစပြီး ကုသိုလ်တွေများများလုပ်မယ်။ ပထမ ဒီလိုနှလုံးသွင်းရမယ်။ ကုသိုလ်ကောင်းမှုကို စိတ်ပါလက်ပါ မြတ်မြတ်နိုးနိုးလုပ်ရမယ်။

ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ဒါတွေမသိသေးရင် ထားပါဦး။ တစ်ဆင့်ပြီးတစ်ဆင့် သွားရမယ်။ ဒါတွေက ခက်ခဲနက်နဲတာပဲဆိုပြီး စိတ်မညစ်နဲ့၊ အားမလျှော့နဲ့၊ ဘယ်သူပဲဖြစ်ဖြစ် ကြိုးစားရင်ရတာပါပဲ။ ယခုအချိန်က တရားထူး တရားမြတ်တွေ ရနိုင်တဲ့အခါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောင်း အခွင့်ကောင်းကြီး။

သာသနာထွန်းကားနေတဲ့ အချိန်အခါ။

ချက်ချင်းကြီး စစချင်းတော့ ဘယ်အလုပ်ပဲဖြစ်ဖြစ် မကျွမ်းကျင်ပါဘူး။ ကြာတော့မှ ကျွမ်းကျင်လာသလိုပဲ၊ များသောအားဖြင့် မကျွမ်းကျင်တဲ့အလုပ်ဟာ ဝိပဿနာအလုပ်ပဲ။

နိဗ္ဗာန်ရောက်မယ့်အလုပ်ကျတော့ မကျွမ်းကျင်ဘူး။

သားရေးသမီးရေး၊ စီးပွားရေးကတော့ အထိုက်အလျောက် ကျွမ်းကျင်ကြတယ်။ နိဗ္ဗာန်ရောက်မယ့်အလုပ်၊ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းမဲ့အလုပ်ကို တချို့များ မကျွမ်းကျင်ရုံမဟုတ်သေးဘူး။ မှားတောင် မှားနေကြတာ အများကြီးပဲ။

ကုသိုလ်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် ဘယ်လိုအသုံးချမလဲကြည့်ရအောင်။ ကုသိုလ်လုပ်ရုံနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရရိုးလား။

**ကုသိုလ်လုပ်တိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မရပါဘူး။** ငါတို့ ကုသိုလ်တွေ အများကြီးလုပ်ထားတာပဲ နတ်ပြည်တော့ အသာလေး ရောက်တာပေါ့။ နတ်ပြည်က ပန်းတိုင်ဖြစ်သွားတယ်။ ဗုဒ္ဓဘာသာမှာ ပန်းတိုင်က နိဗ္ဗာန်ကိုသွားရမှာ။

နတ်ပြည်ဆိုတာ ဒုက္ခသစ္စာပဲ။ ကုသိုလ်အရှိန်ကုန်ရင် အပါယ်ကျနိုင်သေးတယ်။

ကုသိုလ်လုပ်ရုံနဲ့ တင်းတိမ်နေလို့ရှိရင် မိမိတို့ကုသိုလ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် အထောက်အပံ့မရဘူး။

''ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ''လောက်ပဲ အထောက်အပံ့ရမယ်။ ဘဝကောင်းရမယ်။ စည်းစိမ်တွေပြည့်စုံမယ်။ ဒါနဲ့ပဲ ကုန်သွားမှာပဲ။ အကုသိုလ်အလှည့်ရောက်တော့ အပါယ်လေးပါး ခံရဦးမယ်။ ကုသိုလ်ကောင်းမှုလုပ်တာဟာ . . .

ငါ့အတွက်ဆိုပြီးတော့ မသိမ်းပိုက်နဲ့၊ အများအတွက်၊ လောက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတွက် ရည်ရွယ်ရမယ်။ ဒါမှ ပါရမီမြောက်တဲ့ကုသိုလ်ဖြစ်မှာ။ ကုသိုလ်မှာ ...

**ပါရမီမမြောက်တဲ့ကုသိုလ်ရှိတယ်။**

**ပါရမီမြောက်တဲ့ကုသိုလ်ရှိတယ်။**

အဲဒါဘာလဲဆိုတော့ နိဗ္ဗာန်မရောက်မယ့် ကုသိုလ်၊ နိဗ္ဗာန်ရောက်မယ့်ကုသိုလ်၊ ဒါကို ဆိုလိုပါတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် မရောက်မယ့်ကုသိုလ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်စေနိုင်တဲ့ကုသိုလ်။

လှူတာတော့ လှူနေကြတာပဲ၊ စေတနာသဒ္ဓါတရားနဲ့ လှူတိုင်း မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် အထောက်အပံ့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီအလှူအပေါ်မှာ–

''ဒိဋ္ဌိ၊ တဏှာ'' ဦးစီးပြီးလှူတဲ့အလှူဟာ ...

စီးပွားဥစ္စာတွေတိုးတက်ပြီး ချမ်းသာရင်ချမ်းသာမယ်။ ရာထူးတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေနဲ့ ဘုန်းတန်ခိုးအာနုဘော်ကြီးရင် ကြီးမယ်၊ သံသရာက လွတ်မြောက်ကြောင်းတရားတွေကျတော့ စိတ်မဝင်စားတော့ဘူး။ ဉာဏ်လည်း မမီတော့ဘူး။ မလိုက်နိုင်တော့ဘူး။

အဲဒါဘာဖြစ်လို့လဲဆိုတော့–

ကုသိုလ်ကောင်းမှုပြုစဉ်အခါမှာ များသောအားဖြင့် အပျော်အပါးတွေ ဦးစီးကြတယ်။ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ပဲ ကုသိုလ်ပြုလုပ်ကြတယ်။ ဘဝကူးကောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါသေးတယ်။ ကုသိုလ်ကောင်းမှုကတော့ အောင်မြင်ပါတယ်။

ဒါနဆိုလည်း စည်းစိမ်ဥစ္စာပေါအောင် ကျေးဇူးပြုမယ်။

သီလဆိုလည်း အနာရောဂါကင်းရှင်းအောင် ကျေးဇူးပြုမယ်။

သမထဆိုရင် ဘုန်းတန်ခိုးရှိအောင် ကျေးဇူးပြုမယ်။ ဆိုင်ရာဆိုင်ရာ အကျိုးတရားတွေ ရမှာပဲ။ ကုသိုလ်ဆိုရင် အကျိုးတရားက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ရမှာပဲ။ သို့သော်လည်း သံသရာရဲ့အပြစ်၊ ခန္ဓာရဲ့အပြစ်တွေကို မမြင်နိုင်ဘူး။ ဉာဏ်ထက်မှ မြင်တာ။

***

## ဘဝဆိုတာ ပျော်စရာလား

မိမိခန္ဓာရဲ့ အပြစ်မမြင်တော့ သူများခန္ဓာရဲ့ အပြစ်ကို မမြင်ဘူး။ မိမိခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတွေက ခန္ဓာရဲ့အပြစ်တွေပဲ၊ တစ်လောကလုံးလည်း ခန္ဓာနဲ့တည်ဆောက်ထားတာ။ ဘဝတိုင်း ဘဝတိုင်းက ခန္ဓာတွေနဲ့ တည်ဆောက်ထားတာ။

ရုပ်နာမ်တွေနဲ့ တည်ဆောက်ထားတာ။

ရုပ်တွေ နာမ်တွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေ။ အနိစ္စ၊ဒုက္ခ၊အနတ္တ တရားတွေကို မမြင်နိုင်တဲ့အတွက် သံသရာမှာ ပျော်တယ်၊ သံသရာကို မငြီးငွေ့ဘူး။

**သံသရာမှာပျော်တော့ သံသရာလည်တာပေါ့။ ပျော်ရင် လည်မှာပဲ။ လည်တာကြာရင် မြုပ်ဖို့ မသေချာပေဘူးလား။**

''သေချာပါတယ်ဘုရား''

အဝီစိရောက်တဲ့အထိကို မြုပ်သွားမှာ။ လောကသံသရာကြီးဟာ ဘေးတွေရန်တွေ အများကြီးပဲ။ မိမိတို့သိတဲ့ဘေးရန် အန္တရာယ်တွေထက် မသိတဲ့ဘေးရန်အန္တရာယ်တွေက အများကြီးပါ။ မိမိခန္ဓာကိုယ်ထဲမှာ ရောဂါတွေဖြစ်နေတာ တော်တော်နဲ့မသိပါဘူး။ နောက်မှ သိတာ။

ဥစ္စာပစ္စည်းကျတော့ ရန်သူမျိုးငါးပါးက နိုပ်စက်တယ်။ မိမိတို့ ခန္ဓာကိုယ်ကြီးကျတော့ (၉၆)ပါးသော ရောဂါဝေဒနာတွေက အမျိုးမျိုးနိုပ်စက်တယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိမိတို့စိတ်ကိုကျတော့ ကိလေသာတွေက နှိပ်စက်နေတယ်။ စိတ်ကောင်းစိတ်မြတ်တွေ ရှိပါလျက်သားနဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရအောင် မလုပ်နိုင်ဘူး။

လောဘ၊ ဒေါသ၊ မောဟက အမြဲတမ်း နှောင့်ယှက်နေတယ်။ ဒါကြောင့် လောကသံသရာကြီးဟာ အန္တရာယ်တွေ အင်မတန်ကိုမှ များပါတယ်။

သံသရာကို မီးပုံကြီးလို မြင်ရမယ်။ ဟောဒီသံသရာကြီးဟာ လူသတ်ကွင်းပဲ၊ (၃၁)ဘုံဟာ လူသတ်ကွင်း။

အမြဲတမ်းအသတ်ခံနေရတဲ့နေရာဟာ (၃၁)ဘုံပဲ။

(၃၁)ဘုံကို ဇရာကလည်း နှိပ်စက်တယ်။ ဗျာဓိကလည်း နှိပ်စက်တယ်။ မရဏကလည်း နှိပ်စက်တယ်။ ဝဋ်ကြွေးတွေကလည်း နှိပ်စက်တယ်။ ကိလေသာတွေကလည်း နှိပ်စက်တယ်။ ခန္ဓာမှန်သမျှကို ဝိုင်းပြီးနှိပ်စက်နေတယ်။

ကိုယ့်ရင်ထဲက လောဘ၊ ဒေါသ၊ မောဟက ကိုယ့်ပြန်နှိပ်စက်တယ်။ ''သံကိုသံဖျက် သံချေးတက်''ဒီသံကဖြစ်တဲ့ သံချေးက ဒီသံကိုပြန်ပြီး ဖျက်ဆီးပစ်သလို ...

ကိုယ့်ရင်ထဲက လောဘ၊ ဒေါသ၊ မောဟတွေက ဒီခန္ဓာကိုယ်ကိုပဲ ညစ်နွမ်းအောင်၊ ပျက်စီးအောင်၊ အပါယ်ကျအောင် ပြန်လုပ်တယ်။ အတိတ်အတိတ်က ပါလာတဲ့ ဝဋ်ကြွေးတွေကလည်း မညှာဘူး။ အတင်းနှိပ်စက်နေတယ်။

ကျိုးအောင်၊ ကန်းအောင်၊ သေအောင်နှိပ်စက်တယ်။

ဇရာ၊ ဗျာဓိ၊ မရဏကလည်း နှိပ်စက်တယ်။ ခန္ဓာရထားတဲ့သူမှန်သမျှဟာ တစ်နေ့ကျရင် သေရတာပဲ။

ဒါကြောင့်မို့ ခန္ဓာရတဲ့ပုဂ္ဂိုလ်မှန်သမျှဟာ ...

သတ်ကွင်းထဲရောက်နေသလိုပဲ။ သတ်ကွင်းထဲရောက်ရင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟိုဘက်ကပစ်၊ ဒီဘက်ကပစ်၊ ရှေ့ကပစ်၊ နောက်ကပစ် ရှောင်လို့ကို မရဘူး။

ခန္ဓာရတဲ့ပုဂ္ဂိုလ်တွေဟာလည်း ဘယ်လိုမှ ရှောင်လို့မရဘူး၊ ဆေးတွေ ဘယ်လောက်ကောင်းကောင်း၊ တန်ခိုးတွေ ဘယ်လောက်ရှိရှိ နောက်ဆုံးကျတော့ သေတာပဲ။

အဲဒီလို ခန္ဓာရဲ့အပြစ်၊ သံသရာရဲ့အပြစ်ကို ဘာဖြစ်လို့မမြင်ကြတာလည်းဆိုတော့ ကုသိုလ်တွေ လုပ်တဲ့အချိန်မှာ ဒိဋ္ဌိတွေ၊ တဏှာတွေ ဦးစီးတာများလို့ပဲ။

ကုသိုလ်လုပ်တယ်၊ ငါ ကုသိုလ်လုပ်တယ်၊ ကုသိုလ်ပြုတာလည်း ငါပဲ၊ နောင်ဘဝ ခံစား စံစားရမှာလည်း ငါပဲလို့ ထင်တယ်။

**ငါလို့ထင်တာက ''သက္ကာယဒိဋ္ဌိ''**။

ကုသိုလ်ရဲ့အကျိုးပေးကို သာယာတာ တောင့်တတာက တဏှာ။ တစ်ဘဝပြီးတစ်ဘဝ ဆက်နေတာပဲ မပြတ်ဘူးလို့ ယူဆတဲ့သဘောက ''သဿတဒိဋ္ဌိ''

''သဿတဒိဋ္ဌိ''ဆိုတာ ''သက္ကာယဒိဋ္ဌိ''က ဆင်းသက်လာတာ၊ အမှန်က ငါဆိုတာမရှိဘူး၊

ရုပ်၊ နာမ်၊ သဘောမျှပဲ မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

ပြောတာကအပြစ်မရှိဘူး။ သမုတိသစ္စာအနေနဲ့ ပြောရမှာပဲ။ ပရမတ္ထသစ္စာအနေနဲ့တော့ သိနေရမယ်။ သဘောပေါက်နေရမယ်။ ဒိဋ္ဌိကြောင့် အယူမှား၊ အမှတ်မှား၊ အသိမှားတွေ မဖြစ်ရလေအောင် သတိထားရမယ်။

ဗုဒ္ဓဘာသာဟာ ဘာသာတွေထဲမှာ အမြတ်ဆုံးဆိုတာ ဒီပရမတ္ထတရားတွေ၊ သစ္စာတရားတွေကို သိမြင်လို့ပဲ။ ဘယ်ဘာသာမျှ သိအောင်မလုပ်တတ်ဘူး။ ဗုဒ္ဓဘာသာမှာပဲ သစ္စာလေးပါးကို ကျကျနန



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟောတတ်တာ။

ဗုဒ္ဓဘာသာဝင်တွေ လူ့ူတဲ့အခါမှာ တရားနာတဲ့ပုဂ္ဂိုလ် ရှိတယ်။ မနာတဲ့ပုဂ္ဂိုလ်ရှိတယ်။ တရားနာတဲ့အခါမှာ မှတ်မှတ်သားသားနာတဲ့ ပုဂ္ဂိုလ်ရှိတယ်။ ပေါ့ပေါ့ဆဆနာတဲ့ပုဂ္ဂိုလ်ရှိတယ်။ တရားမနာတဲ့ ပုဂ္ဂိုလ်ကတော့ ဘာမျှမသိဘူးပေါ့။ ပေါ့ပေါ့ဆဆနာတဲ့ပုဂ္ဂိုလ်ကလည်း သေသေချာချာမသိဘူး။

တရားလည်း နာတယ်၊ တရားလည်း အားထုတ်တဲ့ ပုဂ္ဂိုလ်က သိတယ်။ မလွှဲသာမရှောင်သာလို့ လုပ်နေတဲ့အလုပ်ကို ဘဝဝဋ်ကြွေး အရ လုပ်နေရသော်လည်းပဲ မပျော်မွေ့ဘူး။ သံသရာကို ငြီးငွေ့တယ်၊ ခန္ဓာကိုငြီးငွေ့တယ်၊ ခန္ဓာအပြစ်၊ သံသရာအပြစ်ကို မြင်တယ်။

လုပ်ငန်းနဲ့စိတ်ဓာတ် မတူပါဘူး။ လုပ်ငန်းက ဘဝပေး အခြေ အနေအရ မလွှဲသာမရှောင်သာတဲ့အလုပ်တွေ လုပ်နေရသော်လည်း ပဲ၊ စိတ်က နိဗ္ဗာန်ကို အမြဲတမ်းရည်ရွယ်နေတယ်။ (၃၁)ဘုံ သံသရာ ထဲမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျင်လည်နေတာမဟုတ်ဘူး။ မက်မက်မော မောနဲ့ ကျင်လည်နေတာမဟုတ်ဘူး။

ကျားတွေ၊ ဆင်တွေ၊ မြွေကြီးတွေ၊ ကင်းခြေများကြီးတွေ အမျိုးမျိုးရှိတဲ့ တောကြီးထဲကို မလွှဲသာမရှောင်သာလို့ ကြောက် ကြောက်လန့်လန့်နဲ့ ဖြတ်သန်းသွားရတဲ့သဘော။ အန္တရာယ်တွေ များလွန်းလို့ တောထဲမှာ နေကိုမနေချင်တဲ့သဘော၊ (၃၁)ဘုံကိုလည်း ပဲ အဲဒီလိုမြင်တယ်။

စီကာစဉ်ကာ မပြောပြတတ်သော်လည်းပဲ၊ ရင်ထဲမှာ (၃၁)ဘုံ ကို မီးပုံကြီးလို မြင်တယ်၊ လူသတ်ကုန်းလို မြင်တယ်။ (၃၁)ဘုံကို သမုဒ္ဒရာကြီးလို မြင်တယ်၊ သဲကန္တာရကြီးလို မြင်တယ်။ (၃၁)ဘုံကို သားရဲတိရစ္ဆာန်ပေါတဲ့၊ အင်မတန်မှကြောက်စရာကောင်းတဲ့ နက်ရှိုင်း တဲ့ တောအုပ်ကြီးလို ထင်တယ်။ ဉာဏ်ပညာဦးစီးတဲ့ပုဂ္ဂိုလ်က ကောင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကောင်းထင်တယ်။

ဉာဏ်ပညာ မဦးစီးတဲ့ပုဂ္ဂိုလ်တွေက (၃၁)ဘုံမှာ ...

**ရောက်ရာဘဝ ရရာအာရုံနဲ့ ပျော်နေကြတာပဲ။**

ငယ်တဲ့သူတွေကလည်း ငယ်တဲ့အလျောက်၊ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ ကစားကြ၊ ရုပ်ရှင်တွေကြည့်ကြနဲ့ပျော်၊ လူ လတ်ပိုင်းတွေကျတော့လည်း အလုပ်နဲ့ပျော်၊ ရာထူးနဲ့ပျော်၊ ပစ္စည်းနဲ့ ပျော်၊ ဇနီးခင်ပွန်း သားသမီးတွေနဲ့ပျော်၊ ပျော်လို့ကို မဆုံးနိုင်ဘူး။

အသက်ကြီးတဲ့သူတွေက အသက်ကြီးလို့ မပျော်ဘူးမထင်နဲ့ မြေးတွေ၊ မြစ်တွေ၊ ခွေးတွေ၊ ကြောင်တွေနဲ့ပျော်နေကြတာပဲ။ သား သမီးအရင်းမရှိတဲ့ သူတွေကလည်း တပည့်တွေနဲ့ပျော်တာပဲ။

ဆင်းဆင်းရဲရဲ လုပ်နေရတဲ့သူကလည်း ချွေးတွေဒီးဒီးကျနေ ပါစေ၊ ပျော်နေတာပဲ။ ချမ်းချမ်းသာသာသမားတွေကတော့ ပိုပြီးပျော် တာပေါ့။ သောက်ကြ၊ စားကြ၊ ကာမဂုဏ်ခံစားကြနဲ့ ဘဝကို ခံစားဖို့၊ ပျော်ပါးဖို့လို့ မြင်တယ်။

ဘဝကို ပန်းတိုင်အနေနဲ့ မြင်တယ်။

ဘဝလွတ်မြောက်ရေးကို ထည့်ကိုမစဉ်းစားတော့ဘူး။ ဘဝ ကောင်း ဘဝမြတ်၊ ကောင်းသထက်ကောင်း မြတ်သထက်မြတ်၊ အဲဒါဆို သူ့ရဲ့ဘဝက ကမ်းကုန်ပြီ။ ဘဝကောင်း ဘဝမြတ်ရရင် ပြီးပြီပဲ။ သူ လုပ်သမျှ ကုသိုလ်တွေက ဘဝကောင်း ဘဝမြတ် ရဖို့ ပဲ၊ ကောင်းကောင်း ခံစားဖို့ပေါ့လေ။ အဓိက ဒါပါပဲ။ လူအများစုဟာ လည်း အဲဒီလိုပဲ မြင်ကြတာပဲ။

ဘဝကို သာယာဖွယ် မြတ်နိုးဖွယ်လို့ထင်တယ်။

ဘဝကို ပျော်စရာရွှင်စရာလို့ပဲထင်တယ်။

ပျော်စရာ ရွှင်စရာတွေရဲ့နောက်မှာ မချိမဆံ့ ဒုက္ခရောက်နေ တာကိုတော့ မမြင်ဘူး။ ကိုယ့်ဆွေကိုယ့်မျိုးတွေ ကိုယ့်မျက်စိရှေ့မှာတွင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သေသေသွားကြတာ အများကြီး။ ဘယ်ရောက်သွားမှန်းမသိဘူး။ များသောအားဖြင့်တော့ အပါယ်လေးပါး ရောက်သွားကြတာပါပဲ။ မေ့လျော့ပေါ့ဆနေကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ ဆိုဆည်းရာပေါ့ဗျာ။ ခဏ ခဏ ရောက်ဖူးနေတဲ့ ဆိုဆည်းရာနေရာမှာပဲ ပြန်ဆိုကြတာ မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

ဒါကြောင့်မို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ...

**''ခင်ဗျားတို့လုပ်နေတာအကုန်လုံး အလွဲအချော်တွေချည်းပဲ''** လို့ မိန့်တော်မူတာ။

သံသရာလည်ကြောင်းတွေပဲ လုပ်နေတာ မလွဲဘဲနေပါ့မလား။ တစ်နေ့လာလည်း စားဝတ်နေရေးလုပ်လိုက်၊ အိပ်လိုက်၊ နောက်တစ်နေ့လာလည်း စားဝတ်နေရေးလုပ်လိုက်၊ အိပ်လိုက်ဆိုတော့ ရုပ်တွေ နာမ်တွေ၊ အကြောင်း အကျိုးတွေ သိပါဦးတော့မလား။

''မသိနိုင်တော့ပါဘူးဘုရား''

အမှန်ကို အမှန်တိုင်းမသိတော့ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက်ဆိုတော့ ...

အကုသိုလ်တွေက စဘူးကြီးနဲ့ပြည့်ကျပ်နေပြီ။ စုတိပျက်ကြွေလို့ စဘူးကြီးဖွင့်တဲ့အခါကျတော့ ဘယ်ရောက်ဖို့ များမလဲ။

''အပါယ်လေးပါးရောက်ဖို့ များပါတယ်ဘုရား''

လူတစ်သိန်းတစ်ယောက် သုဂတိမရောက်တဲ့၊ အများစုက အပါယ်လေးပါးရောက်တာပဲ။

အပါယ်လေးပါးကို တစ်ကြိမ်ကျသွားပြီဆိုရင်လည်း အကုသိုလ် ကံဟောင်းတွေက ဆက်ကာဆက်ကာ အကျိုးပေးတော့တာ။ သုဂတိဘုံကို ပြန်ရောက်ဖို့ဆိုတာ အင်မတန်ခဲယဉ်းသွားပြီ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခဲယဉ်းပုံနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင်က မဇ္ဈိမနိကာယ်၊ ဗာလပဏ္ဍိတသုတ်မှာ **''လိပ်ကန်းနှင့်ထမ်းပိုး''**ဥပမာကို ဟောကြားတော်မူခဲ့တယ်။

မျက်စိနှစ်ဖက်လုံးကန်းနေတဲ့ လိပ်ကန်းတစ်ကောင်ဟာ မဟာသမုဒ္ဒရာကြမ်းပြင်မှာ ခြေဦးတည့်ရာလျှောက်သွားနေတယ်။ အနှစ်တစ်ရာမှာ တစ်ကြိမ်။ ရေမျက်နှာပြင်ပေါ်ကို ခေါင်းလေးပေါ်လာပြီး အသက်ရှူလေ့ရှိတယ်။

အဲဒီသမုဒ္ဒရာအတွင်းမှာပဲ အပေါက်တစ်ခုသာရှိတဲ့ ထမ်းပိုးတစ်ချောင်းဟာ ရေမျက်နှာပြင်ပေါ်မှာပေါ်ပြီး အရပ်ရှစ်မျက်နှာကို မျှောချင်သလိုမျှောနေတယ်။ အဲဒီထမ်းပိုးငယ်ရဲ့ အပေါက်ထဲကို လိပ်ကန်းရဲ့ဦးခေါင်း စွပ်မိဖို့ဆိုတာ လွယ်ပါ့မလား။

''မလွယ်ပါဘူးဘုရား''

မလွယ်ဘူး၊ အင်မတန်မှကို ခဲယဉ်းတယ်။ မဖြစ်နိုင်လောက်အောင်ကို ခဲယဉ်းပါတယ်။ ဒါပေမယ့် လိပ်ကလည်း မသေဘူး။ ထမ်းပိုးကလည်း မဆွေးဘူး။ သမုဒ္ဒရာရေကလည်း မခန်းဘူးဆိုရင်တော့ နှစ်ပေါင်း ကုဋေကုဋာ၊ ကမ္ဘာပေါင်း ကုဋေကုဋာကြာတဲ့အခါမှာ စွပ်မိနိုင်တဲ့အခွင့်အလမ်း ရှိပါသေးတယ်တဲ့။

ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကို ရောက်နေတဲ့သူတွေ၊ လူပြန်ဖြစ်ဖို့၊ နတ်ပြန်ဖြစ်ဖို့ဆိုတာ ...

ထမ်းပိုးအပေါက်ထဲ လိပ်ကန်းရဲ့ဦးခေါင်း စွပ်မိနိုင်တဲ့ အခွင့်အလမ်းထက်ကို အဆပေါင်း ရာထောင်မက ခဲယဉ်းသေးတယ်ဆိုတော့၊ သေသေချာချာ စဉ်းစားကြည့်ရင် အပါယ်လေးပါးရောက်မှာ အင်မတန်မှ ကြောက်ဖို့မကောင်းပေဘူးလား။

''ကောင်းပါတယ်ဘုရား''

ဒါကြောင့်မို့ အပါယ်လေးပါး ကျစေနိုင်တဲ့ အကုသိုလ်တွေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မလုပ်မိအောင် ရှောင်ရမယ်။

***

## မကောင်းတဲ့ခတ်က ကူးလွယ်တယ်

အကုသိုလ်တွေ မလုပ်မိစေဖို့အတွက် ပါပမိတ္တတွေနဲ့ မပေါင်းရဘူး။ မသူတော်နဲ့ပေါင်းရင် မသူတော်အကျင့်တွေက ကူးတာပဲ။ ပျင်းတဲ့လူနဲ့ သွားပေါင်းတော့ ပျင်းတဲ့ခတ်က ကူးသွားတယ်။

တရားမလိုက်စားဘဲ သားရေးသမီးရေး၊ စီးပွားရေး၊ ကိလေသာဖြစ်ရေးတွေပဲ လိုက်စားနေတဲ့သူတွေ၊ ပေါ့ပေါ့ဆဆနေတဲ့သူတွေနဲ့ ပေါင်းမိရင် ကောင်းမြတ်တဲ့တရားတွေ ဘယ်လောက်ဟောဟော ပေါ့ပေါ့ဆဆပဲ။ သူ့ မဟောသလိုဘဲ၊ နားထဲကို မဝင်ဘူး။

ပတ်ဝန်းကျင်ကလူကို ပြောင်းလဲစေတယ်။ ကာမဂုဏ် ခံစားတဲ့မိသားစုမှာနေရင် ကာမဂုဏ်ကို တစ်ခါတည်း စိတ်ဝင်စားသွားတယ်။ အထူးသင်ပေးစရာမလိုဘူး။

အမြဲတမ်းဒေါသဖြစ်နေတဲ့ မိဘရဲ့သားသမီးဟာ ဒေါသစရိုက် အလိုလိုပါသွားတာပဲ။

တံငါနဲ့နေတဲ့သူက တံငါစရိုက်၊ မုဆိုးနဲ့နေတဲ့သူက မုဆိုးစရိုက် ခတ်ကူးသွားတာပဲ။ သတ်ဖို့ဖြတ်ဖို့ ဝန်မလေးတော့ဘူး။ သတ်ဖို့ ဖြတ်ဖို့ ဝန်မလေးတဲ့သူတွေ သေရင်အပါယ်သွားပေါ့။

အဲဒီလို အပေါင်းအသင်းမှားရာက အစပြုပြီး အကုသိုလ်တွေ လုပ်မိတဲ့အတွက် အပါယ်လေးပါးမှာ ကမ္ဘာနဲ့ချီပြီး ခံခဲ့ရဖူးတဲ့ မထေရ်တစ်ပါး၊ မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်တုန်းက ရှိခဲ့ဖူးတယ်။

''**ဓမ္မရုစိယမထေရ်**''လို့ခေါ်တယ်။

**အပ္ပမာဒစာစဉ်**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ဒီပင်္ကရာ''မြတ်စွာ ဘုရားပွင့်တော်မူစဉ်က ဒီမထေရ်လောင်းရဲ့အမည်က''မေဃလုလင်''။

တို့ဘုရားအလောင်းတော်ကြီးရဲ့အမည်က''သုမေဓာ'' အင်မတန်ကို ချစ်ခင်ကြတဲ့ သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်။ သုမေဓာ သူဌေးသားဟာ ကုဋေပေါင်းများစွာသော စည်းစိမ်ဥစ္စာတွေကိုစွန့်ပြီး ရသေ့ဝတ်။ တရားတွေအားထုတ်တော့ ဈာန်အဘိညာဉ်တွေ ရတယ်။

ဒီပင်္ကရာမြတ်စွာဘုရားရဲ့ရှေ့မှာလည်း သဗ္ဗညုမြတ်စွာဘုရားအဖြစ်ကို ဗျာဒိတ်ခံယူရတော့ မေဃလုလင်ဟာ ဂေါတမမြတ်စွာဘုရားလောင်း သုမေဓာရှင်ရသေ့ကို အရမ်းကြည်ညိုသွားတယ်။

ကြည်ညိုလွန်းတဲ့အတွက် ငါ့ရဲ့သူငယ်ချင်း ဘုရားဖြစ်တဲ့အချိန်မှာ ငါလည်း ရဟန္တာအဖြစ်နဲ့ အတူတူနေရရင် ကောင်းမှာပဲဆိုတဲ့ အကြံအစည်နဲ့ သုမေဓာရှင်ရသေ့နောက် လိုက်သွားပြီး ဝတ်ကြီးဝတ်ငယ်တွေကို ပြုစုတယ်။ တရားတွေလည်း အားထုတ်တယ်။ သုမေဓါရှင်ရသေ့ကလည်း မေဃရသေ့လေးကို တရားတွေ သင်ပေးတယ်။

အဲဒီလို သဒ္ဓါတရားနဲ့ အားထုတ်နေသော်လည်း ပညာတော့ မပါသေးဘူး။ ဈာန်တရားတွေလည်း မရသေးဘူး။ ပုထုဇဉ်ဘဝပဲ ရှိသေးတာမို့ သဒ္ဓါတရားက မခိုင်မြဲဘူး။

တစ်နေ့မှာ သူတို့ကျောင်းအနီးအနားကို မကောင်းသော အကျင့်ရှိတဲ့ ရသေ့ယုတ်တစ်ပါး ရောက်လာတယ်။ မေဃရသေ့လေးဟာ အဲဒီရသေ့ယုတ်နဲ့ သွားပေါင်းမိတယ်။ ရသေ့ယုတ်က ယုတ်မာတဲ့အကျင့်တွေ ပြောပြတယ်။ သင်ပေးတယ်။

မရင့်ကျက်သေးတဲ့ မေဃရသေ့ဟာ ရသေ့ယုတ်ရဲ့စကားကို နားယောင်ပြီး လူထွက်သွားတယ်။ ကာမဂုဏ်လိုက်စားတဲ့သူတစ်ဦး ဖြစ်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရားအလောင်းနဲ့ နေတုန်းက ယဉ်ကျေးတယ်၊ သိမ်မွေ့တယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေ လိုက်စားတဲ့အခါ ကျတော့ ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာတယ်။ စိတ်အခန့်မသင့်တဲ့အခါ အကြီးအကျယ် ဒေါသတွေဖြစ်တယ်။

အဲဒီတုန်းက လူ့သက်တမ်းက အနှစ်တစ်သိန်းတမ်း၊ ဒီပင်္ကရာ မြတ်စွာဘုရားနဲ့ ရဟန္တာတွေ ဟောကြားတဲ့တရားတွေကိုလည်း မနာဘူး။ သီလတွေလည်း မဆောက်တည်ဘူး။ ရသေ့ယုတ်နဲ့ ပေါင်းမိကတည်းက အကုသိုလ်တွေပဲ လုပ်နေတယ်။

တစ်နေ့မှာတော့ သူ့အမေနဲ့ ရန်ဖြစ်လိုက်တာ အကြီးအကျယ်ပဲ။ ဒေါသတွေမထိန်းနိုင် မသိမ်းနိုင်ဖြစ်ပြီး အမေအရင်းကို သတ်မိတဲ့အထိ ဖြစ်သွားတယ်။

သေတော့ အဝီစိရောက်၊ ငရဲကြီးကနေ ငရဲလေးပြောင်းခံ၊ လှည့်ပတ်ပြီး ကမ္ဘာနဲ့ချီခံရတယ်။ ငရဲကနေလွတ်တော့ ပြိတ္တာဖြစ်၊ တိရစ္ဆာန်ဖြစ်၊ ကမ္ဘာပျက်ခါနီးကျတော့ ဗြဟ္မာဖြစ်သေးတယ်။ လူ၊ နတ်ဖြစ်တာ နည်းနည်းလေး။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ထပ်ကာထပ်ကာ ဖြစ်တယ်။ ဘယ်လောက်ထိ ကြာသွားလဲဆိုတော့ . . .

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကြာသွားတယ်။

အပေါင်းအသင်းမှားရာက စလိုက်တာ၊ အကုသိုလ်တစ်ခု အကျိုးပေးပြီဆိုရင် အတိတ်အတိတ်တုန်းက အကုသိုလ်ကံဟောင်းတွေ ဆက်တိုက်ဆက်တိုက် အကျိုးပေးတော့တာပဲ။

**ကံတစ်ခု ဘဝတစ်ခု၊ ကံတစ်ခု ဘဝတစ်ခု**နဲ့ အကျိုးပေးလိုက်တာ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်းကြာတာတောင် သူ့မှာ အပါယ်လေးပါးက မလွတ်သေးဘူး။

သမုဒ္ဒရာထဲမှာ အလွန်ကြီးမားတဲ့ ငါးကြီးဖြစ်နေတယ်။ သူ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာ သုမေဓာရှင်ရသေ့က ဘုရားဖြစ်နေပြီ။

ဒီလိုနဲ့ တစ်နေ့ကျတော့ သမုဒ္ဒရာထဲမှာ သွားနေတဲ့ လှေကလေးကိုမြင်တော့ စားစရာထင်လို့ နောက်ကလိုက်တယ်။ လှေပေါ်ကလူတွေက ကြောက်လန့်ပြီး ..

''ဂေါတမမြတ်စွာဘုရား ကယ်တော်မူပါ''

''ဂေါတမမြတ်စွာဘုရား ကယ်တော်မူပါ''နဲ့

အော်ကြတယ်။ ဒီအသံကို ငါးကြီးကြားတော့ ဂေါတမမြတ်စွာဘုရား ဆိုတာ ငါ့သူငယ်ချင်း၊ ငါ့ဆရာပဲ။

ငါ့ဆရာကို မတွေ့ရတာ ကြာလှပြီ။ ဆရာသမားက ဘုရားတောင် ဖြစ်နေပြီပဲ။ ငါလည်း ဆရာသမားရဲ့ထံမှာသာ တရားတွေ ဆက်အားထုတ်ရင် အစောကြီးကတည်းက ရဟန္တာဖြစ်မှာ။ အခုတော့ ငါးကြီးဖြစ်နေရတယ်။ လှေနောက်ကိုလည်း ဆက်မလိုက်တော့ဘူး။ ဆရာနဲ့ တွေ့ချင်လိုက်တာလို့ စိတ်မကောင်းဖြစ်ပြီး မကြာခင်မှာဘဲ သေသွားတယ်။

ဘုရားကို သတိရတဲ့စိတ်နဲ့ သေသွားတဲ့အတွက်ကြောင့် ဂေါတမမြတ်စွာဘုရားလက်ထက်မှာပဲ အလွန်ချမ်းသာကြွယ်ဝတဲ့ ဗြဟ္မာအမျိုးမှာ လူလာဖြစ်တယ်။

(၇)နှစ်အရွယ်ရောက်တဲ့အခါ မြတ်စွာဘုရားကို ဟိုတုန်းက ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့တဲ့ကံက နှိုးဆော်တဲ့အတွက်ကြောင့် မြတ်စွာဘုရားထံမှာပဲ သာမဏေဝတ်တယ်။

''ဓမ္မရုစိယ''သာမဏေဆိုပြီး ဖြစ်လာတယ်။

''ဓမ္မရုစိယ''သာမဏေဟာ ဇေတဝန်ကျောင်းတော်မှာ သာမဏေဘဝကို ရောက်ပြီးတဲ့နောက် မြတ်စွာဘုရားထံမှာ တရားတွေနာ၊ တရားတွေအားထုတ်လိုက်တာ ပဋိသမ္ဘိဒါ(၄)ပါး၊ အဘိညာဉ် (၆)ပါးနဲ့ပြည့်စုံတဲ့ ရဟန္တာသာမဏေ ဖြစ်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသက်အရွယ်တွေကြီးလို့ ပရိနိဗ္ဗာန်စံခါနီးမှာ သူ့ရဲ့ဘဝဇာတ်ကြောင်းကို တခြားရဟန်းတော်တွေကို ပြန်ပြောပြနေတာ။

အတိတ်တုန်းက လောဘ၊ ဒေါသ၊ မောဟ တရားတွေ အပြည့်ပါလာတဲ့ ပုထုဇဉ်၊ ယခုဘဝမှာ အပေါင်းအသင်းက မှားတော့ အကုသိုလ်ကံတွေချည်း လုပ်ဖြစ်သွားတယ်။

အပါယ်လေးပါးရောက်ရင် အကုသိုလ်ကံတွေက ဆက်ကာဆက်ကာ ထပ်ဖြစ်တာ။ ဥပမာ–တိရစ္ဆာန်ဖြစ်တယ်ဆိုပါတော့။ တိရစ္ဆာန်ဆိုတာ ကုသိုလ်မှ ဖြစ်ခွင့်မရှိတာ။

နိုင်တဲ့အကောင်က စားမယ်။ အနိုင်ကျင့်မယ်။ ဒီတော့ အကုသိုလ် ထပ်ဖြစ်ပြန်တာပဲ။ နောက်ဆုံး ငရဲကျ၊ ဒုက္ခတွေကို မချိမဆံ့ခံပေတော့။

***

## တန်ဖိုးရှိတဲ့ဘဝ ဖြစ်စေဖို့

အဲဒီဒုက္ခတွေကို စဉ်းစားဆင်ခြင်ဉာဏ်မရှိတဲ့ ပုဂ္ဂိုလ်က မမြင်ဘူး။ ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ်က လှမ်းမြင်တယ်။

ငါတို့ လူ့ဘဝမှာ ဆင်းရဲတာက ဘာမျှမပြောပလောက်ဘူးပေါ့။ လူ့ဘဝ အလွန်အကျွံဆင်းရဲ နှစ်တစ်ရာပေါ့။ နှစ်တစ်ရာထက် ပိုမဆင်းရဲပါဘူး။ ဒီလူ့ဘဝ နှစ်တစ်ရာလေးကို မထိန်းမသိမ်းဘဲ အကုသိုလ်တွေလုပ်ရင် ကမ္ဘာပေါင်းများစွာ ဒုက္ခရောက်ရမှာပါလားလို့ သိနားလည်ရမယ်။

ဉာဏ်ပညာဦးစီးတဲ့ပုဂ္ဂိုလ်က သံသရာကို ဘေးလို့မြင်တော့ ကုသိုလ်ကို ''သဒ္ဓါ၊ ပညာ'' ဦးစီးပြီးတော့ လုပ်တယ်။ လူ့ဘဝ၊ နတ်ဘဝကို မတောင့်တဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒုက္ခသစ္စာမှလွတ်ဖို့ လှူပါ၏။ ဒုက္ခမှလွတ်ဖို့ သီလ ဆောက်တည်ပါ၏။ ဒုက္ခမှလွတ်ဖို့ ဘာဝနာပွားများပါ၏။

အဲဒီလို "ဉာဏ်ပညာ" ဦးစီးပြီးလုပ်မှ ပါရမီမြောက်တဲ့ကုသိုလ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် မြန်မြန်ရောက်မယ့်ကုသိုလ်၊ နိဗ္ဗာန်ရောက်တဲ့ကုသိုလ် ဖြစ်မယ်။

**ပါရမီမြောက်တဲ့ကုသိုလ်ဟာ "အဟောသိကံ" ဘယ်တော့မှ မဖြစ်ဘူး။ တစ်ချိန်ချိန်ရောက်ရင် အကျိုးပေးမှာပဲ။**

အဲဒီကုသိုလ်ဟာ မဂ္ဂသစ္စာထဲ ဝင်သွားတယ်။ ဒါနကလည်း မဂ္ဂသစ္စာထဲ ဝင်သွားတယ်။ ဉာဏ်ပညာဦးစီးတဲ့ဒါနဟာ မဂ္ဂသစ္စာထဲဝင်တယ်။ မဂ္ဂသစ္စာထဲဝင်သွားတဲ့ကုသိုလ်ဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ အကြောင်းအထောက်အပံ့ဖြစ်တယ်။

မဂ္ဂသစ္စာက အကြောင်း၊ နိရောဓသစ္စာက အကျိုး။

အဲဒါ ကုသိုလ်ကို လမ်းစဉ်အဖြစ်အသုံးပြုတာ၊ အသုံးချကိရိယာအဖြစ်၊ ဖောင်အဖြစ် အသုံးပြုတာပဲ။

ပုထုဇဉ်လူသားတွေဟာ မွေးကတည်းကစပြီး သေတဲ့အထိကိုကုသိုလ် (သို့မဟုတ်) အကုသိုလ်က အမြဲတမ်းဖြစ်နေတာ။ ဖြစ်ပြီးသား အကုသိုလ်တွေကနေ အပါယ်ဆွဲချခွင့်မရအောင် မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းနဲ့ အမြဲတမ်း ပေါင်းသင်းရမယ်။ အတူတူ မနေနိုင်သော်လည်းပဲ ဩဝါဒကို အမြဲတမ်း ဦးထိပ်ပန်ဆင်ရမယ်။

မိတ်ကောင်းဆွေကောင်း၊ ဆရာသမားကောင်းထဲမှာ အကောင်းဆုံးကတော့ မြတ်စွာဘုရားပေါ့။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို ဦးထိပ်ပန်ဆင်ရမယ်။ ပွားများအားထုတ်ရမယ်။

ဒီဘဝမှာ မဂ်ရရင်ရ၊ မရရင် နောင်ဘဝမှာရအောင် တစ်ဖက်ကလည်း ကုသိုလ်တွေ လုပ်ရမယ်။ တစ်ဖက်ကလည်း ဝိပဿနာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားတွေ ပွားများရမယ်။ ဝိပဿနာတရား ပွားများမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ အပါယ်ကို အကျိုးပေးခွင့်မရမှာ။ မိမိတို့ မသိမလိမ္မာခင်တုန်းက ...

သူများအသက်လည်း သတ်ခဲ့မိမယ်။

ခိုးခဲ့မိမယ်၊ ကာမေသုမိစ္ဆာစာရလည်း ဖြစ်ရင်ဖြစ်မှာပဲ။

မုသာဝါဒတွေလည်း ပြောခဲ့မှာပဲ။

အရက်သေစာ သောက်စားခဲ့တာတွေလည်း ရှိနိုင်တာပဲ။ အဲလိုအကုသိုလ်တွေရှိခဲ့၊ ဖြစ်ခဲ့ပေမဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ ရခဲ့လျှင် အပါယ်ဆွဲချလို့ မရတော့ဘူး။

''အင်္ဂုလိမာလ''ကို ကြည့်ပါလား။

လူတွေအများကြီး သတ်ခဲ့ပေမဲ့ မြတ်စွာဘုရားရဲ့ တရားတွေနာ၊ တရားတွေအားထုတ်တော့ ရဟန္တာကြီးဖြစ်သွားတယ်။ အပါယ် မကျတော့ဘူး။ တကယ်လို့ ရဟန္တာမဖြစ်ရင် လူသတ်ထားတဲ့ အကုသိုလ်တွေက ကမ္ဘာနဲ့ချီပြီးပြန်ခံရမှာ။

ဒါကြောင့် ကုသိုလ်ကိုလည်း စွမ်းနိုင်သမျှလုပ်ရမယ်။ ဝိပဿနာကိုလည်း လေ့လာပြီးတော့ ကြိုးစားပွားများအားထုတ်ရမယ်။ အပါယ်လေးပါး မရောက်ချင်တဲ့ပုဂ္ဂိုလ်၊ အပါယ်လေးပါးကို ကြောက်တဲ့ပုဂ္ဂိုလ်၊ အပါယ်လေးပါးမှ လွတ်ချင်တဲ့ပုဂ္ဂိုလ်က အေးအေးဆေးဆေး နေလို့မရဘူး။

ဒါကြောင့်မို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး က ''ခင်ဗျားတို့ ယခုအချိန်ဟာ အေးအေးဆေးဆေး နေရမဲ့အချိန် မဟုတ်ဘူး'' မဂ်ဉာဏ် ဖိုလ်ဉာဏ်ရပြီးမှ အေးအေးဆေးဆေး နေချင်နေပါ။

ကိုယ့်မှာ ဘာမျှ မဂ်ဉာဏ် ဖိုလ်ဉာဏ်လည်း မရသေးဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာဉာဏ်တောင် မရသေးဘဲနဲ့ အေးအေးဆေးဆေးနေလို့ရှိရင် အပါယ်လေးပါး မရောက်နိုင်ဘူးလား။

''ရောက်နိုင်ပါတယ်ဘုရား''

ယခုဘဝမှာ အကုသိုလ် သိပ်မလုပ်ခဲ့ဘူးပဲထား၊ သံသရာ အဆက်ဆက်တုန်းက မလိမ္မာခဲ့လို့ မိုက်ခဲ့လို့ လူမိုက်တွေနဲ့ ပေါင်းခဲ့မိလို့ လုပ်ခဲ့တဲ့ အကုသိုလ်တွေက အသင်္ချေအနန္တ မရေမတွက်နိုင်ဘူး။ အဲဒါကို ...

**''အပရာပရိယဝေဒနီယ အကုသိုလ်ကံ''** လို့ ခေါ်တယ်။ ''ဇော'' အနေနဲ့ပြောရင်တော့ ဘဝတိုင်း ဘဝတိုင်းမှာ ပြုခဲ့တဲ့ ''အကုသိုလ်အလယ်ငါးဇော''ကို ဆိုလိုတာ။

**''ဇောစိတ်''ဆိုတာ ''ကံမြောက်တဲ့စိတ်'' ပဲ။**

ကုသိုလ်ဇော၊ အကုသိုလ်ဇော နှစ်မျိုးလုံးရှိတယ်။ ဇောစိတ် ဖြစ်ရင် အများအားဖြင့်(၇) ကြိမ်ဖြစ်တယ်။

''ပထမဇော''က အကြောင်းညီညွတ်ရင် အခုဘဝမှာ အကျိုးပေးတယ်။ အကျိုးပေးခွင့်မသာရင် ပျက်ပြယ်သွားတယ်၊ ''အဟောသိကံ'' ဖြစ်သွားတယ်။

''သတ္တမဇော''ကျတော့ နောက်ဘဝမှာ အကျိုးပေးမယ်။ အကျိုးပေးခွင့်မရရင်တော့ ပျက်ပြယ်သွားပြန်ရော။

လုံးဝပျက်ပြယ်ခြင်း မရှိတာကတော့ အလယ်ငါးဇောပဲ။ နောက်ဘဝကို ဒုတိယဘဝလို့ သတ်မှတ်ရင် တတိယဘဝကစ နိဗ္ဗာန် ရောက်သည့်တိုင်အောင် အခါအခွင့်သင့်တိုင်း အကျိုးပေးတော့တာ။ **''အဟောသိကံ'' ဖြစ်တယ်ဆိုတာကို မရှိဘူး။**

ဒါကြောင့် သတ္တဝါတိုင်းမှာ ဘဝါဘဝက ပြုခဲ့တဲ့ ကုသိုလ် အလယ်ငါးဇောတွေ အသင်္ချေအနန္တရှိခဲ့သလို၊ အကုသိုလ်အလယ် ငါးဇောတွေလည်း မရေမတွက်နိုင်ဘူး။ ဒါကို **''အပရာပရိယဝေဒ**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**နိယကံ**''လို့ခေါ်တယ်။

ဒီကံတွေအကျိုးပေးလို့၊ ဒီဘ၀မှာ အကုသိုလ်တွေ လုပ်နေပါလျက်နဲ့ ကောင်းကျိုးချမ်းသာတွေကို ခံစားနေရတာတွေလည်း ရှိတယ်။ ကုသိုလ်ကောင်းမှုတွေ ပြုနေသော်လည်းပဲ ဆင်းရဲနေတာတွေရှိတယ်။

အကုသိုလ်လုပ်ပြီး ကြီးပွားချမ်းသာနေတာက အခုလုပ်နေတဲ့အကုသိုလ်က ကောင်းကျိုးပေးတာမဟုတ်ဘူး။ အကုသိုလ်ကတော့ ဆိုးကျိုးပေးမှာ။

အတိတ်တုန်းက အကုသိုလ်လုပ်ငန်းနဲ့ ရတဲ့ပိုက်ဆံတွေ၊ ပစ္စည်းတွေနဲ့ ကုသိုလ်ပြုခဲ့လို့၊ ဒီဘ၀မှာ အကုသိုလ်လုပ်ငန်းနဲ့ အကျိုးပေးတယ်။ အကုသိုလ်လုပ်ငန်းနဲ့မှ သူဌေးဖြစ်တယ်။ အတိတ်က လုပ်ခဲ့တဲ့ အပရာပရိယဝေဒနိယ ကုသိုလ်ကံအကျိုးပေးကြောင့် ချမ်းသာတာ။ ဒီလိုလည်းပဲ သိရမယ်။

''အပရာပရိယဝေဒနိယကံ''တွေကတော့ အကျိုးပေးဖို့ အမြဲတမ်းစောင့်နေမှာပဲ အခြေအနေ၊ အချိန်အခါပေးတာနဲ့ အကျိုးပေးမှာ။

တာဝတိံသာနတ်ပြည်က သုဗြဟ္မနတ်သားနဲ့ သူ့ရဲ့နတ်သမီးတစ်ထောင်ကို ကြည့်ပါလား။ သီချင်းတွေဆို ပန်းတွေခူးနေရင်းနဲ့ နတ်သမီး(၅၀၀)က ဖျတ်ဆို သေပြီး အဝီစိရောက်သွားတယ်။ အဲဒီနတ်သမီးတွေဟာ ပစ္စုပ္ပန်ဘ၀မှာ–

အဖေလည်း မသတ်၊ အမေလည်း မသတ်၊ ရဟန္တာကိုလည်း မသတ်၊ ဘုရားကိုလည်း သွေးစိမ်းတည်အောင်မလုပ်၊ သံဃာကိုလည်း သင်းမခွဲ၊ နိယတမိစ္ဆာဒိဋ္ဌိတွေလည်း မဟုတ်ပါဘဲနဲ့ ဘ၀သံသရာအဆက်ဆက်က ပါလာတဲ့။ အပရာပရိယဝေဒနိယ အကုသိုလ်ကံတွေကြောင့် ငရဲကြီးရှစ်ထပ်ထဲက ဟိုးအောက်ဆုံးငရဲ အဝီစိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို ရောက်သွားရတာ။

သုပြဟ္မနတ်သားနဲ့ ကျန်တဲ့နတ်သမီး (၅၀၀)ကလည်း နောက် (၇)ရက်ဆိုရင် အဝီစိကို ရောက်ဦးမှာ။ မြတ်စွာဘုရားတည်းဟူသော ဆရာကောင်းဆီ အချိန်မှီဆည်းကပ်ခွင့်ရ၊ တရားတွေနာ၊ တရားနာ ရင်း ခန္ဓာပေါ်ဉာဏ်စိုက်မိလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့ အပါယ်လေးပါးက သံသရာတစ်လျှောက် လုံး လွတ်သွားပြီလေ။ အဝီစိကို မရောက်တော့ဘူးပေါ့။

တရားနာပရိသတ်တွေလည်း အဝီစိမရောက်ချင်ရင် ဘာလုပ် ရမလဲဆိုတာ သိပြီလား။

''သိပါပြီဘုရား''

သိရုံနဲ့ မပြီးသေးဘူး။ ဘဝဆိုတာက အချိန်နဲ့တည်ဆောက် ထားတာ။ စက္ကန့်တိုင်း စက္ကန့်တိုင်း၊ မိနစ်တိုင်း မိနစ်တိုင်း ဘဝဟာ တဖြည်းဖြည်းပျက်စီးနေတယ်။

ခွန်အားတွေလည်း လျော့လျော့သွားတယ်။

သဒ္ဓါတွေလည်း လျော့လျော့သွားတယ်။

ပညာတွေလည်း လျော့လျော့သွားတယ်။

နေရမယ့်အချိန်က နည်းသွားပြီ၊ သေဖို့ကလည်း တစ်နေ့ ထက်တစ်နေ့ နီးနီးလာပြီဆိုတာကို မမေ့ကြပါနဲ့။

ဝဋ္ဋကြွေးဒုက္ခတွေများလို့ ဆင်းရဲရင် ဆင်းရဲပါစေ။

အကုသိုလ်ကို နည်းနိုင်သမျှ နည်းအောင်၊

ကုသိုလ်ကို တိုးပွားနိုင်သမျှ တိုးပွားအောင်၊

ဉာဏ်ပညာတွေ ရင့်ကျက်အောင် ကြိုးစားကြပါ။

ရခဲတဲ့လူ့ဘဝကို ရပြီးခါမှ စားဝတ်နေရေးအလုပ်တွေနဲ့ပဲ ဘဝတစ်ခုလုံးကို မကုန်လွန်ပါစေနဲ့။ ကိလေသာခံစားတဲ့ အလုပ်တွေ နဲ့လည်း ချိန်ဖြုန်းမနေကြပါနဲ့။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပညာရှိသူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ကြပါ။ သတိပဋ္ဌာန်တရားတွေ၊ သစ္စာတရားတွေကိုလည်း နာကြားပါ။

သံသရာက လွတ်မဲ့ကျွတ်မဲ့ ဝိပဿနာအလုပ်ကို ဆင်ခြေအမျိုးမျိုးပေးပြီး ရှောင်တိမ်းမနေဘဲ လုပ်ဖြစ်အောင်လုပ်ကြပါ။

**ဒါမှ လူဖြစ်ရကျိုးနပ်မယ်။**

**သာသနာနဲ့ ကြုံရကျိုးလည်းနပ်မယ်။**

တန်ဖိုးရှိတဲ့ အလုပ်ကိုလုပ်မှ တန်ဖိုးရှိတဲ့ဘဝ ဖြစ်မှာ။

အင်မတန်ရခဲတဲ့ လူ့ဘဝကို ရခိုက်မှာ ...

အင်မတန် တန်ဖိုးရှိတဲ့ အလုပ်တွေကို စွဲစွဲမြဲမြဲ၊ ထိထိမိမိ လုပ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဂါထာလေးတစ်ပုဒ်ဆိုပြီး တရားသိမ်းကြစို့။

**ဈာယထ ဘိက္ခဝေ၊ မာ ပမာဒတ္ထ၊**

**မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊**

**အယံ ဝေါ အမှာကံ အနုသာသနီ။**

**သာရဝေါ**–နှလုံးပျော့ပျောင်း၊ အို ... သူတော်ကောင်းတို့။ **ဈာယထ**–ရှုကြကုန်လော့၊ မှတ်ကြကုန်လော့၊ ပွားများအားထုတ်ကြကုန်လော့။ **မာ ပမာဒတ္ထ**–မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြကုန်နှင့်။

ပစ္ဆာ–အခွင့်ကောင်းလွန်ပြီးသော နောင်အခါကာလ၌။ ပစ္ဆာ–အိပ်ရာညောင်စောင်း လဲလျောင်းရာဖြင့်။ သေလွန်ခါနီးသော နောင်အခါကာလ၌။

ဝိပ္ပဋိသာရိနော–ရှေးယခင်အခါက အားမထုတ်ခဲ့ရလေခြင်းဟူ၍၊ ရှေးယခင်အခါက မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေရသည်အထိ။ အားမထုတ်ခဲ့ရလေခြင်းဟူ၍ နှလုံးမသာယာခြင်းသည်။

**မာ အဟုဝတ္ထ**–မဖြစ်ကြပါစေနှင့်။ **အယံ**–ဤကဲ့သို့ သတိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေးရခြင်းသည်။ **ဝေါ**–သင်သူတော်ကောင်းအပေါင်းတို့အား။ **အမှာကံ**–အဆူဆူထွတ်ထား မြတ်ဘုရားတို့၏။ **အနုသာသနီ**–အဆုံးအမဖြစ်ပါပေ၏။ **အနုသာသနီ**–လိုအင်နှုံးပြ ထုံးအရဖြင့် သုံးကြပါစေ ဆုံးမတော်မူချက်ပါပေတည်း။

သာဓု – သာဓု – သာဓုပါဘုရား။

□

**အပ္ပမာဒစာစဉ်**

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဝိပဿနာအကြောင်း သိကောင်းစရာ

ဒီနေ့တရားပွဲတော့ မေးခွန်း(၄)ခုကို ဖြေရှင်းပြောကြား ပေးရမှာ။ မေးခွန်းတွေက–

(၁) ဝိပဿနာဆိုတာ ဘာလဲ။

(၂) ဝိပဿနာမလုပ်လို့ရှိရင် အပါယ်ကျမှာလား။

(၃) ဝိပဿနာလုပ်ရင် ဘယ်လိုအကျိုးတရားတွေ ရမှာလဲ။

(၄) ဝိပဿနာကို ဘယ်လိုလုပ်ရမှာလဲ။

စသည်အားဖြင့်ပေါ့။

မြန်မာနိုင်ငံမှာ စက်မှုလက်မှုတွေ ဘာမျှမထွန်းကားပေမယ့် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေထွက်တယ်။ ဘာရတနာလဲဆိုတော့ ဓမ္မရတနာ။ ဝိပဿနာတရားကို မြန်မာနိုင်ငံက တစ်ကမ္ဘာလုံးကို ဖြန့်နေတာ။ မြန်မာနိုင်ငံရဲ့ အဆီအနှစ်ဆိုတာ ဝိပဿနာပဲ။

ဂုရုကြီးဂိုအင်ကာ အိန္ဒိယကို အပြီးပြန်သွားတဲ့အချိန်တုန်းက၊ လေယာဉ်ကွင်းမှာ အကောက်ခွန်ဝန်ထမ်းတွေက ''ဘာတွေပါသလဲ'' မေးတာပေါ့။ ဂုရုကြီးဂိုအင်ကာက ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ရတနာတွေပါတယ်''လို့ပြောတော့၊ အကောက်ခွန်ဝန်ထမ်းတွေ အထပ်ထပ်အခါခါ လှန်လှောပြီး စစ်ဆေးကြတယ်။ ပတ္တမြားတို့၊ ကျောက်စိမ်းတို့ ထင်လို့လေ။ ဘယ်လိုပဲရှာရှာ ဘာမျှမတွေ့ဘူး။ ဘယ်ရှာလို့ရမလဲ။ ဂုရုကြီးဂိုအင်ကာ ယူသွားတာက ဘယ်လိုမျှ တန်ဖိုးမဖြတ်နိုင်တဲ့ ''တရားရတနာ''ကို ယူသွားတာ။ ဟိုကျတော့ တရားစခန်းတွေဖွင့်ပြီး သာသနာပြုလိုက်တာ နိုင်ငံပေါင်း အများကြီးဖြစ်နေပြီ။ ဗုဒ္ဓဘာသာမဟုတ်တဲ့ နိုင်ငံခြားသားတွေတောင် ဝိပဿနာကို လေ့လာနေကြပြီ။ အားထုတ်နေကြတာလည်း အများကြီးပဲ။

အခုလည်း ဒီမှာ ဝိပဿနာအကြောင်းကို လေ့လာကြတယ်။ အားထုတ်ကြတယ်။ ကြိုးစားကြတယ်။ တချို့အမျိုးသားတွေ၊ အမျိုးသမီးတွေ ငယ်ငယ်ရွယ်ရွယ်ဆိုပြီးတော့ အထင်သေးလို့မရဘူး။

ငယ်ငယ်ရွယ်ရွယ် အမျိုးသမီးတွေ သာသနာ့အနွယ်ဝင် သီလရှင်ဝတ်ဖို့ဆိုတာ တော်ရုံတန်ရုံ စိတ်ဓာတ်နဲ့ မဝတ်နိုင်ဘူး။ အမျိုးသားတွေကလည်း ဒုလ္လဘရဟန်းတွေ ဝတ်ကြတာ အများကြီးပဲ။ အင်မတန်မှ –

ကြည်ညိုဖို့လည်း ကောင်းတယ်။
လေးစားဖို့လည်း ကောင်းတယ်။

ငယ်ငယ်ရွယ်ရွယ်နဲ့ ဝိပဿနာတရား အားထုတ်ချင်တဲ့စိတ်ရှိတာကိုက ပါရမီရှိလို့၊ ဓမ္မဓာတ်ခံအားကောင်းလို့ဆိုတာ ထင်ရှားတယ်။

အသက်ကြီးပေမယ့် ဝိပဿနာကို အားထုတ်ချင်စိတ်မရှိတဲ့သူတွေ ရပ်ထဲရွာထဲမှာ အများကြီး။ တချို့ဆို သေသာသေသွားတယ်၊ ဝိပဿနာကို တစ်ခါမျှ အားမထုတ်ဖူးဘူး။

တချို့ကျတော့လည်း အားထုတ်ရကောင်းမှန်းတောင် မသိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘူး။ အဲဒီလိုလူမျိုးတွေကတော့ ...

လူဖြစ်ရကျိုးလည်း မနပ်၊ သာသနာနဲ့ ကြုံရကျိုးလည်းမနပ် ဆိုတော့ အင်မတန် သနားဖို့ကောင်းတာပဲ။

အခုလို တရားအားထုတ်နေတဲ့ ယောဂီတွေကတော့ အင်မတန် ကံကောင်းကြတယ်။ အခြေခံအားဖြင့် မသိမဖြစ်တာတွေကို အကျဉ်းချုံးပြီး ရှင်းပြတဲ့အခါ စာအုပ်ထဲမှာရေးပြီး မှတ်ထားကြ။ တခြားစာတွေ မရေးနဲ့။ ဒိုင်ယာယီတို့ ဘာတို့ မရေးနဲ့။ စာအုပ်တွေ မဖတ်နဲ့၊ စကားလည်း မများနဲ့၊ ဒါမှ တစ်နေ့ထက်တစ်နေ့ တရားတွေ တိုးတက်လာမှာ။

ကဲ မေးခွန်းတွေ စရအောင် ...

***

## ဝိပဿနာဆိုတာ ဘာလဲ

ဝိပဿနာဆိုတာ–

**ပညတ်တွေကိုခွာပြီး ပရမတ်တွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတွေကိုသိအောင်လုပ်တာ ဝိပဿနာ၊**

**ရုပ်တွေ နာမ်တွေရဲ့ ဖြစ်ပျက်ကို မြင်အောင်ကြည့်တာ ဝိပဿနာ၊**

ခန္ဓာအရှိနဲ့ ဉာဏ်အသိကို ကိုက်အောင်လုပ်တာ ဝိပဿနာ၊

ရှေ့ကဖြစ်ပျက် နောက်က မင်္ဂလိုက်တာ ဝိပဿနာ၊

အသေကို အရှင်နဲ့ကြည့်တာ ဝိပဿနာ။ ကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ဘုရားကြီးရဲ့ အဆိုအမိန့်အရ ရုပ်နာမ်မှာ ဖြစ် **နေတဲ့သဘောတွေကို ဖြစ်နေတဲ့အတိုင်း၊ ရှိနေတဲ့အတိုင်း သတိနဲ့ စောင့်ရှုတာဟာ သတိပဋ္ဌာန် ဝိပဿနာပဲ။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**မဏ္ဍိမပဋိပဒါ အလယ်လမ်းအကျင့်ပါပဲ။ အဲဒါ မဂ္ဂင်ရှစ်တန် အကျင့်မှန်ပါပဲ။** အတိုချုပ်အနေနဲ့ပြောမယ်ဆိုရင် ...

အထူးကြည့်တာ ဝိပဿနာ။

အထူးကြည့်တော့ အထူးသိတာပေါ့။ သမားရိုးကျကြည့်တာ မဟုတ်ဘူး။ ဝိပဿနာမျက်လုံးနဲ့ကြည့်တာ။ သမားရိုးကျကြည့်ရင် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမြင်မယ်။ သူဌေး၊ ဆင်းရဲသား မြင်မယ်။

အထူးကြည့်တော့ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်ဘူး။ သူဌေး၊ ဆင်းရဲသား မဟုတ်ဘူး။ ရုပ်တွေ နာမ်တွေပဲ အထူးကြည့်တော့ အထူးမြင်တယ်။ ရုပ်တွေနာမ်တွေရဲ့ ဖြစ်ပျက် ကိုမြင်လာတယ်။ အဲဒါကို ဝိပဿနာလို့ခေါ်တယ်။

ယောဂီအသစ်တွေကတော့ နားလည်မှာ မဟုတ်သေးဘူး။ ရုပ်တွေနာမ်တွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ ဘာတွေမှန်းလည်း မသိဘူး။ ခက်ခဲလိုက်တာဆိုပြီး အားမငယ်နဲ့နော်။ တရားနာရင်း နာရင်းနဲ့ သိသင့်သိထိုက်တာတွေကို တဖြည်းဖြည်းသိလာလိမ့်မယ်။

ဝေါဟာရတွေရဲ့ အဓိပ္ပာယ်ကိုသိရင် နားလည်သွားမှာပဲ။ ဝိပဿနာအကြောင်းကို ဘာမှုမသိသေးတဲ့ ယောဂီအသစ်တွေ အနေ နဲ့ ပထမဆုံး ...

**ပညတ်နဲ့ ပရမတ်ကို ကွဲကွဲပြားပြားသိရမယ်။**

**ရုပ်တွေ နာမ်တွေကို ကျကျနန နားရှင်းအောင် သိရမယ်။** ဒါမှ ဝိပဿနာဆိုတာ ဘာလဲဆိုတဲ့အဓိပ္ပာယ်ကို သဘောပေါက်မယ်။ နားလည်မယ်။

**ပညတ်ဆိုတာက တစ်ဦးနဲ့တစ်ဦး နားလည်အောင် သတ်မှတ်ထားတဲ့ နာမည်တွေကိုခေါ်တာ၊ အမှန်တကယ်မရှိဘူး။** ဥပမာ– ခေါင်း၊ ခါး၊ ခြေ၊ လက်၊ ယောကျ်ား၊ မိန်းမ၊ အိမ်၊ ကျောင်း၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကား၊ ရထား စသည်အားဖြင့် လူအမျိုးမျိုးက ဝေါဟာရအမျိုးမျိုးနဲ့ ခေါ်နေတာ၊ ပြောနေတာအားလုံးဟာ ပညတ်တွေပဲ။

**ပရမတ် ဆိုတာကျတော့ အမှန်တကယ်ရှိတဲ့ သဘာဝတရားကို ဆိုလိုတာ။** သဘောမျှပဲ။ မျက်စိနဲ့လည်း မမြင်ရဘူး။ ပုံသဏ္ဍာန်လည်း မရှိ၊ အလေးချိန်လည်းမရှိ၊ ထုထည်လည်း မရှိလို့ ဆုပ်ကိုင်လို့လည်း မရဘူး။ အမှုန်လေးတွေလည်း မဟုတ်ဘူး။ မီးခိုးလိုလည်း မဟုတ်ဘူး။ သဘောလေးပဲ။ ဥပမာ–လှုပ်တဲ့သဘော၊ နာတဲ့သဘော၊ ကြားတဲ့သဘောတွေဟာ ပရမတ်ပဲ။

ပရမတ်တရားက စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်ဆိုပြီး (၄)ပါးရှိတယ်။ စိတ်နဲ့ စေတသိတ်ကို ပေါင်းပြီး နာမ်လို့ခေါ်တယ်။

**နာမ်ရဲ့သဘာဝတရားက ...**

**သိတတ်တဲ့သဘော၊ ညွှတ်တတ်တဲ့သဘော၊**

**ရုပ်ရဲ့သဘာဝတရားက ...**

**ဖောက်ပြန်ပြောင်းလဲတတ်တဲ့သဘော၊ မသိတဲ့သဘော၊**

အကြမ်းအားဖြင့် ရုပ်ဆိုတာ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးအပေါင်းအစုပါပဲ၊ လက်တွေ့ရှုမှတ်တဲ့အခါ ဓာတ်ကြီးလေးပါးရဲ့ ပရမတ်သဘောတွေကို ရှုမှတ်ရမှာ။

ပထဝီဓာတ်ရဲ့ ပရမတ်သဘောက–

**မာမှုသဘော၊ ပျော့မှုသဘော။**

အာပေါဓာတ်ရဲ့ ပရမတ်သဘောက–

**လေးမှုသဘော၊ ဖွဲ့စည်းမှုသဘော၊ ယိုစီးမှုသဘော။**

တေဇောဓာတ်ရဲ့ ပရမတ်သဘောက–

**ပူမှုသဘော၊ အေးမှုသဘော၊ ပေါ့မှုသဘော။**

ဝါယောဓာတ်ရဲ့ ပရမတ်သဘောက–

**တွန်းကန်တဲ့သဘော၊ တောင့်တင်းတဲ့သဘော၊ လှုပ်ရှားတဲ့**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**သဘော**။ ရုပ်နဲ့ပတ်သက်လို့ ဒီလောက်တော့သိထားရမယ်။ နာမ်အကြောင်းပြောရအောင်။ စိတ်နဲ့ စေတသိက်ကိုပေါင်းပြီးတော့ ဘာခေါ်လဲ။

"နာမ်လို့ ခေါ်ပါတယ်ဘုရား"

**သိမှုလေးကို စိတ်လို့ခေါ်တာ**။ စိတ်တစ်ခုဖြစ်ရင် စေတသိက်တွေလည်း ပါလာတာပဲ။

**စေတသိက်ဆိုတာက စိတ်ကိုမှီတွယ်ပြီးတော့ စိတ်ကိုခြယ်လှယ်နေတဲ့ စိတ်တစ်မျိုးပါပဲ**။ သူ့ကြောင့် အကုသိုလ်စိတ် ဖြစ်သွားတာရှိသလို၊ ကုသိုလ်စိတ်ဖြစ်သွားတာလည်း ရှိတယ်။ စေတနာဦးဆောင်တဲ့ စေတသိက်က အားလုံး(၅၂)ပါး ရှိတယ်။

ရုပ်(၂၈)ပါးတို့၊ နာမ်(၅၃)ပါးတို့ ဒါတွေအကုန်မသိလည်းဘဲ ဝိပဿနာအားထုတ်လို့ရပါတယ်။ ဝိပဿနာအားထုတ်တဲ့နေရာမှာ နည်းသုံးမျိုးရှိတယ်။

(၁) စအားထုတ်ကတည်းက ဝိပဿနာကို တိုက်ရိုက်ရှုမှတ်တဲ့ **ဝိပဿနာယာနိကနည်း**။

(၂) သမထနည်းတစ်ခုခုနဲ့ သမာဓိထူထောင်ပြီးတော့မှ ဝိပဿနာကို ပြောင်းပြီးရှုမှတ်တဲ့ **သမထယာနိကနည်း**နဲ့

(၃) သမထကိုရှုမှတ်လိုက်၊ ဝိပဿနာကို ရှုမှတ်လိုက်နဲ့ နှစ်ခုတွဲပြီး ရှုမှတ်တဲ့၊ **ယုဂနဒ္ဓနည်း**ဆိုပြီး သုံးမျိုးရှိတယ်။

သမထက ပညတ်ကိုရှုရတယ်။ ဝိပဿနာက ပရမတ်ကို ရှုရတယ်။ ဒီလိုလည်း သိထားရမယ်နော်။

***

နောက်မေးခွန်းက–

## ဝိပဿနာမလုပ်ရင် အပါယ်ကျမှာလား

ဝိပဿနာအလုပ်တွေ မလုပ်ရင် အပါယ်ကျတော့မှာလား။

အပွားအစာစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒါနတွေ ပြုနေတယ်။ သီလတွေ ဆောက်တည်နေတယ်။ သမထတွေ ပွားနေတယ်။ အဲဒါတွေက သုဂတိမရောက်နိုင်ဘူးလား။

ဝိပဿနာမလုပ်လည်း အဲဒီကုသိုလ်ကောင်းမှုတွေကို သတိရပြီး သေရင် အပါယ်မကျနိုင်ပါဘူး။ သုဂတိကို ရောက်နိုင်ပါတယ်။ ဝိပဿနာမလုပ်တဲ့သူမှန်သမျှ အပါယ်ကျရမယ်လို့ မဆိုလိုပါဘူး။ ဒါနကို သတိရပြီးသေမယ်ဆိုပါစို့။

သခွားသီးတစ်လုံးလှူတာနဲ့ နတ်ပြည်ရောက်နေတဲ့ နတ်သမီးတွေရှိပါတယ်။ သရက်သီးတစ်လုံးလှူလို့ နတ်သား၊ နတ်သမီးတွေဖြစ်နေတာရှိတယ်။ သည်းခံလို့ နတ်သား၊ နတ်သမီးတွေ ဖြစ်နေတာရှိတယ်။ ဝိပဿနာဆိုလို့ တစ်ပြားသားမျှ မပါဘူး။

ဖားနတ်သားလေးတောင်ကြည့်ပါလား။ တရားနာရင်းနဲ့ နတ်ပြည်ရောက်သွားတာ။ ဝိပဿနာမပါဘူး။ တရားနာတဲ့ကုသိုလ်လေးနဲ့ ရောက်သွားတာ။ မဋ္ဌကုဏ္ဍလီသတို့သားဆိုရင်လည်း မြတ်စွာဘုရားကို ကြည်ညိုရုံလေးနဲ့ နတ်ပြည်ရောက်သွားတာ။

''ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'' တောင် မဆိုနိုင်ဘူး။ ဝိပဿနာအဝေးကြီးပဲ။ ဝိပဿနာအားမထုတ်ပေမယ့်လို့ လူ့ပြည်နတ်ပြည်ရောက်တာတွေ အများကြီးပါပဲ။ သာသနာပမှာလည်း လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေဖြစ်တာ ရှိတာပဲ။ ဝိပဿနာတရား အားမထုတ်သော်လည်းဘဲ လူလည်းဖြစ်နိုင်တယ်။ နတ်လည်းဖြစ်နိုင်တယ်။ ဗြဟ္မာလည်း ဖြစ်နိုင်တယ်။

ဒါန၊ သီလကြောင့် လူ့ပြည်ရောက်နိုင်တယ်။ နတ်ပြည်ရောက်နိုင်တယ်။ ဈာန်တွေကြောင့် ဗြဟ္မာဖြစ်နိုင်တယ်။ အဲဒီလိုဆိုဝိပဿနာအားထုတ်စရာ ဘယ်လိုမလဲ။ ဒါန၊ သီလ၊ သမထ လုပ်ရင်လည်း ရောက်တာပဲ။

ဒါန၊ သီလ၊ သမထလုပ်လို့ရောက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဝိပဿ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နာလုပ်လို့ရောက်တဲ့ ပုဂ္ဂိုလ်တွေနဲ့ မတူဘူး။ ဒါန၊ သီလ၊ သမထ လုပ်လို့ရောက်တဲ့ ပုဂ္ဂိုလ်ဟာ ဝိပဿနာမျိုးစေ့ ပါမသွားဘူး။ များ သောအားဖြင့် ကုသိုလ်အရှိန်အဟုန်ကုန်ရင် ပြန်ကျတာပဲ။

နတ်ပြည်မှာလည်းပဲ လူ့ပြည်လိုပေါ့၊ တရားပွဲတွေ ကျင်းပ တယ်။ နတ်သား ဓမ္မကထိကတွေ ဟောတယ်။ ဗြဟ္မာကြီးတွေက ဟောတယ်။ လူ့ပြည်ကနေပြီးတော့ တန်ခိုးအဘိညာဉ်တွေရတဲ့ ရဟန်း တွေက နတ်ပြည်တက် ဟောတာတွေလည်းရှိတယ်။

ဝိပဿနာမျိုးစေ့ ပါမသွားတဲ့ပုဂ္ဂိုလ်က တော်ရုံတန်ရုံ တရား မနာချင်ဘူး။ မလွဲသာမရှောင်သာလို့၊ အတင်းဆွဲခေါ်လို့ တရွတ် တရွတ်နဲ့ ပါသွားပြီး တရားနာရသော်လည်းပဲ စိတ်မပါဘူး။ တရားကို စိတ်မပါဘူး။

တရားဆိုတာ နိဗ္ဗာန်ရောက်ကြောင်း အဓိကဟောတာပဲ။ နိဗ္ဗာန်ရောက်ချင်တာမှ မဟုတ်ဘဲ။ လူ့စည်းစိမ်၊ နတ်စည်းစိမ်ကို မြိန်မြိန်ယှက်ယှက်ကြီး ခံစားချင်တာပဲ။

လူဖြစ်ရင်လည်း အထက်တန်းကျကျ၊ မျက်နှာပန်းလှလှ၊ နတ်ဖြစ်ရင်လည်း နတ်သမီး တစ်ဖက်တစ်ထောင်လောက်ကိုပဲ သဘောကျနေကြတယ်။ ဒီတော့ နိဗ္ဗာန်ကို မရောက်ချင်ဘူး။

**ဝိပဿနာမလုပ်ရင် အပါယ်တန်းမကျပါဘူး။**

လူလည်းဖြစ်နိုင်တယ်။ နတ်၊ ဗြဟ္မာလည်း ဖြစ်နိုင်ပါတယ်။

သို့သော်လည်းပဲ ...

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားတွေကို အရှိအမှန် တရားတွေကို ဘာတစ်လုံးမှ သိမသွားတဲ့ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်း၊ ရိုးရိုးလူ ရိုးရိုးနတ်မဟုတ်ပါဘူး။ မင်းပဲဖြစ်ဖြစ် ကုသိုလ်အရှိန်အဟုန် ကုန်သွားဟဲ့အခါ ...

အပါယ်လေးပါးကို နောက်တစ်ခါပြန်ကျတာပဲ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခဲလုံးများ မြှောက်တင်လိုက်သလို အရှိန်အဟုန်ရှိသလောက်တော့ အပေါ်တက်မှာပဲ။ အရှိန်အဟုန်ကုန်တာနဲ့ ပြန်ကျမှာပဲ။ ဖြဟ္မာကတော့ တန်းအပါယ်မကျဘူး။ လူတွေ၊ နတ်တွေ ဖြစ်ပြီးမှ ခွေးတို့၊ ဝက်တို့၊ နွားတို့ဖြစ်တာ။ ဒေသနာတော်တွေမှာ ရှိပါတယ်။

ဒီဘဝမှာ တိဟိတ်ပုဂ္ဂိုလ် ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ်၊ မေတ္တာကရုဏာ အင်မတန်ကြီးမားတယ်။ နောင်ဘဝမှာ ဒွိဟိတ်ပြန်ဖြစ်နိုင်တယ်။ ခုတရားနာနေတဲ့ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် တိဟိတ်ပုဂ္ဂိုလ်တွေ များတယ်။ ခန့်မှန်းခြေပြောတာပါ။

မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ ရအောင်မကြိုးစားရင် နောင်ဘဝမှာ ဒီလို တိဟိတ်ပြန်ဖြစ်မယ်လို့ ပြောလို့မရဘူး။ ဒွိဟိတ်ပြန်ဖြစ်သွားနိုင်တယ်။ အာသန္နကံမှာ ဘယ်လိုကံမျိုးနဲ့ သေရမယ်ဆိုတာပြောလို့မရဘူး။ အာသန္နကံဆိုတာ . . .

သေခါနီးကပ်ပြီးတော့ဖြစ်တဲ့ကံကို ခေါ်တာ။

အမြဲတမ်းတရားပွားများနေတဲ့ ပုဂ္ဂိုလ်ကတော့ လောဘ၊ ဒေါသ၊ မောဟ နည်းတာပေါ့ဗျာ။ အမြဲတမ်း တရားမပွားများဘဲနဲ့ စားဝတ်နေရေးလောက် လုပ်နေရတဲ့သူကတော့ အကုသိုလ်များတာပဲ။ အဲဒါ အာစိဏ္ဏကံ။

ကဋတ္တာကံမှာလည်း တစ်ခါတစ်ရံ မပြောသင့်တာတွေလည်း ပြောမိ။ ဒီလိုပဲရှိမှာပေါ့။ မိဘနဲ့သားသမီးတောင် ပြန်ပြောမိတာပဲ။ မိဘနှင့်သားသမီး တစ်ခါတလေပြန်ပြောမိတာ၊ စိတ်ဆိုးမိတာတွေ ရှိတာပဲ။

အဲဒီတော့ ဝိပဿနာမလုပ်သော်လည်း ဒါန၊ သီလ၊ သမထတွေ အာစိဏ္ဏကံတွေ လုပ်ထားတယ်။ ဒါနတွေလည်း အမြဲတမ်းပြုတယ်။ သီလတွေလည်း ဆောက်တည်ထားတယ်။ စုတိပျက်ကြွေသေခါနီးမှာ ဒါန၊ သီလကို သတိရပြီးသေရင် နတ်ပြည်ရောက်မယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူလည်း ဖြစ်နိုင်ပါတယ်။ ဈာန်တွေရလို့ရှိရင်လည်း ဗြဟ္မာ ဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ အပါယ်တံခါးပိတ်ပြီလား၊

"မပိတ်သေးပါဘူးဘုရား"

မိမိတို့ ခုဘဝမှာ သူဌေးကြီးဖြစ်မယ်၊ နောင်ဘဝမှာ သူဌေးကြီးဖြစ်မယ်လို့ ပြောလို့ရပါ့မလား။

"မရပါဘူးဘုရား"

ခုဘဝမှာ အရာရှိကြီးဖြစ်တယ်။ နောင်ဘဝမှာ အခုလို အရာရှိကြီးဖြစ်မယ်လို့ ပြောလို့ရပါမလား။

"မရပါဘူးဘုရား"

ခုဘဝမှာ မိမိတို့က သူများရဲ့အပူဇော်ခံပေါ့။ ဆရာတော်ဆရာတော်နဲ့ ပူဇော်တာပေါ့။ နောင်ဘဝမှာ သူများရဲ့ အပူဇော်ခံဖြစ်ပါမယ်လို့ ပြောလို့ရပါ့မလား။

"မရပါဘူးဘုရား"

ခုဘဝမှာ သမာဓိတွေ အားကောင်းပြီးတော့ ဈာန်တွေဘာတွေရလို့ သူများတွေက လေးစားတယ်။ နောင်ဘဝမှာ အဲဒီလို ဈာန်တွေ ဘာတွေရမယ်လို့ ပြောလို့ရပါ့မလား။

"မရပါဘူးဘုရား"

ခုဘဝမှာ မြင်ရတဲ့သူတိုင်းက လေးစားတဲ့ပုဂ္ဂိုလ်။ နောင်ဘဝမှာ အရုပ်အနှမ်းကြီး ဖြစ်သွားနိုင်တယ်။ ဘာဖြစ်လို့လဲ။

ကံက စီမံနေတာပဲ၊ ကံကအရုပ်အနှမ်း ဖြစ်စေမယ့်ကံဆိုရင် အရုပ်အနှမ်းဖြစ်သွားတာပဲ။

ခုဘဝမှာတော့ တကယ့်ပညာရှင်ကြီးပေါ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးရင် စိတ်မချရသေးဘူးဗျ။ နောက်တစ်ခါကျရင် ပညာမဲ့တဲ့ပုဂ္ဂိုလ် ဖြစ်သွားနိုင်တယ်။

သီလအင်မတန်ကောင်းတဲ့ပုဂ္ဂိုလ် နောင်ဘဝကျရင် သီလ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပျက်တဲ့ပုဂ္ဂိုလ် ဖြစ်သွားနိုင်တယ်။

နိမ့်လိုက် မြင့်လိုက်၊ ကောင်းလိုက် ဆိုးလိုက်၊ ဒီလိုဖြစ်နေကြရတာပဲ။ ခုဘုရားဒကာ ကျောင်းဒကာ၊ နောင်ဘဝကျတော့ သူခိုးဖြစ်သွားနိုင်တယ်။ နောင်ဘဝကို ထားပါဦး။

ဒီဘဝကိုပဲ ကြည့်ပါဦး။ ဒီလမှာ ဘုရား၊ တရား၊ သံဃာကို မကြည်ညိုပေမဲ့ နောက်လကျရင် ကြည်ညိုပါမယ်လို့ ပြောလို့ရပါ့မလား။

''မရပါဘူးဘုရား''

ဒီလမှာ ယောဂီတို့ တရားအားထုတ်လို့ သမာဓိတွေ အထိုက်အလျောက် ရတယ်ဆိုပါတော့။ နောက်လကျတော့ အားမထုတ်တော့ရင် အဲဒီသမာဓိတွေ ရှိပါဦးမလား။

''မရှိနိုင်တော့ပါဘူးဘုရား''

ဒီလမှာ သာသနာ့ဘောင်ဝင်လို့ တရားတွေနာ၊ တရားတွေအားထုတ်လို့ အထိုက်အလျောက် ဉာဏ်ပညာတွေ အားကောင်းနေတယ်။ ကိလေသာဇွက်ထဲ ရောက်သွားတဲ့အခါကျတော့ အဲဒီ တရားတွေ ရှိနိုင်ပါဦးမလား။

''မရှိနိုင်တော့ပါဘူးဘုရား''

ဒါ ဘဝမကူးသေးပါဘူး။ ဒီဘဝမှာကိုပဲ အမျိုးမျိုးဖောက်ပြန်ပြောင်းလဲနေတယ်။

ဝိနိပါတဘေးလို့ ခေါ်ပါတယ်။ ဖရိုဖရဲကျတဲ့ဘေး၊

ပုထုဇဉ်တွေကျမဲ့ဘေး။ အခုပဲ အထက်တန်းကျကျ၊ မျက်နှာပန်းလှလှ၊ အခုပဲ မွဲတေ တောင်းစားရ။

ခုပဲ ပညာရှင်ကြီး၊ သူများတွေ ဆရာလုပ်နေတယ်။ အခုပဲဟော ... အရူးအနှမ်း၊ သူရူးသူနှမ်း ဖြစ်သွားနိုင်တယ်။

ခုပဲ သူဌေးကြီး၊ ရော့အင့် ... ရော့အင့် ပေးနိုင်တယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခုပဲ မွဲတေပြီးတော့ ကုန်းကောက်စရာမရှိဘူး ဖြစ်သွားနိုင်တယ်။

ခုပဲ သူတစ်ပါးတွေက လက်အုပ်ချီပြီး ကိုယ့်အဖေအရွယ်၊ အမေအရွယ်တွေက လက်အုပ်ချီပြီး ရှိခိုးကြတယ်။ ခုပဲ တစ်ခါတည်း နဲ့ သူများခိုင်းဖတ် ကျွန်ဖြစ်သွားနိုင်တယ်။

လောကကြီးရဲ့ သဘောကိုကြည့်ရင် ကြောက်စရာမကောင်း ဘူးလား။

''ကောင်းပါတယ်ဘုရား''

လောကမှာ သီလ၊သမာဓိ၊ပညာဟာ လူ့ဘ၀ရဲ့တန်ဖိုးပဲ။ (၃၁)ဘုံမှာ လူဟာ တန်ဖိုးရှိတယ်။ လူဟာ အဖိုးတန်တယ်ဆိုတာ ရုပ်ချောလို့၊ ဥစ္စာပေါလို့၊ ဘွဲ့တွေရလို့ အဖိုးတန်တာ မဟုတ်ပါဘူး။

သီလ၊ သမာဓိ၊ ပညာကြောင့် အဖိုးတန်တာ။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ။ ကိုရင်တွေ ၀တ်ကြတယ်၊ ဦးပဥ္စင်းတွေ ၀တ်ကြတယ်။ လူနတ်ဗြဟ္မာ အားလုံး တို့ရဲ့ ရှိခိုးမှုကို ခံနိုင်တယ်။ သီလ၊ သမာဓိ၊ ပညာကြောင့် လူ့ဘ၀က တန်ဖိုးမြင့်တက်သွားတာ။

လူ့ဘ၀ရဲ့တန်ဖိုးဟာ အဲဒီသိက္ခာသုံးပါးပဲ။

ခုချိန်မှာ သင်္ကြန်တွင်းမှာ သိက္ခာတွေ ထိန်းသိမ်း၊ နောက် လူပြန်ထွက်တော့ သိက္ခာတွေ ကျသွားတယ်။ မသေသေးပါဘူး။ ခုတစ်ဘ၀တည်းမှာကိုပဲ အခုအထက်တန်းရောက်တယ်။ ခုပဲ အောက် ပြန်ကျတယ်။

ခုပဲ သူများတွေက ကိုယ့်ကို ရှိခိုးတယ်၊ နောက်ကျတော့ သူများပြန် ရှိခိုးရမယ်။ လောကကြီးက ဖောက်ပြန်ပြောင်းလဲမနေ ဘူးလား။ အဲဒီသဘောတွေသိလို့ ...

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတဲ့ပုဂ္ဂိုလ်က တော်ရုံတန်ရုံ လူမထွက် တော့ဘူး။ ထွက်ပါဆိုတောင် မထွက်တော့ဘူး။ မဂ်ဉာဏ် ဖိုလ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်ရဲ့သတ္တိကြောင့် အကြွင်းမဲ့ယုံကြည်သွားပြီ။ ရတနာ့သုံးပါးနဲ့ ကင်းကွာလို့ မရတော့ဘူး။

ဝိပဿနာ အားမထုတ်ရင် အပါယ်တန်းမကျနိုင်ပါဘူး။ ကုသိုလ်ကောင်းမှုတွေကြောင့် လူလည်းဖြစ်နိုင်တယ်။ နတ်လည်း ဖြစ်နိုင်တယ်။ သို့သော်လည်းပဲ လူပြန်ဖြစ်တဲ့အခါမှာ ...

သူတော်ကောင်းခေတ်က နည်းတယ်။

များသောအားဖြင့် ပြောပါတယ်၊ အကြွင်းမဲ့ပြောတာ မဟုတ်ဘူး။ များသောအားဖြင့် သူလည်း ဖြစ်တာပဲ၊ ငါလည်း ဖြစ်တာပဲ၊ ဝိပဿနာကို အသာထားပါဦး။

ဒါနပြုချင်တဲ့ပုဂ္ဂိုလ် နည်းတယ်။ သီလဆောက်တည်ချင်တဲ့ပုဂ္ဂိုလ် နည်းတယ်။ ဘာဝနာပွားးများချင်တဲ့ပုဂ္ဂိုလ် နည်းတယ်။

သီလထဲမှာ ဝေယျာဝစ္စကုသိုလ် ပါပြီးသား။ ဝိပဿနာ အသာထားဦး။ သမထလည်း မပွားချင်ဘူး။ ဘာလုပ်ချင်လဲ၊ သီချင်းပဲ ဆိုချင်တယ်။ ဟိုဟာဒီဟာလျှောက်ပြောလိုက်၊ သီချင်း ဆိုလိုက်၊ အဲ့ဒါပဲ လုပ်ချင်တာ။

ဂုဏ်တော်ပွားဖို့ မေတ္တာပွားဖို့ သိပ်ဝါသနာမပါဘူး။ အတိတ်တုန်းကလည်း အားနည်းခဲ့တယ်။ ပစ္စုပ္ပန်မှာလည်းပဲ ကလျာဏမိတ္တကို မပေါင်းဘူး။ ပါပမိတ္တတွေချည်းပဲ ပေါင်းကြတယ်။ ပါပမိတ္တဆိုတာ အရက်သောက်နေမှ မဟုတ်ဘူး။

တရားမလိုက်စားဘဲ အာရုံငါးပါး ကာမဂုဏ်တရား လိုက်စားနေတဲ့သူတွေဟာ ပါပမိတ္တပဲ။ အဲ့ဒါတွေနဲ့ပဲ ပေါင်းချင်ကြတာ။ ပေါင်းချင်တော့ အချိန်ဖြုန်းတာပေါ့။ လူ့ဘဝ ခဏလေးရတာ။

**''သမုဒ္ဒရာရေပြင်ထက် ခဏတက်သည့် ရေပွက်ပမာ''** အဲ့ဒီ ခဏလေးရတဲ့လူ့ဘဝကို တန်ဖိုးရှိရှိအသုံးမချချင်ဘူး။

ဘဝဆိုတာ အသုံးချစရာ။ ဘဝဆိုတာ ခံစားရမှာမဟုတ်ဘူး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရလာတဲ့ဒီခန္ဓာ ရလာတဲ့ဘဝကို ကိရိယာတန်ဆာပလာလို အသုံးချရမှာ။

အငှားနွားကြီးကို တစ်ချိန်ပြန်ပေးရမှာ။ သေမင်းမခေါ်မီ ဒီခန္ဓာကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရေးအတွက် အသုံးချပါလို့ ဆိုလိုပါတယ်။

လူ့ဘဝမှာ အာရုံငါးပါး ကာမဂုဏ်တရား လိုက်စားနေရင်တော့ အရှုံးကြီးရှုံးတာပဲ။ အကြီးအကျယ်ရှုံးတာ။

နောင် ဒီလိုဘဝကို ပြန်မရတော့ဘူး။

အဲ့တော့ ဒါန၊ သီလ၊ သမထ ကုသိုလ်ကံကြောင့် လူ့ပြည်၊ နတ်ပြည်၊ လူချမ်းသာ၊ နတ်ချမ်းသာ၊ လူမင်း၊ နတ်မင်း ဖြစ်သော်လည်းပဲ တရားကို စိတ်မဝင်စားတော့ဘူးတဲ့။ အဓိက ဘာတွေကို စိတ်မဝင်စားသလဲဆိုတော့ -

သုညတဓမ္မတွေကို စိတ်မဝင်စားဘူး။

သုညတဓမ္မဆိုတာ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့တရားကို သုညတဓမ္မလို့ခေါ်ပါတယ်။

ရုပ်ဆိုတာ ငါလည်း မဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး။ ဘာလဲဆိုတော့ ဖောက်ပြန်တဲ့သဘောလေးပဲ။

နာမ်ဟာလည်းပဲ ငါလည်းမဟုတ်၊ ငါ့ဥစ္စာလည်းမဟုတ်ဘူး။ သိတတ်တဲ့သဘောလေးပဲ။

ရုပ်တရား၊ နာမ်တရား၊ သင်္ခါရတရားတွေဟာ အနိစ္စ တရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားတွေပဲ။

အဲ့ဒီသုညတဓမ္မ ငါ ငါ့ဥစ္စာမှ ဆိတ်သုဉ်းတဲ့တရားကို နာလည်း မနာချင်ဘူး၊ လေ့လည်း မလေ့လာချင်ဘူး၊ သိအောင်လည်း မလုပ်ချင်ဘူး။ မလုပ်ချင်ဘူးဆိုတော့ မသိဘူးပေါ့။

ရုပ်တွေ နာမ်တွေတောင် မသိဘူးဆိုတော့ ရုပ်နာမ်တွေရဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လက္ခဏာကို သိနိုင်ပါတော့မလား။

''မသိနိုင်တော့ပါဘူးဘုရား''

မသိတဲ့အခါကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရတော့ ကုသိုလ်အရှိန်အဟုန်လည်းကုန်ရော အပါယ်လေးပါး ပြန်ကျရော။

ပြန်ကျတဲ့အခါကျတော့ ကမ္ဘာပေါင်းများစွာ အပါယ်လေးပါးမှာနေ၊ နောက်တစ်ခါပြန်တက်လာ အာရုံငါးပါး ကာမဂုဏ်တရားနဲ့ပဲ အချိန်ကုန်။ နောက်တစ်ခါ အပါယ်လေးပါးပြန်သွား။ ကုသိုလ်ကောင်းမှုလေးရှိတော့ ပြန်တက်လာ။ နောက်တစ်ခါ ပြန်သွား။ ဘာဖြစ်လို့လဲ ...

သူတော်ကောင်းတရားတွေ မနာ၊ တရားတွေ အားမထုတ်တော့ သက္ကာယဒိဋ္ဌိမှမပြုတ်ဘဲ၊ ဒီပဲပြန်သွားရမှာပေါ့။ (၃၁)ဘုံမှာ လည်လို့ကို မဆုံးနိုင်တော့ဘူး။ အဲဒါ ဝိပဿနာအားမထုတ်ရင် အပါယ်ကျမှာလားဆိုတဲ့ မေးခွန်းကို ပြန်ဖြေထားတာ။

***

## ဝိပဿနာအားထုတ်ရင် ဘယ်လိုအကျိုးတွေ ရမလဲ

ဝိပဿနာအားထုတ်လို့ရှိရင် ဘယ်လိုအကျိုးတွေ ရမှာလဲဆိုတော့ –

(၁) ကိလေသာကင်းတယ်။
(၂) စိုးရိမ်မှုကင်းတယ်။
(၃) ငိုကြွေးမှုကင်းတယ်။
(၄) ကိုယ်ဆင်းရဲကင်းတယ်။
(၅) စိတ်ဆင်းရဲကင်းတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၆) မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်။

(၇) ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းချမ်းတဲ့ နိဗ္ဗာန်အထိရောက်မယ်။ ဒါက အတိုချုပ်ပေါ့။ နည်းနည်းအကျယ်ချဲ့ ပြောရအောင်။

ဝိပဿနာအားထုတ်လို့ရှိရင် –

အလင်းရောင်မှာ လမ်းလျှောက်နိုင်တဲ့ အကျိုးတွေရမယ်။ ဘဝလမ်းညွှန်ပေါ့။ မိမိရလာတဲ့ဘဝဟာ ဘာလဲ။ ငါဘာလဲ၊ ငါ ဘယ်က လာတာလဲ၊ ငါ ဘယ်ကိုသွားမလဲ ကိုယ့်ကိုယ်ကို မေးခွန်းတွေ မေးလို့ရှိရင် သိပါလိမ့်မယ်။

ငါဘာလဲ။ ရိုးရိုးပြောမယ်ဆိုရင် လူပေါ့၊ ငါယောဂီပေါ့၊ ငါ ရဟန်းပေါ့ ပညတ်နယ်မှာတော့ သူ့ဟာနဲ့သူ ဟုတ်တာပဲ။ ဒါပေမယ့် အကုန်လုံးမမှန်သေးဘူး။ သမုတိသစ္စာအနေနဲ့သာမှန်တာ၊ အရှိအမှန်တရား မဟုတ်သေးဘူး။

ငါဘာလဲ။ ငါမှမဟုတ်ပဲ။ အခုရှိနေတဲ့ခန္ဓာကိုယ်ကြီးဟာ ရုပ်တွေ နာမ်တွေပဲ။ ရုပ်နာမ်ကို ငါလို့စွဲလိုက်လို့ သက္ကာယဒိဋ္ဌိ ဖြစ်တာ။ အဲဒီသက္ကာယဒိဋ္ဌိက အပါယ်ရောက်မယ့်မျိုးစေ့။

ဥပမာပေးထားတာ ရှိပါတယ်။ ငှက်အကြီးကြီးကို အဆိပ်လူးပြားနဲ့ပစ်လိုက်တာ၊ ငှက်ကြီးကို မြားစိုက်ဝင်သွားတယ်။ ဒါပေမယ့် အဲဒီငှက်ကြီးက ကောင်းကင်ပျံတက်သွားတာပဲ။ အဆိပ်ပျံ့သွားတော့မှ အောက်ပြန်ကျတာ။

အဲဒီလိုပဲ၊ သက္ကာယဒိဋ္ဌိ ရှိနေတဲ့လူဟာ ဒါန၊ သီလ၊ သမထတွေကြောင့် လူ့ဘဝ၊ နတ်ဘဝတွေကိုတော့ တက်သွားမှာပဲ။ အဆိပ်ပျံ့တဲ့အခါ အဆိပ်ပျံ့တယ်ဆိုတာ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး တဖြည်းဖြည်း အားကောင်းလာတာကို ဆိုလိုပါတယ်။

ကင်ဆာလိုပေါ့ဗျာ။ ပျံ့ပျံ့ပြီး အမြစ်တွေ အားကောင်းလာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တဲ့အခါကျတော့ သေရသလိုပဲ။ မိစ္ဆာဒိဋ္ဌိအားကောင်းလာတဲ့အခါ ကျတော့၊ ကုသိုလ် အကုသိုလ်ကို မသိဘူး။ ကုသိုလ်က ကောင်းကျိုး ပေးတယ်။ အကုသိုလ်က ဆိုးကျိုးပေးတယ် မသိဘူး။

**အကုသိုလ်ကို ရှောင်စရာမလိုဘူး။**

**ကုသိုလ်ကို လုပ်စရာမလိုဘူး။ ဒီလိုဖြစ်တာ။**

မိဘကျေးဇူး မရှိဘူး။ မိဘက သူ့ဟာသူယူလို့ သူ့ဟာသူ မွေးလာတာ။ ဘာမျှ ကျေးဇူးမရှိဘူး။ ဒါသဘာဝပဲ။

ခုဘဝမရှိဘူး။ နောင်ဘဝမရှိဘူး။

ခုဘဝသေရင် ပြီးတာပဲ၊ ပြတ်တာပဲ။ အဲ့လိုအယူအဆ အမှား ကြီးတွေ အများကြီး မရှိဘူးလား။

''ရှိပါတယ်ဘုရား''

သူတစ်ပါးအသက်သတ်လို့ရှိရင် အကုသိုလ်မဖြစ်ဘူးတဲ့။ ဓားကလည်း ခတ်လေးပါး၊ သတ္တဝါတွေကလည်း ခတ်လေးပါး ပေါ့ဗျာ။ ခတ်လေးပါးက ခတ်လေးပါးထဲ ဝင်သွားတာ။ ဝိညာဉ်က ကောင်းကင်တက်သွားတာ ဘာမျှအပြစ်မရှိဘူး။ သူ့သဘောသူဆောင် သွားတာပဲ။ အဲ့ဒီအယူအမှားတွေများ ယူမိလို့ရှိရင်ဗျာ၊ အင်မတန် အကျိုးမနည်းပေဘူးလား။

''နည်းပါတယ်ဘုရား''

နည်းတာမှ သေရင် အပါယ်လေးပါးကို ရောက်မှာ။ အဲ့ဒါ ဘယ်ကဆင်းသက်လာတာလဲဆိုတော့ သက္ကာယဒိဋ္ဌိက ဆင်းသက် လာတာ။ ရုပ်တွေ နာမ်တွေကို ငါပဲ သူပဲ ဒီလိုထင်တာ။

ဗုဒ္ဓဘာသာတွေမှာတောင် သက္ကာယဒိဋ္ဌိတွေ အများကြီးပါပဲ။ လူသေသွားရင် ဝိညာဉ်ကောင်လေးက ထွက်သွားတယ်။ အိမ်နားမှာ (၇)ရက် ဘယ်မှမသွားနိုင်ဘူး။

အဲဒီဝိညာဉ်ကောင်လေး စားဖို့အတွက် ထမင်းပွဲလေး ပြင်ထား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဦးဟဲ့။ ဆေးပြင်းလိပ်ကြိုက်တယ်၊ ဆေးပြင်းလိပ်လေး မီးညှိပြီး တင်ထားဦးဟဲ့။

တချို့များ အိမ်တံခါးပိတ်ထားရင် ဝိညာဉ်ကောင်လေး မဝင်နိုင်မှာစိုးလို့ အိမ်တံခါး ဖွင့်ထားပေးရတယ်။

အိမ်တံခါးဖွင့်ထားရင် အိမ်ထဲ သူခိုးဝင်မှာပေါ့ဗျာ။ အဲဒီ အယူအဆတွေက မှားကြတယ်။ ထမင်းပွဲပြင်ထားတယ်။ သေနေတဲ့ မသာအလောင်းကြီးက ထစားလို့ရပါ့မလား။

ပါးစပ်ထဲ တစ်မတ်ထည့်တာလည်း ရှိသေးတယ်။ အခု တစ်မတ်နဲ့ သွားလို့ရရဲ့လား။ ဒီလောက်တောင် ထည့်ချင်နေရင်လည်း တစ်သိန်းလောက်ကို ထည့်ရမှာ။

မိစ္ဆာဒိဋ္ဌိအယူတွေက အများကြီး။ မရှိမဲ့ ရှိမဲ့အိုးလေး ရိုက်ခွဲရတာ ရှိသေးတယ်။ သူဌေးဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ ဆင်းရဲသားက အဲဒီအိုးတစ်လုံးပဲရှိတာ ရိုက်ခွဲပစ်ရတယ်။ ခွဲပြီးတော့ အခေါင်းကြီးကို ဖွင့်ရ လှန်ရတာနဲ့။

မဖွင့်ပါနဲ့၊ နံရစော်ရတဲ့ကြားထဲ ဖွင့်ဖွင့်ကြည့်ချင်တယ်။ ဘာဖြစ်လို့ ကြည့်ချင်ရတာလဲ။ ကမ္မဋ္ဌာန်းများရှုမလို့လား၊ မဟုတ်ဘူး၊ သံယောဇဉ်ဖြစ်လို့ ကြည့်ချင်တာ၊ ကြည့်တဲ့အခါကျတော့ မျက်လုံးကြီးပြူးပြီး လျှာကြီးထွက်နေတော့ ထွက်ပြေးရော။

ခနတုန်းကတော့ အတူတူပဲလိုက်ပြီးတော့ ကျင်းထဲခုန်ချတော့မလိုလို ပလီပလာတွေ မများဘူးလား။

"များပါတယ်ဘုရား"

သက္ကာယဒိဋ္ဌိကြောင့် အဲလိုဖြစ်ကြရတာ။ အခြားအခြား ဘာသာတွေက တည်တည်ငြိမ်ငြိမ်နဲ့ နေနိုင်ကြတယ်။ တကယ့် အမြင့်မြတ်ဆုံး ဗုဒ္ဓဘာသာက ရုပ်ပျက်ဆင်းပျက် လူးလိမ့်ပြီးတော့ ဒန့်ဒန့်ဒန့်ဖြစ်နေတာ။ တစ်ခါတလေ ရေလောင်းပေးရတာနဲ့၊ ခြေထောက် ချီးပေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရတာနဲ့ ဆိုင်းဘုတ်ဗုဒ္ဓဘာသာတွေ။ ကိုယ့်ဆွေမျိုးသေရင်တော့ ဝမ်းနည်းတာပဲ၊ သို့သော်လည်း အလွန်အကျွံမဖြစ်သင့်ဘူး။ တရားရှုမှတ်ရမယ်။ တရားဘာဝနာ ပွားများရမယ်။ တစ်နေ့ကျရင် ငါတို့လည်း သေရဦးမှာပါလား။

အနိစ္စတရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေ မသေခင်မှာ ကုသိုလ်ကောင်းမှုတွေလုပ်မယ်။ ဒီလိုနှလုံးသွင်းရင် မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

အဲဒီလိုနှလုံးမသွင်းဘူး။ အသုဘတစ်လောင်း မြေချပြီး ဆိုရင် တချို့ဝမ်းသာတယ်။ ဘာဖြစ်လို့ဝမ်းသာတာလဲ။ လောင်းကစား လုပ်ရမှာမို့လို့။ လောင်းကစားလုပ်ရတော့ ဝမ်းမြောက်ဝမ်းသာတွေဖြစ်လို့။

အဲဒီမှာ တချို့ကလည်း မူးရူးပြီးတော့ အော်ဟစ်နေတာပဲ။ ဝမ်းနည်းလို့ အော်ဟစ်တာမဟုတ်ဘူး။ မူးရူးပြီးအော်တာ၊ အမှတ်တမဲ့ဆိုရင်တော့ ငိုနေတဲ့အတိုင်းပဲ၊ ဘယ်ကလာဟုတ်ရမှာလဲ။ သောက်ပြီးတော့ လျှောက်အော်နေတာ။

အဲဒါဘာလဲဆိုတော့ ဗုဒ္ဓဘာသာဖြစ်သော်လည်းပဲ တရားတွေမနာ၊ တရားတွေ အားမထုတ်တဲ့အခါကျတော့ ပုံပျက်ပန်းပျက်၊ ရုပ်ပျက်ဆင်းပျက်နဲ့၊ အခြားဘာသာတွေမှာ အဲလိုမဟုတ်ဘူး။ အခြား အခြား ဘာသာတွေလည်း ငိုတာပဲ။ ရဟန္တာမှမဟုတ်ဘဲ ငိုတာပေါ့။ သို့သော်လည်းပဲ သူတို့ရဲ့ ဘာသာတရားအရ ထိန်းသိမ်းမှုရှိတယ်။ ထိန်းထိန်းသိမ်းသိမ်း ရှိကြတယ်။ ဗုဒ္ဓဘာသာက ထိန်းထိန်းသိမ်းသိမ်း မရှိကြဘူး။

တကယ့်သတိတရားတွေ၊ သတိပဋ္ဌာန်တရားတွေ မရှိတဲ့အခါကျတော့ ပုံပျက်ပန်းပျက် ဖြစ်ကြရတယ်။

သက္ကာယဒိဋ္ဌိတွေကြောင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဋ္ဌိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၆၂) ပါးလုံး ဖြစ်ပြီးတော့ နိယတမိစ္ဆာဒိဋ္ဌိသုံးပါးအထိ ဖြစ်သွားနိုင်တယ်။

အကြောင်းကိုပယ်တယ်။ အကျိုးကိုပယ်တယ်။ အလုပ်ကိုပယ်တယ်။ အဲဒီအယူအဆအမှားကြီးနဲ့ သေလို့ရှိရင် ဘယ်ရောက်မလဲ။

"အဝီစိရောက်မှာပါဘုရား"

ပဥ္စာနန္တရိယကံနဲ့သေရင်ရော ဘယ်ရောက်မလဲ။

"အဝီစိရောက်မှာပါဘုရား"

ဒီကမ္ဘာမီးလောင်လို့ရှိရင် ပဥ္စာနန္တရိယကံက လွတ်တယ်။ နိယတမိစ္ဆာဒိဋ္ဌိက လွတ်ရဲ့လား။ မီးမလောင်တဲ့ စကြဝဠာကို ပြောင်းခံရတယ်တဲ့။ အယူအဆမှားတာ ဘယ်လောက်ထိ ကြောက်ဖို့ကောင်းလဲ၊ မိစ္ဆာဒိဋ္ဌိဟာ အကုသိုလ်တွေထဲမှာ တကယ့်အပြစ်အကြီးဆုံးပဲ။

ဒါကြောင့်မို့လို့ အဲဒီမိစ္ဆာဒိဋ္ဌိ အကြီးအကျယ်မဖြစ်ရအောင် ရင်ထဲမှာစွဲထားတဲ့ ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲလို့ အထင်အမြင်မှားတဲ့ သက္ကာယဒိဋ္ဌိကိုပယ်ဖို့က နံပါတ်တစ်အရေးအကြီးဆုံးပဲ။

အဲဒီလို သက္ကာယဒိဋ္ဌိ အပါယ်မျိုးစေ့ကို အမြစ်ပြတ် ပယ်သတ်နိုင်တာ ဝိပဿနာပဲ။ ဝိပဿနာအားထုတ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့ ပယ်သတ်နိုင်တယ်။ ဝိပဿနာအားထုတ်ရင် အပါယ်လေးပါးကို ဆွဲချမဲ့ သက္ကာယဒိဋ္ဌိကို အမြစ်ပြတ်ပယ်သတ်နိုင်တယ်။ အကျိုးတရားတွေ မများဘူးလား။

တစ်သံသရာလုံးက အမှောင်ထဲမှာ လမ်းလျှောက်ခဲ့ရတဲ့အတွက် အကုသိုလ်တွေလည်း လုပ်တယ်။ ဘဝချမ်းသာကို မက်မောပြီးတော့ ကုသိုလ်တွေလည်း လုပ်တယ်။ အဲဒါကို ဥပမာနှိုင်းထားပါတယ်။

အကန်းက အမှောင်ထဲမှာ လမ်းလျှောက်တယ်။ ဘယ်လှမ်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိုက်၊ ညာလှမ်းလိုက်။ အဝိဇ္ဇာဆိုတာ အမှောင်ပဲ။ သင်္ခါရဆိုတာ လမ်းလျှောက်တာ။ အကုသိုလ်လုပ်လိုက်၊ ကုသိုလ်လုပ်လိုက်။ အမှောင်ကြီးထဲမှာ လမ်းလျှောက်တာဆိုတော့ လဲကျဖို့ မကျိန်းသေဘူးလား။ အမှောင်ထဲ လမ်းလျှောက်တာကိုး။

ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်တွေဟာ အမှောင်ထဲမှာ လမ်းလျှောက်သလိုပဲ။ အမှန်တရားဆို ဘာမျှမသိဘူး။ သားရေး၊ သမီးရေး၊ စီးပွားရေးအတွက် မရှောင်နိုင် မတိမ်းနိုင် အကုသိုလ်တွေ လုပ်ကြတယ်။ စားဝတ်နေရေးအတွက် လုပ်ရတာကိုး။ တာဝန်ကြီးတဲ့ပုဂ္ဂိုလ်တွေက၊ မိဘတွေက လုပ်ရတာပဲ။ မကောင်းမှန်းသိလည်း လုပ်ရတာပဲ။

တစ်ခါတစ်ရံကျတော့လည်း ကုသိုလ်လေး လုပ်ဦးမှပဲဟော့။ အကုသိုလ်တွေ အင်မတန်များတယ်။ ကုသိုလ်တော့ လုပ်ဦးမှပဲ စခန်းလေး ဘာလေး ဝင်ဦးမှပဲ။ ကုသိုလ်လုပ်လိုက်တယ်။ အကုသိုလ်က နေ့တိုင်းလုပ်နေတာ။ ကုသိုလ်လုပ်လိုက်၊ အကုသိုလ်လုပ်လိုက်၊ အမှောင်ထဲမှာ ဘယ်လှမ်းလိုက်၊ ညာလှမ်းလိုက်။

အဝိဇ္ဇာအမှောင်က သန်းခေါင်ယံလကွယ်ည တောအုပ်ကြီးထဲမှာ ဘာမီးမျှမပါဘဲ မှောင်ပိန်းနေတဲ့အမှောင်ထက် ပိုမှောင်တယ်။ ဘာဖြစ်လို့ ပိုမှောင်တာလဲဆိုတော့ ခုနမှောင်နေတဲ့ အမှောင်က ဖယောင်းတိုင်ထွန်းလိုက်ရင် လင်းသွားနိုင်သေးတယ်။

ဝိပဿနာတရားတွေ မနာ၊ ဝိပဿနာတရားတွေ အားမထုတ်ရင် ဒါရုပ်ပဲ၊ ဒါနာမ်ပဲ၊ ဒါအကြောင်းပဲ၊ ဒါအကျိုးပဲ၊ ဒီလက္ခဏာတွေက အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတွေပဲလို့ သိပါ့မလား။

"မသိပါဘူးဘုရား"

မသိဘူးဆိုတော့ အဝိဇ္ဇာပေါ့။ အဝိဇ္ဇာဆိုတာ အမှောင်ပဲ။ အဲဒီအမှောင်ထဲမှာ အကုသိုလ်လုပ်တာကတော့ အထူးပြောစရာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မလိုဘူး။ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီးတွေ၊ လက်ကောက်တွေ၊ ဆွဲကြိုး တွေရဖို့အတွက် အကုသိုလ်တွေ လုပ်ဖြစ်တာပဲ။

သံဃာတော်တွေကို လှူဖွယ်ဝတ္ထုတွေ ကပ်တဲ့အခါ မင်း လည်းကိုင်၊ ငါလည်းကိုင်၊ ကဲကပ်ကြမယ် ကပ်ကြမယ်၊ ပြန်ဆုံရ အောင် မဟုတ်လား။ အဲဒါ ပြန်ဆုံအောင်လို့ဆိုတာ ပြန်တွေ့ချင်တာ။ ခံစားချင်တာ။

အကုသိုလ်တုန်းကလည်း အဝိဇ္ဇာ၊ တဏှာ ဦးစီးတာ။

ကုသိုလ်အပေါ်မှာလည်းပဲ အဝိဇ္ဇာ၊ တဏှာ ဦးစီးတာပဲ။ သူလုပ်တဲ့ အလုပ်မှန်သမျှဟာ အမှောင်ထဲမှာ လမ်းလျှောက်နေတာ၊ အမှောင်ထဲမှာ ခဏငြိမ်နေပါဦးမလား။ သူက အမှောင်ထဲမှာ ဘယ် လှမ်းလိုက်၊ ညာလှမ်းလိုက်နဲ့ လှမ်းလျှောက်နေတာ မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အမှောင်ထဲမှာ အကုသိုလ်တွေလုပ်တာ များတယ်ဆိုတာ ပြောစရာမလိုဘူး။ ကုသိုလ်လုပ်တဲ့အခါမှာ သူတို့က ဘဝသမ္ပတ္တိတို့ ဘောဂသမ္ပတ္တိတို့ဘက် လိုက်တာပဲ များတယ်။

ဘဝသမ္ပတ္တိဆိုတာ ဒါထက်ပိုပြီးတော့ အဆင့်အတန်းမြင့်တဲ့ ဘဝကို ရပါစေ၊ အစစအရာရာ ပြည့်စုံပါစေ တောင်းလိုက်ကြတဲ့ ဆုတွေ အမျိုးမျိုးပဲ။ ဒါတွေဟာ (၃၁)ဘုံအတွင်းမှာ လူနတ်ချမ်းသာ တွေကို တောင်းနေတာမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အဲဒီဘဝချမ်းသာတွေရတော့ နောက်ပိတ်ဆုံးကျတော့ မသေ ရဘူးလား။ သေမင်းနဲ့ တွေ့ရပါလို၏။ အိုတဲ့ဒုက္ခ၊ နာတဲ့ဒုက္ခ၊ သေ တဲ့ဒုက္ခ အဖန်ဖန်အထပ်ထပ် မချိမဆံ့ ဒုက္ခတွေနဲ့ တွေ့ရပါလို၏။ အဲဒီဆုတောင်းတွေဟာ ပါးစပ်ကနေ ထုတ်မပြောသော်လည်း ပါ မသွားဘူးလား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ပါသွားပါတယ်ဘုရား''

အမှောင်ထဲမှာ လမ်းလျှောက်လို့ရှိရင် ဒါနပဲပြုပြု၊ သီလပဲစောင့်စောင့်၊ သမထပဲပွားပွား၊ အိုဖို့၊ နာဖို့၊ သေဖို့ချည်းပဲ။ အခုအိုတာ အားမရသေးဘူး။ နောက် ...

အသင်္ချေအနန္တ ထပ်ကာ ထပ်ကာ အိုရပါလို၏။

အသင်္ချေအနန္တ နာရပါလို၏။

အသင်္ချေအနန္တ မျက်ရည်တွေ ကျရပါလို၏။

အသင်္ချေအနန္တ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမျိုးစုံ ကြုံရပါလို၏။

အသင်္ချေအနန္တ အခေါင်းထဲရောက်ရပါလို၏။

အဲဒါတွေပါမသွားဘူးလား။

ဖြစ်ချင်တယ်ဆိုတဲ့နောက်မှာ အပျက်လာမှာ။ ဖြစ်ပြီးရင်ပျက်မှာကို မသိတာ အဝိဇ္ဇာ။ အဖြစ်လောက်ပဲမြင်တယ်။ လူချမ်းသာ၊ နတ်ချမ်းသာ ဖြစ်ရတယ်ပေါ့။ အခြံအရံတွေ များပြီးတော့ လိုတရကောင်းကျိုးချမ်းသာတွေပဲ ဆွဲတွေးနေတယ်။ သေရမှာတို့၊ အပါယ်ကျမှာတို့၊ ဝမ်းနည်းရမှာတို့၊ ခွဲရမှာတို့၊ အဲဒါတွေကို နည်းနည်းမျှထည့်မတွက်ဘူး။

အဝိဇ္ဇာ တဏှာရဲ့အောက်မှာ လမ်းလျှောက်လို့ မသိတာ၊ ဝိပဿနာ ဘာဖြစ်လို့လုပ်ရတာလဲ။ ဘယ်လိုအကျိုးရမှာလဲ။ အဲဒီအမှောင်ကိုပျောက်အောင်၊ ဉာဏ်အလင်းရောင်တွေ ရအောင်လို့၊ ဝိပဿနာအလုပ်တွေကို လုပ်ရတာ။

ပညာအလင်းရောင် အဝိဇ္ဇာအမှောင်ကနေ ဝိဇ္ဇာဖြစ်သွားတယ်။ သူတော်ကောင်းတရားတွေ နာကြားရတော့ ဟာ-ယောက်ျားတွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေကတော့ သမုတိသစ္စာအနေနဲ့တော့မှန်တယ်။ ပရမတ္ထနယ်ရောက်သွားတဲ့အခါကျတော့ မမှန်ဘူး။ အဲဒါတွေက အမှားတွေ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်ဘူး။ ရုပ်တွေ နာမ်တွေပဲ။ တရားနာစဉ်ကတည်းက ဉာဏပရိညာနဲ့ ဒိဋ္ဌိ တဒင်္ဂ ကွာသွားပြီ။ မဂ်တွေ ဖိုလ်တွေ မရသေးပါဘူး။ ဝိပဿနာလည်း ကျကျနန မပွားရသေးပါဘူး။

မိုးကုတ်ဆရာတော်ဘုရားကြီး စက်ဝိုင်းတရားနာတာလည်း ဒိဋ္ဌိကွာတာပဲ။ အတိတ်တုန်းက အဝိဇ္ဇာ၊ သင်္ခါရ၊ အခုဝိညာဉ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာငါးပါး၊ အင်္ဂါဆယ့်နှစ်ပါးနဲ့ ရှင်းပြမယ်ဆိုရင်လည်းပဲ အမျိုးမျိုးခွာလို့ရတာပဲ။

ဒီခန္ဓာငါးပါးဟာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ဘုရားတွေက ဖန်ဆင်းလို့ဖြစ်တာလား။ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ် တာလား။

''အဝိဇ္ဇာ၊ သင်္ခါရကြောင့် ဖြစ်တာပါဘုရား''

အဝိဇ္ဇာ သင်္ခါရကြောင့်လို့ အကြောင်းအပေါ်မှာ ဉာဏ်ရှင်းတော့ ဘာသေမလဲ၊

''ဝိစိကိစ္ဆာ သေပါတယ်ဘုရား''

အဝိဇ္ဇာ သင်္ခါရဆိုတာ နာမ်တရားတွေပဲ။ သူ့ရဲ့တည်ရာက ရုပ်တရားတွေပဲ။ ပေါင်းလိုက်တော့ ရုပ်နဲ့နာမ်ပဲ။ ဩော်. . အတိတ်တုန်းကလည်းဒ ရုပ်နဲ့နာမ်ပဲ။ အခု. .

ပစ္စုပ္ပန်မှာလည်း ရုပ်နဲ့ နာမ်ပဲ။ ရုပ်နာမ်ဝမ္ဗ အစဉ်တန်းနေတော့ သက္ကာယဒိဋ္ဌိ တဒင်္ဂမစင်ဘူးလား။

''စင်ပါတယ်ဘုရား''

အကြောင်းအပေါ်မှာ ဉာဏ်ရှင်းတော့ ဝိစိကိစ္ဆာသေတယ်။ အကျိုးအပေါ်မှာလည်း ကြည့်ပါဦး။ ဝိညာဏ်၊ နာမ်ရုပ် သဠာယတန၊ ဖဿ၊ ဝေဒနာကို အကျဉ်းချုံးလိုက်တော့ ဘာရမလဲ။ ရုပ်နဲ့ နာမ်ပဲလို့၊ အကျိုးပေါ်မှာ ဉာဏ်ရှင်းတော့ ဘာဒိဋ္ဌိစင်မလဲ၊

''သက္ကာယဒိဋ္ဌိ စင်ပါတယ်ဘုရား''



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိတ်တုန်းက ရုပ်နာမ်တွေဟာ အခုပစ္စုပ္ပန်ထိ ပါရဲ့လား။ အတိတ်မှာပဲ ချုပ်ခဲ့ ပျက်ခဲ့တယ်။ ချုပ်တာပျက်တာမြင်တော့ ...

''သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား''

အတိတ်မှာပဲ ရုပ်နာမ်တွေချုပ်သော်လည်း ကမ္မသတ္တိက အကြောင်းအကျိုး ဆက်မနေဘူးလား၊ အကြောင်းအကျိုးဆက်တာ ဖြစ်တာကိုမြင်တော့ ဘာဒိဋ္ဌိစင်၊

''ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား''

အဲဒါ ဉာဏ်အလင်းရောင်ပဲ၊ ဉာတပရိညာနဲ့ ဒိဋ္ဌိကို ခွာနေတာ။ ဟိုတုန်းက သစ္စာလေးပါးကို မသိဘဲနဲ့ ...

သင်္ခါရဆိုတဲ့ အကုသိုလ်၊ ကုသိုလ်တွေလုပ်ခဲ့လို့ အခု ခန္ဓာ ရနေတယ်။ အခု ခန္ဓာရနေတဲ့ အခါကျတော့ ဇာတိရတယ်၊ ဒုက္ခသစ္စာ။

အခုအိုနေပြီ၊ ဇရာကလည်း ဒုက္ခသစ္စာ။ နာပြီးသေရင်လည်း ဒုက္ခသစ္စာ။ ဟိုတုန်းက သမုဒယသစ္စာတွေ လုပ်ခဲ့လို့ အခု ဒုက္ခသစ္စာ တွေ ရနေတာ။ အဲဒီလိုသိတဲ့အသိဟာ မှားတဲ့အသိလား၊ မှန်တဲ့ အသိလား။

''မှန်တဲ့အသိပါဘုရား''

မှန်တဲ့အသိဆိုတာ သမ္မာဒိဋ္ဌိပေါ့၊ ဝိပဿနာသမ္မာဒိဋ္ဌိပေါ့။ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတာ ဉာဏ်အလင်းရောင်ပဲ၊ ဉာဏ်အလင်းရောင် အောက်မှာ လမ်းလျှောက်နိုင်တဲ့အကျိုး။ အမှန်သိတော့ နှလုံးသွင်း မှန်တယ်။ အမှန်မသိတော့ ...

**အနိစ္စကို နိစ္စလို့ထင်တယ်၊**

**ဒုက္ခကို သုခလို့ထင်တယ်၊**

**အနတ္တကို အတ္တလို့ထင်တယ်**

**အသုဘကို သုဘလို့ထင်တယ်၊**

ဝိပဿနာလုပ်ရင် ဘာအကျိုးရမှာလဲ။ ထိပေါက်မှာတို့၊ ရာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထူးတက်မှာတို့ ဒါအကျိုးမဟုတ်ဘူးနော်။ ထိပဲပေါက်ပေါက်၊ ရာထူးပဲ တက်တက် အပါယ်တံခါး မပိတ်ဘူးဗျ။

**မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ အပါယ်တံခါးပိတ်မှာ။**

**အပါယ်တံခါးပိတ်မယ့်လမ်းစဉ်ဟာ ဝိပဿနာ။**

မသိခဲ့ရတဲ့အသိတရားတွေ သိအောင်လုပ်နေတာလည်း ဝိပဿနာပဲ။ တစ်သံသရာလုံးက ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဒါပဲ သိခဲ့တာ။ လောဘဖြစ်စရာ၊ ဒေါသဖြစ်စရာ၊ မောဟဖြစ်စရာကိုပဲ သိခဲ့တာ။

ဟာ ... လူဆိုရင် လုပ်စားရမှာပေါ့ကွာ။ လူဆိုတာ ပညာ သင်ပြီး လုပ်စားရမှာပဲ။ သူများတွေလည်း အိုးနဲ့အိမ်နဲ့ လုပ်နေတာ မတွေ့ဘူးလား။ အများနောက်ပဲလိုက်နေတယ်။ အများဘက်လိုက်ရင် တော့ ဘုရားဘက် မပါတော့ဘူး။ အများကတော့ သံသရာထဲပဲ သွားတာ မျောလမ်း၊ မြုပ်လမ်း၊ အဲဒါ အများသွားတဲ့လမ်း။

အရိယာသူတော်ကောင်းတွေ၊ ဘုရား ရဟန္တာတွေ သွားတဲ့ ဝိပဿနာလမ်းက လွတ်လမ်း၊ မမျောဘူး။ မမြုပ်ဘူး။ လွတ်တဲ့ လမ်းကို သွားတာ။

သံသရာက လွတ်ရင် အမြတ်ဆုံးချမ်းသာကို ရတာပဲ။ ဒီလို အကျိုးတရားမျိုးကို ဝိပဿနာလုပ်မှ ရတာ။

***

## ဝိပဿနာကို ဘယ်လိုလုပ်ရမှာလဲ

မဟာစည်ဆရာတော်ဘုရားကြီး နည်းနဲ့ဆို ပေါ်ရာပေါ်ရာကို သတိနဲ့ စောင့်ရှုပါ။

**ရုပ်ပေါ်ရင် ရုပ်ကိုရှု၊ ဝေဒနာပေါ်ရင် ဝေဒနာရှု၊**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**စိတ်ပေါ်ရင် စိတ်ကိုရှု** စာလိုပြောတော့ သတိပဋ္ဌာန်လေးပါးနဲ့ ရှုမှတ်ရမယ်ပေါ့။ ပေါ်ရာပေါ်ရာကို ပစ္စုပ္ပန်တည့်တည့် စူးစူးစိုက်စိုက် ရှုမှတ်ရင် သဘောလေးတွေကို တဖြည်းဖြည်းချင်း သိလာလိမ့်မယ်။

အစပိုင်းမှာတော့ ကျကျနနမထင်သေးဘူး။ ပညတ်တွေ ထင်ရင်ထင်ဦးမှာပဲ။ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေ၊ ယောက်ျား မိန်းမတွေ အစပိုင်းမှာတော့ ထင်တယ်။

သို့သော်လည်းပဲ ရှုမှတ်ပါများတဲ့ အခါကျတော့ သတိအား ကောင်းလာတယ်၊ နောက်ကျတော့ ပညာလေးတွေ ပါလာတယ်။

**ပညာပါတဲ့သတိ၊ ပညာမပါတဲ့သတိ။**

**ပုဂ္ဂိုလ်ကနေ အားစိုက်လုပ်ရတဲ့သတိ၊**

**တရားကနေ ဆောင်သွားတဲ့သတိ၊** ခုပြောနေတာက ပညာပါ တဲ့ သတိ၊ ပညာမပါတဲ့သတိက သမထပွားတာ၊ သူက သမာဓိရဖို့ အဓိကပဲ။

အခု ယောဂီတို့ရှုနေတဲ့သတိဟာ ပညာပါတဲ့သတိ၊ တစ် နေရာတည်း စိုက်ပြီးတော့ တည်အောင် ရှုတာမဟုတ်ဘူး။ ပေါ်ရာ ပေါ်ရာကို လိုက်ရှုတာ။ ဝိပဿနာရှုတယ်ဆိုတာ သံယောဇဉ် ဖြတ် နေတာ၊ သံယောဇဉ်ဖြတ်တဲ့ အလုပ်ဆိုတာ တကယ်မှန်တာပဲ။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်။ ဖောင်းပိန် ကိုလည်း သံယောဇဉ်ထားစရာမလိုဘူး။ ထိုင်ထိကိုလည်း သံယောဇဉ် ထားစရာမလိုဘူး။ ဖြတ်သင့်တဲ့အချိန်မှာ ဖြတ်ပစ်ရတယ်။

ထိုင်ထိမှတ်နေရင်းနဲ့ ကြားလို့ရှိရင် ကြားတယ်၊ ကြားတယ်၊ မှတ်ရမယ်။ ထိုင်တယ် ထိတယ်မှတ်ရင်းနဲ့ စိတ်ကူးဝင်လာရင် "စိတ် ကူးတယ်၊ စိတ်ကူးတယ်" လို့ မှတ်ပစ်ရမယ်။

**ပေါ်ရာပေါ်ရာရှုမှတ်တာ၊ ခေါ်ပါဝိပဿနာ။**

**ထင်ရှားရာ ထင်ရှားရာရှုမှတ်တာခေါ်ပါဝိပဿနာ။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်နေကျ မူလဘူတကမ္မဋ္ဌာန်းကို သံယောဇဉ်ဖြတ်သင့်တဲ့ အချိန်မှာ ဖြတ်ပါ။ မှတ်ကောင်းကောင်းနဲ့ တစ်နေရာတည်းကိုပဲ မှတ်နေလို့ရှိရင် သမထဘက် ရောက်သွားတတ်တယ်။

ဥပမာ ထိုင်တယ်၊ ထိတယ် မှတ်နေရင်းနဲ့ ဝုန်းဒိုင်းအသံ ကြားရင် ကြားတယ်၊ ကြားတယ် မှတ်ပစ်လိုက်။ နောက်တော့မှ ထိုင်တယ်၊ ထိတယ် ပြန်မှတ်။ အဲဒီလိုမဟုတ်ဘဲ ယောဂီက ထိုင်တယ် ထိတယ်၊ ထိုင်တယ် ထိတယ်ပဲ မှတ်နေရင် သမာဓိကတော့ မြန်မြန် ရပါလိမ့်မယ်။ ပညာမပါဘူး။

ဝိပဿနာသတိဟာ ပညာပါတဲ့သတိ။

အတုံးလိုက် အတစ်လိုက် အခဲလိုက်ကြီး ပါတာမဟုတ်ဘူး။ နည်းနည်းချင်း ပါသွားတာ။ တစ်ခါမှတ် တစ်ခါပါ။ တစ်ခါမှတ် တစ်ခါပါ၊ ရေစက်များလိုပေါ့။ တစ်စက် တစ်စက် ကျပါများတော့ ပြည့်သွားတာ။ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်းမှာ ပညာလေးတွေ ပါသွားတယ်။

**ပစ္စုပ္ပန်တည့်တည့် စူးစူးစိုက်စိုက်မှတ်ပါ။**

**သဘောပေါ်ရောက်အောင် မှတ်ပါ။** အဲ့ဒါ ပညာရစေချင်လို့ ပြောနေတာ။

အမှုမဲ့ အမှတ်မဲ့ဆိုလို့ရှိရင်တော့ မင်းတို့မှတ်တာတော့ ဟုတ်ပါပြီကွာ။ ဟိုဟာမှတ် ဒီဟာမှတ်နဲ့မို့လို့ သမာဓိတွေ ရတယ်။ ပီတိ၊ ပဿဒ္ဓိတွေ ဖြစ်တာဟုတ်ပါပြီ။ ပညာ ဘယ်လိုရမလဲ။

''ဖောင်းတယ်၊ ပိန်တယ်''''ထိုင်တယ်၊ ထိတယ်'' မှတ်တယ်၊ ''ဝင်လေ၊ ထွက်လေ'' မှတ်တယ်၊ မှတ်ပါများရင်တော့ သမာဓိရမယ်။ ဒါ လက်ခံပါတယ်။

မင်းတို့ရုပ်နာမ်တွေ၊ အကြောင်းတွေ အကျိုးတွေ၊ ဖြစ်ခြင်းတွေ၊ ပျက်ခြင်းတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေကို ဘယ်လိုလုပ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သိမလဲ။ မင်းတို့မှတ်တာချည်းက သမာဓိပဲ ရမှာပေါ့။

မင်းတို့ကို ရုပ်တွေ၊ နာမ်တွေ ဘာမှသင်ပေးတာလည်း မဟုတ်ဘူး။ ဓာတ်တွေ၊ ပရမတ်တွေ ခွဲတာလည်း မဟုတ်ဘူး။

တစ်ခါလာလည်း ''ဖောင်းတယ်၊ ပိန်တယ်''၊ တစ်ခါလာလည်း ''ဖောင်းတယ်၊ ပိန်တယ်'' ''ထိုင်တယ်၊ ထိတယ်'' ဘယ်လိုလုပ်ပြီး ဝိပဿနာဉာဏ်ဖြစ်မလဲ။ ရုပ်တွေ၊ ဓာတ်တွေ၊ ပရမတ်တွေ ဒါတွေ မပါဘူး။ အဲလို တချို့က ပြောတတ်တယ်နော်။

အဲဒီလိုပြောတာကြားရင် သံသယဖြစ်သွားမှာစိုးလို့။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးကိုယ်တိုင်လည်း ဒီအတိုင်းပဲ။ ပထမတော့ သံသယဖြစ်မိတယ်။ ထိုင်တယ်၊ ထိတယ်။ တစ်ခါလာလည်း ''ထိုင်တယ်၊ထိတယ်''၊ မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး ပေးတာက ''ထိုင်တယ်၊ထိတယ်''ပေးတာကိုး။ ဣရိယာပထလေးပါးပေးတာ။ တစ်ခါလာလည်း ထိုင်တယ်၊ ထိတယ်။ သွားရင်လည်း ''သွားတယ်၊ သွားတယ်''။ ဒါပဲပေးတာဆိုတော့၊ ဒါထက်များတိုးပေးဦး မလားလို့၊ မတိုးဘူး၊ ဒါပဲ။

ပထမတော့ ဒီလိုသံသယဖြစ်မိတယ်။ နောက်တော့ ကိုယ်တိုင် အားထုတ်ကြည့်တော့မှ၊ သြော် ... ဟုတ်သားပဲ မှန်သားပဲ ဆိုတာ သိသွားတယ်။

ဒီနည်းကို ကျကျနနမလုပ်ဖူးတဲ့ ပုဂ္ဂိုလ်တချို့ကလည်း ကဲ့ရဲ့တတ်ကြတယ်။ ကိုယ်တိုင်လည်း အထိုက်အလျောက်တော့ တရားအားထုတ်ကြတာပဲ။ သို့သော်လည်း ဒီနည်းကို အားမထုတ်ဖူးဘူး။ အားမထုတ်ဘူးတဲ့အခါကျတော့ ဘယ်လိုလုပ် ပညာရမလဲ။ ဒီလို သံသယတွေ ဖြစ်ကြတယ်။ အဲဒါကြောင့်မို့လို့၊ ပညာရလွယ်တဲ့နည်းမို့လို့ ကိုယ်လုပ်တဲ့အလုပ်ပေါ်ကို ဉာဏ်ရှင်းအောင်၊ သံသယကင်းအောင် ပြောနေတာ။ သံသယဆိုတာ ဝိစိကိစ္ဆာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**သံသယကင်းမှ အလုပ်လုပ်ရတာ ခရီးရောက်တာ။**

မှတ်တိုင်း မှတ်တိုင်းမှာ ယောဂီတို့ ပညာပါတယ်။ ဘာပညာလဲ။ သဘောတရားလေးတွေကို သိသိသွားတယ်။ အဲဒါ ပညာပဲ။

''ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်'' စူးစူးစိုက်စိုက် မှတ်ကြည့်ပါ။ သဘောတရားလေးတွေကို အနည်းအကျဉ်း မသိဘူးလား။

ဖောင်းတယ်ဆိုတော့ လှုပ်ရှားတဲ့သဘောလေး။

ပိန်တယ်ဆိုတော့ လှုပ်ရှားတဲ့သဘောလေး။

ဖောင်းတာ ပိန်တာက လှုပ်ရှားတဲ့သဘော။ သိတာက ဉာဏ်ပဲ ရိုးရိုးလေးပဲ။ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ် မှတ်နေတဲ့အခါကျတော့ ရှေ့လှုပ်လိုက်၊ နောက်လှုပ်လိုက် လှုပ်နေတာ မထင်ရှားဘူးလား။

''ထင်ရှားပါတယ်ဘုရား''

အဲဒါလေးကို သွားသိတယ်မဟုတ်လား။

လှုပ်နေတာက''ရုပ်တရား''၊ သိတာက''နာမ်တရား'' အဲဒါ ဉာဏ်ပဲ။ မိမိတို့ကတော့ ရုပ်တွေ နာမ်တွေ မပြောတတ်ဘူးပေါ့။ သို့သော်လည်းပဲ ခုသိနေတာက ရုပ်နာမ်ကို သိနေတာပဲ။

''လှုပ်ရှားတဲ့သဘောလေးရယ်''

''မှတ်တဲ့သဘောလေးရယ်''ကို သိနေတယ်။ ထိုင်တယ် ထိတယ်လို့မှတ်တဲ့အခါ ထိုင်တယ်ဆိုတာ ''တောင့်နေတဲ့ သဘောလေး၊ တင်းနေတဲ့သဘောလေးနဲ့ ထိတယ်ဆိုတာ မာနေတဲ့သဘောလေး''ကို သိအောင်မှတ်ရမှာ။

ကျို့ကျို့လေးတွေ၊ တင်ပျဉ်ခွေတွေကို အာရုံပြုဖို့ မဟုတ်ဘူးနော်။ အဲဒါ ပုံသဏ္ဌာန်လို့ခေါ်တယ်။

ဖောင်းတယ်၊ ပိန်တယ်ဆိုတာ ဗိုက်ကြီးကို အာရုံပြုရမှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဟုတ်ဘူး။ လှုပ်ရှားတဲ့သဘောကို အာရုံပြုရမှာ။ ဖောင်းတယ် ပိန်တယ်ဆိုတာ လှုပ်ရှားတဲ့သဘောကို သိအောင်မှတ်ရမှာ။

မှတ်စရာမလိုပါဘူးကွာ။ သိပြီးတာပဲ။ အဲဒီလိုပြောတာတွေကို နားမယောင်နဲ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ **သူ့ဟာသူ ဘာသိသိ**။ စာတတ်ရုံလေးနဲ့ရတာမဟုတ်ဘူး။ အဲဒါ သညာသိပဲရှိတယ်။ အခေါ် အဝေါ်တွေကတော့ ကျွမ်းကျင်ပါတယ်။ ကျက်မှတ်ထားတာကိုး။ ကိုယ်တွေ့ကျတော့ မရဘူး။

အားထုတ်မှ ကိုယ်တွေ့ရတာ။ အခေါ်အဝေါ်မကျွမ်းကျင် သော်လည်းပဲ အားထုတ်တဲ့ယောဂီက သိတယ်။ ခန္ဓာပေါ်ကို ပကတိ မျက်စိမှိတ်ပြီး ဉာဏ်မျက်စိဖွင့်ကြည့်တဲ့အခါ ခန္ဓာကိုယ်ပေါ်မှာ လှုပ်ရှားတဲ့သဘောရယ်၊ မှတ်တဲ့သဘောရယ်။

လှုပ်ရှားတဲ့သဘောလေးက''ရုပ်တရား''။

မှတ်တဲ့သဘောလေးက''နာမ်တရား''။

အဲဒီလိုသိတာ အမှန်သိ၊ နိဗ္ဗာန်ရောက်မယ့်အသိ၊ ရှုမှတ် တိုင်း ရှုမှတ်တိုင်း ဝိပဿနာသတိဟာ ပညာပါတယ်။ သဘောလေးပဲ သဘောလေးပဲ ဒီလိုသိသွားတယ်။ အဲဒါကြောင့် ဆွမ်းစားတဲ့အခါမှာ လည်း မှတ်ပါ။ ''ယူတယ် ယူတယ်၊ နယ်တယ် နယ်တယ်၊ ပါးစပ်ထဲ ထည့်တယ်၊ ဝါးတယ် ဝါးတယ်၊ မျိုတယ် မျိုတယ်'' နည်းနည်း ပါးပါး မှတ်ကြည့်ပါ။ သဘောလေးတွေကို သိနိုင်ပါတယ်။

**အရှုခံကလည်း သဘောပဲ၊ အရှုဉာဏ်ကလည်း သဘောပဲ** လို့ သိသိလာတယ်။ ပညာပါတဲ့သတိကို ရှင်းပြနေတာ။ လှုပ်ရှားတိုင်း စူးစူးစိုက်စိုက် ရှုမှတ်တော့၊ ပစ္စုပ္ပန်တည့်လာပြီဆိုရင် ပထမ ဘာက စသိမလဲဆိုတော့ ...

''**သဘာဝလက္ခဏာ**''တွေ စသိတယ်။ ကြမ်းတမ်းတဲ့ သဘော၊ နူးညံ့တဲ့သဘော၊ မာတဲ့သဘော၊ ပျော့တဲ့သဘော ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"ပထဝီဓာတ်ရဲ့ သဘာဝလက္ခဏာပါဘုရား"
ယိုစီးတဲ့သဘော လေးတဲ့သဘောက ...
"အာပေါဓာတ်ရဲ့ သဘာဝလက္ခဏာပါဘုရား"
ပူတဲ့သဘော၊ အေးတဲ့သဘော၊ ပျော့တဲ့သဘောက ...
"တေဇောဓာတ်ရဲ့ သဘာဝလက္ခဏာပါဘုရား"
လှုပ်ရှားတဲ့သဘော၊ တောင့်တင်းတဲ့သဘောက ...
"ဝါယောဓာတ်ရဲ့ သဘာဝလက္ခဏာပါဘုရား"

ဒီသဘောလေးတွေ တစ်ခုမဟုတ်တစ်ခုကတော့ သိသိနေမှာပဲ၊ ဒုတိယအဆင့်ကျတော့မှ"**သာမညလက္ခဏာ**"တွေကို သိလာမယ်။

သဘောလေးတွေရဲ့ မတည်မြဲတဲ့သဘော **အနိစ္စ**၊ မမြဲဘဲ ဖောက်ပြန်ပြောင်းလဲနေတဲ့အတွက်ကြောင့် ဆင်းရဲတဲ့သဘော **ဒုက္ခ**၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မဟုတ်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ အတ္တကောင်မဟုတ်တဲ့ **အနတ္တ**တရားတွေပဲဆိုတာ ရှုမှတ်နေရင်း ရှုမှတ်နေရင်းနဲ့ ဉာဏ်ထဲမှာ တဖြည်းဖြည်းချင်း သိသိလာပါလိမ့်မယ်။

အဲဒါကြောင့်မို့လို့ ပေါ်တိုင်း ပေါ်တိုင်း ရှုမှတ်နေရတယ်။ ဘုရားညွှန်ကြားတဲ့အတိုင်း ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီးက ညွှန်ကြားတာပါပဲ။ အကုန်လုံးမှတ်ခိုင်းနေတာပဲ။ ရှုမှတ်တာဟာ အင်မတန်အကျိုးများတယ်။

နိဗ္ဗာန်ကိုဉာဏ်ပညာနဲ့သွားရမယ်။ တန်ခိုးနဲ့သွားလို့မရဘူး၊ ဈာန်နဲ့လည်း သွားလို့မရဘူး။ ကံနဲ့လည်း သွားလို့မရဘူး။

ရုပ်တွေ နာမ်တွေကို သိတဲ့ဉာဏ်ပညာ၊

လက္ခဏာတွေကိုသိတဲ့ဉာဏ်ပညာ၊ မဂ်ပညာ ဖိုလ်ပညာ၊ အဲဒါနဲ့ သွားရမှာ။ ဝိပဿနာဉာဏ်ပညာရှေ့က အားကောင်းရင် နောက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို သွားရမယ်။

ဝိပဿနာအားထုတ်တဲ့အခါမှာ ပညာပါတဲ့ သတိတွေ အားကောင်းလာတယ်။ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါးဆိုတာ သတိပါတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ၊ ဗိုလ်တွေ၊ ဣန္ဒြေတွေ၊ သူတော်ကောင်းတရားတွေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ့်တရားတွေ၊ အဲဒါ ဗောဓိပက္ခိယတရား(၃၇)ပါးထဲမှာ ပါတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်းတရားတွေ၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ၊ သဒ္ဓါအားကောင်းတာ၊ ဝီရိယအားကောင်းတာ၊ သတိအားကောင်းတာ၊ သမာဓိအားကောင်းတာ အဲဒါ နိဗ္ဗာန်ရောက်ကြောင်းတွေ။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဒီတရားတွေက နိဗ္ဗာန်ကို သွားနေတာ။ ရှုတိုင်း ရှုတိုင်း မှတ်တိုင်း မှတ်တိုင်း သတိတွေ ပါလာတာ။

ဖောင်းတယ်၊ ပိန်တယ် ဒါမှမဟုတ် ထိုင်တယ်၊ ထိတယ်။ အရမ်းဝတဲ့သူဆို ဖောင်းပိန်မှတ်လို့မရဘူး။ မရတာကို ဖွတ်အတင်းမမှတ်နဲ့နော်။ **ဖောင်းပိန်မှတ်မရရင် ထိုင်တယ်၊ ထိတယ်မှတ်။**

***

## စိတ်အဆိုလေးနဲ့ ထိန်းပေးပါ

သတိ၊ သမာဓိ အားမကောင်းမီ စိတ်အဆိုလေးကို ဆိုပါ။ စိတ်အဆိုလေးကို မပျင်းပါနဲ့။ စိတ်အဆိုနဲ့ ရှုမှတ်ခြင်းဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်ပါတယ်။ ရနိုင်လို့ပြောတာ။ စိတ်အဆိုလေးကို ယုံယုံကြည်ကြည်နဲ့ဆိုကြ။

အပ္ပမာဒဓာစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိတ်အဆိုကို မှတ်တာတော့မဟုတ်ဘူး။ သတိအားကောင်း အောင်လို့ ဆိုပေးရတယ်။ **စိတ်အဆိုလေးကို မပျင်းပါနဲ့။**

"ဖောင်းတယ်၊ ပိန်တယ်။ ထိုင်တယ်၊ ထိတယ်" ဆိုတဲ့ စကားလုံးကို မှတ်တာမဟုတ်ဘူး။ သတိအားကောင်းအောင်လို့၊ စိတ်တွေထွက်မပြေးအောင်လို့ ဆိုပေးရတာ။ ယောဂီတို့ အခု တရား နာနေတယ်၊ စိတ်တွေ ထွက်မပြေးဘူးလား။

"ပြေးပါတယ်ဘုရား"

ဘာဖြစ်လို့ထွက်ပြေးရတာလဲဆိုတော့ သတိအားနည်းလို့ သတိအားကောင်းတဲ့သူက ပြေးပါ့မလား။

"မပြေးပါဘူးဘုရား"

ပြေးပါဆိုတာတောင် မပြေးဘူး။ သင်္ခါရုပေက္ခာဉာဏ်လောက် ရောက်လာပြီဆိုရင် သတိတွေ အားကောင်းလာပြီ။ စိတ်ကို လွှတ် ကြည့်၊ မင်းဒီလောက်တောင် သွားချင်တဲ့အကောင် သွားစမ်းကွာ၊ မသွားဘူး၊ ပြန်လာတယ်။

အခုမှရောက်လာတဲ့ ယောဂီဆိုရင် စိတ်က အပြင်ကို ခဏ ခဏ မသွားဘူးလား။

"သွားပါတယ်ဘုရား"

တော်ကြာသွားလိုက် တော်ကြာသွားလိုက်။ အဲဒီယောဂီ ဟာ နှစ်လ သုံးလ စသည်ဖြင့် ကြိုးစားရှုမှတ်လို့ ဉာဏ်အတော် ရင့်ကျက်လာပြီ။ သင်္ခါရုပေက္ခာဉာဏ်လောက် ရောက်လာပြီဆိုရင် စိတ်ကိုလွှတ်ကြည့်၊ မယုံရင် နင်သွားစမ်း၊ ဒီလောက်တောင် သွား ချင်နေတာ သွားစမ်း၊ မသွားဘူး။ ဒီနေရာမှာပဲ နေတယ်။ ဒီခန္ဓာ ကိုယ်ပေါ်မှာပဲ နေတယ်။

ဝိပဿနာတရားရဲ့ ထူးခြားမှုတွေ၊ အကျိုးတွေကို ပြောနေ တာနော်။ အဲဒါကြောင့်မို့လို့ ရဟန္တာမထေရ်ကြီးတွေ၊ ရဟန္တာထေရီမ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီးတွေ ကိလေသာတစ်စက်မျှမဖြစ်ဘူးဆိုတာ အဲဒါပဲ။

တပ်မက်စရာတွေ့လည်း မတပ်မက်ဘူး၊ ကြောက်စရာ တွေ့လည်း မကြောက်ဘူး။ ဘီလူးကြီးတွေ့လည်း မကြောက်ဘူး။ ဒေါသဖြစ်စရာတွေ့လည်း ဒေါသမဖြစ်ဘူး။

အဲဒါဘာလဲ၊ သတိအားကောင်းတော့၊ ဉာဏ်ပညာတွေ အားကောင်းတော့ ကိလေသာတွေ ချုပ်ငြိမ်းသွားတာ မဟုတ်လား။ အဲဒီနည်းအတိုင်း အခုရှုနေတာပဲ။

''ဖောင်းတယ် ပိန်တယ်'' ဆိုတဲ့စကားလုံးကို ရှုမှတ်တာ မဟုတ်ဘူး။ အဲဒီစကားနဲ့ ခေါ်ဝေါ်သတ်မှတ်ထားတဲ့ ခန္ဓာအပေါ်၊ သဘောအပေါ် ဉာဏ်ရောက်အောင်လို့ အဆိုလေးက ထိန်းပေးတာ။

ဥပမာ– လေးသမားဟာ သူ့ရဲ့ပစ်ကွင်းကို မှန်အောင်လို့ မျက်လုံးလေးတစ်ဖက်ကို မှိတ်ပြီး သေသေချာချာမချိန်ရဘူးလား။

''ချိန်ရပါတယ်ဘုရား''

ရမ်းပစ်ရင်ထိပါ့မလား။

''မထိနိုင်ပါဘူးဘုရား''

အဲဒီလို မျက်လုံးလေးတစ်လုံးမှိတ်ပြီး ပစ်ကွင်းပစ်ကွက်ကို ထိအောင်ချိန်ရသလိုပဲ၊ ပေါ်လာတဲ့အာရုံမှာ အရှုခံပေါ်မှာ ရှုသိစိတ်လေး တည့်တည့်ကျသွားအောင်လို့ ဆိုပေးရတယ်။ ထိန်းပေးရတယ်။ နောက်ဥပမာပြောဦးမယ်။

သံရိုက်တဲ့လက်သမားတွေ သံရိုက်တဲ့အခါ သံလေးရိုက်မယ့် နေရာ အသာတည်ပြီးတော့ လက်နှစ်ဖက်နဲ့ စုံရိုက်တာလား။ သံကို တစ်ဖက်က ကိုင်ထားတယ်၊ လက်တစ်ဖက်က ရိုက်တယ်။ ဒီလို မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

လက်တစ်ဖက်က ကိုင်တာ၊ ဒီသံ ထွက်မပြေးအောင်လို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိန်းထားရတာ မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အဲဒီသဘောလိုပဲ ရှုမှတ်တဲ့အခါမှာလည်း ...

**ရှုစရာအာရုံပေါ်ကို ရှုသိစိတ် တည့်တည့်ကျအောင်လို့ စိတ်အဆိုလေးနဲ့ ထိန်းပေးရတယ်။**

လူကြီးက ငုတ်တုတ်ထိုင်နေတိုင်း တရားရတာမဟုတ်ဘူး။ အာနာပါနသမားကလည်း ''ရှူးရှဲ၊ ရှူးရှဲ''လုပ်နေရတယ်။

''ဝင်လေ၊ ထွက်လေ'' မှတ်တဲ့ ပုဂ္ဂိုလ်ကလည်း မှတ်နေရတယ်။ မဟာစည်ယောဂီတွေကျတော့လည်း ''ဖောင်းတယ်၊ ပိန်တယ်'' ''ထိုင်တယ်၊ ထိတယ်''ဒီလိုမှတ်နေရတယ်။ နာရင်လည်း ''ထိုင်တယ်၊ ထိတယ်၊ နာတယ်'' မှတ်နေရတယ်။

ဝိပဿနာအလုပ်က စိတ်အလုပ်၊ စိတ်ထဲက ဆိုနေရမယ်။

အသာလေးထိုင်နေရုံနဲ့ တရားမရဘူး။

စူးစူးစိုက်စိုက် ရှုသိမှ အဲဒီသတိဟာ ပညာပါတဲ့သတိ ဖြစ်တယ်။ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ပညာပါပါသွားတယ်။ အသိလေးပါပါသွားတယ်။ အဲဒီအသိက ရင့်ကျက်လာတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာပဲ။

တစ်ချက်မှတ်ရင် တစ်ချက်အကျိုးများတယ်။ တစ်ချက်မှတ်လိုက်တာနဲ့

အပါယ်လေးပါးနဲ့ တစ်ချက်ဝေးသွားတယ်။

နိဗ္ဗာန်နဲ့ တစ်ချက်နီးသွားတယ်။

အပါယ်လေးပါးနဲ့ တစ်ချက်ဝေးသွားတယ်ဆိုတာ စူးစူးစိုက်စိုက် မှတ်လိုက်ရင် လောဘ၊ ဒေါသ၊ မောဟတွေ တစ်ချက်ပါးမသွားဘူးလား။

''ပါးသွားပါတယ်ဘုရား''



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောဘ၊ ဒေါသ၊ မောဟတွေ တစ်ချက်ပါးသွားတော့ အပါယ်လေးပါးနဲ့ တစ်ချက်ဝေးသွားတာပေါ့။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတွေ တစ်ချက်အားမကောင်းသွားဘူးလား။ အဲဒီ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာက နိဗ္ဗာန်သွားမယ့်တရား။ အဲဒီတရားတွေ အားကောင်းသွားတော့ နိဗ္ဗာန်နဲ့ တစ်ချက်နီးသွားတာပေါ့။

မိမိတို့လုပ်နေတဲ့ အလုပ်ဟာ အင်မတန် တန်ဖိုးရှိတာကို ပြောတာနော်။ အမှုမဲ့အမှတ်မဲ့ဆို ဘာမှတန်ကြေးရှိတာမဟုတ်ဘူး။ လှူမှ တန်းမှ ဒီလိုထင်နေတတ်တယ်။

**တစ်ချက်မှတ်လိုက်တိုင်း တစ်ချက်အပါယ်လေးပါးနဲ့ ဝေးတယ်၊ တစ်ချက်နိဗ္ဗာန်နဲ့နီးတယ်။**

လောဘ၊ ဒေါသ၊ မောဟကို ပါးပါးသွားစေတယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ ပညာတွေလည်း တိုးတိုးပြီး တစ်ဆင့်နဲ့ တစ်ဆင့် တိုးတက် တိုးတက်လာတယ်။

ပေါ်ရာ ပေါ်ရာ ရှုမှတ်တဲ့အခါကျတော့ သဘောလေး သွားတွေ့တယ်။ ဩော် ... သဘောလေးပဲ။ ယောကျ်ား၊ မိန်းမ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် ဒါတွေ ပါသေးရဲ့လား။

"မပါတော့ပါဘူးဘုရား"

အဲဒါ ဒိဋ္ဌိပြုတ်သွားတာပဲ၊ တိရဏပရိညာနဲ့ ပြုတ်တာ။ နာရင်း ကြားရင်းနဲ့ ပြုတ်တာက ဉာတပရိညာ။ အခုရှုရင်း မှတ်ရင်းနဲ့ ပြုတ်တာက တိရဏပရိညာ။ ဟိုမှာ စက်ဝိုင်းကြီးထဲ ထောက်ပြပြီး ပြုတ်တာက သိပြုတ်။

ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ရှုမှတ်တဲ့အခါကျတော့ သဘောလေးတွေပဲ၊ သဘောလေးတွေပဲ ပါးစပ်က ထုတ်မပြောသော်လည်းပဲ ရင်ထဲမှာ သဘောပေါက်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အစက ငါရှုမှတ်နေတာ၊ ငါမှတ်နေတာ ဒီလိုအောက်မေ့နေတာ။ ဘယ်ဟုတ်မလဲ ...

မှတ်တဲ့သဘောလေးက မှတ်နေတာ။

ကြားတဲ့သဘောကလည်း ကြားတယ်။

ခံစားတတ်တဲ့သဘောကလည်း ခံစားတယ်။

တိုက်တွန်းတဲ့သဘောကလည်း တိုက်တွန်းတယ်။ သေသေချာချာမှတ်၊ သေသေချာချာမှတ်၊ ဒီလိုတိုက်တွန်းတာတွေ မရှိဘူးလား။

''ရှိပါတယ်ဘုရား''

မြင်တဲ့သဘောက မြင်တယ်။ သူ့အလုပ် သူလုပ်နေတာလေ။ ဒီခန္ဓာကိုယ်မှာ စက်ရုံကြီးလိုပဲ အလုပ်လုပ်နေတာနော်။ ခန္ဓာကိုယ်က အလုပ်လုပ်နေတာကို ပြောပါတယ်။ သိတဲ့သဘောကလည်း အကုန်လျှောက်သိတာ။ သိတဲ့ ဝိညာဏက္ခန္ဓာကလည်းပဲ မြင်တာလည်း သိတယ်၊ ကြားတာလည်း သိတယ်၊ ခံစားတာလည်းသိတာပဲ။ မှတ်တာလည်း သိတယ်။ တိုက်တွန်းတာလည်း သိတယ်။ အသိက သူကဦးဆောင်တာကိုး။ အကုန်လုံးကို သူဦးဆောင်တာပဲ။ ရုပ်မှာလည်း သူဦးဆောင်တယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ အကုန်လုံးကို ဦးဆောင်တာပဲ။ မှတ်တဲ့အပြင် ပမှတ်ဘဲ ရှိနေတဲ့ဟာတွေကိုလည်း သိတယ်။

ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီသဘောတရားလေးတွေ ပေါ်လာလိုက် မှတ်ချလိုက် ပျောက်သွားလိုက်။ ပေါ်လာလိုက် မှတ်ချလိုက် ပျောက်သွားလိုက်ဆိုတော့ ဇြော် ... ဘယ်ဟာမှ မမြဲပါလားလို့ ကြာရင် သိမလာနိုင်ဘူးလား။ အဲဒါ နိဗ္ဗာန်ရောက်မယ့်ပညာပဲ။ ပါဠိတွေ တတ်မှ နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူး။

မမြဲပါလားလို့သိရင် အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတော့မယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အော် ဘယ်ဟာမှမမြဲပါလားဟေ့။ အနိစ္စာနုပဿနာဉာဏ်လို့ မပြော တတ်ရင်လည်းနေပါ။ ကိုယ့်ဘာသာကိုယ် ရိုးရိုးလေး၊ ဪ. . . ဘယ်ဟာမှ မမြဲပါလား၊ ဘယ်ဟာမှ မမြဲပါလား။

မမြဲပါလားလို့ စိတ်ကထင်ရင် အနိစ္စသဘောကို သိသွား တယ်။ ဆင်းရဲတယ်လို့ထင်လိုက်ရင် ဒုက္ခသဘောကို သိသွားတယ်။ ဖြစ်တာတွေ ပျက်တာတွေကို တားမရဘူး။ ဖြစ်တာလည်း တားမရ၊ ပျက်တာလည်း တားမရ။ ဘယ်လိုမှတားမရဘူး။ သူ့သဘော သူ ဆောင်နေတာပဲ။ အနတ္တလက္ခဏာ မြင်သွားတယ်။

ရုပ်နာမ်တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမြင်တာ ဝိပဿနာ ဉာဏ်။ အဲဒီမျက်လုံးမျိုးဖြစ်အောင် ကြိုးစားရမယ်။

တချို့ယောဂီက အနိစ္စလက္ခဏာကို ပိုမြင်တယ်။

တချို့ယောဂီက ဒုက္ခလက္ခဏာကို ပိုမြင်တယ်။

တချို့ယောဂီက အနတ္တလက္ခဏာကို ပိုမြင်တယ်။

တစ်ယောက်နဲ့ တစ်ယောက် မတူဘူးနော်။ ဘာဖြစ်လို့ မတူတာလဲဆိုတော့ အတိတ်တုန်းက အားထုတ်ခဲ့တာ တူမှမတူတာ။

အတိတ်တုန်းက အနိစ္စကို များများနှလုံးသွင်းခဲ့တဲ့ ပုဂ္ဂိုလ်က အခုဝိပဿနာ အားထုတ်တော့ အနိစ္စကို ပိုပြီးထင်တယ်။ တချို့က ဒုက္ခလက္ခဏာကို များများနှလုံးသွင်းတဲ့အခါကျတော့ တရား အား ထုတ်တဲ့အခါမှာ ဒုက္ခလက္ခဏာ ပိုပြီးထင်ရှားတယ်။ တချို့က အနတ္တလက္ခဏာကို ပိုပြီးနှလုံးသွင်းခဲ့တော့ တရားအားထုတ်တဲ့အခါ မှာ အနတ္တလက္ခဏာကို ပိုပြီးမြင်တယ်။

အားထုတ်တာကတော့ ဒီနည်းပဲအားထုတ်တာ။ ဉာဏ်ထဲမှာ မြင်တာချင်းကျတော့ မတူဘူး။ တချို့က အနိစ္စကိုပိုသိတယ်။ တချို့ က ဒုက္ခကိုပိုသိတယ်။ တချို့က အနတ္တကိုပိုသိတယ်။ ဒီလက္ခဏာ သုံးပါးမှာ ဘယ်လက္ခဏာကိုသိသိ၊ အဲဒီသိတဲ့သူဟာ မဂ်ဉာဏ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖိုလ်ဉာဏ် ရတော့မယ်။ နိဗ္ဗာန်ကို ရောက်တော့မယ်။

ဩော်... အတိတ်တုန်းကခန္ဓာကြီးလည်း ပျက်ခဲ့ပြီ။

အနာဂတ်ကခန္ဓာလည်း ပျက်ဦးမယ်။

ဒီကမ္ဘာကြီးလည်း ပျက်ဦးမယ်။ အဲဒါ စိန္တာမယဉာဏ် ဖြစ်သွားပြီ။ အဲလို လျှောက်ဆင်ခြင်နေဖို့မဟုတ်ဘူး။ ပေါ်ရာ ပေါ်ရာကို ရှုမှတ်နေရင်းနဲ့ မမြဲတဲ့သဘောကို သိသွားတာ။

***

## ဆင်ခြင်သင့်တဲ့အခါဆင်ခြင်ပါ

ဆင်ခြင်ရင် သံဝေဂဉာဏ်တို့၊ စိန္တာမယဉာဏ်တို့ ဖြစ်မယ်။ ဆင်ခြင်တာကို မပိတ်ပင်ပါဘူး။ တစ်ခါတစ်ရံလည်း ဆင်ခြင်ရတယ်။ စိတ်ဓာတ်တွေကျနေတဲ့အခါတို့၊ လောကဓံအမျိုးမျိုးနဲ့ ကြုံနေရတဲ့ အခါတို့၊ ဘယ်လိုမှ ဝိပဿနာရှုလို့မရတဲ့ အခါမျိုးတွေမှာ ဆင်ခြင်ရတယ်။

အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ အကုန်လုံး ပျက်စီးရဦးမယ်။ တစ်နေ့ကျရင် အကုန်လုံးခွဲခွာရဦးမယ်။

မြတ်စွာဘုရားလည်း ဟောထားတာပဲ။

**အိုတဲ့ဘေး၊ နာတဲ့ဘေး၊ သေတဲ့ဘေး၊**

**ချစ်ခင်သူတွေနဲ့ ကွေ့ကွင်းရမဲ့ဘေး၊**

**ကံသာလျှင်မိမိကိုယ်ပိုင်ဥစ္စာပဲ။**

အဲဒီငါးမျိုးကို ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ် နေ့တိုင်း နေ့တိုင်း ဆင်ခြင်ရမယ်။

အဲဒါ ဝိပဿနာတွေ ဘယ်လိုမှ ရှုလို့မရတဲ့အခါ၊ လောကဓံတွေ ကြမ်းကြမ်းတမ်းတမ်း တွေ့တဲ့အခါ၊ စိတ်တွေပျက်ပြီး ဝိပဿနာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကို ဘယ်လိုမှမရှုချင်တဲ့အခါ၊ ဒါမှမဟုတ် သူတော်ကောင်းတရားတွေ မလုပ်တော့ဘဲ သူတော်ကောင်းတရားတွေကို ပစ်သွားချင်တဲ့အခါမျိုး၊ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားချင်တဲ့စိတ်တွေ ပေါ်လာတဲ့ အခါမျိုး၊ အဲဒါမျိုးဆိုလို့ရှိရင် ဝိပဿနာ ဘယ်လိုမှ ရှုလို့မရဘူးဆိုရင် ဆင်ခြင်ပါ။ အဲဒီနေရာမှာ ဆင်ခြင်လို့ကောင်းပါတယ်။

အိုရဦးမယ်၊ နာရဦးမယ်၊ အိုတာကိုဆင်ခြင်တော့ အရွယ်ကြောင့်ဖြစ်တဲ့မာန် လျော့တယ်။

နာတာကိုလည်း ဆင်ခြင်ရမယ်။ နာတာကို ဆင်ခြင်ရင် အာရောဂျမာန်တွေ လျော့မယ်။ ငါ ကျန်းမာတာပဲ။ ငါ သွားလာလုပ်ကိုင်နိုင်တာပဲ။ လူငယ်တွေထက်တောင် ငါလုပ်နိုင်တာပဲ။ အဲဒါမာန်မဟုတ်လား။ အဲဒီမာန်တွေကို နာခြင်းတရားကို ဆင်ခြင်ရင် ကျန်းမာမှုနဲ့ ပတ်သက်တဲ့မာန်တွေ လျော့သွားလိမ့်မယ်။

နောက်တစ်ခါ သေခြင်းတရားကိုလည်း ဆင်ခြင်ရမယ်။ သေခြင်းတရားကို ဆင်ခြင်တော့ ဇီဝိတမာန်တွေ လျော့တယ်။

ငါမသေနိုင်သေးပါဘူး။ ငါမသေသေးပါဘူး။ အသက်ကြီးတဲ့ပုဂ္ဂိုလ်များ အသက်ရှည်မှုကြောင့် ဖြစ်တဲ့မာန်။ ငါ(၈၀)ကျော်ပြီ (၉၀)ကျော်ပြီ ငါ မသေနိုင်သေးဘူး။ ငါတို့(၈၀)ကျော်က မသေနိုင်သေးဘူး။ အသီးမှည့်တွေက တဝင်းဝင်း၊ သီးကင်းတွေက တဖြုတ်ဖြုတ်၊ ဒီလိုထင်တာကိုး။

အဲဒီတော့ အသက်ရှည်ခြင်းကြောင့် ဖြစ်ပေါ်တဲ့မာန်။ အဲဒီမာန်လည်းပဲ လျော့စေတယ်တဲ့။ သေခြင်းတရားကို ဆင်ခြင်လို့ရှိရင် ဇီဝိတမာန်တွေ လျော့စေတယ်။

မိမိတို့ တစ်ခါတလေ ရှုမှတ်လို့မရရင် အိုရဦးမယ်။ နာရဦးမယ်။ သေရဦးမယ်။ နေ့တိုင်းနေ့တိုင်း ဆင်ခြင်လို့မရဘူးလား။ ယောဂီတို့ လုပ်ငန်းတွေ သင်ပေးနေတာနော်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြတ်စွာဘုရား သင်ပေးထားတာဟာ အကုန်လုံး အပြည့် အစုံ သင်ပေးထားတာ။ မသိလို့ မလုပ်တတ်တာ။ မြတ်စွာဘုရားက ဘုရားစင်ရှေ့ကျမှ လုပ်ရတာကို သင်ပေးတာမဟုတ်ဘူး။ သွားရင်း လာရင်း၊ စားရင်းသောက်ရင်း၊ လုပ်ရင်းကိုင်ရင်း၊ အကုန်လုံး အသေး စိတ်ကအစ သင်ပေးထားတာ။

လောကီအလုပ် လုပ်ရင်းနဲ့ လောကုတ္တရာအလုပ်လည်း လုပ်တတ်ရမယ်။ အခုဒီမှာ သမထရော ဝိပဿနာရော သင်ပေး နေတာ။ ဝိပဿနာတစ်မျိုးတည်း လုပ်ရမှာမဟုတ်ဘူး။ သမထ ကူသင့်တဲ့အခါ ကူရတယ်။

စိတ်က အေးအေးချမ်းချမ်းနဲ့ မှတ်ကောင်းရင် ကောင်းတာ ပေါ့။ စိတ်က ဘယ်လိုမှ မချမ်းသာဘူး။ လောကဓံအခက်အခဲတွေ နဲ့ ကြုံတဲ့အခါကျတော့ သမထကူသင့်တဲ့အခါ ကူရတယ်။

အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်၊ ချင်ခင်နှစ်သက်တဲ့ သူတွေနဲ့ ကွေကွင်းရဦးမယ်။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာတဲ့။ မိမိတို့ ပြုထားတဲ့ကုသိုလ်၊ အကုသိုလ်သာလျှင် မိမိတို့နောက် လိုက်ပြီး ကောင်းကျိုး ဆိုးကျိုးတွေကိုပေးမှာ။ အဲဒီငါးမျိုး ဆင်ခြင်ရမယ်။

အဲဒီငါးမျိုးကို နေ့တိုင်း နေ့တိုင်း ဆင်ခြင်ရမယ်။ ဝိပဿနာ ယောဂီတွေက အဲဒါကို အထူးဆင်ခြင်စရာမလိုဘူး။ ဝိပဿနာရှု မှတ်လို့မရတဲ့အခါမှ ဆင်ခြင်ရမယ်။

ဝိပဿနာလည်း မလုပ်၊ သမထလည်း မလုပ်ဆိုတော့ စိတ်တွေပျံ့လွင့်ပြီး လောဘ၊ ဒေါသ၊ မောဟတွေ မဝင်နိုင်ဘူးလား။

"ဝင်နိုင်ပါတယ်ဘုရား"

ဝိပဿနာလုပ်နိုင်ရင်လုပ်ပါ။ ဝိပဿနာ မလုပ်နိုင်လို့ရှိရင် အဲဒီ သမထသဘောလေးကိုတော့ ဆင်ခြင်ပေးရမယ်။

ဒါကြောင့်မို့လို့ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီးက ''ခင်ဗျားတို့ တွေးမယ့်တွေး ခန္ဓာကိုယ်ကြီး ဒုက္ခရောက်နေ တာကို တွေးပါ''လို့ မိန့်တော်မူတာ။ ယောဂီတို့ခန္ဓာကိုယ်ကြီးက ဒုက္ခရောက်မနေဘူးလား။

''ရောက်နေပါတယ်ဘုရား''

အခုခန္ဓာကိုယ်ကြီးက အိုနေပြီ။ အိုတဲ့ဘေးတွေနဲ့ တွေ့။ နောက် နာတဲ့ဘေးနဲ့တွေ့။ နောက်တော့ သေတဲ့ဘေးတွေ့ရမယ်။ ငယ်ငယ်လေးတွေလည်း သေတာပဲ။ သေတဲ့ဘေးနဲ့တွေ့ပြီဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးရင် အပါယ်မကျနိုင်ဘူးလား။

''ကျနိုင်ပါတယ်ဘုရား''

အဲဒီတော့ ဘေးရန်အန္တရာယ်တွေ မများဘူးလား။ အခု လည်းပဲ စားဝတ်နေရေးအတွက် ဒုက္ခတွေမများဘူးလား။

''များပါတယ်ဘုရား''

စားဝတ်နေရေးကို လုပ်ကြရတယ်။ မလုပ်ချင်လည်း လုပ်ကြ ရတယ်။ ဒုက္ခသည်တွေချည်းပဲလို့ မြင်ရမယ်။ သူဌေးကြီးပဲဖြစ်ဖြစ် သနားစရာပဲ။ ဆင်းရဲသားပဲဖြစ်ဖြစ် သနားစရာပဲ။ ဟာ ... သူဌေး ပဲ ဘာသနားစရာလိုလဲ။ သူဌေးဆိုတော့ ကိုယ့်ထက်တောင် ချမ်းသာ သေးတယ်။ ဥစ္စာပစ္စည်းသာ ဌေးတာပါ။ သူ့မှာ သောက ပရိဒေဝတွေ က ဝိုင်းဝိုင်းလည်နေတာပဲ။

**ပစ္စည်းများလေ၊ သောကများလေ။**
**ရပိုင်ခွင့်များလေ၊ တာဝန်ပိုကြီးလေ။**

ရစရာလာဘ်လာဘတွေ၊ ရပိုင်ခွင့်တွေက အလကားမရပါဘူး။ သူနဲ့ထိုက်တန်တဲ့တာဝန်ကို ထမ်းဆောင်နိုင်မှရတာ။ အဲဒီတာဝန် ထမ်းဆောင်ရတာ ဒုက္ခပဲဗျ။

ခန္ဓာကိုယ်ကြီးနဲ့ ပတ်သက်တဲ့တာဝန်ကိုလည်း ထမ်းဆောင် ရတယ်။ စားဝတ်နေရေးနဲ့ပတ်သက်တဲ့ ဆိုင်ရာတာဝန်ကိုလည်း ထမ်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆောင်ရတယ်။ အဲဒါတွေက မသိမသာအပေါ်မှာ တင်စီးထားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတွေ။

ရပိုင်ခွင့်တွေက သူနဲ့ထိုက်တန်တဲ့ ကြီးကျယ်တဲ့ တာဝန်တွေကို ထမ်းဆောင်ရတယ်။ အဲဒီကြီးကျယ်တဲ့တာဝန်တွေကို ဘာနဲ့ထမ်းဆောင်ရသလဲ။ အချိန်နဲ့ ထမ်းဆောင်ရတယ်။

**လူ့ဘဝကို၊ အချိန်နဲ့တည်ဆောက်ထားတာ။**

**အဲဒီအချိန်တွေကို ငွေအတွက် ဖြုန်းပစ်ရတာ။**

အဲဒီ ကုန်သွားတဲ့အချိန်တွေကို အစားပြန်ထိုးလို့ မရဘူး။ ငွေတော့ ရတယ်။ ဉာဏ်မရဘူး။ အဲဒါကို သိထားလို့ရှိရင် တို့တွေက ဒုက္ခသည်တွေပဲ။ အခုခန္ဓာကိုယ်ကြီး ရှိနေတာမဟုတ်လား။ ခန္ဓာကိုယ်ကြီးရှိတော့ လုပ်ကြရတာပဲ။

တချို့လည်းပဲ ပင်စင်ယူပြီးတော့ တရားအားထုတ်ချင်တယ်။ ပင်စင်က မရသေးဘူး။ ကဲ ... အလုပ်တွေ မလုပ်ချင်လည်း လုပ်နေရတာပဲ။ ဈေးမရောင်းချင်ဘူး။ ရောင်းနေရတာပဲ။ စားဝတ်နေရေးက ရှိနေတော့ ခန္ဓာဒုက္ခကို ပြောပါတယ်။

ကိုယ့်ကိုယ်ကို ဇာတ်လိုက်မင်းသား၊ မင်းသမီး မထင်ပါနဲ့။ စားဝတ်နေရေးအတွက် လုပ်ရတာ။ အင်မတန် မပင်ပန်းဘူးလား။ အဲဒီတော့ တွေးမယ့်တွေး ခန္ဓာကိုယ်ကြီး ဒုက္ခရောက်နေတာကို တွေးပါ။

ဆင်းရဲကြီးကိုကြောက်ရင် **ဆင်းရဲလေးတွေကို ကြိုးစားပြီး သည်းခံ။** ချမ်းသာကြီးကို အလိုရှိရင် **ချမ်းသာလေးတွေကို ကြိုးစား ပြီးပယ်။**

ဆင်းရဲကြီးကို ကြောက်ရင်တဲ့ အပါယ်လေးပါးဆင်းရဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အင်မတန် မဆင်းရဲဘူးလား။ ယောဂီတို့ ပူတာ၊ အိုက်တာ ဘာမှုမပြောပလောက်ဘူး။ အခု လက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေ့မြင်နေရတဲ့ တိရစ္ဆာန်တွေကိုပဲ ကြည့်ဦး။ ရိုက်လိုက်၊ နှက်လိုက်၊ သတ်လိုက်နဲ့ အင်မတန်မဆင်းရဲဘူးလား။

''ဆင်းရဲပါတယ်ဘုရား''

အဲဒီဆင်းရဲကြီးကိုကြောက်ရင် အခု မထိုင်ချင် ထိုင်ချင်နဲ့ အောင့်အည်းပြီးထိုင်ရတဲ့ ဆင်းရဲလေးကို ကြိုးစားပြီးတော့ သည်းခံ။

ချမ်းသာကြီးကို အလိုရှိရင်၊ ချမ်းသာကြီးဆိုတာ နိဗ္ဗာန် ချမ်းသာကိုအလိုရှိရင်၊ ချမ်းသာလေးဆိုတာ သက်သက်သာသာ လေး နေရတဲ့ချမ်းသာ၊ အာရုံငါးပါး ကာမဂုဏ်တရားတွေကို လိုက်စား ချင်တဲ့ ချမ်းသာလေးတွေကို ပယ်ပါ။

အဲဒီလို ချမ်းသာလေးတွေကို ပယ်စွန့်ပြီး ဝိပဿနာတရား ကို ယခုပြောခဲ့တဲ့အတိုင်း ကြိုးကြိုးစားစား အားထုတ်ကြပါလို့ တိုက် တွန်းရင်း လင်္ကာလေးဆိုပြီး တရားသိမ်းကြစို့ ...

**ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်**
**ရုပ်နာမ်နှစ်မျိုး၊ ကြောင်းကျိုးသိမြင်၊**
**မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်၊**
**အနတ္တ၊ သိရ နိဗ္ဗာန်ဝင်။**

သာဓု - သာဓု - သာဓုပါဘုရား။

❒



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# လွတ်မြောက်မှုချမ်းသာကို ရှာဖွေခြင်း

ချမ်းသာက နှစ်မျိုး ရှိတယ်။

**ခံစားမှုချမ်းသာနဲ့၊ လွတ်မြောက်မှုချမ်းသာ။**

ခံစားမှုချမ်းသာဆိုတာက–

ကာမဂုဏ်ချမ်းသာနဲ့ ဈာန်ချမ်းသာကို ဆိုလိုပါတယ်။ ခံစားမှုချမ်းသာရဲ့ နောက်ကွယ်မှာ ဆင်းရဲခြင်းက အမြဲတမ်းကပ်ပါလာလေ့ရှိတယ်။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်လို့ **ခံစားမှုချမ်းသာဟာ ချမ်းသာအစစ် မဟုတ်ဘူး။**

လွတ်မြောက်မှု ချမ်းသာဆိုတာက–

ကိလေသာနှိပ်စက်မှုက လွတ်မြောက်တဲ့ချမ်းသာ၊ သံသရာက လွတ်မြောက်တဲ့ချမ်းသာ၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကို ဆိုလိုပါတယ်။ ဒီချမ်းသာကတော့ အရှည်ခံ့ပြီး တည်တံ့တဲ့အတွက် ချမ်းသာစစ်၊ ချမ်းသာမှန် ဖြစ်တယ်။

ယခုယောဂီတွေ ဝိပဿနာတရား အားထုတ်တယ်ဆိုတာ ဒီ လွတ်မြောက်မှုချမ်းသာကို ရဖို့အတွက် အားထုတ်နေကြတာပဲ။ လွတ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြှောက်မှုချမ်းသာရဲ့ ပထမအဆင့်ဖြစ်တဲ့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်နေတာမဟုတ်ဘူးလား ယောဂီတို့။

"ဟုတ်ပါတယ်ဘုရား"

သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရအောင် အတားအဆီး လုပ်နေတာ "ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ"ပဲ။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါး ကို ပယ်နိုင်မှ"**သောတာပန်**"ဖြစ်တာ။

ကာမရာဂနဲ့ ပဋိဃကိလေသာတွေကို အမြစ်ပြတ်မဟုတ်တောင် အကြမ်းစားတွေကို နှိမ်နိုင်မှ"**သကဒါဂါမိ**"ဖြစ်တာ။

ကာမရာဂတို့၊ ပဋိဃလို့ခေါ်တဲ့ဒေါသတို့ကို အမြစ်ပြတ် ပယ် နိုင်မှ"**အနာဂါမိ**"ဖြစ်တာ။ နောက်တစ်ခါ ...

အဝိဇ္ဇာ၊ ဘဝရာဂနဲ့ မာနပါမကျန် အနုသယကိလေသာအကုန် လုံးကို အမြစ်ပြတ် ပယ်သတ်နိုင်မှ "**ရဟန္တာ**" ဖြစ်တာ။

***

## ဘာအရေးအကြီးဆုံးလဲ

အခြေခံက ဘယ်သူ့အရင်ရှင်းမလဲဆိုတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ။ ဒိဋ္ဌိက သက္ကာယဒိဋ္ဌိ။ ဝိစိကိစ္ဆာက တွဲဖက်။ ဒိဋ္ဌိဖြစ်ရင် ဝိစိကိစ္ဆာပါ တွဲပါလာတာပဲ။

သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိနဲ့ ပြောနေကြတာကို ယောဂီတို့ မကြာခဏ ကြားနေရတယ်။ အဲဒီလိုကြားနေရတာကိုက ကံကောင်း တယ် အောက်မေ့ပါ။ သက္ကာယဒိဋ္ဌိနဲ့ပတ်သက်လို့ ချမ်းမြေ့ဆရာ တော်ဘုရားကြီးဟောထားတာ သိပ်ရှင်းတာပဲ။ မှတ်မှတ်သားသား နာယူပါ။

ခန္ဓာကိုယ်ခေါ်တဲ့ ရုပ်နဲ့ စိတ်ခေါ်တဲ့ နာမ်၊ ဒီတရားနှစ်ခု ပေါင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စုနေတာကို ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမလို့ဖြစ်စေ၊ အသက်ကောင်၊ ဝိညာဉ်ကောင်၊ အတ္တကောင်လို့ဖြစ်စေ မှားယွင်းစွာ သိမြင်ယူဆရင် **"သက္ကာယဒိဋ္ဌိ"** လို့ ခေါ်တယ်။

တချို့က ရုပ်ကို အသက်၊ ဝိညာဉ်၊ အတ္တလို့ ယူဆတယ်။ မြန်မာလူမျိုးတွေကတော့ စိတ်ကို အသက်၊ ဝိညာဉ်၊ လိပ်ပြာလို့ ယူဆစွဲလမ်း တတ်ကြတာများပါတယ်။

အသက်၊ ဝိညာဉ်၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့အတ္တလေး မပျက်မစီးဘဲ အမြဲတည်နေပြီး တစ်ဘဝပြီးတစ်ဘဝ ကူးပြောင်းနေတယ်ဆိုတဲ့ အယူအဆကို **တည်မြဲအယူမှား "သဿတဒိဋ္ဌိ"**လို့ခေါ်ပါတယ်။

တချို့ကျတော့လည်း ရှေ့ဘဝ နောက်ဘဝဆိုတာကို အယုံအကြည်မရှိကြဘူး။ ဒီအသက်၊ ဒီဝိညာဉ်၊ ဒီပုဂ္ဂိုလ်ဟာ မသေမီအတွင်းမှာ တည်မြဲနေပြီး၊ သေတဲ့အခါမှာ ဘာမျှမကျန်တော့ဘဲ အသက်ဝိညာဉ်ပါ ပျက်စီးသွားရတယ်။

ဒါကြောင့် နောက်ဘဝ တမလွန်ဘဝဆိုတာ မရှိဘူး။ တစ်ဘဝတည်းနဲ့ပဲ အပြီးသတ် ပြတ်စဲသွားတယ်လို့ ယူဆကြပြန်ပါတယ်။ အဲဒီအယူအဆကိုတော့ **ပြတ်စဲအယူမှား "ဥစ္ဆေဒဒိဋ္ဌိ"**လို့ခေါ်ပါတယ်။

သဿတဒိဋ္ဌိကို ယုံကြည်လက်ခံရင် ...

တမလွန်ဘဝ ချမ်းသာရေးကို ရည်မှန်းပြီး မကောင်းမှုတွေကို ရှောင်နိုင်သလောက် ရှောင်လိမ့်မယ်၊ ကောင်းမှုတွေကို ပြုနိုင်သလောက် ပြုပါလိမ့်မယ်။ သို့သော်လည်း ဘဝချမ်းသာတွေကိုသာ တောင့်တနေမှာဖြစ်လို့ ဝဋ်ဆင်းရဲက လွတ်မြောက်ဖို့တော့ လွယ်ပါ့မလား။

"မလွယ်ပါဘူးဘုရား"

အရာရာကို တည်မြဲနေတဲ့အမြင်နဲ့သာ ကြည့်မြင်နေမှာဖြစ်လို့ ရုပ်နာမ်တို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို သိမြင်ဖို့ ဒုက္ခ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သစ္စာကို ပိုင်းပိုင်းခြားခြားသိဖို့ မဖြစ်နိုင်ပါဘူး။

ဒုက္ခသစ္စာကို မသိရင်၊ သမုဒယသစ္စာကို မပယ်နိုင်တဲ့အတွက် နိရောဓသစ္စာ ဆင်းရဲငြိမ်းမှုကို မရနိုင်ပါဘူး။ ဒီတော့ ဒီအသိမှား အမြင်မှားကြောင့် ဆင်းရဲမြဲပဲ ဆင်းရဲနေတာပါပဲ။

ဥစ္ဆေဒဒိဋ္ဌိကိုလက်ခံရင် ...

တမလွန်ဘဝမရှိဘူးလို့ ယုံကြည်ထားတဲ့အတွက် ဒီဘဝ မသေ မီအတွင်းမှာ မိမိအကျိုးရှိမယ်၊ ကောင်းစားမယ်ဆိုရင် ကောင်းမှု၊ မကောင်းမှု ရွေးချယ်မနေတော့ဘဲ လုပ်ချင်ရာလုပ်တော့မှာပဲ။ ဒီလို လုပ်ရင် မကောင်းမှုတွေချည်းသာ လုပ်ဖြစ်ဖို့များတယ်။ ဒါဆို သံသရာ မှာ ဆင်းရဲမှာလား။ ချမ်းသာမှာလား။

"ဆင်းရဲမှာပါဘုရား"

အဲဒီလို သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ အမြင်မှားနှစ်မျိုးဟာ သက္ကာ ယဒိဋ္ဌိ အမြင်မှားပေါ်မှာ အခြေခံတယ်ဆိုတာ နားလည်ထားဖို့ မလို ဘူးလား။

"လိုပါတယ်ဘုရား"

ရုပ်၊ နာမ် နှစ်ပါးလို့ မမြင်ဘဲနဲ့ ပုဂ္ဂိုလ်၊ သတ္တဝါလို့ မြင်တဲ့အခါ ကျတော့ အဲဒီပုဂ္ဂိုလ်သတ္တဝါက ချမ်းသာချင်၊ ကြီးပွားချင်လာတယ်။ အဲဒီလို ဖြစ်ချင်တာတွေ၊ လိုချင်တာတွေ၊ ရချင်တာတွေဟာ လောဘ ကိလေသာတွေပဲ။

တစ်စုံတစ်ရာ အဆင်မပြေတာနဲ့တွေ့တော့ ဒေါသဖြစ်တယ်။ ငါက သူတစ်ပါးထက် သာတယ်ထင်တော့ မာနတွေကြီး၊ ကိုယ့်ထက် သာရင် မနာလိုဖြစ်ပြန်ရော။ အဲဒီလို ကိလေသာတရားဆိုးတွေ ဝင် လာပြီဆိုရင် မချမ်းသာတော့ဘူး။ ဆင်းရဲဒုက္ခရောက်ပြီ။ ဒါကြောင့်။

ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေတဲ့ အကြောင်းတရားတွေထဲမှာ ဒီ အသိအမြင်မှားမှု "သက္ကာယဒိဋ္ဌိ"ဟာ အဓိက အခြေခံပဲဆိုတာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မထင်ရှားဘူးလား။

''ထင်ရှားပါတယ်ဘုရား''

သက္ကာယဒိဋ္ဌိ ရှိနေသမျှ ကာလပတ်လုံး အကုသိုလ်ဖြစ်ပွားပြီး အပါယ်လေးပါး ကျရောက်နိုင်တယ်။ အပါယ်တံခါးပွင့်နေတယ် ဆိုရမှာပဲ။ ဒါကြောင့် ဘုရားရှင်က ရင်ဝလှံစူး၊ ထိပ်ဦးမီးလောင်သူဟာ လှံနုတ်၊ မီးငြိမ်း၊ ဆေးကုဖို့ကိစ္စသည် အရေးအကြီးဆုံး ဖြစ်သလို၊ သက္ကာယဒိဋ္ဌိကို ပယ်ဖို့ကိစ္စဟာ လူတိုင်းအတွက် အရေးကြီးဆုံးကိစ္စ ဖြစ်တဲ့အကြောင်း သတ္တိသုတ္တန်မှာ မိန့်တော်မူခဲ့တယ်။

သက္ကာယဒိဋ္ဌိကို ပယ်ဖို့အတွက်

တဏှာ၊ ဒိဋ္ဌိတို့နဲ့ စွဲလမ်းနိုင်တဲ့ ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်ရယ်ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှုရမယ်။

မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်းမှာ ဖြစ်ပျက်နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာရှုရမယ်။

ဥပါဒါနက္ခန္ဓာငါးပါးဟာ ဝိပဿနာဘူမိပဲ။ ပဋိစ္စသမုပ္ပါဒ်တို့၊ အာယတနတို့၊ ဓာတ်(၁၈)ပါးတို့ ဒါတွေလည်း ရှုရမယ်။ ပဋိစ္စသမုပ္ပါဒ်ကို ရှုတယ်ဆိုတာ ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ်တွေမှ ရှုနိုင်တာ။ ဉာဏ်မကြီးကျယ်လို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကို အနုလုံ ပဋိလုံရှုဖို့ မလွယ်ဘူးပေါ့။

နေယျပုဂ္ဂိုလ်ကတော့ ပေါ်ဆဲခန္ဓာကို ရှုလို့ရှိရင် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဝိပဿနာဘူမိထဲမှာ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါး၊ ပဋိစ္စသမုပ္ပါဒ် ဒါတွေအကုန်လုံး ပါပါတယ်။

ခန္ဓာကို ခန္ဓာလို့ မသိကြဘူး။ ခန္ဓာကို ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ သိကြတယ်။ အထိုက်အလျောက်တော့ ကြားဖူးနားဝရှိတာပဲ။ ခန္ဓာပဲ၊ ရုပ်တွေ နာမ်တွေပဲ။ ဒါပေမယ့်လို့ တကယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောကစံ ကြုံလာတဲ့အခါကျတော့ ဒီခန္ဓာ ပျောက်သွားတယ်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအပေါ်ပဲ ပြန်ရောက်နေတယ်။

လောကစံထဲမှာ ဒီပြင့်လောကစံတွေ ထားလိုက်ဦး။ အခုယောဂီတွေကျတော့ တရားမှတ်လို့ကောင်းတာ မကောင်းတာ စိတ်ဆိုးစိတ်ညစ် စသည်အားဖြင့် ဖြစ်လာတဲ့အခါမှာ ငါတရားမှတ်လို့ မကောင်းဘူး။ ဘယ်လိုဖြစ်နေမှန်းကို မသိဘူး။ တရားမှတ်ရတာ စိတ်တွေကလည်း ထွက်ပြေးနေတာပဲ။ ငါမှတ်လို့ကို မကောင်းပါဘူး။ ငါက မှတ်မကောင်းတာလား။ စိတ်က မှတ်မကောင်းတာလား။

"စိတ်က မှတ်မကောင်းတာပါဘုရား"

အဲဒီစိတ်ကို ငါလုပ်လိုက်တော့ သက္ကာယဒိဋ္ဌိ ဖြစ်သွားတယ်။ ယဉ်ယဉ်ကျေးကျေးလေးဖြစ်သွားတာ။ သူများကို ဆဲဆိုနေမှ မဟုတ်ဘူး။ ငါမြင်တယ်၊ ငါကြားတယ်၊ ငါစားတယ်၊ ငါထိတယ်၊ ငါသိတယ်၊ ငါမှတ်ကောင်းတယ်၊ ငါမှတ်မကောင်းဘူး။

တရားထိုင်တာ ငါတော်တော်ထိုင်နိုင်တယ်။ သူက မထိုင်နိုင်ဘူး။ ပြောတာကတော့ အပြစ်မရှိပါဘူး။ တကယ်ထင်ရင် သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ဒါလေးတွေကို ဉာတပရိညာအားဖြင့် ခဏခဏ အလေ့အကျင့် လုပ်ပြီး ဖြုတ်ပေးရမယ်။ အလေ့အကျင့်လုပ်ပါများမှ အလေ့အထ ဖြစ်သွားမယ်။ ဒါမှ နောက်ဆို 'အာစိဏ္ဏကံ' ဖြစ်သွားမယ်။ အာစိဏ္ဏကံ အားကောင်းလို့ရှိရင် 'အာသန္နကံ' ဖြစ်ပြီး သေခါနီးမှာ ကပ်ပြီး အကျိုးပေးမယ်။

သေခါနီးမှာ ဒိဋ္ဌိပြုတ်ပြီးတော့ နာမရူပပရိစ္ဆေဒဉာဏ်တို့၊ ပစ္စယပရိဂ္ဂဟဉာဏ်တို့နဲ့ သေရင် အပါယ်မကျဘူး။ သေခါနီးမှာ အဲဒီလို ဒိဋ္ဌိပြုတ်တဲ့ကံမျိုးဖြစ်အောင်၊ ဉာဏ်မျိုးဖြစ်အောင်၊ စိတ်မျိုးဖြစ်အောင် ခုကတည်းက ဖြုတ်ထားရတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သက္ကာယဒိဋ္ဌိ ဖြုတ်တဲ့နေရာမှာ ...

(၁) ဆင်ခြင်ပြီးဖြုတ်တဲ့အပိုင်း (ဉာတပရိညာပိုင်း)နဲ့

(၂) ရှုမှတ်ပြီးဖြုတ်တဲ့အပိုင်း (တီရဏပရိညာပိုင်း) ဆိုပြီး နှစ်ပိုင်း ရှိတယ်။

***

# ဒိဋ္ဌိကိုဆင်ခြင်ပြီးတော့လည်း ခွာရတယ်

အခုတရားနာနေတာကတော့ ဉာတပရိညာပိုင်းပေါ့။ တရားနာနေတာ ရုပ်တွေ၊ နာမ်တွေ။ စာတွေရေးနေတာလည်း ရုပ်တွေ၊ နာမ်တွေ။ ပြောလည်း ပြော၊ စိတ်ထဲမှာလည်း နှလုံးသွင်းထားရမယ်။ ''ယောနိသော မနသိကာရ''လို့ခေါ်တယ်။

ယောနိသောမနသိကာရကြောင့် ကုသိုလ်တွေဖြစ်တယ်။ ကုသိုလ်ကြောင့် သမာဓိဖြစ်တယ်။ သမာဓိကြောင့် ပညာရတယ်။ ပညာမှာ အဆင့်ဆင့်သွားရအောင်။ ပညာက ယထာဘူတဉာဏ်ကြောင့် နိဗ္ဗိန္ဒဉာဏ် ဖြစ်တယ်။

နိဗ္ဗိန္ဒဉာဏ်ကြောင့် ဝိရာဂဉာဏ်ဖြစ်တယ်။ ဝိရာဂဉာဏ် ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ။ အပါယ်တံခါးပိတ်တာ။

ကုသိုလ်ကောင်းမှုရဲ့မူလက ယောနိသောမနသိကာရ။ ယောနိသောမနသိကာရက ဘယ်ကလာသလဲ။

''ဝိဇ္ဇာက လာပါတယ်ဘုရား''

ဝိဇ္ဇာဖြစ်ဖို့အတွက် (၂)ချက်လောက် ပြောပါဦး။

**(၁) တရားနာရမယ်။**

**(၂) တရားအားထုတ်ရမယ်ပါဘုရား။**

(၄) ချက် ပြောကြည့်ပါဦး။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

(၁) သူတော်ကောင်းတွေကို ဆည်းကပ်ရမယ်၊
(၂) သူတော်ကောင်းတရားတွေ နာရမယ်၊
(၃) နှလုံးသွင်း မှန်ရမယ်၊
(၄) တရား အားထုတ်ရမယ်ပါဘုရား။

အဲဒါ ဝိဇ္ဇာဖြစ်တာ။ အဲဒီဝိဇ္ဇာကြောင့် ယောနိသောမနသိကာရ ဖြစ်တယ်။ အဲဒီထဲမှာလည်း ယောနိသောမနသိကာရ ပါသွားတယ်။ သောတာပန်ဖြစ်ကြောင်း(၄)ပါးနဲ့ အတူတူပါပဲ။ ဒီ(၄)ပါးလုံး ပြည့်စုံအောင် ကြိုးစားနေရမှာ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အဓိက သူတော်ကောင်းတရားတွေ နာ၊ သူတော်ကောင်းတရားတွေ အားထုတ်။ အဲဒါကိုပဲ တစ်လုံးတည်းပြောတော့ အရိယာဓမ္မေ ကောဝိဒါ။ အရိယာသူတော်ကောင်းတွေရဲ့ တရားမှာ လိမ္မာကျွမ်းကျင်တယ်။ အလေ့အကျက် တစ်လုံးပါသွားတယ်။

မလိမ္မာမကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေကျတော့ အရိယာဓမ္မေ အဒဿန်–မဆည်းကပ်ဘူး။ အရိယာသူတော်ကောင်းတွေကို ဝေးဝေးက ရှောင်ပြေးတယ်။ ထွက်ပြေးတယ်။ မကပ်ဘူး။ အရိယာဓမ္မေ အကောဝိဒါ။

အရိယာသူတော်ကောင်းတွေရဲ့ တရားကိုလည်း စိတ်မဝင်စားဘူး။ တရားက လူတိုင်းစိတ်ဝင်စားတာမဟုတ်ဘူး။ တရားဆိုရင် ထွက်ပြေးရော။

ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက "ခင်ဗျားတို့က အရှောင်အတိမ်းမှာ အတော်ဆုံးဆုပေးလောက်တယ်"ဘုရား၊ တရားနဲ့ မတွေ့အောင် ကြံဖန်ပြီး ရှောင်တတ် ပုန်းတတ်လို့လေ။

တချို့ဆိုရင်သီချင်းလောက်ပဲ နားထောင်ချင်တာ။ စိတ်က သူတော်ကောင်းတရားတွေမှာ မလိမ္မာမကျွမ်းကျင်ဘူး။ အဲဒါကိုပဲ စာပေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာကျတော့ သဒ္ဓမ္မံ အဝိဇာနတံ။

သဒ္ဓမ္မံ–သူတော်ကောင်းတရားတွေကို၊ အဝိဇာနတံ မလိမ္မာသော၊ မသိမမြင်သော ပုဂ္ဂိုလ်ရဲ့ သံသရာဟာ အင်မတန်ရှည်လျားတယ်။ ညမှာ ခဏာခဏာနိုးနေတဲ့သူအတွက် ညဥ့်သုံးယံဟာ အလွန်ရှည်တယ်။ ခရီးပန်းနေတဲ့ပုဂ္ဂိုလ်အတွက် တစ်ယူဇနာခရီးဟာ အင်မတန် ရှည်တယ်။ တစ်ယူဇနာကို (၈)မိုင်၊ တချို့လည်း (၁၃)မိုင် ယူတယ်။

သူတော်ကောင်းတရားတွေကို မသိဘူးဆိုတာ အဝိဇ္ဇာပေါ့ဗျာ။ အဲဒီအဝိဇ္ဇာကြောင့် အယောနိသောမနသိကာရ ဖြစ်တယ်။ အယောနိသောမနသိကာရကြောင့် လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်တယ်။

လောဘ၊ ဒေါသ၊ မောဟတွေကြောင့် အကုသိုလ်ဒုစရိုက်တွေ ဖြစ်တယ်။ အကုသိုလ်ဒုစရိုက်တွေကြောင့် သေတော့ အပါယ်ရောက်။ အဲဒါသံသရာသစ်ငုတ်ဖြစ်တာပေါ့။ ဘယ်တော့မှ မကျွတ်တော့ဘူး။ ဘုရားအဆူဆူတွေပွင့်လည်း မကျွတ်မလွတ်။ အပါယ်တစ်ခါ ရောက်သွားလို့ရှိရင် ပြန်ကျွတ်ဖို့ မလွယ်တော့ဘူး။

အဲဒါဘယ်ကစလည်းဆိုတော့ ပညာရှိသူတော်ကောင်းတွေကို မဆည်းကပ်၊ ပညာရှိသူတော်ကောင်းတွေရဲ့တရားကို မသိမလိမ္မာ၊ ကျွမ်းကျင်အောင်မလုပ်။ သူ ဘာလုပ်နေသလဲလို့ ယောဂီတို့စဉ်းစားကြည့်ပါ။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို လိုက်စားနေတယ်။ အာရုံငါးပါး ကာမဂုဏ်တရားက အဆိပ်တွေပဲ။ ပျားရည်နဲ့ရောထားတော့ ချိုတော့ချိုတယ်။ ဒါပေမယ့် သေတာပဲ။

အာရုံငါးပါး ကာမဂုဏ်တရားဟာ ချက်ချင်းကြီး မီးလောင်သလို ပူလောင်တာတော့မဟုတ်ဘူး။ လောလောဆယ်တော့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ အထိုက်အလျောက်ဖြစ်တာပဲ။

သာယာဖွယ်အနည်းအကျဉ်းရှိပါတယ်။ သို့သော်လည်း ဗဟုဒုက္ခာ–နောက်ပိုင်းကျရင် ဒုက္ခတွေ အများကြီးလာပါလိမ့်မယ်။ စားဝတ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေရေးဒုက္ခကို ပြောတာမဟုတ်ပါဘူး။ စားဝတ်နေရေး ဒုက္ခကတော့ အထိုက်အလျောက် ဖြစ်တာပါပဲ။

ဗဟုဒုက္ခာဆိုတာ သံသရာဒုက္ခကို အဓိကပြောတာ။ ဗဟုပါယာသာ အင်မတန်ပင်ပန်းတယ်။ အပါယ်လေးပါး ပင်ပန်းတာကိုပြောတာ။ စားဝတ်နေရေးလုပ်လို့ ပင်ပန်းတာကတော့၊ သီချင်းဆိုလိုက် ပျောက်သွားတာ။

အပါယ်လေးပါးက သီချင်းဆိုလို့ မရဘူး။ အော်လို့ဟစ်လို့လည်း အသံသာဝင်သွားမယ်။ ဒုက္ခက မဆုံးနိုင်ဘူး။

ဗဟုအာဒီနဝ – အပြစ်ကလည်း အင်မတန်များတယ်။ အပြစ်များမှန်းမသိကြလို့ ပျော်ပျော်ပါးပါးနေကြတာ။ သားနဲ့ သမီးတွေနဲ့ ဇနီး၊ ခင်ပွန်းတွေနဲ့ ပျော်ကြတာပဲပေါ့။ လောဘဖြစ်လိုက်၊ ဒေါသဖြစ်လိုက်၊ မောဟဖြစ်လိုက်။

တစ်နေ့တစ်နေ့ လောဘ၊ ဒေါသ၊ မောဟတွေ အသေချော အနန္တ စုဆောင်းထားတာ။ အဲဒီစုဘူးကြီးက မောက်လျှံပြီး သေခါနီးတော့မှ ဖွင့်ချလိုက်တာ။ ဝုန်းဆို အပါယ်လေးပါးရောက်သွားတယ်။ လူမိုက်တွေ သွားဆုံကြတာပေါ့ဗျာ။

ဗဟုအာဒီနဝါဆိုတာ အဲဒါကိုပြောတာ။ သူများပစ္စည်း ခိုးနေလို့၊ သူများသားမယားတွေ ပြစ်မှားနေလို့ အဲဒီကြမ်းတမ်းတာကို ပြောတာမဟုတ်ဘူး။

ဘယ်လိုသမ္မာအာဇီဝပဲ လုပ်လုပ် လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်တာပဲ။ လောဘ၊ ဒေါသ၊ မောဟနဲ့ မရှင်းနိုင်ဘဲ ဘယ်ရမလဲ။ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လုပ်နေရတာ။ အဲဒါတွေက တစ်နေ့တစ်နေ့ အသချော်အနန္တ။

ဝိပဿနာက ဉာဏ်ပညာ ပြဋ္ဌာန်းတယ်။ အဲဒါ ဉာဏ်ပညာပဲ။ လောကကြီးရဲ့ အပြစ်ကိုမြင်မှ လောကုတ္တရာကို ကြိုးစားချင်တာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လောကကြီးရဲ့ အပြစ်ကိုမြင်မှ ဒိဋ္ဌိခွာနိုင်မှာပေါ့။ လောကကြီးရဲ့အပြစ်ကို မမြင်လို့ သားနဲ့ သမီးနဲ့၊ ဇနီးနဲ့ ခင်ပွန်းနဲ့ ပြုံးပြုံးပြုံးပြုံးနဲ့ အဆင်ချောနေကြတာ။ အပြစ်တွေ မများဘူးလား။

''များပါတယ်ဘုရား''

အဲဒီအပြစ်ကိုမြင်တာ ဉာဏ်ပညာ။ အဲဒါ ပညာပဲ။ အဲဒီအပြစ်တွေကိုမြင်မှ တောထွက်ခြင်းရဲ့ အကျိုးတွေမြင်လာမယ်။ အဲဒီတော့မှ အားထုတ်ချင်တာ။ အပြစ်မမြင်လို့ရှိရင် ဘယ်လုပ်ချင်ပါ့မလဲ။ ငါတို့လှူဒါန်းနေတာပဲ နတ်ပြည်လောက်တော့ ရောက်ပါတယ်။ ပေါ့ပေါ့ဆဆပဲ။ လှူဒါန်းတိုင်း ရောက်တာမဟုတ်ဘူး။

စုတိပျက်ကြွေ သေခါနီးမှာ ဒိဋ္ဌိတွေအားကြီးပြီးတော့ သား သမီး၊ ဇနီး၊ ခင်ပွန်း စွဲပြီးသေရင် ပြိတ္တာဘုံ မရောက်နိုင်ဘူးလား။

''ရောက်နိုင်ပါတယ်ဘုရား''

အလေ့အကျင့် အားကောင်းအောင်၊ အာစိဏ္ဏကံ အားကောင်းအောင် ဒိဋ္ဌိဖြုတ်တဲ့ အလေ့အကျင့်ကို အမြဲတမ်းလုပ်နေရမယ်။ ဉာဏ်ပညာရှိတော့ နှလုံးသွင်းက မှန်တယ်။

ငါ၊ သူတစ်ပါး၊ ယောကျ်ားတွေ၊ မိန်းမတွေ မဟုတ်ဘူး။ ရုပ်တွေ၊ နာမ်တွေပဲ။ ရုပ်တွေ၊ နာမ်တွေက အလုပ်သမားနဲ့ အခိုင်းသမားလိုပေါ့။ ရုပ်က အလုပ်သမား၊ နာမ်က အခိုင်းသမား။ အဲဒီသဘောတွေကို သိမှ၊ ခဏခဏဆင်ခြင်မှ အလေ့အကျင့် ဖြစ်မယ်။

အဲဒါ လေ့ကျင့်မှုကောင်းမှ အလေ့အထဖြစ်တာ။ လေ့ကျင့်တာကတော့ လုပ်ပြီးလေ့ကျင့်ရတယ်။ ဥပမာ–မနက်စောစောထတာတို့၊ ဘုရားရှိခိုးတာတို့၊ တရားထိုင်တာတို့ လုပ်ပြီးလေ့ကျင့်ရတယ်။ ချက်ချင်းကြီး မရဘူး။

အဲဒီလို လေ့ကျင့်ယူတော့ အလေ့အထဖြစ်တယ်။ အလေ့အထဖြစ်တော့ အထူးတလည် အားစိုက်စရာမလိုတော့ဘူး။ ဟာ ... ဒီ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အချိန်က ဘုရားဝတ်တက်ရမယ့်အချိန်ဆို နိုးနေပြီ။ တရားထိုင်ရမယ့် အချိန်ပဲဆို နိုးနေပြီ။ ကျန်းမာရေးမကောင်းတဲ့အချိန်က ထားပေါ့လေ။ ကျန်တဲ့အချိန်က အလွယ်တကူပဲ ဘုရားရှိခိုးလို့ရတယ်။ တရားထိုင်လို့ရတယ်။ တရားနာလို့လည်း ရတယ်။ လည်ပတ်သွားတာပေါ့။

အဲဒီလိုပဲ၊ နှလုံးသွင်းတဲ့ အလေ့အကျင့်ကိုလုပ်ပေးရတယ်။ ရုပ်တွေ နာမ်တွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲလို့ အလေ့အကျင့် လုပ်ပေးလို့ရှိရင် အလေ့အထဖြစ်သွားတယ်။ လောကဓံတွေနဲ့ ကြုံတဲ့အခါမှာ ရိုးရိုးရပ်သူရွာသားတွေကတော့ ကံနယ်လောက်တောင် နှလုံးသွင်းဖို့ မလွယ်ပါဘူး။

သူ့ကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် ကိုယ့်ကံတော့ မမြင်ဘူး။ ဘယ်သူမကောင်းလို့၊ ဘယ်ဝါမကောင်းလို့၊ ကံနယ်မှာတော့''ဘယ်သူမပြု မိမိမှု''ကိုယ်မကောင်းခဲ့လို့ မကောင်းတာနဲ့ တွေ့ရတာ၊ ဒါ''ကံ''နယ်ပေါ့။

**''ဉာဏ်''နယ်ကျတော့''အဝိဇ္ဇာ၊တဏှာ''ကြောင့်ပဲ။** ခန္ဓာရထားလို့ပဲ။ ခန္ဓာ ဘာဖြစ်လို့ရတာလဲ။

''ဒိဋ္ဌိနဲ့တဏှာကို မပယ်နိုင်သေးလို့ပါဘုရား''

လောကဓံ အကောင်းနဲ့ပဲကြုံကြုံ၊ အဆိုးနဲ့ပဲကြုံကြုံ ငါ၊ သူ တစ်ပါး၊ ယောကျ်ား၊ မိန်းမတွေ မဟုတ်ဘူး။ ရုပ်တရားတွေပဲ၊ နာမ်တရားတွေပဲ။ အနိစ္စတရားတွေပဲ၊ ဒုက္ခတရားတွေပဲ၊ အနတ္တတရားတွေပဲ၊ မကြာခဏ အလေ့အကျင့်လုပ်ပေးရတယ်။

တရားရှုမှတ်တဲ့အခါ ပေါ်ရာပေါ်ရာကိုမှတ်တဲ့ အလေ့အကျင့်လုပ်သလို၊ လောကဓံတွေ ကြုံတဲ့အခါမှာ မှတ်တဲ့အခါလည်း မှတ်၊ မမှတ်နိုင်တဲ့အခါမှာ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲ၊ ဒီလိုကို နှလုံးသွင်းပေးရမယ်။ ရှုမှတ်တဲ့အခါကျတော့ အများကြီး အထောက်အပံ့ရတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နည်းနည်းလေးဉာဏ်ရင့်လာတဲ့အချိန်မှာ၊ သမာဓိတွေ အား ကောင်းလာတဲ့အခါမှာ အမျိုးမျိုးမြင်၊ အမျိုးမျိုးကြား။ အဲဒါကို ဒီက အလေ့အကျင့်ရှိထားတဲ့အခါကျတော့ မြင်တာ၊ ကြားတာတွေကို မက်လည်း မမက်မောဘူး။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေပဲ။ မက်မောနေစရာလည်း မလိုဘူး။ ကြောက်လန့်နေစရာလည်း မလိုဘူး။

တရားထိုင်တဲ့အခါမှာ တစ်ခါတစ်ရံလည်း ပြောင်မြင်ရတယ်။ တချို့ မြင်တော့မမြင်ရဘူး။ သူတို့ရဲ့ အရှိန်အဟုန်ကြောင့် ကြက်သီးတွေထပြီးတော့ ဒါ လူတော့ မဟုတ်ဘူး၊ တစ်ခုခုပဲ ဒီလိုသိရတဲ့အခါလည်း ရှိတယ်။

ရှုမှတ်နိုင်ရင် ရှုမှတ်။ မရှုမှတ်နိုင်တဲ့အခါ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပဲလို့ နှလုံးသွင်းလိုက်တာနဲ့ အထူးတလည် မကြောက်ဘူး။ အထူးတလည်လည်း မတပ်မက်ဘူး။ ထိန်းသိမ်းလို့ရတယ်။ ရဟန္တာမဖြစ်သေးတော့ လောဘ၊ ဒေါသတော့ ဖြစ်တာပေါ့။ ရဟန္တာမှ မဟုတ်သေးဘဲ။ ဒါပေမယ့်လို့ ထိန်းသိမ်းလို့ရတယ်။

အလေ့အကျင့်အားကောင်းရင် အလေ့အထဖြစ်တယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလို့ အဲလို ခဏခဏ နှလုံးသွင်းတဲ့ အလေ့အကျင့်လုပ်ထားရင် အလေ့အထဖြစ်တယ်။

ဥပမာဆိုပါတော့ ဂုဏ်တော်ပုတီးစိပ်တဲ့ပုဂ္ဂိုလ်ဆိုရင် ခလုတ်တိုက်တာကအစ ''အရဟံ၊ ဗုဒ္ဓေါ''ဒီလိုဖြစ်နေတယ်။ ဂုဏ်တော်ကို ရွတ်ဖတ်တဲ့အလေ့အကျင့်များထားတော့ အလေ့အထ ဖြစ်နေတယ်။

တစ်ခုခုလေးလွတ်ကျတာနဲ့ ''အရဟံ၊ဗုဒ္ဓေါ'' ဒီလိုဖြစ်နေတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပဲ။ သူများကြားကောင်းအောင် ဟန်လုပ်ပြောတာမဟုတ်ဘူး။ အလေ့အကျင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လုပ်ပါ။ ဒိဋ္ဌိခွာပုံကို ပြောနေတာနော်။

ဒိဋ္ဌိခွာနိုင်ဖို့အတွက် ဒါက ဆင်ခြင်တဲ့အပိုင်း။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရသေးဘူး။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲလို့ ခဏခဏ အလေ့အကျင့်လုပ်ပေးရင် နိဗ္ဗာန်ဘက်ကို ဦးတည်သွားတယ်။

ကမ္ဘာကြီးက ပြားတယ်၊ လုံးတယ် ငြင်းခုံနေကြတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေလို့ ဆိုလိုက်ရင် လုံးတာတွေ၊ ပြားတာတွေ ငြင်းစရာလိုဦးမလား။

''မလိုတော့ပါဘူးဘုရား''

အဲဒါ နှလုံးသွင်းခြင်းရဲ့ အကျိုးသက်ရောက်မှုပဲ။ လောကမှာ အငြင်းအခုံဖြစ်နေတာအမျိုးမျိုးပဲ။ နေလတွေနဲ့ ပတ်သက်တာတို့ ဒီပြင်ဂြိုဟ်တွေနဲ့ပတ်သက်တာတို့၊ ဘာသာတွေနဲ့ပတ်သက်တာတို့ လူမျိုးတွေနဲ့ပတ်သက်တာတို့၊ တိုင်းပြည်နဲ့ပတ်သက်တာတို့။

သစ္စာလေးပါးနဲ့ မဆိုင်တဲ့အလုပ် အတော်များတယ်။ သစ္စာလေးပါးနဲ့ ဘာမျှမဆိုင်ဘူး။ အလကားအလုပ်ပိုတွေ၊ ရုပ်နာမ် ဓမ္မသင်္ခါရတရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေပဲဆိုတော့ အေးမသွားဘူးလား။

''အေးသွားပါတယ်ဘုရား''

ဥပမာ–မြောက်ကျွန်းမှာ ပဒေသာပင်ကြီးတွေရှိတယ်။ ရွှေဂူတွေရှိတယ်။ ငွေဂူတွေရှိတယ်။ ပတ္တမြားဂူတွေရှိတယ်။ ရှင်ပစ္စေကဗုဒ္ဓါရဲ့ ခေတ်တော်တွေရှိတယ်။ အဲဒါ ဘာတွေပါလိမ့်။

''ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပါဘုရား''

အဲဒီလိုကိုနှလုံးသွင်းပေးရမယ်။ အလေ့အကျင့် လုပ်ပေးရမယ်။ နို့မို့ဆိုရင် ဟိုဟာလိုချင်၊ ဒီဟာလိုချင်။ လိုချင်တဲ့ဟာတွေ မရတော့ စိတ်ဆိုးတဲ့အခါ စိတ်ဆိုးတယ်။ အမျိုးမျိုးဖြစ်တာတွေက သက်သာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သွားတယ်။ ဟာ ... နတ်သားနတ်သမီးတွေ တယ်ချောတာပဲတဲ့။ ဘာတွေပါလိမ့်။

''ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပါဘုရား''

အဲဒါ အလေ့အကျင့်လုပ်ဖို့။ ဒါ ရှုနည်းမှတ်နည်းထဲမှာ အပါအဝင်ပဲ။ ဒါကမ္မဋ္ဌာန်းပဲ။ ရှုမှတ်နိုင်တဲ့အခါ ရှုမှတ်။ မရှုမှတ်နိုင်တဲ့အခါ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေလို့ နှလုံးသွင်းနိုင်မှ၊ နို့မို့ဆိုလို့ရှိရင် အယူအဆတွေ မှားတတ်တယ်။

အာရုံထဲမှာ ဝိုင်းဝိုင်းလေး ပေးတာတို့။ လက်လက်ကလေး လာပေးတာတို့။ ဂါထာလာပေးတာတို့။ အင်း လာပေးတာတို့။ မျိုးစုံကြုံတတ်တယ်။ မက်မောစရာလည်း မလိုဘူး။ ပြစ်မှားစရာလည်း မလိုဘူး။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲလို့ နှလုံးသွင်းရမယ်။

အနာဂါမ်ဆရာသက်ကြီးစာအုပ်မှာ မတွေ့ဘူးလား။ ဟိုမှာ ဒီပတ္တမြားကို အုန်းပွဲငှက်ပျောပွဲနဲ့ ထားပါ။ လိုတရပါတယ် ဘာညာနဲ့ လာပေးတယ်။ အနာဂါမ်ဆရာသက်ကြီးက မယူဘူး။ ပြန်ပေးလိုက်တယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို သုံးမင် သုံးဖိုလ်နဲ့ ပိုင်ပိုင်နိုင်နိုင် သိတားတာ။ ဘာမျှ မမက်မောဘူး။

ပုထုဇဉ်တွေကတော့ မက်မောတာပေါ့။ ဘာမျှမဟုတ်တာလေး တောင် မက်မောတယ်။ ဆရာသက်ကြီးကတော့ မမက်မောဘူးတဲ့။ ပြန်ပေးလိုက်တာပဲ၊ မယူပါဘူး။ ပွဲတွေဘာတွေနဲ့ ထိုးထည့်ပြီးတော့ ကိုးကွယ်နေစရာ မလိုပါဘူး။ သူ့မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရထားပြီးသားပဲ။ ဒါတွေဘာလုပ်ဖို့လဲ၊ မလိုပါဘူး။ သူကတော့ မဂ်သုံးဆင့်ရထားလို့ အထူးဆင်ခြင်နေစရာမလိုဘူး။ ရှင်းပြီးသားပဲ။

တို့သူငါတွေက အဲဒီလောက်မရသေးဘူးဆိုရင် လေ့ကျင့်ထားရမယ်။ ရှုမှတ်နိုင်ရင်တော့ ရှုမှတ်ပေးပေါ့။ မြင်တယ် မြင်တယ်။ ကြားတယ် ကြားတယ်။ မရှုမှတ်နိုင်တဲ့အခါကျတော့ ရုပ်နာမ်ဓမ္မ သင်္ခါရ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေ သစ္စာနဲ့ပြောတော့ ဒုက္ခ သစ္စာ။

ဒုက္ခသစ္စာတွေဆိုတော့ ဘယ်ကောင်းမလဲ။ ဘာမျှလိုချင်စရာ မရှိတော့ဘူး။ မသိလို့ လိုချင်နေတာ။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် အားလုံး ဒုက္ခသစ္စာတွေပဲ။

ဉာတပရိညာအားဖြင့် နှလုံးသွင်းထားရမယ်။ လောကဓံတရား တွေနဲ့ပဲ ကြုံကြုံ၊ ဘာတွေနဲ့ ကြုံကြုံ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲ။ ကောင်းကောင်းမွန်မွန် နေရင်း နဲ့ ကိုယ့်ကို ကဲ့ရဲ့ခံရတယ်တဲ့။ ဘယ်လို နှလုံးသွင်းမလဲ။

''ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲလို့ နှလုံးသွင်းပါမယ်ဘုရား''

ချီးမွမ်းတယ်ဆိုရင်လည်း ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေပဲလို့ နှလုံးသွင်းရမယ်။ အဲဒီလို နှလုံးသွင်းလိုက်တော့ ချီးမွမ်းလည်း ဘဝင်မမြင့်တော့ဘူး။

ကိုယ့်ကို ကဲ့ရဲ့နေလည်း ဝမ်းနည်းနေစရာမလိုဘူး။ ပုံမှန်ပဲ ကိုယ့်အလုပ် ကိုယ်လုပ်ရုံပဲ။ မြတ်စွာဘုရားရဲ့တရားတော်ဟာ အင်မတန် မှပဲ အကျိုးမများဘူးလား။

''များပါတယ်ဘုရား''

ဒါ ဆင်ခြင်တဲ့အဆင့်ပဲ ရှိသေးတယ်ယောဂီတို့။ မဂ်ဉာဏ် ဖိုလ် ဉာဏ် မရောက်သေးပါဘူး။ ဆင်ခြင်တဲ့အဆင့် အခြေခံပဲရှိသေးတယ်။ အသုံးမချတတ်လို့။ ဆေးနည်းကျွမ်းကျင်တဲ့ပုဂ္ဂိုလ်နဲ့ မကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်လိုပဲ။

ဆေးနည်းကျွမ်းကျင်တဲ့ပုဂ္ဂိုလ်က ဆားလည်းပဲ ဆေးအဖြစ် အသုံးချလို့ရတယ်။ မီးတွေဘာတွေလောင်တဲ့အခါ ဆားလေးအုံပေး ရတယ်။ ပွတ်ဖို့ မဟုတ်ဘူးနော်။ မှားတတ်တယ်။ တချို့က ဆားအုံပါဆို ဆားနဲ့သွားပွတ်တယ်။ ဆားနဲ့အုံပေးတော့ အပူတွေ စုပ်သွားတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသုံးချတတ်လို့ရှိရင် ဆားလည်း ဆေးပဲ။ နနွင်းလည်း ဆေးပဲ၊ ငရုတ်သီးလည်း ဆေးပဲ၊ အကုန်ဆေးပဲ၊ ကွမ်းရွက်လည်း ဆေးပဲ။ အသုံးမချတတ်ရင်တော့ တစ်ခုခုဖြစ်တာနဲ့ ဆေးခန်းပြေးပေတော့။ ဆေးခန်းရောက်မှ ဆရာကုလိမ့်မယ်။

မြတ်စွာဘုရားရဲ့တရားတော်တွေကိုလည်း တို့က မသိလို့ စာအုပ်ကြီးထဲမှာပဲ သိမ်းထားတယ်။ အမှန်က အသုံးချရမှာ။ ဗုဒ္ဓါနုဿတိတို့၊ မေတ္တာတို့၊ အသုဘတို့၊ မရဏာဿတိတို့ ဒါတွေလည်း အသုံးချရမှာ။

ဝိပဿနာယောဂီဟာ ဝိပဿနာနဲ့ပတ်သက်လို့ ကိုယ့်လုပ်ငန်းနဲ့ အံဝင်ခွင်ကျဖြစ်တဲ့ ဆင်ခြင်တဲ့နည်း၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲလို့ အလေ့အကျင့် လုပ်ပေးရမယ်။ အလေ့အကျင့်လုပ်ပေးရင် အလေ့အထဖြစ်မယ်။

အလေ့အထဖြစ်ရင်''အာစိဏ္ဏကံ''အားကောင်းတယ်။

အာစိဏ္ဏကံ အားကောင်းရင်''အာသန္နကံ''ကို အားပေးတယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေလို့ ဆင်ခြင်ပြီး သေတဲ့ပုဂ္ဂိုလ် အပါယ်ကျပါ့မလား။

''မကျပါဘူးဘုရား''

ဒါ မဂ်ဖိုလ်နဲ့ မဆိုင်သေးဘူး။ မဂ်ဖိုလ်က အဝေးကြီးကျန်သေးတယ်။ မြတ်စွာဘုရားရဲ့တရား ဘယ်လောက်အဖိုးတန်လဲဆိုတာ၊ အဖိုးတန်မှန်း မသိလို့ မေ့လျော့ပေါ့ဆနေကြတာ။ မေ့လျော့ပေါ့ဆနေတော့ အပါယ်ကျတာ များတယ်။

သား သတိရ၊ သမီး သတိရ၊ မခွဲနိုင် မခွာနိုင် မျက်ရည်တွေ တောက်တောက်ကျပြီးသေတော့ အပါယ်ကျတာပေါ့။

မရှုမမှတ်နိုင်တောင်မှ မြတ်စွာဘုရားရဲ့တရားတွေကို သိအောင် လည်းကြိုးစား။ သိတဲ့အတိုင်းလည်း လုပ်ရင် မဂ်ဖိုလ် မရနဲ့ဦး၊ သုဂတိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကတော့ ကျိန်းသေရတယ်။ သိအောင်လည်း မလုပ်ဘူး။ တို့က သိပြန်တော့လည်း မလေ့ကျင့်ဘူး။ ပိုက်ဆံရဖို့အတွက်ပဲ လုပ်တာ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ကို မလေ့ကျင့်ဘူး။ အလေ့အကျင့်ကို မလုပ်ဘူး။

တချို့ ပုတီးလည်း မစိပ်ဘူး။ တရားလည်း မထိုင်ဘူး။ ဘာမျှ ရွတ်ဖတ်မှုလည်း မရှိဘူး။ ဖြစ်ကတတ်ဆန်းနေတာပဲ။ အဲဒီလိုလူမျိုး တွေသေရင် ဘယ်ရောက်မယ်ထင်လဲ။

''အပါယ်လေးပါး ရောက်မှာပါဘုရား''

(၁၀၀)မှာ(၉၉)ယောက် အပါယ်ကျတာပဲ။ သူတို့ရဲ့ အာစိဏ္ဏကံက စီးပွားရေး အာစိဏ္ဏကံ။ အာသန္နကံကျတော့ အဲဒါတွေ ထင်တာပေါ့ဗျာ။ သားတွေသမီးတွေ ဘုစုခရုတွေ သတိရ၊ သေတဲ့အခါ အပါယ်ကျ။ အဲဒါကြောင့်မို့လို့ အာစိဏ္ဏကံမှာ ကုသိုလ်ဖြစ်အောင် အလေ့အကျင့် လုပ်ပေးရတယ်။ ဝိပဿနာယောဂီတွေက ရုပ်နာမ်ခန္ဓ သင်္ခါရတရားတွေ၊ အနိစ္စ၊ တရားတွေ၊ ဒုက္ခတရားတွေ၊ အနတ္တတရားတွေ ဒီလို ခဏခဏ နှလုံးသွင်းရမယ်။

ယောဂီတို့ အခုကြားနေတော့ လွယ်တယ်အောက်မေ့တာ။ ဒါလေးက လူတိုင်းသိတာပဲ။ ယောဂီတို့ သေချာစဉ်းစားကြည့်ပါ။ အဲဒီလို နှလုံးသွင်းဖို့ လွယ်ပါ့မလား။ မလွယ်ဘူး ယောဂီတို့။ လူတွေ နှလုံးမသွင်းကြဘူး။

ကိုယ့်ရဲ့ အဘိုးတွေ၊ အဘွားတွေ၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ မေးကြည့်ပါလား။ များသောအားဖြင့် နှလုံးမသွင်းကြဘူး။ ဒီပြင့်ဟာတွေပဲ နှလုံးသွင်းကြတယ်။ ရုပ်နာမ်ခန္ဓ သင်္ခါရဆိုကတည်းက ငါ၊ သူ၊ တစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်တော့ဘူး။

ဒုက္ခပဲလို့ နှလုံးသွင်းရင် တဏှာကိုပယ်တယ်။

အနိစ္စပဲလို့ နှလုံးသွင်းရင် မာနကိုပယ်တယ်။

အနတ္တပဲလို့ နှလုံးသွင်းရင် ဒိဋ္ဌိကိုပယ်တယ်။ တဒင်္ဂပေါ့။ မဂ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လေးဆင့်မှ မရသေးတာ။ အဲဒီတဒင်္ဂပယ်ရင် တဒင်္ဂအပါယ်တံခါးပိတ်တာ။ အပါယ်တံခါးပိတ်တဲ့ အချိန်သေ၊ အဲဒါ အပါယ်မကျတော့ဘူး။

ရုပ်နာမ်ဓမ္မသ ခ်ါရတရားတွေပဲ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ တရားတွေပဲ၊ အလေ့အကျင့်များများ လုပ်ပေးရတယ်။ တရားအားထုတ်တဲ့ ယောဂီတွေမှာကျတော့ တိုက်ရိုက်ကို အသုံးဝင်တာ။ တရားအားထုတ်တဲ့အခါမှာ အမျိုးမျိုး မြင်တတ်တယ်။ အမျိုးမျိုး ကြားတတ်တယ်။ နိမိတ်တွေကလည်း အမျိုးမျိုး ဖြစ်တတ်တယ်။

အဲဒါတွေ သိထားလို့ရှိရင် ရုပ်နာမ်ဓမ္မ သခ်ါရတရားတွေပဲဆိုရင် ရှင်းထွက်သွားတာပဲ။ ဘာမျှနောက်လိုက်သွားစရာမလိုဘူး။ သာယာမက်မောနေစရာ မလိုဘူး။ အကုန်လုံး ရှုမှတ်လို့ရတယ်။

***

## ရှုမှတ်ပြီးစွာဖို့က အဓိက

ဒီဠှိခွာဖို့ဆိုတာ သာသနာတွင်းကြုံမှ၊ သာသနာတွင်း တရားတွေများများနာမှ၊ များများအားထုတ်မှ ခွာလို့ရတယ်။ ခုနတုန်းက ဆင်ခြင်တာ။ ဆင်ခြင်ရုံနဲ့ မပြီးသေးဘူး။

ရှုမှတ်ပွားများ အားထုတ်မှ။ ရှုမှတ်ပွားများတဲ့ အခါကျတော့ ရုပ်တွေ နာမ်တွေရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသိတာ ဝိပဿနာဉာဏ်ပဲ။

သိအောင်လုပ်တာ ဝိပဿနာအလုပ်ပဲ။

သိမှ ဝိပဿနာဖြစ်တယ်။ တည်ရုံနဲ့ ဝိပဿနာ မဖြစ်ဘူး။ ဝိပဿနာဉာဏ်ဆိုတာ ဘယ်ဟာရှုရှု၍ဖြစ်သနည်းဆိုတာ၊ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းနိုင်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးကိုရှုမှ ဝိပဿနာဉာဏ်ဖြစ်တာ။ ဥပါဒါနက္ခန္ဓာငါးပါးဟာ ဘယ်မှာပေါ်ပါလိမ့်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်မှာ ပေါ်ပါတယ် ဘုရား''

အာရုံခြောက်ပါးနဲ့ ဒွါရခြောက်ပါး တိုက်ဆိုင်တဲ့အခါမှာ အပွင့် ဓာတ်ခြောက်ပါး ဖြစ်လာတယ်။ အဲဒါ ဥပါဒါနက္ခန္ဓာငါးပါးပေါ့။ အဆင်း နဲ့ မျက်စိ တိုက်ဆိုင်တဲ့အခါမှာ မြင်သိစိတ်ပေါ်။ မြင်စိတ်ဆို နောက်က အတွဲလိုက် ပါလာတာပဲ။ ဖဿ ဝေဒနာတို့ စေတနာတို့ စေတသိက် တွေ အမြဲပဲ နောက်ကလိုက်နေတာ။

မျက်စိအကြည်ကလည်းရုပ်၊ အဆင်းကလည်းရုပ်၊ ရုပ်ဥပါဒါ နက္ခန္ဓာ။

မြင်သိစိတ်က ဝိညာဏ်ဥပါဒါနက္ခန္ဓာ။

မြင်လို့ကောင်းတာ မကောင်းတာက ဝေဒနာဥပါဒါနက္ခန္ဓာ။

မြင်ရတဲ့အဆင်းကို မှတ်သားတာက သညာဥပါဒါနက္ခန္ဓာ။

မြင်အောင် နှလုံးသွင်း အားထုတ်တာက သင်္ခါရဥပါဒါနက္ခန္ဓာ။

အဲဒီခန္ဓာငါးပါးကို မြင်ဆဲမှာ ရှုရမှာ။ တစ်ကိုယ်လုံး တစ်ကောင် လုံး အကောင်လိုက်ကြီးရှုရမှာ မဟုတ်ဘူးနော်။ အကောင်လိုက်ကြီးဆို အသုဘကမ္မဋ္ဌာန်း ဖြစ်သွားလိမ့်မယ်။ ဖောင်းတယ်၊ ပိန်တယ်လို့ မှတ် နေတာ ဘယ်မှာပေါ် ...

''ကိုယ်မှာပေါ်ပါတယ်ဘုရား''

ဖောင်းတာလည်း လှုပ်ရှားတဲ့သဘော၊ ပိန်တာကလည်း လှုပ် ရှားတဲ့သဘော။ ဖောင်းတဲ့လှုပ်ရှားတဲ့သဘောက ရုပ်တရား။ ဖောင်း တယ်လို့ သိတဲ့စိတ်က နာမ်တရား။ အဲဒီတော့ ရုပ်နဲ့နာမ်ပဲ ရှိတယ် ရှိတာကလည်း ရုပ်နဲ့နာမ်။ သိတာကလည်း ရုပ်နဲ့နာမ်။ အရှိနဲ့အသိ ကိုက်မသွားဘူးလား။

''ကိုက်သွားပါတယ်ဘုရား''

အရှိနဲ့အသိကိုက်တာ ဝိပဿနာလုပ်ငန်းပဲ။ ဝိပဿနာက ရှုရင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်ရင်းနဲ့ ရုပ်နဲ့နာမ်လို့သိတော့၊ ရှုရင်းမှတ်ရင်းနဲ့ ဘာကွာသွားပါလိမ့်။

"သက္ကာယဒိဋ္ဌိ ကွာသွားပါတယ်ဘုရား"

အဲဒီလို ရှုရင်းမှတ်ရင်းနဲ့ သက္ကာယဒိဋ္ဌိခွာတာ တီရဏပရိညာနဲ့ ခွာတာ။ အကြောင်းအကျိုးလေးကြည့်ရအောင်၊ ဖောင်းတဲ့သဘောပေါ်လာတော့ ဖောင်းတယ်မှတ်တာ။ ပိန်တဲ့သဘောကလေးကြောင့် ပိန်တယ်လို့မှတ်တာ။

ဖောင်းတာပိန်တာက အကြောင်း၊ ရှုမှတ်တာက အကျိုး၊ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ။ နတ်တွေ၊ သိကြားတွေ ဖန်ဆင်းတာပါရဲ့လား။

"မပါပါဘူးဘုရား"

အကြောင်းလည်းပဲ ဖြစ်ပျက်၊ အကျိုးလည်းပဲ ဖြစ်ပျက်၊ အကြောင်းကလည်း ရုပ်နာမ်၊ အကျိုးကလည်း ရုပ်နာမ်။ အဲဒီလို အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းတော့ . . .

"ဝိစိကိစ္ဆာ စင်ပါတယ်ဘုရား"

အကျိုးပေါ်မှာ ဉာဏ်ရှင်းတော့

"ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား"

ခန္ဓာငါးပါးဟာ ဝိပဿနာရဲ့အရှုခံ။ စာပေလိုပြောတော့ နည်းနည်းကျယ်တာပေါ့။ လက်တွေ့လုပ်တဲ့အခါ ကျဉ်းကျဉ်းလေးပဲ။ ပေါ်ရာ ပေါ်ရာ ရှုမှတ်ရုံပဲ။ ရုပ်ထင်ရှားရင် ရုပ်မှတ်၊ နာမ်ထင်ရှားရင် နာမ်မှတ်၊ အဲဒါ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတာပဲ။

စာလိုကတော့ အများကြီးပေါ့ဗျာ။ သတိပဋ္ဌာန်(၄)ပါးကို အကျယ်ချဲ့ပြီးရှင်းပြရင်လည်း အများကြီး၊ အဘိဓမ္မာ(၇)ကျမ်းဆိုတာလည်း ရုပ်တွေ နာမ်တွေအကြောင်း ရေးထားတာပဲ။

လက်တွေ့လုပ်တဲ့အခါ ပေါ်ရာပေါ်ရာမှတ်ရုံပဲ။ ဖောင်းတာ ပေါ်ရင် ဖောင်းတာမှတ်၊ ပိန်တာပေါ်ရင် ပိန်တာမှတ်။ ထိုင်တာထိတာပေါ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရင် 'ထိုင်တယ်၊ထိတယ်' မှတ်။ နာတာကျင်တာပေါ်ရင် 'နာတယ်၊ ကျင်တယ်' မှတ်။ ကိုက်ရင် ကိုက်တယ် မှတ်။

ပစ္စုပ္ပန်တည့်တည့် ရှုမှတ်လို့ရှိရင် ပထမဦးဆုံး သတိတွေ အားကောင်းလာလိမ့်မယ်။ အလေ့အကျင့်လုပ်ပါများတော့ မှတ်တဲ့အလေ့အထ ဖြစ်လာတယ်။ ခုနတုန်းက ဆင်ခြင်တာ ပြီးသွားပြီ။ ခုဟာ ရှုမှတ်တာ ရောက်နေပြီ။

ရှုမှတ်တဲ့ အလေ့အကျင့်ကို တွန်းလုပ်ရတယ်။ မပျင်းမရိ တွန်းကြိုးစားရတယ်။ အဲဒီအချိန်မှာ ပညာမပါသေးဘူး။ ပညာတွေ မထည့်နဲ့ဦး။ သဒ္ဓါနဲ့ တွန်းမှတ်နေရတယ်။ တွန်းမှတ်ပါများတဲ့အခါကျတော့ အလေ့အကျင့်ကနေ အလေ့အထဖြစ်လာတယ်။ ဘာလေးပဲ ရွတ်လိုက်ရွတ်လိုက် မှတ်ပြီးသား မှတ်ပြီးသား။ ကွေးရင်လည်း မှတ်တယ်။ ဆန့်ရင်လည်း မှတ်တယ်။

တရားကို ရှိသေတဲ့ပုဂ္ဂိုလ်များဟာ အသေးစိတ်အမူအရာက အစ အကုန်မှတ်တယ်။ အားလုံးကို မမှတ်နိုင်တာတောင်မှဘဲ ခဏခဏ မှတ်ဖြစ်တယ်။ ယောဂီတို့ ခန္ဓာဉာဏ်စိုက်ထားပါ။ ယောဂီတို့ကိုယ်တိုင် မှတ်နေတာပဲ။ ခဏခဏ မှတ်စရာတွေ မပေါ်ဘူးလား။

''ပေါ်ပါတယ်ဘုရား''

အေး ... အဲဒါအလေ့အထပဲ။ အလေ့အကျင့်လုပ်တော့ အလေ့အထဖြစ်တာ။ ခဏခဏမှတ်နေတယ်။ ကွေးရင်လည်း အများကြီးမမှတ်နိုင်တောင်မှ''ကွေးတယ်၊ကွေးတယ်''တစ်ချက်နှစ်ချက်တော့မှတ်တယ်။ ဆန့်ရင်လည်း''ဆန့်တယ်၊ဆန့်တယ်''၊ ဖိနပ်စီးရင်လည်း ''စီးတယ်၊ စီးတယ်''၊ သွားရင်လည်း ''သွားတယ်၊သွားယ်''၊ ဒီလိုကို မှတ်အားတွေက နောက်ကလိုက်လိုက် အလျင်ပါလာတယ်။ နောက်ကနေ တစ်ယောက်ယောက်ကနေ ပြောပေးနေသလို မှတ်အားတွေ ပါလာတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အလေ့အကျင့်နဲ့ အလေ့အထတွဲပြောနေတာနော်။ အလေ့အကျင့်က ပုဂ္ဂလဗျာပါဒနဲ့ဆိုင်တယ်။ အလေ့အထက ဓမ္မဗျာပါဒနဲ့ဆိုင်တယ်။ ပုဂ္ဂလဗျာပါဒဆိုတာ လုပ်ပြီးကြိုးစားနေရတယ်။ လုပ်ပြီးရှူနေရတယ်။ ပိုင်ပိုင်နိုင်နိုင် မရသေးဘူး။

ဖောင်းတယ်၊ ပိန်တယ် မနည်းကို တွန်းမှတ်နေရတယ်။ ဖောင်းတယ်၊ ပိန်တယ် ပျောက်သွားရင် ထိုင်တယ် ထိတယ်။ ဟာ ‥ ဟိုဟာမှတ်ရတော့မလို၊ ဒီဟာမှတ်ရတော့မလို။ သွားတာ လာတာက အမှတ်တွေလွတ်တာက များ။ ဆွမ်းစားတာလည်း အမှတ်ကလွတ်တာ များ။ အမှတ်လွတ်တာတွေက များတော့ နောက်ကနေ တရမန်းကြမ်းကို တွန်းပြီး လိုက်မှတ်နေရတယ်။ အလေ့အကျင့်ကို ပြောနေတာနော်။

အဲဒီလို အပင်ပန်းခံ၊ အနစ်နာခံတဲ့ ယောဂီကျတော့ ဟော ‥ လေးငါးရက် ရလာပြီဆိုရင် နည်းနည်းလေး အလေ့အထဖြစ်လာပြီး အတင်းတရမန်းကြမ်း လိုက်မှတ်စရာ မလိုတော့ဘူး။ မှတ်စရာအာရုံက တဖြည်းဖြည်း ရှေ့ကိုရောက်လာသလိုပဲ။ အစတုန်းက တရမန်းကြမ်း လိုက်မှတ်နေရတယ်။

ဘယ်ဟာမှတ်ရပါ့မလဲ။ ဘယ်ဟာမှတ်ရပါ့မလဲ။ မှတ်စရာကို လိုက်ရှာနေရတယ်။ မှတ်စရာတွေ တစ်ပုံတစ်ခေါင်းကြီးကို မနည်း လိုက်ရှာနေရတယ်။ သတိအားနည်းသေးတာကိုး။ လေးငါးရက် လောက်ကြာတော့ သတိအားကောင်းလာတဲ့အခါကျတော့ မှတ်စရာတွေအများကြီးမို့လို့ မှတ်တောင် မမှတ်နိုင်တော့ဘူး။

***

## အတွင်းကို ဦးစားပေးမှတ်

မြင်တာတွေရော ကြားထားတာတွေရော မျိုးစုံမှတ်စရာတွေ များတဲ့အခါမှာ နည်းနည်းသတိပေးချင်တာက အစယောဂီတွေဆိုရင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပြင်နဲ့အတွင်းမှာ အတွင်းကို ဦးစားပေးမှတ်ပါ။ အစယောဂီကို ပြော တာ့။ အင်မတန် ရင့်ကျက်သွားရင်တော့ အတွင်းလည်း မှတ်လို့ရ တယ်။ အပြင်လည်း မှတ်လို့ရတယ်။ ကြုံရင်ကြုံသလိုမှတ်ရတယ်။ ထင်ရှားရာ ထင်ရှားရာ မှတ်ရတာပေါ့။

အပြင်က ထင်ရှားရင်တော့ အပြင်ကို မှတ်ရတာပေါ့။ ဒါပေမယ့် အပြင်ကို သိပ်ဦးစားမပေးနဲ့။ အတွင်းကို ပိုဦးစားပေး။ ကိုယ်က အခု မှ လေ့ကျင့်ခါစပဲ ရှိသေးတယ်ဆိုရင် ဟိုမှာ ဘာမျှ ကိုယ်က အတွင်း ကို မကြည့်ဘဲနဲ့ အပြင်ကို မြင်တယ် မြင်တယ်။ ကြားတယ် ကြား တယ်။ သက်သက်မြင်အောင်လုပ်ပြီး မြင်တယ် မြင်တယ်၊ သက်သက် ကြားအောင်လုပ်ပြီး ကြားတယ်ကြားတယ် စိတ်တွေပျံ့တတ်တယ်။

သက်သက်လိုက်ကြည့်ပြီးတော့''မြင်တယ်၊ မြင်တယ်'' မှတ်ရ မှာမဟုတ်ဘူး။ သွားရင်းလာရင်းနဲ့ မလွဲသာမရှောင်သာ မြင်လာမှ မြင်တာထင်ရှားမှ ''မြင်တယ်၊ မြင်တယ်''မှတ်ရတာ။

မျက်စိမှိတ်ထားပေမယ့် အာရုံထဲမှာမြင်လာမှ ''မြင်တယ်၊ မြင် တယ်''မှတ်ရတာ။ ဒါပေမယ့် အစသမားဆိုတာ တစ်ရက် နှစ်ရက် သမားကိုပြောတာ။ မှတ်အား သိပ်မကောင်းသေးဘူး။ တစ်လလောက် ပဲကြာကြာ မှတ်အားမမိဘူးဖြစ်နေတယ်။ မှတ်တာက ခွင်ကို မကျဘူး ဖြစ်နေတယ်ဆိုရင် ...

အတွင်းခန္ဓာကိုယ်မှာ မာတာတွေ ပျော့တာတွေ၊ ပူတာတွေ အေးတာတွေ၊ ထိုင်တာတွေ ထိတာတွေ၊ အဲဒါကို ဦးစားပေးမှတ်။ အပြင်ကို မမှတ်ရဘူးလို့ ပြောတာမဟုတ်ဘူးနော်။ မှားသွားမှာစိုးလို့ ပြောရသေးတယ်။

အပြင်မှာ ဒေါင်ဒေါင်နဲ့ ကြားရင် 'ကြားတယ် ကြားတယ်' မှတ်ပစ်လိုက်။ တစ်ခုခုမြင်လို့ရှိရင်လည်း 'မြင်တယ်၊ မြင်တယ်'မှတ်။ သက်သက်ကြီးအပြင်ကို ဦးစားပေးမမှတ်နဲ့။ မြင်ရင် 'မြင်တယ် မြင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်' မှတ်ရတာပဲဆိုပြီး လျှောက်ကြည့်နေရင် မရဘူး။

**မျက်စိက သမာဓိကို အဖျက်ဆုံးပဲ။**

အဲဒီ အတွင်းကို ဦးစားပေးမှတ်။ အတွင်းမှာ တော်တော်ရင့်ကျက်လာပြီဆိုတော့မှ အပြင်ကိုမှတ်။ အတွင်းရော အပြင်ရော မျှမျှတတမှတ်။ ကိုယ့်မှာ သိပ်ပြီးတော့ သတိအားမကောင်းသေးဘူးဆိုရင် အတွင်းကို ဦးစားပေးမှတ်။

ဥပမာ–မျက်စိထဲမှာ မြင်လာတယ်ဆိုပါတော့၊ မြင်တယ် မြင်တယ် မှတ်တယ်။ မပျောက်ဘူးဆိုပါတော့၊ ဘယ်ကိုပြန်မှတ်မလဲ။ ခန္ဓာကိုယ်အတွင်းကို ပြန်မှတ်။ ခန္ဓာအတွင်းမှာ နာတာ ကျင်တာတွေ၊ လှုပ်တာ ရွတာတွေ၊ လှုပ်လှုပ်လေးတွေ၊ ရွရွမွမွလေးတွေ ယောဂီတို့စိုက်ကြည့်ရင် မရှိဘူးလား။

"ရှိပါတယ်ဘုရား"

သူ့ကို ဦးစားပေးလိုက်။ အပြင်နဲ့အတွင်း ယှဉ်ပြီးပေါ်လာရင် အတွင်းကို ဦးစားပေးလိုက်။ အတွင်းဆိုတာ စိတ်ကူးလည်း ပါဟယ်နော်။ ရွရွမွမွမှ မဟုတ်ဘူး။ စိတ်ကူးတာပေါ် လာရင် 'စိတ်ကူးတယ် စိတ်ကူးတယ်'။ စဉ်းစားတာပေါ်ရင် 'စဉ်းစားတယ် စဉ်းစားတယ်'။

**စိတ်ထဲမှာ ပေါ်လာတဲ့သဘောကိုလည်းဦး စားပေးမှတ်။** အတွင်းကို ဦးစားပေးမှတ်လိုက်တဲ့အခါကျတော့ စိတ်ဟာ သိပ်မပျံ့တော့ဘူး။ အတွင်းကို ခဏခဏကြည့်တဲ့အလေ့အကျင့်ကို လုပ်ပေးရတယ်။

ခုနတုန်းက ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေပဲလို့ ဆင်ခြင်တဲ့အလေ့အကျင့်လုပ်သလို ရှုမှတ်တဲ့အခါကျတော့ အတွင်းကို များများရှုမှတ်တဲ့ အလေ့အကျင့် လုပ်ပေးရမယ်။ ခန္ဓာအတွင်းကိုဆိုလိုတာ။ မှတ်တဲ့အခါမှာ စူးစူးစိုက်စိုက်လေးကြည့်ရမယ်။ တို့မဟာစည်ယောဂီတွေဟာ များသောအားဖြင့် ...



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**ဝေါဟာရပေါ် တင်တင်နေတတ်တယ်။**

ယောဂီတိုင်းကို ပြောတာမဟုတ်ဘူးနော်။ တချို့တချို့ကို ပြောတာ။ ဖောင်းတယ် ပိန်တယ်ဆိုလည်း ဖောင်းတယ် ပိန်တယ် ဝေါဟာရပေါ် တင်နေတယ်။ ထိုင်တယ် ထိတယ်ဆိုလည်း ထိုင်တယ် ထိတယ် ဆိုတဲ့ စကားလုံးအပေါ် တင်နေတယ်။

စကားလုံးက အထိန်းသဘောအနေနဲ့ထိန်းတာ။ ခန္ဓာအတွင်းကို ကြည့်ချင်လို့ ဖမ်းထိန်းထားတာ။ ပျံ့သွားမှာစိုးလို့။ ထိုင်တယ် ထိတယ် ဆိုရင်းကနေ ...

**ထိုင်တဲ့အခါ တောင့်နေတဲ့သဘောလေးကို နည်းနည်း သိအောင်ကြည့်။ ထိတဲ့အခါမှာ မာနေတာ၊ ပျော့နေတာ အဲဒါလေးကိုလည်း သိအောင်ကြည့်။ စူးစူးစိုက်စိုက်လေး ကြည့်ရတယ်။**

ဒါပေမယ့်လို့ သမာဓိလွန်တဲ့ပုဂ္ဂိုလ်တွေ၊ အတိတ်စိတ်လွန်တဲ့ ပုဂ္ဂိုလ်များကျတော့ ထိုင်တာထက် စကြံများများ လျှောက်ပေးရတယ်။ အထိုင်နည်းနည်းများလာလို့ရှိရင် တွန့်လိမ်နေတာပဲ။ သမာဓိ လွန်လာတဲ့ အခါကျရင် အတိတ်စိတ်ကျတာမျိုး ဖြစ်တတ်တယ်။ အားပေးတာ မဟုတ်ဘူး။ ဖြစ်တတ်တဲ့ သဘောပြောတာ။

ထူးထူးခြားခြားဖြစ်မှ တရားရတယ်။ အဲဒီလိုသွားမယူနဲ့၊ မှားကုန်မယ်။ အဲဒီလို မဟုတ်ဘူး။ ဖြစ်တတ်တဲ့သဘောကို ပြောတာ။ ဖြစ်ရင် ဆက်မှတ်ပေါ့။ အဲဒါ အထိုင်တွေများနေလို့ သမာဓိလွန်ကဲပြီးတော့ နည်းနည်းလေး စိတ်က ညွှတ်တာနဲ့ ညွှတ်တဲ့အတိုင်း ဖြစ်သွားရော။

ဒါပေမယ့်လို့ စိတ်ကူးတယ်လို့ မထင်ဘူး။ ဘယ် .. ဒီဟာကြီး ဘယ်စိတ်ကူးပါ့မလဲ။ စိတ်က အင်မတန်မြန်တယ်ယောဂီတို့။ အင်မတန်အံ့ဩဖို့လည်း ကောင်းတယ်။ က'လိုက်ရင် ကောင်းမှာပဲ ဆိုပြီး က'နေတယ်။ က'လိုက်ရင်ေ ကာင်းမှာပဲဆိုတဲ့ စိတ်ကလေးက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖျတ်ဆို ပေါ်ပြီး ပျောက်သွားတယ်။ အဲဒီစိတ်ကလေးရဲ့သတ္တိကြောင့် သမာဓိကနေစွဲပြီးတော့ အကောင်အထည်ဖော်ပေးလိုက်ပြီး ကွေးနေအောင် က'တာ။

က'လိုက်ရင် ကောင်းမှာပဲဆိုတဲ့စိတ်က ဘာဖြစ်လို့ပေါ်သလဲဆိုတော့ အတိတ်အတိတ်တုန်းက အလေ့အကျင့်က ပါလာတာ။ ဟိုတုန်းက ကချေသည်တို့ ဘာတို့ ဖြစ်ခဲ့ရင်ဖြစ်ခဲ့ဖူးမှာကိုး။ သက်သက်ဟန်လုပ်တာပဲ၊ ဒီလိုလည်း အပြစ်တင်လို့ မရဘူး။ ထူးခြားတယ်ဆိုပြီး တချို့က ဒါ ထူးထူးခြားခြားပဲ၊ ဒီလိုကြီးလည်း သွားယူလို့မရဘူး။ မဗ္ဗမပဋိပဒါ အင်မတန်အရေးကြီးတယ်။ ဘယ်သူမှ ဟန်လုပ်ပြီးတော့ အရှက်အကွဲခံပြီး က'တာ မဟုတ်ဘူး။ သူ့ဘာသာသူ ဖြစ်လာတာ။

ခန္ဓာကိုယ်က ထိန်းလို့မရအောင် ဖြစ်တာတွေရှိတယ်။ ချာလပတ်လည်သွားတာရှိတယ်။ တချို့လည်း တစောင်းကြီး ဖြစ်နေတာတွေရှိတယ်။ တချို့လည်း အမျိုးမျိုးလှုပ်တာတွေရှိတယ်။

ဝါယောဓာတ်တွေ ဖောက်ပြန်လို့ဖြစ်တာ။

ကိုယ်က သက်သက်လုပ်တာ မဟုတ်ဘူး။ သူ့ဟာသူဖြစ်တာ၊ ဘာမှအပြစ်မရှိပါဘူး။ ဆတ်ခနဲဆို လက်က အပြင်ကို ကားသွားလိုက်၊ နဂိုအနေအထား ပြန်ရောက်လိုက်။ တစ်ခါတလေကျတော့ ဒူးခေါင်းက အပေါ်ကို မြောက်မြောက်တက်လာလိုက် ပြန်ကျကျသွားလိုက်။ အဲဒါမျိုးတွေ မရှိဘူးလား။

''ရှိပါတယ်ဘုရား''

အဲဒါ မိမိက သက်သက်လော်လည်ပြီး လုပ်နေတာလား။ သူ့ဘာသာသူ ဖြစ်တာလား။

''သူ့ဘာသာသူ ဖြစ်တာပါဘုရား''

အဲဒီလို ဖြစ်လာတဲ့အခါကျတော့ ဟာ. . . ဘယ်လိုဖြစ်တာလဲ။ 'ဖောင်းတယ်၊ ပိန်တယ်'၊ 'ထိုင်တယ်၊ ထိတယ်' မှတ်နေတာ လက်ကြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကနေ အပေါ်ကိုတက်တက်လာပြီး ပြန်ကျသွားတယ်။ နောက်တစ်ခါ ထပ်ထားတဲ့ လက်က ကွာသွားတယ်။ နောက်တစ်ခါ ပြန်စုလာပြန်ပြီ။ ဘယ်လိုဖြစ်နေတာလဲ။ ငါရှုမှတ်တာ ဟုတ်ရောဟုတ်ရဲ့လား။ အရူးများ ဖြစ်တော့မလား။ ဆန်းစစ်တဲ့ဉာဏ်လေးတွေ မဝင်ဘူးလား။ အဲဒါ ကျတော့ ဘာပရိညာခေါ်မလဲ။

''တီရဏပရိညာပါဘုရား''

အဲဒါ ဝါယောဖောက်ပြန်ရင်လည်း အဲဒီလိုဖြစ်တယ်။ ဝါယော ဖောက်ပြန်ရင် ခန္ဓာကိုယ်မှာ တဆတ်ဆတ်ဖြစ်တတ်တယ်။ ဝါယော ဖောက်ပြန်ရင် သူ့ဘာသာသူ သမာဓိလေး အထိုက်အလျောက် ရလာ ရင် ဖြစ်လာတတ်တယ်။ သမာဓိ နည်းနည်းလေးရသေးတယ်၊ တချို့က ဖြစ်နေတယ်။

လူတစ်ယောက်မှာ ဓာတ်ကြီးလေးပါး၊ မြွေကြီးလေးကောင်ဟာ တစ်ယောက်နဲ့တစ်ယောက် မတူဘူး။ တချို့က တေဇောလွန်ကဲတယ်။ တချို့က အာပေါလွန်ကဲတယ်။ အခု တစ်ယောက်နဲ့တစ်ယောက် ကြည့် တဲ့အခါကျတော့ ယောကျ်ား၊ မိန်းမ ဒီလိုထင်တာ။ သူတို့က ယောကျ်ား ပဲ၊ မိန်းမပဲ၊ ဆရာလေးတွေ၊ ဆရာမတွေ ဒီလိုထင်တယ်။ အပြင် အနေနဲ့ပြောရရင်တော့ မှန်ပါတယ်။

တကယ့်တကယ်တော့ အကုန်လုံးဟာ ဓာတ်ကြီးလေးပါးတွေ။ အခုထိုင်နေကြတာ ဓာတ်ကြီးလေးပါး။ ဟောနေတာလည်း ဓာတ်ကြီး လေးပါးပဲ။ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ် ဆိုတဲ့ ဓာတ်ကြီး လေးပါး။

ယောကျ်ား၊ မိန်းမ အောက်မေ့နေတာ။ သေသေချာချာ ဉာဏ် နဲ့ ကြည့်ပါ။ တချို့များ လှုပ်လှုပ်လှုပ်လှုပ်နဲ့ လှုပ်နေတာပဲ။ ဝါယော ဓာတ်လွန်ကဲရင်လည်း လှုပ်တယ်။ ပထဝီဓာတ် လွန်ကဲရင်လည်း ငြိမ်ပြီးတော့ မာတောင့်နေတယ်။ လှုပ်လို့ကို မရဘူး။ စေးကပ်ပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မာတောင့်နေတာ။

ဘယ်လိုဖြစ်ကုန်တာလဲ၊ လေဖြတ်တော့မလား မသိဘူး။ သံသယတွေ ဖြစ်တတ်တယ်။ သံသယတွေမဖြစ်နဲ့။ သူက အရှိအတိုင်း ပြတာ။ ယောက်ျား၊ မိန်းမ ထင်နေတာ။ ယောက်ျား၊ မိန်းမ မဟုတ်ဘူး။ ငါ လေဓာတ်ပဲ။ ငါက မြေဓာတ်ပဲ။ ငါက ရေဓာတ်ပဲ။ ငါက မီးဓာတ်ပဲ။ ဒါမျိုးတွေ မကြုံရဘူးလား။

''ကြုံရပါတယ်ဘုရား''

ဒါ ဖောက်ပြန်တဲ့အပိုင်းကို ပြောနေတာ။ တရားအားထုတ်ရင်းနဲ့ တစ်ခါတလေ အေးသွားတယ်။ တစ်ခါတလေကျတော့ ပူလောင်နေတာပဲ။ ဘာဓာတ်လွန်ကဲလို့ပါလိမ့်။

''မီးဓာတ်၊ တေဇောဓာတ် လွန်ကဲတာပါဘုရား''

တချို့ကလည်း သွားရည်တွေကျ၊ တံတွေးတွေကျနဲ့ အာပေါဓာတ်တွေ လွန်ကဲနေတယ်။ တချို့ကျတော့ ကျောက်ပြင်ကြီးလို မာတောင့်နေတာပဲ လှုပ်လို့မရဘူး။ ဘာဓာတ်လွန်ကဲလို့ပါလိမ့်။

''ပထဝီဓာတ်လွန်ကဲတာပါဘုရား''

လှုပ်နေတာက ဝါယောဓာတ်လွန်ကဲတာ။ မင်းက ယောက်ျား၊ မိန်းမလို့ ထင်နေတယ်။ ယောက်ျား၊ မိန်းမ မဟုတ်ဘူးကွ။ သူ့ဟာသူ ဝါယောဓာတ်က လှုပ်နေတာ။

ဖြစ်ပေါ်လာတာကို ကိုယ့်ကိုယ်ကို အထင်ကြီးပြီးတော့ ဘာများဖြစ်တာလဲ။ နောက်ကနေ သာယာပြီးလိုက်သွားရင် အဲဒါအပြစ်ပဲ။ ပေါ်သမျှကို မှတ်ပေးရတယ်။ ဘာပဲပေါ်ပေါ် နောက်ကနေ မှတ်ပေး။

ဝုန်းခနဲ လဲသွားလည်းမှတ်နေ။ သူ့ဟာသူ ကျွမ်းပြန်ပြီးတော့ ဟိုဘက်ရောက်သွား ရောက်သွား။ အဲဒီရောက်တဲ့နေရာမှာ မှတ်။ အဲဒီလိုဖြစ်လို့ တရားထူး တရားမြတ်ရတယ်လို့ မသတ်မှတ်နဲ့နော်။

တချို့နေရာတွေမှာဆို အဲဒီလို သူများထက်ထူးမှ တရားထူး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားမြတ်ရတယ်ဆိုတော့ (၇)အိမ်ကြား (၈)အိမ်ကြား ကြားအောင် အော်ငိုနေရော။ တချို့က အော်ရယ်တယ်။ ထူးသွားအောင်လို့တဲ့။ ထူးတာလား၊ ရှူးတာလား။

"ရှူးတာပါဘုရား"

သက်သက်ကြီးလုပ်တာပဲ။ ဒါကြီးကတော့ သူ့ဘာသူဖြစ်တဲ့ ဟာကို။ လိုက်မှတ်ရမယ့်ဟာကို။ ဆရာတွေက အရေးကြီးတာပေါ့။ ဟာ ။ ။ ။ ဒါ ထူးထူးခြားခြားရတာပဲဆို မြှောက်ပေးတော့ စိတ်ကို ဆွပေးသလို ဖြစ်နေတယ်။ စိတ်ဆိုတာ ကလေးလိုပဲ။ မကောင်းတာ မှန်းသိပေမယ့် လုပ်ချင်တယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ဥစ္စာကို အတင်းလည်း တားထားလို့ မရဘူး။ ငိုချင်ရင် 'ငိုချင်တယ်၊ ငိုချင်တယ်'မှတ်ပေး။ ရယ်ချင်ရင် 'ရယ်ချင်တယ်၊ ရယ်ချင်တယ်' မှတ်ပေး။ အရမ်းရယ်ချင်ရင် သတိနဲ့ ထိန်းရယ်ပြီး နောက်က မှတ်ပေး။ 'ရယ်တယ်၊ ရယ်တယ်၊ သိတယ် သိတယ်' အဲဒီလိုဆို ခဏပဲ။ အာသာပြေသွားတယ်။

မငိုရဘူး။ ရှက်စရာကြီးပဲဆို မရဘူး။ နောက်တစ်ခါ ငိုချင်လာ တော့ ဘယ်လိုမျှလုပ်လို့မရတော့ဘူး။ ထိုင်လို့လည်း မရတော့ဘူး။ ငိုချင်တဲ့အာသာရှိရင် ငိုပါစေ။ နောက်ကနေ လိုက်မှတ်ပေး။ ဒါ တမင် သက်သက်ကြီး လုပ်ငိုတာမဟုတ်ဘူး။

ပီတိ၊ ပဿဒ္ဓိကြောင့် ငိုတာရှိတယ်။ တချို့ကျတော့ ဝမ်းနည်း လို့ ငိုတာရှိတယ်။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ကိုယ်က မှတ် ဖို့ပဲ။

ဘယ်သူနဲ့တွေ့လို့၊ ဘာတွေ့လို့ လုပ်မနေနဲ့။ ဘာတွေ့တွေ့ နောက်ကနေ လိုက်မှတ်ပေး။ အဲဒီလို ရှုမှတ်တဲ့အခါကျတော့ သတိတွေ အားကောင်းလာတယ်။ နောက်ကျတော့ သဘောတွေပဲဆိုတာ မှတ် ရင်းနဲ့ ထင်ရှားလာတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အစကတော့ မှတ်ဖို့ မနည်းလုပ်နေရတယ်။ မှတ်ဖို့ကို မနည်း လုပ်ရတော့ သဘောဆိုတာ မသိသေးပါဘူး။ ငါမှတ်တယ်၊ ငါထိုင် တယ်၊ ငါ့ဗိုက်ကြီးပဲ၊ ငါ့ခြေထောက်ကြီးပဲ ဒီလိုထင်တာ။ ဟောတာ တော့ ဟောနေတာပဲ၊ ရုပ်နာမ်ဓမ္မသ ခ်ါရတရားတွေပဲ။ ခဏခဏ နာနေရတာပဲ။ ဒါပေမယ့် တကယ်ထိုင်တော့ ငါ့ဗိုက်ကြီးပဲ ထင်တာ။ ဘာဖြစ်လို့လဲဆိုတော့ **မှတ်အားနည်းသေးလို့**။

နာရုံနဲ့ မရဘူးဆိုတာ သိပ်ထင်ရှားတာပဲ။ အလုပ်လုပ်တဲ့သူ တွေ သိတာပဲ။ တရားနာရုံနဲ့ မရဘူး။ ပြောလို့တော့ ရတာပေါ့။ ရုပ် တွေ နာမ်တွေပဲဆိုတာ ပြောလို့တော့ရတာပေါ့။ တကယ်ထိုင်တဲ့အခါ ကျတော့ ငါ့လက်ကြီးပဲ၊ ငါ့ခြေထောက်ကြီးပဲ ဒီလိုထင်နေတာ။ ငါ့ခြေထောက်ကြီးတော့ လေဖြတ်တော့မှာပဲ။ ငါ့ကျောကုန်းကြီးတော့ အကြောတွေ ကပ်ကုန်တော့မှာပဲ၊ အမျိုးမျိုးထင်နေတာ။ သဘောကို မရောက်ဘူး။

လေ့ကျင့်ပါများတော့မှ ရှုမှတ်တဲ့အလေ့အထ အားကောင်း လာတာ။ ရှုမှတ်တဲ့အလေ့အထ အားကောင်းလာတော့မှ အရှုခံက လည်း သဘောတွေပဲဆိုတာ ဉာဏ်ထဲမှာရှင်းသွားတာ။ မီးခိုးလေးများ တဖြည်းဖြည်း ပျောက်ပျောက်သွားသလို။ အစက အကောင်လိုက် အထည်လိုက် ထင်နေတာ။ နောက်ကျတော့မှ . . .

**ဝေဒနာက နေရာမရှိတဲ့သဘော ဖြစ်သွားတယ်**။

အစကတော့ ဒူးခေါင်းက နာတယ်။ ခြေမျက်စိက နာတယ်။ ဒီလိုထင်တယ်။ နောက်ပိုင်းကျတော့ နေရာမရှိတော့ဘူး။

နာတဲ့သဘောနဲ့ မှတ်တဲ့သဘော ဒါပဲရှိတော့တယ်။ တဖြည်း ဖြည်း အလေ့အကျင့်ကောင်းလို့ အလေ့အထ အားကောင်းလာပြီဆို ရင် ဝေဒနာနေရာမရှိဘူး။ ကိုက်တဲ့သဘောနဲ့ မှတ်တဲ့သဘော၊ ရွတဲ့ သဘောနဲ့ မှတ်တဲ့သဘော၊ သဘောတွေချည်းပဲ။ အရှုခံကလည်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဘောပဲ၊ အရှုဉာဏ်ကလည်း သဘောပဲ၊ သဘောတွေလို့သိတိုင်း သိတိုင်း ဘာကွာသွားလဲ။

"သက္ကာယဒိဋ္ဌိ ကွာသွားပါတယ်ဘုရား"

အေး ... အဲဒါ ဒိဋ္ဌိကိုခွာနေတာ ယောဂီတို့။ တဒင် ခွာနေတာ။ အဲဒီရောက်အောင်လို့ ခုနတုန်းက တရားနာရတယ်။ တရားနာပြီး တော့ သဒ္ဓါနဲ့ တွန်းမှတ်တဲ့အလေ့အကျင့် လုပ်ရတယ်။ ဆန်းစစ်ရေး တွေ၊ ဝေဖန်ရေးတွေ၊ လေကန်ရေးတွေ လုပ်မနေနဲ့။ ဒီလမ်းက မှန်ကန်လို့၊ အာမခံချက်နဲ့ သင်ပေးနေတာ။

***

## နည်းမှားနေရင် မဂ်ဖိုလ်မရ

မမှန်တဲ့တရားကို သင်ပေးရင် သင်ပေးတဲ့ဆရာ အဝီစိ ကျသွား နိုင် ယ်။ လူတွေကို မှိုင်းတိုက်ပြီး သင်ပေးနေတာ။ မဟုတ်က ဟုတ်က ကြီးတွေ လျှောက်သင်ပေး။ မဟုတ်တာတွေသင်ပေးရင် သင်ပေးတဲ့ သူကိုယ်တိုင် အပါယ်ကိုကျမှာ။

ဥပမာဆိုပါတော့ သတ္တဝါတွေကို လည်ပင်းဖြတ်သတ်ရင် အပြစ် မရှိဘူး။ ခေတ်လေးပါးထဲကို ခေတ်လေးပါး ဝင်သွားတယ်။ ကဲ ... အဲဒါကြီးက မှန်ပါ့မလား။ သူများအသက် သတ်ရာမရောက်ဘူးတဲ့။ အဲဒါ အပြစ်မဖြစ်ဘူးတဲ့။ လည်ပင်းကလည်း ခေတ်လေးပါး။ ဓားက လည်း ခေတ်လေးပါး။ ခေတ်လေးပါးထဲကို ခေတ်လေးပါးဝင်သွားတာ ဘာမျှ အပြစ်မရှိဘူးတဲ့။ မဟုတ်တရုတ် အစမ္ပတွေကို သင်ပေးနေရင် သင်ပေးတဲ့သူပါ အပါယ်ကျဖို့ မကျိန်းသေဘူးလား။

"ကျိန်းသေပါတယ်ဘုရား"

သူ့ကြောင့် သူများတွေ အပါယ်ကျတော့မယ်လေ။ အဲဒီလိုပဲ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယောဂီတို့ ကမ္မဋ္ဌာန်းမှာလည်း အဲဒါတွေရှိတယ်။ သိပြီးရော ဆိုတာလည်း မရှိဘူးလား။

''ရှိပါတယ်ဘုရား''

အဲဒါ ဒကာ ဒကာမတွေကို သတ်တာပဲ။ ဒကာ ဒကာမတွေ တရားရနိုင်ပါလျက်သားနဲ့ ပါရမီပါလျက်သားနဲ့ ''သိပြီးရော''ဆို တော့ မလုပ်တော့ဘူး။ ပျင်းကုန်ရော။ အဲဒါ တကယ်လည်း သိတာမဟုတ် ဘဲနဲ့။ အပေါ်ယံလေးသိတာကို သူတို့ကိုယ်သူတို့ ကိစ္စပြီးပြီ ထင်နေ တာ။ အသိလေးကပ်ထားဆိုပြီး မှိန်းနေတာ။ ရသင့်ရထိုက်တဲ့ တရား ကို ရနိုင်ပါလျက်သားနဲ့ နည်းမှားနေတာနဲ့ မရတော့ဘူး။

အဲဒါ ကိုယ်တည်းဟူသောအကြောင်းကြောင့် မဂ်ဖိုလ်တွေ ဆုံး ရှုံးသွားတာ။ အဲဒီပုဂ္ဂိုလ်လည်း မဂ်ဖိုလ် မရတော့ဘူးသာတွက်ထား။ သူများကို မရအောင်လုပ်ထားလို့ သူလည်း မရတော့ဘူး။

သတိလေးကပ်ထားဆိုတာ တကယ့်ပိဋကတ်သုံးပုံဆောင် ဆရာ တော်ကြီးတွေ၊ အင်မတန်ဉာဏ်ကောင်းတဲ့ပုဂ္ဂိုလ်တွေ၊ အင်မတန် သမာဓိအားကောင်းတဲ့ပုဂ္ဂိုလ်တွေ သတိလေးကပ်ထား ရချင်ရလိမ့်မယ်။

နေယျပုဂ္ဂိုလ်တွေက မချိမဆံ့လုပ်နေရတာ။ မချိမဆံ့ လုပ်နေ တာတောင်မှ သမာဓိက နမ်းစေ့လောက်တောင် မတည်ချင်ဘူး။ ခဏ ခဏ ပျက်နေတာ။

''အသိလေးကပ်ထား''ဆိုရင်တော့ပြီးရော။ ငါးပါးမှောက်ကုန် ရော။ ရှုမှတ်နေရမယ်။ ရှုမှတ်တဲ့အခါ စူးစူးစိုက်စိုက်မှတ်ရမယ်။ စူးစူး စိုက်စိုက် စေ့စေ့စပ်စပ် စိပ်စိပ်ကလေး။ အဲဒါကပ်ခိုင်းတာ မဟုတ်ဘူး။ တစ်ခါတည်း ရှုမှတ်ရင်းနဲ့ သိအောင်ကိုလုပ်ခိုင်းတာ။ အသိလေးကပ် ထားဆိုတာ ပေါ့ပေါ့ဆဆလေး အောက်မေ့နေတာ။ ကိုယ့်ထက် အသချေ်အနန္တ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကြီးတွေ ရရင် ရလိမ့်မယ်။ ကိုယ့် မှာက ကိလေသာတွေ အင်မတန်သောင်းကျန်းနေတာ။ ဒီလောက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်နေတာတောင်မှ ထွက်ပြေးနေတာ။ ကပ်ထားလို့ရပါ့မလား။ ကပ်လို့မရဘူး။ မှတ်ရမယ်။

အနာဂါမ်ဆရာသက်ကြီးနည်းက သမာဓိ လေးရက်လောက် တည်ထောင်ပြီးမှ ငယ်ထိပ်က စကြည့်တာ။ သမာဓိရတော့မှ ကြည့်တာ။ အဲဒါမှန်တယ်။ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တဲ့နည်း။

အဲဒီလို သမာဓိက တစ်ပြားသားမှ မရှိဘဲနဲ့ အသိလေးကပ်ထား။ သမာဓိ မတည်ထောင်ဘဲနဲ့ သမာဓိက နှမ်းစေ့လောက်တောင် မရှိဘဲ **"အသိကပ်ထားပြီးရော"**ဆိုတာမျိုးက ဘယ်တော့မှ မပြီးဘူး။ တစ်သက်လုံးမပြီးဘူး။ အဲဒီနည်းနဲ့သာလုပ်ရင် ဘယ်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရဘူး။ အဲဒါ မှားမှာစိုးလို့ သတိပေးနေတာ။

တို့ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနည်းက အကုန်လုံးနဲ့ သက်ဆိုင်တယ်။ မှတ်ရင်းနဲ့ကြည့်တာ ပါမနေဘူးလား။ အနာဂါမ်ဆရာသက်ကြီးသဘောနဲ့ သွားတူတယ်။

**ဝေဒနာရအပေါ် တင်တင်နေလို့ တော်တော်နဲ့မရတာ။** ဝေဒနာရက အထိန်း။ တကယ် စူးစူးစိုက်စိုက် ခန္ဓာထဲကြည့်ရမှာ။ ဖောင်းတယ် ပိန်တယ်ဆိုလည်း ဖောင်းတဲ့ ပိန်တဲ့ ဝမ်းဗိုက်တစ်ဝိုက်ကို သေသေချာချာ စူးစူးစိုက်စိုက် ကြည့်ရတယ်။

လှုပ်ရှားတဲ့သဘောလေးတွေ၊ ရွတဲ့မွတဲ့သဘောလေးတွေ၊ အဲဒါတွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်း ရောက်ကြောင်းတွေ။ ခန္ဓာပေါ်လာတဲ့သဘောတွေက ဒုက္ခသစ္စာတွေ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

**ဒုက္ခသစ္စာကို သိတိုင်း သိတိုင်း သမုဒယ ပါးပါးသွားတယ်။** တို့ သမုဒယတွေ မပါးတာ၊ တိုးပွားနေတာ အဲဒီဒုက္ခသစ္စာကို မသိလို့။ အဲဒီလို စူးစူးစိုက်စိုက်ကြည့်တော့မှ ရွတာလေးတွေ၊ မွတာလေးတွေ၊ နာတာလေးတွေ၊ ကိုက်တာလေးတွေ၊ အောင့်တာလေးတွေကို သိလာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒါ ဒုက္ခသစ္စာတွေချည်းပဲ အကုန်လုံး။ အဲဒါကို တစ်ချက်သိရင် တစ်ချက် ဘုရားကိုပူဇော်တာပဲ။ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်းပဲ။ အဲဒါတွေ နောက်ဆို တဖြည်းဖြည်းကွယ်မယ် ယောဂီတို့။ တစ်မဂ် တစ်ဖိုလ်လောက်ရအောင် ကြိုးစားထားကြ။

နောက်ကျတော့ ဒီပြင့်ဟာတွေပဲ လာလိမ့်မယ်။ သမထတွေပဲ ထွန်းကားလာလိမ့်မယ်။ အင်းအိုင် လက်ဖွဲ့ မန္တန်တွေ၊ တန္တရတို့ မန္တရတို့ ယန္တရတို့ အဲဒါတွေ ထွန်းကားလိမ့်မယ်။ နောက်ပိုင်းကျ လို့ရှိရင် ဒါတွေမလုပ်တော့ဘူး။ ရှေ့ကလုပ်တဲ့လူလည်း မရှိတော့ဘူး။ နောက်ကလုပ်တဲ့လူလည်း မရှိဘူး။

ခန္ဓာကိုယ်ထဲက နာတာကျင်တာ၊ ကိုက်တာခဲတာတွေက ရတနာရွှေအိုးတွေ။ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရကြောင်း တရားတွေ။ ဘာဖြစ်လို့လဲ။ အဲဒါ ဒုက္ခသစ္စာတရားတွေ။

ရွတာလေးတွေ မွတာလေးတွေ၊ စူးခနဲ စူးခနဲ ဖြစ်တာလေးတွေ၊ ကိုက်တိုက် ကိုက်တိုက် ဖြစ်တာလေးတွေ၊ နာတာလေးတွေ၊ လှုပ်တာလေးတွေ၊ တောင့်နေတာတွေ တင်းနေတာတွေ၊ အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရကြောင်းတရားတွေ။ စူးစူးစိုက်စိုက် မှတ်လို့ သိနေတာ။ ဒါတွေသိလို့ ဘာထူးမှာလဲ။

တချို့က ပြောသေးတယ်။ ထိုင်နာမှာပေါ့တဲ့။

အဲဒီ **နာတာကိုမှတ်ရင်းနဲ့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ။** သူသိမှ မသိဘဲ။ အဲဒီနာတာကို မှတ်ရင်းနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတယ် ဗျ။ ဒီအတိုင်း အသားလွတ်ကြီး ကိလေသာတွေနဲ့ ထိုင်နေတာမဟုတ်ဘူး။ ရှုမှတ်နေတာ။ ကိလေသာတွေနဲ့ ထိုင်နေရင်တော့ နာပြီး၊ ဒူလာ စွဲပြီး သေချင်သေမှာပေါ့ဗျာ။ ဒီတိုင်းထိုင်နေတာကိုး။ တရား အား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထုတ်တာမှ မဟုတ်ဘဲ။

တရားထိုင်နေတာက''သတိ၊ ပညာ''နဲ့ မှတ်နေတာ။ သတိ ပညာနဲ့ မှတ်တော့ မှတ်တိုင်း မှတ်တိုင်း မဂ္ဂင်တွေ မပါဘူးလား။

''ပါပါတယ်ဘုရား''

ဒီအတိုင်း အသားလွတ်ကြီး ထိုင်ငိုင်ပြီး တွေးဆွေးနေတာ မဟုတ်ဘူး။ ထိုင်ပြီးတော့မှတ်နေတာ။ အဲဒီ နာတာတွေက ဒုက္ခသစ္စာ ကို ဖော်ပြနေတာ။ အဲဒီနာတာကို မှတ်တိုင်း မှတ်တိုင်း သိနေတာ။ တစ်နာပြီး တစ်နာ။ နာတာနဲ့ မှတ်တာနဲ့ အံကိုက် အံကိုက် ကျသွား တယ်။ နာတယ် နာတယ်ဆို တိခနဲ တိခနဲ ပျက်သွားတာ။

မှတ်အားမကောင်းခင်တုန်းက နာတာက တစ်ခါတည်း ဆက် နေသလိုပဲ။ နာရီဝက်နဲ့လည်း မပျောက်ဘူး။ အမယ်လေး တစ်နာရီ တောင် မပျောက်ဘူး။ ဖြုတ်တာတောင် မပျောက်ဘူးတဲ့။ မှတ်အား ကောင်းတဲ့ အခါမှာ (၁၅)မိနစ် ထားပါဦး။

အခု တစ်မိနစ်တောင်မှ အများကြီးပြောင်းနေတယ်။ မှတ်အား ကောင်းလာရင် တစ်ချက်မှတ် တစ်ချက်ပြောင်းတာ မသိရဘူးလား။ မှတ်အားကောင်းလာရင် သိတာပဲ။

နာတာနဲ့ မှတ်တာနဲ့ အတွဲလိုက်။ ပထမ နာတယ်။ မှတ်လိုက် တယ်။ ပျောက်သွားတယ်။ နောက်တစ်ခါ ထပ်နာတယ်။ မှတ်လိုက် တယ်။ ပျောက်သွားတယ်။ တစ်ဆက်တည်းကြီး နာနေတာ မဟုတ်ဘူး ယောဂီတို့။ နာလိုက် ပျောက်လိုက်။ နာလိုက် ပျောက်လိုက်။ ဒီလို သွားနေတာ။

**မှတ်အားမကောင်းသေးလို့ တစ်ဆက်တည်းချည်း နာနေတယ် ထင်တာ။ အဲဒါ–**

**မဂ္ဂသစ္စာ အားနည်းသေးလို့ ဒုက္ခသစ္စာကို ကျကျနန ရှင်းရှင်း လင်းလင်း မမြင်နိုင်သေးတာ။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှတ်အားကောင်းလာတဲ့အခါ တစ်နာပြီး တစ်နာ၊ တစ်ကိုက်ပြီး တစ်ကိုက်၊ စိတ်ကလည်း တစ်စိတ်ပြီးမှ တစ်စိတ်။

ခုပဲ နာတာမှတ်၊ ခုပဲ ကိုက်တာမှတ်ရပြန်ပြီ။

ခုပဲ ရေဆာတာ မှတ်ရပြန်ပြီ။ ခုပဲ စိတ်ထွက်တာ၊ စိတ်ပျံ့လွင့်တာ မှတ်ရပြန်ပြီ။ ယောဂီတို့ သေချာစဉ်းစားကြည့်စမ်း။ စိတ်တွေပြောင်းမနေဘူးလား။

''ပြောင်းနေပါတယ်ဘုရား''

အဲဒါ ''အနိစ္စလက္ခဏာ''ပေါ့။ စာထဲမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာဆိုတာ အဲဒါတွေကို ပြောနေတာ။

ခန္ဓာကိုယ်ကို စိုက်မှတ်နေတာ အဲဒါ နိဗ္ဗာန်ကိုသွားနေတာ။ နိဗ္ဗာန်ဆိုတာ အဲဒီခန္ဓာကနေသွားရတာ။ ခန္ဓာကို မြင်ပါများရင် နောက်ကျတော့ မုန်းရော။ ဆုံးပြီဟေ့ဆိုရင် နိဗ္ဗာန်ပဲ။ နိဗ္ဗာန်ကို တန်ခိုးနဲ့သွားလို့မရဘူး။ ဈာန်နဲ့လည်း သွားလို့မရဘူး။ လေယာဉ်ပျံနဲ့လည်း သွားလို့ မရဘူး။

ခန္ဓာကို မြင်တဲ့ဉာဏ်နဲ့ သွားရတာ။ နာတာတွေ၊ ကိုက်တာတွေ၊ ကျင်တာတွေ၊ ရွတာတွေ မွတာတွေ၊ မှတ်ရင်း မှတ်ရင်းနဲ့ကို ငြီးငွေ့လာတယ်။ မှတ်ရပါများလာတော့ မှတ်တောင် မမှတ်ချင်တော့ဘူး။ ဒါပေမယ့် မမှတ်ပဲလည်း မနေနိုင်ဘူး။

ခုဟာက တိရနပရိညာရောက်လာပြီ။ သတိတွေ အားကောင်းလာတဲ့အခါကျတော့ နာတာရယ်၊ မှတ်တာရယ် အံကိုက် အံကိုက်ကျနေတယ်။ တစ်နာပြီးမှတစ်နာ၊ တစ်ယားပြီးမှတစ်ယား၊

ယားတာ တောက်လျှောက်ကြီးယားတယ် အောက်မေ့နေတာ။ မဟုတ်ဘူးဗျ။ သေချာမှတ်ကြည့်။ ယားတယ် ယားတယ်ဆို နောက်က ဘာလိုက်လဲ။ ကုတ်ချင်တယ် ကုတ်ချင်တယ်၊ ကုတ်ချင်တဲ့စိတ်ကလေးတွေကလည်း ပေါ်လိုက်၊ ပျောက်လိုက်၊ ယားတာကလည်း ပိုပိုပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယားလာတယ်။ တစ်ယားပြီးတစ်ယား မချိမဆံ့။

ယားတာကို ကုတ်လိုက်တဲ့အခါကျတော့ တော်တော်ကောင်းတယ် အောက်မေ့နေတာ။ မကုတ်ဘဲနဲ့ အောင့်ပြီးတော့ မှတ်ကြည့်။ ယားတာကလည်း အင်မတန် မနိုပ်စက်ဘူးလား။

''နှိပ်စက်ပါတယ်ဘုရား''

အဲဒီတော့မှ ဒုက္ခသစ္စာပေါ်တာ။ နို့မဟုတ်ရင် ဒုက္ခကို သုခလို့ထင်တာ။ ''ညောင်းပြင်ယားကုတ်''လေ။ ညောင်းရင်ပြင်လိုက်တော့၊ တော်တော်ချမ်းသာတယ် အောက်မေ့နေတာ။ ပါးစပ်ကတော့ ဒုက္ခ ဒုက္ခ။ ရင်ထဲကတော့ သုခ။ ယားရင် ကုတ်တယ်။ ကုတ်လိုက်တော့ ကောင်းသွားတာ။ သုခလို့ ထင်တယ်။ တကယ့် တကယ်တော့ ဖော်ပြနေတာက ဒုက္ခကို ဖော်ပြနေတာ။ ယားတာကလည်း မချိမဆံ့ နှိပ်စက်တယ်နော်၊ ယောဂီတို့။ မှတ်ဖူးတဲ့သူတွေ မသိနိုင်ဘူးလား။

ယားတာက မချိမဆံ့ နှိပ်စက်တာ။ အံတွေ ဘာတွေ ကြိတ်ပြီးတော့ကို မှတ်ရတာ။ ကုတ်ချင်လိုက်တာ ကုတ်ရုံတွင်မဟုတ်ဘူး။ သံဘရပ်နဲ့ကို ပွတ်ပစ်ချင်တာ။ ဒီလောက်တောင် ယားဦးဟာဆိုပြီးတော့ စိတ်တွေ တစ်ခါတည်း မချိမဆံ့ဖြစ်နေတာ။

အဲဒါဘာလဲဆိုတော့ ယားတာကလည်း နှိပ်စက်တယ်။ နာတာမှ နှိပ်စက်တာမဟုတ်ဘူး။ နှိပ်စက်တာက အမျိုးမျိုးပဲ။ တရားမထိုင်ခင်တုန်းကတော့ ရေမသောက်ချင်ဘူး။ ထိုင်ခါမှ ရေသောက်ချင်တယ်။ ရေသောက်ချင်တယ်၊ ရေသောက်ချင်တယ်၊ မှတ်လိုက်ရတာ။ နောက်တော်ကြာကျတော့ မသောက်ချင်တော့ပြန်ဘူး။ အမျိုးမျိုးပြောင်းမနေဘူးလား။

''ပြောင်းနေပါတယ်ဘုရား''

**အနိစ္စလက္ခဏာကို မြင်တာလည်း ဒုက္ခသစ္စာကို သိတာပဲ။** အနိစ္စ၊ ဒုက္ခ၊ အနတ္တက ဒုက္ခသစ္စာထဲမှာ အကုန်ဝင်တယ်။ အဲတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပေါ်ရာ ပေါ်ရာကို ရှုနေရင်း–

ဒုက္ခသစ္စာကို မှတ်တိုင်းမှတ်တိုင်း အနည်းနဲ့အများ သိသိလာတယ်။ ဒါကြောင့်မို့လို့ ဝေါဟာရအပေါ်မှာ တင်မနေနဲ့။ ''ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်''ဝေါဟာရလေးကို မမှတ်နဲ့။

ဝေါဟာရနဲ့ သတ်မှတ်ထားတဲ့ သဘောလေးတွေကို ခန္ဓာကိုယ်ပေါ်မှာ နည်းနည်းလေးပဲဖြစ်ဖြစ် မြင်အောင်ကြည့်။ အများကြီးတော့ ဘယ်မြင်မလဲ။ အခုမှ စ'မှတ်တာကိုး။ တစ်ကိုယ်လုံးကြီး ရွရွမွမွတော့ ဘယ်ဖြစ်မလဲ။ အားမငယ်ပါနဲ့။

ဘွဲ့ရတယ်ဆိုတာလည်း ဒီလိုပဲ တစ်တန်းက စတက်ရတာပဲ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ဆိုတာလည်း မွေးကတည်းက ရတာမဟုတ်ဘူး။ ဒီလိုပဲ မှတ်ရင်းနဲ့ရတာ။ အားမငယ်နဲ့။

**တရားရှုမှတ်ဖြစ်တယ်ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမယ့်ပုဂ္ဂိုလ်**ပဲဆိုတာ တွက်ထား။ များသောအားဖြင့် (၁၀၀)မှာ (၉၉) ယောက် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ...

**မှတ်ဖြစ်ဖို့ကို မလွယ်ဘူး။** အကြောင်းအမျိုးမျိုးနဲ့ကို မမှတ်ဖြစ်ဘူး။ မှတ်တော့မလိုလို၊ မှတ်တော့မလိုလိုနဲ့ ထွက်ပြေးရော။ မမှတ်ဖြစ်တော့ဘူး။

မှတ်ဖြစ်တဲ့ပုဂ္ဂိုလ်၊ စွဲစွဲမြဲမြဲမှတ်တဲ့ ပုဂ္ဂိုလ်ဆို အဲဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ပဲမှတ်ထား။ အခုမရလည်း နောက်ရမှာပဲ။ ခန္ဓာငါးပါးကို ကြည့်တဲ့အလုပ်ဆိုတာ အင်မတန် ဘုန်းကံကြီးမားတဲ့ပုဂ္ဂိုလ်မှ လုပ်နိုင်တာ။ ဝိပဿနာတရား အားထုတ်ရတဲ့ပုဂ္ဂိုလ်ဟာ လောကမှာ ဘုန်းကံအကြီးမားဆုံးပဲ။

**အပါယ်လေးပါးတံခါးကို အမြဲပိတ်နေတာ။**

**နိဗ္ဗာန်တံခါး ဖွင့်နေတာ။** သူဟာသူ ရွှေငွေတွေ ဘယ်လောက်ပဲရရ၊ ရာထူးတွေ ဘယ်လောက်ကြီးကြီး ဝိပဿနာအလုပ်ကို



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မလုပ်နိုင်ဘူး။ ဒီအလုပ်လုပ်ရတာ ဘုန်းကံပါရမီပါလို့။

ဒိဋ္ဌိခွာပုံလေး သဘောပေါက်အောင် ပြန်ပြောပါဦးမယ်။ မှတ်တိုင်းမှတ်တိုင်းဟာ သဘောတွေ။ ဒုက္ခတွေကို သိတယ်။ လှုပ်တာတွေ၊ ရွတာတွေ မွတာတွေ၊ မာတာတွေ ပျော့တာတွေ၊ အဲဒါ သဘောတွေ။ သဘောသိတိုင်း သိတိုင်း ဒိဋ္ဌိက ခွာပြီးသား ခွာပြီးသား ဖြစ်သွားတယ်။

မမြဲတဲ့သဘောတွေ၊ ဆင်းရဲတဲ့သဘောတွေ သိတိုင်း သိတိုင်း၊ တဏှာ ပါးပါးသွားတယ်။ ဆင်းရဲမမြင်လို့ တပ်မက်တာ။ ဥပမာ အကြမ်းစားပြောမလို့ ယောဂီတို့၊ ရင့်သီးတယ်လို့ မထင်နဲ့နော်။ တရားနဲ့ လောကီနဲ့တွဲပြီး ရှင်းအောင် နည်းနည်းပြောမလို့။ ဆင်းရဲမွဲတေနေတဲ့ ပုဂ္ဂိုလ်ကို တော်ရုံတန်ရုံ လိုချင်ပါ့မလား။

''မလိုချင်ပါဘူးဘုရား''

သူ့ယူရင်တော့ ငတ်တော့မှာပဲဆိုပြီး ဘယ်သူမျှ မယူချင်ဘူး။ ဆင်းရဲမှန်းသိတော့ မယူချင်ဘူး။ ဒါကတော့ အကြမ်းစားပြောတာပေါ့။ ခန္ဓာကိုယ်ကြီးလည်း အဒီအတိုင်းပဲ။

ဒီခန္ဓာကိုယ်ကြီးကို ချမ်းသာတယ်၊ တင့်တယ်တယ် ထင်နေလို့ အဲဒါမက်မောပြီး လိုချင်နေတာ။ တကယ့်တကယ်တော့ ဒီခန္ဓာကိုယ်ကြီးဟာ မိုးကုတ်ဆရာတော်ဘုရားကြီးဟောထားတာ အင်မတန်မှ ကောင်းပါတယ်။

**''အထီးကျန် တစ်ကောင်ကြွက်၊**

**အမွဲနဲ့တူတဲ့အတွက် ဒုက္ခသစ္စာ''**

ဒုက္ခဝေဒနာ တစ်ခုခုဝင်လာတဲ့အခါကျတော့ ဘေးက ကိုယ့်ကို ချင်ပါတယ်၊ ခင်ပါတယ် ပလီပလာပြောတဲ့ပုဂ္ဂိုလ်တွေ ကူပြီးခံစားလို့ ရရဲ့လား။

''မရပါဘူးဘုရား''

အထီးကျန်တစ်ကောင်ကြွက်ဆိုတာ မမှန်ဘူးလား။ သူ့မှာ ရွှေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေငွေတွေ ဘယ်လောက်ပဲရှိရှိ သေတဲ့အခါ ယူသွားလို့ ရမဲ့လား။ မရဘူး။ ဘုံဆိုင်တွေ၊ ကိုယ်ပိုင်မှုမဟုတ်ဘဲ။ မွဲလိုက်တဲ့ဖြစ်ခြင်း။ အမွဲ ဆိုတာ မမှန်ဘူးလား။

"မှန်ပါတယ်ဘုရား"

ဒီခန္ဓာကိုယ်ကြီးကို ဆရာတော်ဘုရားကြီးတွေ ဟောတာမှ စုံစုံ စိစိ။ အကန်းနဲ့တူတယ်။ အကျိုးနဲ့တူတယ်။ သူငယ်နာဝမ်းပျက်နဲ့ တူတယ်။ သည်းခြေရူးနဲ့တူတယ်။ နာမ်က သည်းခြေရူး။ ဟိုဟာ လို ချင် ဒီဟာ လိုချင်။ ကောင်းတာပေးလို့ရှိရင် လွှင့်ပစ်တာ။ ရူးနေတဲ့ ပုဂ္ဂိုလ် ကြက်သား၊ ဝက်သားပေးရင် လွှင့်ပစ်တယ်။ ဖုံထဲမှာ ပေကျံနေ တော့မှ အဲဒါကောက်စားတယ်။ ပုထုဇဉ်တွေနဲ့ မတူဘူးလား။

"တူပါတယ်ဘုရား"

ပုထုဇဉ်တွေက ဒကာကြီးတွေ ဒကာမကြီးတွေ ဘယ်မှမသွား နဲ့၊ တရားအားထုတ်ကြပါဆို ထွက်ပြေးတယ်။ ကြက်သား၊ ဝက်သား ပေးတာကို လွှင့်ပစ်ပြီး ပြုံးစိပြုံးစိနဲ့။ ဘာဖြစ်လို့ အဲဒီလိုဖြစ်နေတာလဲ၊ ရူးနေလို့။ တို့ပုထုဇဉ်တွေလည်း အဲဒီအတိုင်းပဲ။

သူငယ်နာဝမ်းပျက်တဲ့။ တို့ခန္ဓာကိုယ်ကြီး ကြည့်ပါဦး။ သန့်ရှင်း ရေးတွေ ခဏခဏ လုပ်မပေးရဘူးလား။ ဝမ်းရောဂါဖြစ်နေတဲ့ သူတွေ နဲ့ မတူဘူးလား။

**ရုပ်က သူငယ်နာဝမ်းပျက်တဲ့။ နာမ်က သည်းခြေရူး။**

ကောင်းတာပေးတာကို လွှင့်ပစ်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ့် တရားတွေ ဟောပြောပြသနေတာကို မလုပ်ချင်ဘူး။ ဆင်ခြေ မြင်းခြေတွေ အမျိုးမျိုးပေးပြီး ရှောင်တယ်။ မိုးကုတ်ဆရာတော်ဘုရား ကြီးက ...

"ခင်ဗျားတို့ မြို့သုံးသုံးတဲ့ပုဂ္ဂိုလ်တွေ ဒုက္ခရောက်ကုန်လိမ့်မယ်" တစ်ယောက်နဲ့တစ်ယောက် ပြောပုံကို ကြည့်ပါလား။ "ခင်ဗျားသိတဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိုင်းပဲဗျာ၊ကျုပ်က အိမ်မှာ မအားဘူး''ဘာညာနဲ့။

ဒီထဲကယောဂီတွေကို ပြောတာမဟုတ်ဘူးနော်။ ဆရာတော်ဘုရားကြီးဟောတာကို ပြန်ပြောပြတာ။ ဟာ... ကျုပ်အိမ်မှာ မအားဘူး။ ခင်ဗျားသိတဲ့အတိုင်းပဲ။ ဟိုကလည်း ထောက်ခံတယ် ''ဟုတ်တယ်၊ အိမ်မှာက ခင်ဗျားမရှိရင် မဖြစ်ဘူးတဲ့''

အဲဒီပုဂ္ဂိုလ်တွေ အခုသေကြည့်ပါလား။ အိမ်က မဖြစ်တော့ဘူးလား။ ဖြစ်'ဖြစ်'ဖြစ်တောင် ပြည်သွားဦးမယ်။ ကိုယ့်ဘာသာကိုယ် မဖြစ်ဘူးထင်နေတာမဟုတ်လား ယောဂီတို့။ လူတွင်မဟုတ်ပါဘူး။ တို့ဘုန်းကြီးတွေလည်း ဒီအတိုင်းပါပဲ။

ဒီကျောင်းမှာ ကျောင်းထိုင်ဆရာတော် ရှိမှ။ ကျောင်းထိုင်ဆရာတော် အခုပျံလွန်တော်မူကြည့်ပါလား။ ကျန်တဲ့ပုဂ္ဂိုလ်တွေ အကုန်လုံး သေရတော့မှာလား။

သူ့ဟာသူဖြစ်သွားတာပါပဲ။ ကိုယ့်စိတ်က ထင်နေတာ။ ငါရှိမှ ဒီလိုထင်နေတာ။ ဒိဋ္ဌိကို ပြောနေတာနော်။ ဒိဋ္ဌိက အင်မတန်မှ ဆိုးဝါးတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ဆို သူက ကိုးလို့ကန့်လန့်နဲ့။ အပါယ်လေးပါး သွားဖို့ဆိုရင် တွန်းပေးလိုက်တာပဲ။ သွား မြန်မြန်လုပ် ဒီလိုလုပ်တာ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဖို့ဆို ''နေဦး၊ မင်း စဉ်းစားဦး'' သူက ပညာရှင်ကြီးကျနေတာပဲ။ စဉ်းစားဦးတဲ့။

ဝိပဿနာလုပ်တာများဗျာ စဉ်းစားနေရဦးမှာလား။ မြန်မြန်လုပ်ရင် မြန်မြန်ရ။ မကောင်းဘူးလား။

''ကောင်းပါတယ်ဘုရား''

''**ခင်ဗျားတို့ စဉ်းစားလေ ဝေးလေပဲ** ''မိုးကုတ်ဆရာတော်ဘုရားကြီးဟောထားတဲ့ ခွေထဲမှာ မပါဘူးလား။ ဆင်ခြေ၊ မြင်းခြေပေးလေ နိဗ္ဗာန်နဲ့ ဝေးလေပဲ။ ဆင်ခြေ မြင်းခြေ ပေးသမျှကတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝေးဖို့သာ တွက်ထား။ မြန်မြန်လုပ်ရမှာ။

အဲဒီတော့ သည်းခြေရှူးတို့၊ သူငယ်နာဝမ်းပျက်တို့က အထီးကျန် တစ်ကောင်ကြွက် အမွဲနဲ့တူတဲ့အတွက် ဒုက္ခသစ္စာလို့ မမြင်ကြဘူး။ မမြင်တော့ အမွဲမှန်း၊ ဆင်းရဲသားမှန်း မသိတော့၊ သူဌေးအောက်မေ့လို့ယူ။ ယူတဲ့အခါကျတော့ ဒုက္ခတွေ့ရော။

အဲဒီလိုပဲ၊ တို့က ဒီခန္ဓာကိုယ်ကြီးကို အင်မတန်ချမ်းသာတယ်၊ ကောင်းစားတယ်ထင်ပြီး သူ့အလိုပဲ လိုက်နေတာ။ သူ့အလိုက အာရုံငါးပါး ကာမဂုဏ်တရားကို ခံစားဖို့ပဲ တောင့်တတယ်။ အာရုံငါးပါး ကာမဂုဏ်တရား ခံစားမယ်။

လျှာထွက်အောင် အလုပ်လုပ်မယ်။

သေတော့ ဒယ်အိုးထဲခုန်ချမယ်။ သူ့အလုပ်က အဲဒီအလုပ် မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အဲဒါကို မသိတော့ တို့က သူ့အလိုလိုက်နေတာ။ သိတဲ့အခါကျတော့ သူ့အလို မလိုက်တော့ဘူး။ မြတ်စွာဘုရားဟောတဲ့ လမ်းစဉ်အတိုင်းပဲ လိုက်တော့မယ်ဟေ့။

ဒါယောဂီတို့ တရားရှုမှတ်ရင်းနဲ့ သဘောပေါက်လာတာနော်။ အထူးတလည် စာအုပ်အထူကြီးတွေကို ဖတ်စရာမလိုတော့ဘူး။ ဒီက ဆရာသမားက နည်းနည်းဟောတာနဲ့ အများကြီး သဘောပေါက်သွားတယ်။ ရှုမှတ်တဲ့အကျိုးတရားပြောတာ။

စီကာစဉ်ကာ ဘုန်းကြီးတွေလို မပြောတတ်ပေမယ့် တကယ်ရှုမှတ်တဲ့ပုဂ္ဂိုလ်က တကယ်သဘောပေါက်တယ်။ မရှုမှတ်တဲ့ ပုဂ္ဂိုလ်က သဘောမပေါက်ဘူးပေါ့ဗျာ။ ရှုမှတ်တဲ့ပုဂ္ဂိုလ်က ဒီက တစ်လုံးပြောလိုက်ရင် အလုံးတစ်ရာလောက် သိသွားတယ်။ ပါဠိပါဌ်သား မသိလို့ ဘဲ ထားထား၊ ဇာတ်လမ်းမသိတာဘဲထား၊ သဘောကတော့ သေသေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချာချာသိတယ်။ ဒီခန္ဓာသဘော ပြောနေတာမဟုတ်လား။

''ဟုတ်ပါ တယ်ဘုရား''

***

## ရှုမှတ်ခြင်းနှင့် ဆန်းစစ်ခြင်း

ဒါကြောင့်မို့လို့ ယောဂီတို့ သဒ္ဓါနဲ့တွန်းမှတ်။

တွန်းမှတ်ပြီး သတိ အားကောင်းလာပြီဆိုရင် သိအောင် ဂရုစိုက်မှတ်။ စူးစူးစိုက်စိုက်မှတ်။

**ဖြစ်တိုင်းရုပ်နာမ်၊ ချုပ်ပျက်ဟန်၊ ကောန်ရှုရမည်။**

ဖြစ်တိုင်းရုပ်နာမ်ဆိုတာ ပေါ်တိုင်း ပေါ်တိုင်း သဘောတရားတွေကို ပြောတာ။ ချုပ်ပျက်ဟန် ချုပ်ပျက်သွားတဲ့သဘောကို ကောန်ရှုရမည်ဆိုတာ သိအောင်လုပ်တဲ့။ ဒါ ဦးပဥ္စင်းတို့ သဘောပေါက်သလို ပြန်ရှင်းပြတာ။

အဲဒီတော့ ဟောစဉ်မှာ ပေါ်ပေါ်လာတာ၊ ပျောက်ပျောက်သွားတာကို ညွှတ်မှတ်။ ဆရာတော်ဘုရားကြီးတွေ အမိန့်ရှိထားတာ။ ဒါလည်း ဟုတ်တာပဲ။ ခုနတုန်းကပြောပြီးပြီ၊ အနိစ္စကို ညွှတ်မှတ်ရမယ်။ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေပဲ၊ အနိစ္စ တရားတွေပဲ၊ ဒုက္ခတရားတွေပဲ၊ အနတ္တတရားတွေပဲဆိုတော့ အနိစ္စ ပါမသွားဘူးလား။

တကယ်လက်တွေ့လုပ်တဲ့အခါ ညွှတ်မှတ်တာ ဘာလဲဆိုတော့ စူးစူးစိုက်စိုက်သိအောင် လုပ်တာ။ စိတ်ကူးယဉ်ပြီး ညွှတ်မှတ်ဖို့ ပြောတာ မဟုတ်ဘူးနော်။ တစ်ချက် နှစ်ချက်တော့ စိတ်ကူးယဉ်လို့ ရမှာပေါ့။ အချက်ပေါင်းများစွာ လျှောက်စိတ်ကူးယဉ်နေလို့ ရပါ့မလား။ အချက်ပေါင်းများစွာ ...

**ပျက်တာသိဖို့ဆိုတာ၊ စူးစူးစိုက်စိုက် ရှုရတယ်။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖောင်းတာ၊ ပိန့်တာ၊ ထိုင်တာ၊ ထိတာ၊ စူးစူးစိုက်စိုက်ရှု။ စူးစိုက်တော့ သဘောလေးတွေကို သိသိလာတယ်။ စူးစိုက်တော့ သိတယ် ယောဂီတို့။ အဲဒီ သိလာတာလေးတွေက ဘာကို အရင်သိလဲဆိုတော့-

**ပေါ်တာကို အရင်သိတယ်။ ပျောက်တာကို မသိသေးဘူး။**

စူးစိုက်တော့ ဟိုက ပေါ်လာလိုက်၊ ဒီက ပေါ်လာလိုက်။ ဖောင်းတာ ပိန့်တာပဲ မှတ်ပေမယ့်လို့ ဒီပြင့်နေရာတွေလည်း မသိဘူးလား။ ဖောင်းတာ၊ ပိန့်တာက သူ့ကို ပင်တိုင်အာရုံအဖြစ်နဲ့ ထားတာ။အမှန်မှာက ရွရွလေးလည်း သိတယ်။ မွမွလေးလည်း သိတယ်။ နာတာလေးလည်း သိတယ်။ လှုပ်တာလေးလည်း သိတယ်။ တိုးတိုးနေတာလေးလည်း သိ ယ်။ အောင့်တာလည်း သိတယ်။ အမျိုးမျိုးသိနေတယ်။ နားက ကြားတာလည်း သိတယ်။

အဲဒါတွေ အကုန်လုံးဟာ ပေါ်တဲ့သဘောတွေ။ စူးစိုက်တော့ ခန္ဓာကိုယ်မှာ ရွရွ မွမွပေါ်နေတာတွေ အများကြီးပဲ။ အဲဒီ ပေါ်တာကို သိရင်၊ ပျောက်တာကိုသိဖို့ ကျိန်းသေတွက်ထား။

**ပေါ်တယ်ဆိုတာ ရှေ့က ပျက်သွားလို့ နေရာလွတ်သွားတဲ့အတွက် အစားထိုးပေါ်လာရတာ။**

**ဒါကြောင့် ပျောက်တာ ပျက်တာကို သိချင်တဲ့ယောဂီဟာ ပေါ်တာကို ဂရုစိုက်မှတ်ပါ။ ဒါက ကျင့်စဉ်။**

ဟောစဉ်ကတော့ မင်းတို့ ပျောက်သွားတဲ့သဘောကို ညွတ်ကြည့်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသိအောင် နှလုံးသွင်းရတယ်။ ဒါ ဟောမှာပဲ။ တကယ်ကျင့်တဲ့အခါကျတော့ အချက်တိုင်းကြီး စိတ်က ညွတ်လို့ ဘယ်ရမလဲ။

ဖောင်းတယ် ပိန့်တယ် လုပ်နေရသေးတယ်။ သူ့သက်သက်ကြီး စိတ်ကညွတ်နေဖို့ အချိန်မရဘူးနော်။ လက်တွေ့နဲ့ စာတွေ့ နှစ်ခုယှဉ်ကြည့် ယောဂီတို့။ ပျောက်သွားပြီ ပျက်သွားပြီဟဲ့ ဆိုရင်တော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပစ္စုပ္ပန်တွေ လွှတ်ကုန်ရော။ တစ်ချက် နှစ်ချက်ကတော့ ရတာပေါ့။ နောက်ဟာတွေ လွှတ်ကုန်ရော။

အဲဒါ ပေါ်တဲ့ဟာကိုပဲ စူးစူးစိုက်စိုက်မှတ်။ ပေါ်တာကို ငါသိအောင် မှတ်မယ်။ အဲဒါ တွက်ထား။ ပေါ်တာကိုသိရင် နောက် ပျောက်တာကို သိလိမ့်မယ်။ ပျောက်တာကို သိတာမှ ကားကို နောက်က ပြေးလိုက်ရသလိုပဲ။ ပေါ်တာ ပျောက်တာ မြန်လွန်းအားကြီးလို့။

အဲဒီတော့ ပေါ်တာကို ဂရုစိုက်မှတ်ပါ။ ပျောက်တာ သိပါလိမ့်မယ်။ အဲဒီသဘောပဲ။ ဟာ. . . ပျောက်တာကို မညွှတ်ရဘူးလား။ ညွှတ်နိုင်ရင် ညွှတ်မှတ်ပါ။ သို့သော်လည်းပဲ တကယ်ရှုမှတ်တဲ့အခါ ပေါ်တာကို ဂရုစိုက်ပြီးတော့ . . .

**ပေါ်ပေါ်လာတာကိုသာ သိအောင်မှတ်။**

ထိုင်တယ် ထိတယ်ဆိုရင် ထိတဲ့နေရာမှာ တင်းတင်းလေး ရှိတယ်လေ ယောဂီတို့။ အဲဒါလေးကို သိအောင်မှတ်။ စူးစိုက်မှတ်တဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူးပေါ့ဗျာ။

တချို့ကျတော့ လှုပ်ခနဲ၊ လှုပ်ခနဲ။ တချို့ကျတော့လည်း အောက်ကို နင့်ခနဲ၊ နင့်ခနဲ။ ပထမတော့ မှတ်ကောင်းရုံပဲ ရှိသေးတယ်။ ပေါ်တာ ပျောက်တာကို မသိပါဘူး။ နောက်ပိုင်းကျတော့ အဲဒါလေးတွေက **မှတ်တိုင်း မှတ်တိုင်း ရိပ်ခနဲ၊ ရိပ်ခနဲ။ ဩော် . . . အပျက်ဆိုတာ ဒါကိုး။ အကုန်လုံးကို ပျောက်သွားတာမဟုတ်ဘူး။ ရိပ်ခနဲ ရိပ်ခနဲ ဒီလိုဖြစ်လာတာ။**

ဩော် . . . ပျောက်ပျောက်နေတာ တရစပ်ကြီး ပျောက်နေပါလား။ တရစပ်ကြီး ပျက်နေပါလား။ နောက်ကျတော့ ပေါ်လာတာ မထင်ရှားတော့ဘူး။ ပျက်တာတွေက များနေတယ်။

**ရှုမှတ်မှုမှာ၊ ရှိသေကာ၊ ကောင်းစွာပြုရမည်။**

မှတ်လည်း မှတ်ရမယ်။ ကြည့်လည်း ကြည့်ရမယ်။ ကြည့်ရ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မယ်ဆိုတာ ဘယ်လိုပါလိမ့်။ မျက်လုံးကြီးဖွင့် ကြည့်ရမှာလား။ စိတ်ကူးယဉ်ပြီးတော့ ကြည့်ရမှာလား။ ဘယ်လိုလုပ်ရမှာလဲ။

''စူးစူးစိုက်စိုက် ရှုမှတ်ရမှာပါဘုရား''

ဘာဖြစ်လို့ စူးစူးစိုက်စိုက်မှတ်ရတာလဲ။

''သဘောလေးတွေကို သိအောင်လို့ပါဘုရား''

သိအောင်ဆိုတာ ကြည့်တာပဲ။ စူးစူးစိုက်စိုက် မှတ်တော့မှ မြင်တာတွေက ရိပ်ခနဲ ရိပ်ခနဲဖြစ်လာတာ။

မှတ်တော့ မှတ်နေတာပဲ၊ ကြက်တူရွေးအော်သလို မြင်တယ်၊ ကြားတယ်၊ စားတယ်၊ ဖောင်းတယ်၊ ပိန်တယ် အော်ရုံ အော်နေပေမယ့် တရားက ရပ့်မလား။

''မရပါဘူးဘုရား''

မအော်ဘဲနဲ့လည်း ရပ့်မလား။

''မရပါဘူးဘုရား''

ဒါတွေက ပညတ်တွေပါပဲ။ ဘာမှဆိုစရာမလိုဘူး။ ကြည့်နေရုံပဲ။ အဲဒီလိုဆို စိတ်တွေ မပျံ့နိုင်ဘူးလား။

''ပျံ့နိုင်ပါတယ်ဘုရား''

မဖွံ့မပဋ္ဌိပဒါကို ပြောနေတာ။ စိတ်အဆိုလေးလည်း ဆိုရမယ်။ အပေါ်ယံလေးလှုံ့ပြီး ကြက်တူရွေးအော်သလို အော်မနေနဲ့။ ဟာ ... ဒါတွေက ပညတ်တွေပါပဲ။ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ် ဆိုလည်း ဆိုရမယ်၊ စူးစူးစိုက်စိုက်လည်း ကြည့်ရမယ်ပေါ့။

ဆိုစရာမလိုပါဘူး။ ခန္ဓာကိုယ်ကြီး လျှောက်ကြည့် ပြီးတာပဲ။ ကြည့်တာကတော့ ဟုတ်တာပေါ့။ သမာဓိထူထောင်ပြီးမှ ကြည့်တာ။ သမာဓိတစ်ပြားသားမျှ မရှိဘဲနဲ့ အဲဒီလို လျှောက်ကြည့်ရပ့်မလား။

''မရပါဘူးဘုရား''

စိတ်အဆိုလေး မဆိုရင်လည်း အမှားပဲ။ ဆိုတော့ ဆိုတယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပေါ်ယံလေး လျှံဆိုနေရင်လည်း အမှားပဲ။ အဲဒီတော့ ဘယ်လိုလုပ်မလဲ။ စိတ်အဆိုလေးလည်း ဆိုပြီး မှတ်ရမယ်။

''ဖောင်းတယ်၊ ပိန်တယ်''၊ ''ထိုင်တယ်၊ထိတယ်'' လို့လည်း ဆိုရမယ်။ စူးစူးစိုက်စိုက်လည်း ရှုရမယ်။ အဲဒီလို စူးစူးစိုက်စိုက် ရှုမှတ်တဲ့အခါကျတော့ သဘောတရားလေးတွေကို အများကြီးမသိတောင် နည်းနည်းလေးတော့ မသိဘူးလား။

''သိပါတယ်ဘုရား''

အဲဒီလိုသိစေချင်လို့ ပြောနေတာပဲ။ တစ်ခါမှတ်ရင် နည်းနည်း သိသွား၊ တစ်ခါမှတ်ရင် နည်းနည်းသိသွား။ ရေစက်ကလေးတွေ တစ်စက် တစ်စက် ကျပါများရင် ပြည့်သလို၊ ယောဂီတို့ နှလုံးသားထဲမှာလည်း အသိလေးတွေ တသိ တသိနဲ့ နောက်မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိ မရနိုင်ဘူးလား။

''ရနိုင်ပါတယ်ဘုရား''

**မှတ်လည်း မှတ်ပါ။ ကြည့်လည်း ကြည့်ပါ။**

ကြည့်လည်း ကြည့်ရမယ်။ မှတ်လည်း မှတ်ရမယ်။ အဲဒီလို မှတ်တဲ့အခါမှာ သဘောလေးတွေပျက်တာကို စိတ်ကညွတ်ပြီး စူးစူးစိုက်စိုက် မှတ်လိုက်လို့ရှိရင် ပျက်တဲ့သဘောလေးတွေ သိလာမယ်။ စူးစူးစိုက်စိုက်မှတ်ရင် ဖောင်းတာ အဆင့်ဆင့်ပြောင်းသွားတာကို သိနိုင်တယ်။ စူးစူးစိုက်စိုက် မမှတ်ဘူးဆိုရင် ဖောင်းတယ် ပိန်တယ် တစ်ချက်တည်း သိမှာ။

အဆင့်ဆင့် ဖောင်းတယ်။ အဆင့်ဆင့် ပိန်တယ်။ အဲဒီလို အဆင့်ဆင့် သဘောလေးတွေကို သိလာတာဟာ မမြဲတဲ့သဘောတွေ၊ ပြောင်းလဲတဲ့သဘောတွေ၊ ဒါတွေ သိရာမရောက်ဘူးလား။

''ရောက်ပါတယ်ဘုရား''

မမြဲတဲ့သဘောတွေ၊ ပြောင်းလဲတဲ့သဘောတွေ သိလာတာဟာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အသိဉာဏ်တွေ တိုးတက်လာတာပဲ။ စူးစူးစိုက်စိုက်မှတ်တော့ သဘော လေးတွေကို သိတယ်။

**သဘောဆိုတာ ရုပ်နာမ်ပဲ။** သဘောကိုသိတော့ ရုပ်ကိုသိရာ၊ နာမ်ကို သိရာရောက်တယ်။ ပရမတ်ကို သိရာရောက်တယ်။ ပရမတ် သိမှ ဝိပဿနာဉာဏ်ဖြစ်မှာ။ အကောင်လိုက် အခဲလိုက် သိနေရင် ဝိပဿနာမဖြစ်သေးဘူး။ ဝိပဿနာရှုတယ်ဆိုတာ အပေါ်ယံလေးလျှံ ပြီး ရှုရမှာမဟုတ်ဘူး။ ပစ္စုပ္ပန်တည့်တည့် စူးစူးစိုက်စိုက်ရှုမှတ်ရမယ်။

**ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မှချသိနိုင်သည်။**

မြင်ခိုက်၊ ကြားခိုက်၊ နံခိုက်၊ စားခိုက်၊ ထိခိုက်၊ သိခိုက် ရှုမှတ် တဲ့အခါ ယောကျ်ား၊ မိန်းမဟုတ်ဘူး။ သဘောတွေပဲဆိုတာ ပထမ သိတယ်။ သဘောတွေသိပါများတော့ ဖြစ်ပျက်သိလာမယ်။ ဖြစ်လိုက် ပျက်လိုက်နဲ့ အပျက်တွေချည်းပဲ မြင်ပါများတော့ ငြီးငွေ့လာတာပဲ။ ခန္ဓာကိုယ်ကြီး ငြီးငွေ့တဲ့သူက တပ်မက်စရာတွေ လိုချင်ပါဦးမလား။

''မလိုချင်ပါဘူးဘုရား''

အဲဒီလို သဘောပေါက်နေမှ ရှုမှတ်တဲ့အခါမှာ သံသယကင်း ကင်း ရှုမှတ်လို့ရတယ်။ သေသေချာချာမသိဘဲ ဘေးပြောတဲ့သူတွေက အများကြီးဗျ။ တချို့ကပြောတယ်။

အမယ်လေးကွာ ... မင်းတို့လုပ်နေတာ အစသွားတုန်းက ဒီ လို မဟုတ်ပါဘူး။ တရားရှုမှတ်မှ ''ဆတ်တောက်၊ ဆတ်တောက်'' ဖြစ်နေတယ်။ သမားရိုးကျမှတ် ပြီးတာပဲ။ ဘာဖြစ်လို့ နှေးနှေးလေး လုပ်နေရတာလဲ။ နှေးနှေးလေးလုပ်စရာ မလိုပါဘူးတဲ့။

**နှေးနှေးလေးလုပ်မှ ပစ္စုပ္ပန်တည့်တည့်မိမှာပေါ့။**

ထိုင်ရင်ပြီးတာပဲ။ တချို့က ထိုင်တာတစ်ခုတည်း တွန်းပြောတာ ရှိသေးတယ်။ ရှစ်နာရီ၊ ကိုးနာရီ ထိုင်ဖို့၊ စင်္ကြံလျှောက်တာတွေ မပြော နဲ့။ ထိုင်တဲ့ပုဂ္ဂိုလ်ကလည်း ထိုင်ဖို့ပဲ ပြောနေတာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တချို့ကကျတော့ ထိုင်စရာမလိုပါဘူးကွာ။ ညောင်းရတဲ့ကြား ထဲ။ ထိုင်စရာမလိုဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားနာ သိပြီးတာပဲ။ အဲဒါအကုန်လုံး အစွန်းတွေချည်းပဲ မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

ထိုင်တာတစ်ခုတည်းပြောလို့ မရသလို၊ သွားရင်လည်း "သွား တယ်"လို့ သိရမယ်။

သွားချင်တာ နာမ်၊ သွားတဲ့ဟန်က ရုပ်၊
သူမဟုတ် ငါမဟုတ်၊ သွားတာ နာမ်နဲ့ ရုပ်။
ထိုင်ချင်တာနာမ်၊ ထိုင်တဲ့ဟန်က ရုပ်၊
သူမဟုတ် ငါမဟုတ်၊ ထိုင်တာ နာမ်နဲ့ ရုပ်။
နာမ်ရုပ်နှစ်သင်း အမြင်ရှင်း သွားရင်အလုပ်လုပ်။

သွားတာ နာမ်နဲ့ရုပ်၊ ထိုင်တာ နာမ်နဲ့ရုပ်၊ တရားနာတာ နာမ်နဲ့ရုပ်။ အဲဒီလို နာမ်နဲ့ရုပ်ကို သိဖို့အတွက် အစောကြီးကတည်းက တရားနာ ရင်း ရှုမှတ်ရတယ် မဟုတ်လား။

"ဟုတ်ပါတယ်ဘုရား"

အဲဒါ ထိုင်တာတစ်မျိုးတည်းတွင် ပြီးပါ့မလား။ ထိုင်စရာ မလို ဘူးဆိုရင်ရော ရပါ့မလား။ မဇ္ဈိမပဋိပဒါ နေရာတကာ အရေးကြီး ပါတယ်။ မျှမျှတတ ယူတတ်ပါစေနော် ယောဂီတို့။

***

# ကျွန်ုပ်ညီမှတရားရ

တရားတွေ အရမ်းလိုချင်ရင်လည်း မရဘူး။ ချက်ချင်း ရဟန္တာ ဖြစ်ချင်တယ်။ အရမ်းလိုချင်လို့ရှိရင် ယောဂီတို့စဉ်းစားကြည့်ပါ။ ဘာ တွေ လွန်သွားမယ်လို့ထင်လဲ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

''ဝီရိယလွန်သွားတာပါဘုရား''

ဝီရိယလွန်သွားတော့ ဘာနဲ့မညီဘူးလဲ၊

''သမာဓိနဲ့ မညီတော့ပါဘုရား။

ဣန္ဒြေမညီမျှရင် တရားရပ့ါမလား။

''မရနိုင်ပါဘူးဘုရား''

ဝီရိယလွန်တော့ သမာဓိနည်းသွားပြီး စိတ်တွေက ပျံ့လွင့်သွားပြီ။ တော်ကြာခဏလေးထိုင်လိုက် လမ်းလျှောက်လိုက်၊ ထလို့လည်းမရ၊ ထိုင်လို့လည်းမရ။ ပုရွက်ဆိတ်ကိုက်သလို ဖြစ်နေတယ်။ ဟာ.. ရရ မရရကွာ၊ တရားဆိုတာ ဘယ်တတ်နိုင်ပ့ါမလဲ။ တရားက အရေးမကြီးပါဘူး။ ပိုက်ဆံက အရေးကြီးတယ်။ အဲလိုဆို တရားရပ့ါမလား။ သူက တရားလိုချင်တာမှ မဟုတ်ဘဲ။ ပိုက်ဆံလိုချင်တယ်။ လူလိုချင်တယ်။

ပိုက်ဆံလိုချင်ရင် ပိုက်ဆံရမယ်။ လူလိုချင်ရင် လူရမယ်။ တရားရပ့ါမလား။

''မရပါဘူးဘုရား''

တရားကို အရမ်းလိုချင်ရင်လည်း မရဘူး။ တရားကို မလိုချင်ပါဘူးကွာ။ တဖြည်းဖြည်း တစတစ ပေါ့။ ဘယ်တတ်နိုင်ပ့ါမလဲ။ မင်းတို့ဟာမင်းတို့ လုပ်ချင်လုပ် မလုပ်ချင်နေ။ ငါတော့ မလုပ်နိုင်ဘူး။ ဒီလောက် ခက်ခဲနက်နဲပြီး ညစာလည်းမစားရဘူး။ ဘာမျှလည်း မလုပ်ရဘူး။ အဲဒီပုဂ္ဂိုလ်တွေရော ရပ့ါမလား။ အဲဒီပုဂ္ဂိုလ်တွေ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာများမလဲ။

''အကုသိုလ်က များပါတယ်ဘုရား''

တစ်သိန်းတစ်ယောက် သုဂတိမရောက်တဲ့။ အဲဒီပုဂ္ဂိုလ်ကြီးတွေ ဘယ်ကြွမလဲ။

''အပါယ်လေးပါးပါဘုရား''



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တရားမလိုချင်ရင်လည်း ဒယ်အိုးထဲရောက်ဖို့ များတာပါပဲ။ တရားလိုချင်ရင်လည်းပဲ ဝီရိယတွေလွန်ပြီး မရပြန်ဘူး။ ဆိုရအောင်။

**လို'မလိုကြား၊ တရားရှာပါ။**

**တရားက မုချရတော့မှာ။** လိုမလိုကြားဆိုတာ အရမ်းလည်းပဲ မချိမဆံ့ မလိုချင်နဲ့။ မချိမဆံ့လိုချင်တော့ ဝီရိယတွေလွန်ပြီး တရားမရဘူး။ ဟာ ...မတတ်နိုင်ဘူးပေါ့ဆိုပြီး ပစ်ထားရင်လည်း မရဘူး။ ဝိပဿနာ ရှုမှတ်တယ်ဆိုတာ ယောဂီရဲ့တာဝန်က ဘာလုပ်ရမှာလဲ။

''တရားနာ၊ တရားရှုမှတ်ရမှာပါဘုရား''

မချိမဆံ့ လိုချင်နေရင် မရဘူးဆိုသော်လည်းပဲ လုံ့လ ဝီရိယနဲ့တော့ ပြင်းပြင်းထန်ထန် ရှုမှတ်ရမယ်နော်ယောဂီတို့။ တစ်နေ့ မနက်တစ်ခါ၊ ညတစ်ခါ ဖောင်းတယ်၊ ပိန်တယ်၊ လုပ်နေရုံနဲ့ မရဘူး။ တစ်နေ့မှ တစ်ချိန်လောက်လေး ထိုင်ရုံနဲ့လည်း မရနိုင်ဘူး။ ဝတ်ကျေတန်းကျေလေး တရားနာပြီးတော့၊ နာလည်းပြီး ဘာမျှမသိတော့ဘူး ဆို ရပ့်မလား။

''မရပါဘူး ဘုရား''

အဲဒါကြောင့်မို့လို့ ယောဂီတို့ မိမိအားထုတ်တဲ့တရားနဲ့ ပတ်သက်လို့ အရမ်းလိုချင် ပျာလောင်ခတ်နေရင်လည်း မရဘူး။ အေးအေးစက်စက်နဲ့ လုပ်နေရင်လည်း မရဘူး။ လို မလိုကြားမှာ ရှုမှတ်ရမယ်။ တရားရတာ မရတာ ဓမ္မတာဝန်။ ယောဂီရဲ့တာဝန်က ဘာပါလိမ့်

''တရားအားထုတ်ရမှာပါဘုရား''

အစောကြီးကတည်းက ကိုယ်သွားမယ့်လမ်းကို သိထားတဲ့အခါကျတော့ သံသယကင်းကင်းရှင်းရှင်း လမ်းလျှောက်နိုင်တယ်။ အားထုတ်နိုင်တယ်။

ဖြစ်ခိုက်ရှုမှ၊ သဘာဝ၊ မုချသိနိုင်သည်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပစ္စုပ္ပန်တည့်တည့် မှတ်လို့ရအောင် ဖြည်းဖြည်းသက်သာ သွားရမယ်။ လူမမာနဲ့တူစွာ ကျင့်ရမယ်။ လူမမာနဲ့တူစွာ ဘာဖြစ်လို့ ကျင့်ရတာလဲ။

''ပစ္စုပ္ပန်တည့်တည့် ရှုနိုင်အောင်လို့ပါဘုရား''

ပစ္စုပ္ပန်တည့်တည့် ဘာလို့ရှုရသလဲ။

''သဘောလေးသိအောင်လို့ပါဘုရား''

သဘောသိမှ ဝိပဿနာဖြစ်မှာ။ ယောကျ်ားတွေ၊ မိန်းမတွေ၊ ခေါင်း၊ ခါး၊ ခြေလက်တွေ မြင်နေရင် ဝိပဿနာဖြစ်ပါ့မလား။ သဘောတွေ သိပါများလာရင် ဘာတွေဖြစ်မလဲ။

''ဖြစ်ပျက်မြင်ပါတယ်ဘုရား''

ဩော် ... ဖြစ်ပျက်တွေ မြင်လာ။ နောက်ကျတော့ မုန်းပြီး ငြီးငွေ့လာရော။ မုန်းပြီး ငြီးငွေ့လာတော့ မဂ်ဉာဏ်ရ။ အပါယ်တံခါးပိတ်။ အဲဒီလို သွားဖို့အတွက် အမြဲတမ်း ရှုမှတ်နေရမယ်။

ရှုမှတ်တဲ့အခါမှာ ယောဂီအသစ်တွေက စကြံများများ လျှောက်ပါ။ စင်္ကြံလျှောက်မှတ်လိုက်၊ ထိုင်မှတ်လိုက် အဆက်မပြတ် မှတ်နေရတယ်။ **''ထိုင်သမာဓိ၊ ထမရှိ ''**မဖြစ်ပါစေနဲ့။ ထိုင်တဲ့သမာဓိနဲ့ စင်္ကြံလျှောက်တဲ့သမာဓိ ဆက်နေအောင် တရစပ်မှတ်နေရမှာမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

ရှုမှတ်တဲ့အခါမှာ ပစ္စုပ္ပန်တည့်တည့် အံကိုက် အံကိုက်ကျသွားပြီဆိုရင် အဲဒါ ဝိပဿနာဉာဏ် ဖြစ်တော့မယ်။ ပေါ်တာနဲ့ ရှုတာနဲ့ အံကိုက်ကျသွားလို့ ငါးမိနစ်သာသာဆို ပီတိ၊ ပဿဒ္ဓိ ဖြစ်တယ်။ များသောအားဖြင့် အံကိုက်ကျသွားလို့ ငါးမိနစ်၊ ဆယ်မိနစ်ဆို ဖျင်းခနဲ ဖျင်းခနဲ ဖြစ်တာ။

(၁၅)မိနစ်၊ မိနစ်(၂၀)လောက်များ အံကိုက်ကျသွားပြီဆို ဖြစ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပြီ။ အဲဒါ မှတ်အားကောင်းသွားရင် ပြောပါတယ်။ အံကိုက်ကျသွားရင် ပီတိ၊ ပဿဒ္ဓိက ဖြစ်တာပဲ။ ပီတိ၊ ပဿဒ္ဓိက ထမင်းစား ရေသောက် လိုပဲ ခဏခဏဖြစ်တာ။

ဒါကြောင့် မြတ်စွာဘုရားရဲ့ တရားတော်ဟာ တကယ့်ကို ပစ္စုပ္ပန် မှာ ချမ်းသာတာကို။ သေပြီးမှ သံချိုင်းကုန်းဟိုဘက်ကျမှ ချမ်းသာ တာ မဟုတ်ဘူး။ ရွှေတွေ၊ ငွေတွေရမှ ချမ်းသာတာမဟုတ်ဘူး။ ပီတိ၊ ပဿဒ္ဓိ ဖြစ်ပြီဆိုကတည်းက မချမ်းသာဘူးလား။

''ချမ်းသာပါတယ်ဘုရား''

ချမ်းသာလိုက်တာမှ စကြဝတေးမင်း စည်းစိမ်နဲ့ မလဲနိုင်ဘူး။ ဟိုမှာ တိုင်းသူပြည်သားတွေ စီမံအုပ်ချုပ်လုပ်ကိုင်ရ၊ မောင်းမမိဿံ တွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ၊ မချမ်းသာပါဘူး။ ပီတိ၊ ပဿဒ္ဓိကြောင့် ချမ်းသာတာကမှ ထိုင်တယ် ထိတယ်ဆို ငြိမ့်ခနဲ ငြိမ့်ခနဲ၊ ဆိုဖာကြီးပေါ် တက်ထိုင်နေရသလို၊ ခန္ဓာကိုယ်အောက်က ကြမ်းပြင်ဟာ ပျော့ပျောင်း ပြီး ဆိုဖာလို ဖြစ်သွားတာ။

**ကိုယ်ရော စိတ်ရော ချမ်းသာတာ။**

မြတ်စွာဘုရားရဲ့ တရားတော်ဟာ တကယ့်ကိုပဲ ကောင်းကျိုး ချမ်းသာပေးတာပဲ။ ချက်ချင်းကိုပဲ ကောင်းကျိုးချမ်းသာပေးတာပဲ။ ''အကာလိကော'' တကယ်မှန်တာပဲ။ တရားတွေ့ရင် ဘုရားကို ကြည် ညိုလို့မဆုံးဘူး။

**မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။**

တစ်ခုနဲ့တစ်ခုက ကွင်းဆက်နေတယ်။ ခုနလို ရိရိသေသေ မှတ်လို့ပီတိ၊ ပဿဒ္ဓိတွေဖြစ်လာတော့ ကောင်းလာရော။ ကောင်း လာတဲ့အခါကျတော့ မျောသွားတတ်တယ်။ ကောင်းတာလေးကို မမှတ် တော့ဘူး။ သူက မကောင်းခင်တုန်းကတော့ ကြိုးစားမှတ်တယ်။ ကောင်းလည်းကောင်းရော မမှတ်တော့ဘူး။ အသာလေး မှိန်းပါသွား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ကြားပြတ်မသွားဘူးလား။

"ပြတ်သွားပါတယ်ဘုရား"

ယောဂီတို့ သမာဓိကြားပြတ်သွားရင် ပညာမလာတော့ဘူး။ မတက်တော့ဘူး။ ကြားပြတ်သွားလို့ရှိရင် အဲဒီနေရာက အဲဒီနေရာပဲ ဖြစ်သွားတယ်။

ချမ်းသာရင်"ချမ်းသာတယ်၊ ချမ်းသာတယ်"၊ ကောင်းရင် "ကောင်းတယ်၊ ကောင်းတယ်" ငြိမ့်ရင်လည်း "ငြိမ့်တယ်၊ ငြိမ့်တယ်" ကိုယ်ဖြစ်တဲ့အတိုင်း ဆက်မှတ်။ အဲဒီသဘောတရားလေးတွေဟာ မမြဲဘူးဆိုတာ သိတော့မှ ဉာဏ်က တစ်ဆင့်ပြီးတစ်ဆင့် တက်လာတာ။ အဲဒါ ကောင်းလို့ရှိရင် မျောသွားတတ်တယ်။ ယောဂီအများစုဟာ **သုခဝေဒနာကို မမှတ်ဖြစ်ကြဘူး။ မှိန်းနေတတ်တယ်။** မျောနေတတ်တယ်။ မမျောစေနဲ့ တတ်နိုင်သလောက်မှတ်။ ကိုယ်က ဘယ်လိုမျှ မမှတ်နိုင်လို့ လွတ်သွားတာတွေလည်းရှိမယ်။ လွတ်သွားတာ ဘယ် တတ်နိုင်မှာလဲ။ ပြန်သတိရရင် ပြန်မှတ်၊ လွတ်တဲ့အခါလည်း လွတ်တာကိုး။

လွတ်တာကို ပြန်ပြီးတော့ ကုက္ကုစ္စဖြစ်မနေနဲ့။ လွတ်'လွတ် ပြန် သတိရရင် ပြန်မှတ်။ မှိန်းပြီးတော့ လိုက်မသွားနဲ့။ မှိန်းပြီး လိုက်သွားတဲ့အခါကျတော့ အကြာကြီးပဲ မျောနေတတ်တယ်။ ငါးမိနစ်လောက်နဲ့ သတိရရမယ့်ဟာ မရတော့ဘူး။ (၁၀)မိနစ် (၁၅)မိနစ် မှိန်းနေရော။ နောက်ကျတော့ မှိန်းပြီးနေတဲ့အကျင့်ကြီး ပါသွားရော။ မမှတ်ချင်တော့ဘူး။ အပျက်တွေအကုန်လုံးကိုသိဖို့ အများကြီး လိုသေးတယ်။ ဒါ အစရှိသေးတယ်။ အဲဒါ မှိန်းတဲ့အကျင့်ကို သတိထားကြနော် ယောဂီတို့။ မှိန်းရမှာလား။ မှတ်ရမှာလား။

"မှတ်ရမှာပါဘုရား"

တရစပ်မှတ်ပြီး လိုက်သွားရမှာ။ အဲဒါကြောင့်မို့လို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

**မနားမရပ်၊ ကြားမပြတ်၊ ရှုမှတ်မြဲရမည်။**

**စိတ်တည်ငြိမ်ကြောင်း၊ နိမိတ်ဟောင်း၊ ကောင်းကောင်း မှတ်ရမည်။** ကိုယ်မှတ်လို့ သုံးချက်နဲ့မိတာ၊ လေးချက်နဲ့ ပိုမိတာ၊ ငါးချက်နဲ့ ပိုမိတာ၊ တစ်ယောက်နဲ့တစ်ယောက် မတူဘူးနော်။

အဲဒီလိုမိတဲ့ ရှုနည်း မှတ်နည်းလေးကိုလည်း ကိုယ့်ရဲ့စိတ်ထဲ မှတ်ထားရတယ်။ ဩော် ... ဒီလိုမှတ်ရင် မြန်မြန်သမာဓိရတယ်။ မြန်မြန်သမာဓိရတဲ့ နည်းလေးကိုလည်း ကိုယ့်ဟာကိုယ် မှတ်ထား။ "ထိုင်တယ် ထိတယ်၊ သိတယ်" မှတ်လို့ သမာဓိရတာ၊ "ထိုင်တယ် ထိတယ်၊ နာတယ်" မှတ်လို့ သမာဓိရတာ၊ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး။ ဖောင်းတယ် ပိန်တယ် မှတ်ရင်းနဲ့သမာဓိရတယ်။ တချို့က "ထိုင်တယ် ထိတယ်"မှတ်ရင်းနဲ့ သမာဓိရတယ်။ မတူဘူး။

တချို့က တစ်နေရာကို စူးစူးစိုက်စိုက်နဲ့ စိုက်ထားရင်းနဲ့ သမာဓိရတယ်။ ကိုယ်ရတဲ့နည်းလေးကို မှတ်ထား။

**ကိုယ်ရတဲ့နည်းလေးနဲ့ သမာဓိထူထောင်ပြီး၊ နောက်ကျတော့ ပေါ်ရာပေါ်ရာလိုက်မှတ်။**

သမာဓိမြန်မြန်ရတော့ ဘာဖြစ်သလဲဆိုတော့ သုခပဋိပဒါ ဖြစ်သွားတယ်။ **သမာဓိရှိရင် ကျင့်ရတာ ချမ်းသာတယ်။** သမာဓိ မရှိဘူး။ သမာဓိက တော်တော်နဲ့ မရနိုင်ဘူးဆိုရင် ကျင့်ရတာ ဆင်းရဲတယ်၊ ပင်ပန်းတယ်။ ဖွဲ့ကောင်းရင်တော့ အောင်မြင်သွားတာပါပဲ။ ဖွဲ့ မကောင်းရင် စိတ်ဓာတ်ကျသွားတတ်တယ်။

သမာဓိရလို့ရှိရင် အချိန်ဘယ်လောက်ကြာကြာ တရားက ရှုမှတ်လို့ကောင်းနေတယ်။ ကြာချင်သလောက်ကြာ ကောင်းနေတာပဲ။ တချို့များ ထိုင်မှတ်တဲ့အခါ (၃)နာရီ၊ (၄)နာရီ၊ (၅)နာရီကို ချမ်းချမ်းသာသာနဲ့ မှတ်နိုင်တယ်။ အဲဒါကြောင့် ကိုယ်သမာဓိရတဲ့နည်းကို မှတ်ထား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ဣရိယာပုတ်လေးပါးမှာ ကိုယ့်အတွက် ဘယ်ဣရိယာပုတ်က တရားမှတ်လို့အကောင်းဆုံးလဲဆိုတာ မှတ်ထားပြီး၊ မှတ်လို့အကောင်းဆုံး ဣရိယာပုတ်နဲ့ အချိန်များများ မှတ်ရမယ်။

ထိုင်မှတ်လို့ မကောင်းတဲ့အခါ စင်္ကြံလျှောက်ပြီး မှတ်ပါ။ စင်္ကြံလျှောက်တဲ့အခါ ''ကြွတယ်၊ ချတယ်''နဲ့ သမာဓိရသလား။ ''ကြွတယ်၊ လှမ်းတယ်၊ ချတယ်''နဲ့ သမာဓိရသလား။ စင်္ကြံလျှောက်တာ၊ မလျှောက်တတ်တဲ့ ပုဂ္ဂိုလ်များက ဦးပဉ္စင်းတွေကိုမေး။ လျှောက်တတ်တဲ့ပုဂ္ဂိုလ်များ လျှောက်။ တချို့မလျှောက်တတ်ဘူး။ ခြေထောက်ကြီးတွေ ကြွပြီးတော့ တစ်ခါတည်း သူခိုးချောင်းသလို ဖြစ်နေတယ်။ အဲဒီလို လျှောက်ရတာမဟုတ်ဘူး။

ကြွရုံလေး၊ အသာလေး လက်တစ်လုံး နှစ်လုံးလောက်လေး ကြွရတာ။ နှစ်ချက်နဲ့မိရင် နှစ်ချက်။ သုံးချက်နဲ့မိရင် သုံးချက်၊ အမှတ်တွေများတိုင်းလည်း ကောင်းတာမဟုတ်ဘူး။ အမှတ်များလို့မိရင် တော်သေးတယ်။ အမှတ်များပြီး မမိရင် ခေါင်းမူးလာတတ်တယ်။ အမှတ်က ကိုယ်က လေးချက်လောက်မှတ်နိုင်ပါလျက်နဲ့ ''ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်'' အဲဒီလို မလုပ်နဲ့နော်။

မှတ်နိုင်ပါလျက်နဲ့ သက်သက်ပေါ့လို့ရှိရင် နောက် ပေါ့တာ အကျင့်ပါသွားရော။ ပေါ့ရွှတ်ရွှတ်ဖြစ်သွားရော။ ဘယ်တော့မှ ကျကျနန လေးငါးချက် မမှတ်တော့ဘူး။ မမှတ်နိုင်ဘဲနဲ့ လုပ်ကြံပြီးတော့ ငါးချက် ခြောက်ချက် မှတ်လို့ရှိရင်လည်း ခေါင်မူးလာရော။ ''မဇ္ဈိမပဋိပဒါ'' ယူတတ်ရမယ်နော်။

မှတ်လို့ စိတ်ကလေး မိနေရင် အချက်တိုးပေးလိုက်။ မမိဘူးဆိုရင် ခပ်ကျဲကျဲမှတ်။ နောက်မိတော့မှ ထပ်တိုးမှတ်။ အဲဒီလိုမိတဲ့အခါကျတော့ သဘောတရားတွေ ထင်ရှားလာမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သဘောတရားတွေ ထင်ရှားတော့ ဒိဋ္ဌိကွာတာပေါ့ဗျ။ သဘောတရားတွေပဲလို့ သိတိုင်းသိတိုင်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ခြေထောက်ကြီးပဲ၊ လက်ကြီးပဲ လာပါတော့မလား။

အဲဒါ ဒိဋ္ဌိတွေ တဒင်္ဂ တဒင်္ဂခွာနေတာပဲ။ ခုနတုန်းက ရုပ်နာမ် သတ္တဝါသေရင် ဖြစ်သေးသလားလို့၊ မဖြစ်တော့ဘူးလို့ ဖြေစရာလိုပါဦးမလား။ ဒါတွေက ဒိဋ္ဌိနဲ့မေးတာတွေပဲ။ ဉာဏ်နယ်မှာ သတ္တဝါမှ မရှိတာ။ ဉာဏ်နယ်မှာ ရုပ်တွေ နာမ်တွေပဲ ရှိတယ်။

မြတ်စွာဘုရားရဲ့အယူက ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးပဲ ရှိတယ်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဟာ ဖြစ်လည်း ဖြစ်တယ်။ ပျက်လည်း ပျက်တယ်။ အဲဒါ မြတ်စွာဘုရားရဲ့အယူ။ မြတ်စွာဘုရားရဲ့ အယူဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမပဲ။

***

## နိဗ္ဗာန်ဆိုတာ ဘယ်မှာလဲ

ယောဂီတို့ နိဗ္ဗာန်ကို သဘောမပေါက်ရင် စိတ်ကို ကြည့်ရအောင်။ စိတ်ဟာ ပရမတ္ထသဘောတရား။ နိဗ္ဗာန်ဟာလည်း ပရမတ္ထသဘောတရား။ သဘောချင်း ပရမတ်ချင်းအတူတူပဲ။ ပရမတ်ဆိုတာ အရှိတရား။ သို့သော်လည်း ...

စိတ်က သင်္ခတပရမတ်။ နိဗ္ဗာန်က အသင်္ခတပရမတ်။

စိတ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

နိဗ္ဗာန်က နိစ္စ၊ သုခ၊ အနတ္တ။

အနတ္တစကားလုံးချင်းတူပေမယ့်လို့ အဓိပ္ပာယ်ချင်းမတူဘူးနော်။ စိတ်က မမြဲဘူး၊ ဆင်းရဲတယ်။ နိဗ္ဗာန်က မြဲတယ်၊ ချမ်းသာတယ်။ သန္တိသုခ။ အဲဒီတော့ နိဗ္ဗာန်ကို အနုမာနခန့်မှန်းဖို့ ပြောတာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိတ်က တကယ်ရှိတဲ့တရား။ စိတ်ဟာ ရှိလည်းရှိတယ်။ ဖြစ်လည်းဖြစ်တယ်။ ပျက်လည်း ပျက်တယ်။ စိတ်ဟာ အရှိ ဒုက္ခသစ္စာပေါ့။ စိတ်ကိုကြည့်ရအောင် ယောဂီတို့။ စိတ်ဟာ ဝိုင်းဝိုင်းတို့၊ လေးထောင့်တို့ ပုံသဏ္ဌာန်ရှိရဲ့လား။

**ပုံဟာန်နိမိတ်၊ ကင်းဆိတ်ထင်သည်။**

ပုံဟာန်နိမိတ်မရှိဘူး။ စိတ်ဟာ နိဗ္ဗာန်ကိုလည်း ခန့်မှန်းလို့ရတယ်။ နိဗ္ဗာန်က စိတ်လိုပဲ ပုံဟာန်နိမိတ်မရှိဘူး။ ဝင်းဝင်းဝါဝါကြီးတို့ မရှိဘူး။ ဒါ ပရမတ်ချင်းတူတဲ့သဘောကို ပြောတာ။ စိတ်ဟာ တကယ်ရှိတယ်လို့သိရင် နိဗ္ဗာန်ဟာ တကယ်ရှိတယ်။ နိဗ္ဗာန်က တော်တော်လေးနက်နဲတော့ ယောဂီတို့ကို အခြေခံလေးပြောနေတာနော်။ ယောဂီတို့သဏ္ဌာန်မှာ စိတ်ရှိရဲ့လား။

''ရှိပါတယ်ဘုရား''

စိတ်ရှိတာ ဘယ်လိုလုပ်သိလဲ။ အခုကြားတာတွေ၊ မြင်တာတွေက စိတ်ကကြားတာ၊ စိတ်ကမြင်တာ မဟုတ်လား။

စိတ်ရှိတာ မထင်ရှားဘူးလား။ စိတ်ရှိလို့ အခုယောဂီတို့ ကြားတာပေါ့။ ယောဂီတို့ အခု ဒိ ှရှိတော့ဘူး၊ သေသွားပြီဆိုရင် ကြားပါဦးမလား။

''မကြားတော့ပါဘူးဘုရား''

အရှိတရား စိတ်ကို မမြင်ရသလို၊ နိဗ္ဗာန်ကိုလည်း ပကတိမျက်စိနဲ့ မမြင်ရဘူး။ စိတ်ကို ဉာဏ်မျက်စိနဲ့မှမြင်တာ။

စိတ္တာနုပဿနာရှုတော့ စိတ်ကို ယောဂီတို့ မမြင်ရဘူးလား။ အဝိုင်း၊ လေးထောင့် မြင်တာမဟုတ်ဘူး။ **မြင်တယ်ဆိုတာ သိတာကို ပြောတာ**။ ယောဂီတို့ ထိုင်ခါနီးတော့ ထိုင်ချင်တဲ့စိတ်ဖြစ်တယ်။ ထိုင်ချင်တဲ့စိတ်ကို ရှုမှတ်တဲ့ပုဂ္ဂိုလ်က ထိုင်ချင်တဲ့စိတ် မြင်တာပဲ။ သိတာကို ပြောတာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုင်ချင်တယ်၊ ထိုင်ချင်တယ် ထိုင်ချင်တဲ့စိတ်ကလေးက တစ်ခု ပြီး တစ်ခု ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ပြီးတော့မှ ထိုင်တာ။ အဲဒီကြားထဲမှာ စိတ်ကလေးတစ်ခု ရှိသေးတယ်။

''ထိုင်မယ်ကွာ''ဆိုတဲ့ ဆုံးဖြတ်ချက်ကလေး လာသေးတယ်။ စိတ်တွေက မြန်လွန်းအားကြီးလို့ မရှိဘူးအောက်မေ့နေတာ။ ထိုင်ချင်တယ်၊ ထိုင်ချင်တယ်ဆိုပြီး ထိုင်သေးတာမဟုတ်ဘူး။ တောင့်နေတာ။ ထိုင်မယ်ပေါ့လို့ ဆုံးဖြတ်ချက်ချတော့မှ တဖြည်းဖြည်း အောက်ကို ထိုင်ချတာ။ အဲဒီတော့မှ ''ထိုင်တယ်၊ ထိုင်တယ်'' မှတ်ရတာ။

ထချင်တယ်ဆိုလည်း ကြည့်ပါလား။ ထချင်တယ် သဘောပဲ ရှိသေးတယ်။ စိတ်ကိုပြောနေတာနော် ယောဂီတို့။ ထမယ်ကွာလို့ ဆုံးဖြတ်ချက်ချတော့မှ ထဖြစ်တာ။ ဒါပေမယ့် မမှတ်တဲ့အခါကျတော့ အဲဒီစိတ်လေးက ဖြစ်တာ ပျက်တာကို မသိတော့ဘူး။ ထမယ်ကွာ ဆိုတဲ့ဆုံးဖြတ်ချက် ချတဲ့စိတ်ကလေးလည်း ဖြစ်လိုက်တယ်။ ဒါပေမယ့် မသိလိုက်ဘူး။ စိတ်ကမြန်တယ် ယောဂီက မမှတ်မိဘူး။ အဲဒီလို ဖြစ်သွားတယ်။

စိတ်ဟာ အရှိတရားဖြစ်သလို နိဗ္ဗာန်ကလည်း အရှိတရား။ သင်္ခတပရမတ်နဲ့ အသင်္ခတပရမတ်ကို နှိုင်းယှဉ်ပြနေတာနော် ယောဂီတို့။ စိတ်ရှိသလို နိဗ္ဗာန်လည်းရှိတယ်။ နို့မို့ဆိုလို့ရှိရင် နိဗ္ဗာန်က ဘယ်မှာလဲ။ အရှေ့မှာလား။ အနောက်မှာလား။ တောင်မှာလား။ မြောက်မှာလား။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘယ်မှာလဲ။ နိဗ္ဗာန်က ရုပ်လည်းမရှိ၊ နာမ်လည်းမရှိဆိုတော့ ဘာမှမရှိဘူးလား။ ဒီလိုထင်တယ်၊ အခု ... ယောဂီတို့ စိတ်ကို လက်နဲ့ကိုင်ပြလို့ရလား။

''မရပါဘူးဘုရား''

ဒါပေမယ့် တကယ်မရှိဘူးလား။

''ရှိပါတယ်ဘုရား''



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နိဗ္ဗာန်ကလည်း ဒီအတိုင်းပဲ။ လက်နဲ့ကိုင်ပြလို့ မရပေမယ့် တကယ်ရှိတယ်။ ''ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိ''မဂ်ဉာဏ်ရပြီးသား အရိယာသူတော်ကောင်းတွေက နိဗ္ဗာနဓာတ် သမာပတ်ကို မိမိတို့ အလိုရှိတိုင်း ကိုယ်စီ ကိုယ်င အသီးသီးခံစားနိုင်တဲ့အတွက် နိဗ္ဗာန်ရှိတာကို သိတယ်။

သောတာပန်ပုဂ္ဂိုလ်က သောတာပတ္တိဖိုလ် (သောတာပတ္တိဖလသမာပတ်)၊ သကဒါဂါမ်ပုဂ္ဂိုလ်က သကဒါဂါမိဖိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်က အနာဂါမိဖိုလ်၊ ရဟန္တာပုဂ္ဂိုလ်က အရဟတ္တဖိုလ် ဝင်စားပြီးတော့ နိဗ္ဗာန်အငြိမ်းဓာတ်ကို အာရုံပြုနိုင်တယ်။ ဒါကြောင့် ...

ယောဂီတို့က စိတ်ရှိတာကို ရှိမှန်းသိသလို၊ အရိယာ သူတော်ကောင်းတွေကလည်း နိဗ္ဗာန်ရှိတာကို သိတယ်။ စိတ်ရှိသလို နိဗ္ဗာန်လည်း ရှိတယ်။

ဒါပေမယ့် စိတ်နဲ့နိဗ္ဗာန် မတူဘူး။ စိတ်က ဖြစ်ရင် ပျက်ဦးမှာဆိုတော့ ဒုက္ခသစ္စာ။ နိဗ္ဗာန်ကဒုက္ခသစ္စာမဟုတ်ဘူး။ အဖြစ်လည်း မရှိဘူး။ အပျက်လည်း မရှိဘူး။ ဘာရှိသလည်း။ နိဗ္ဗာန်ဟာ သန္တိလက္ခဏာရှိတယ်။ ငြိမ်းအေးတဲ့သဘောရှိတယ်။ အရှိတရားကို ပြောနေတာနော်။

အကြောင်းအကျိုး ရုပ်နာမ်တွေမှ မသိတဲ့သူတွေ ဘယ်လိုလုပ် နိဗ္ဗာန်ကို ခန့်မှန်းလို့ ရမလဲ။ ယောဂီတို့ ဝိပဿနာအားထုတ်နေတာတောင်မှ နိဗ္ဗာန်နဲ့ပတ်သက်လာရင် မနက်နဲဘူးလား။ ဝိပဿနာတရားတွေ အားထုတ်၊ ဗုဒ္ဓဘာသာကို ငယ်ငယ်ကလေးကတည်းက ဖြစ်လာတာ။ ဝိပဿနာတရားတွေ နေ့တိုင်း နေ့တိုင်း နာနေတာတောင် မှပဲ မှားတယ်။

နိဗ္ဗာန်နဲ့ပတ်သက်ရင် ''ဥစ္ဆေဒဒိဋ္ဌိ'' အဖြစ်များတယ်။ စုတိ၊ ပဋိသန္ဓေနဲ့ ပတ်သက်ရင် ''သဿတဒိဋ္ဌိ'' အဖြစ်များတယ်။ ခန္ဓာနဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပတ်သက်ရင် ''သက္ကာယဒိဋ္ဌိ'' အဖြစ်များတယ်။

နိဗ္ဗာန်ဟာ အနက်ရှိုင်းဆုံးပဲ။ ဘာမျှ မဖြစ်တော့ဘူး။ ဘာမျှ မရှိဘူးဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ အဖြစ်များတယ်။ ဘာမျှ မရှိတာတော့ မဟုတ်ဘူး။ နိဗ္ဗာန်က သန္တိသုခအနေနဲ့ ရှိတယ်။

***

## ဒိဋ္ဌိစွာနိုင်မှ နိဗ္ဗာန်ရ

**ရုပ်နာမ်ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်၊**
**ရွှေ့လျောသေခြင်း၊ ကင်းရှင်းလေသည်၊**
**ပုံဟာန်နိမိတ်၊ ကင်းဆိတ်ထင်သည်၊**
**နိဗ္ဗာန၊ ရောက်ကသိမြင်သည်။**

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး စပ်ဆိုထားတာ။ ပြတ်လျက်ဆိုတာ ဖြစ်ပျက်နေတဲ့အစဉ်က ဖျတ်ခနဲဆို ပြတ်သွားတာ။ ငြိမ်းသွားတယ်ဆိုတာကို တင်စားပြီး အေးတာနဲ့ တွဲထားတာ။

ရုပ်နာမ်ဖြစ်ပျက် ပြတ်လျက်ငြိမ်းသည်ဆိုတာ သန္တိလက္ခဏာ။ ဟာ ... ငြိမ်းသွားတာပဲ။ ဘာငြိမ်းသွားတာလဲဆိုတော့ ဖြစ်ပျက်တွေ ငြိမ်းသွားတာ။ အစတုန်းက မှတ်နေရတယ်။ အရှုခံအာရုံကို ရှုဉာဏ်က မှတ်နေရတယ်။ မှတ်နေတယ်ဆိုတာ ပေါ်လိုက် ပျောက်လိုက် မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေတာကိုတွေ့ရတော့ မမြဲတာတွေ ချည်းပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့သိနေပြီ။ အသိအမြင် ရင့်သန်လာတာနဲ့ အမျှ ရုပ်နာမ်ပေါ်မှာ ယောဂီရဲ့ခံယူချက်၊ ခံစားချက်တွေ ပြောင်းလဲ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိုးတက်လာတယ်။

ရုပ်နဲ့နာမ်ကို မပြတ်ဖြစ်ဖြစ်ပြီး ပျက်ပျက်နေလို့ ကြောက်စရာတွေပဲလို့ သိမြင်လာတယ်။ မကောင်းတဲ့ဟာတွေပဲလို့ အပြစ်မြင်လာတော့ ငြီးငွေ့ပြီး လွတ်ထွက်ချင်တဲ့စိတ်တွေ ဖြစ်မလာပေဘူးလား။

''ဖြစ်လာပါတယ်ဘုရား''

ဒီလိုနဲ့ ထပ်ပြန်တလဲလဲ ရုပ်တွေ နာမ်တွေကို ရှုပွားရင် မမြဲ၊ ဆင်းရဲ၊ အလိုမလိုက်၊ အစိုးမရ အစရှိတဲ့ မကောင်းတဲ့ သဘာဝတွေကိုပဲ သိမြင်နေတယ်။

နောက်ဆုံးမှာ အရှုခံ ရုပ်နာမ်တို့ရဲ့ ဖြစ်ပေါ်လာလိုက် ပျောက်သွားလိုက်ဆိုတဲ့ သဘောသက်သက်မှာသာ ရှုစိတ်ကတည် ငြိမ်နေပြီး၊ ဝမ်းမနည်း ဝမ်းမသာ၊ မချမ်းသာ မဆင်းရဲ၊ အလယ်အလတ်သဘောမှာပဲ တည်နေပါတော့တယ်။ အဲဒီဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ်လို့ ခေါ်တယ်။

ဣန္ဒြေတွေညီပြီး သင်္ခါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ အရှုခံအာရုံရော ရှုသိတဲ့စိတ်ရော အကုန်လုံး ချုပ်ငြိမ်းသွားတယ်။ ပြတ်သွားတယ်။ ဖြစ်ပျက်တွေ ငြိမ်းသွားတယ်။ သူနဲ့ သူနဲ့ ဆိုင်ရာ ကိလေသာတွေလည်း ငြိမ်းသွားတယ်။

အဲဒါဟာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ဖြစ်ခြင်းကင်းတဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို မျက်မှောက်တွေ့သွားတာပဲ။

နောက်တစ်ခါ ရွှေ့လျောသေခြင်း ကင်းရှင်းလေသည်။ ရွှေ့လျောသေခြင်းဆိုတာ ရွှေ့လျောတာတို့ သေတာတို့က မမြဲတာ မဟုတ်လား။ ယောဂီတို့ ရှုမှတ်ကြည့်ပါ။ ထိုင်တယ် ထိတယ်။ ထိုင်တယ် ထိတယ်၊ သိတယ်။ အဲဒီလို မှတ်နေရတာဟာ မြဲလို့လား၊ မမြဲလို့လား။

တချို့က နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနေရင် သိနေတယ်တဲ့။ ဒါဆို ဆရာတော်ဘုရားကြီး ဟောထားတာနဲ့ တခြားစီပဲ။ သိနေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာ မဟုတ်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတဲ့အချိန်မှာ အဲဒီ အသိပါ ပျောက်ထွက်သွားတာ။ ရှုစရာအာရုံရော၊ ရှုသိစိတ်ရော အကုန်ပျောက် ထွက်သွားတာ။

အရှုခံအာရုံ ရှိနေမယ်။ ရှုသိစိတ်ကလေး ရှိနေမယ်ဆိုရင် ယောဂီတို့ မှတ်မနေရဘူးလား။ မှတ်နေရတယ်ဆိုတာ တစ်မှတ်ပြီး တစ်မှတ် မှတ်နေရတာလေ။ ယောဂီတို့ တစ်မှတ်ပြီး တစ်မှတ်ဆို တော့ တစ်မှတ်ပြီးတစ်မှတ် သေနေတာမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

ဟိုနိဗ္ဗာန်ကြီးကိုထား။ အခုလက်တွေ့နိဗ္ဗာန်ကို ပြောနေတာ။ တစ်မှတ်ပြီးတစ်မှတ်ဆိုတာ တစ်ချက်ပြီးတစ်ချက် သေနေတာလေ။ အဲဒါ မှတ်နေရတာ။ မှတ်နေရရင် သိနေတာပဲ။ အဲဒါဆို ရွေ့လျော သေခြင်း၊ကင်းရှင်းလေသည်နဲ့ မကိုက်ဘူး။

အဲဒီအသိစိတ်ကို ပျောက်ထွက်သွားတာ။ မှတ်စရာအာရုံလည်း မရှိဘူး။ မှတ်သိစိတ်လည်း မရှိဘူး။ ရွေ့လျောသေခြင်း၊ ကင်းရှင်း လေသည်ဆိုတာ မှတ်စရာမရှိတော့ ပြောင်းလဲနေတာ မရှိဘူး။

မမြဲတာမရှိဘူး။ ဒါဆို မြဲတယ်ဆိုတာ မထင်ရှားဘူးလား။ ဉာဏ်နဲ့ ယောဂီတို့သုံးသပ်ကြည့်။ ခုချက်ချင်း သဘောမပေါက်လည်း နောက် သဘောပေါက်ပါလိမ့်မယ်။

နို့မို့ဆိုလို့ရှိရင် နိဗ္ဗာန်ရောက်ရင် မသေဘူးတဲ့။ ငုတ်တုတ်ကြီး တွေ သွားထိုင်နေတာ။ ဒီလိုအောင့်မေ့နေတာ။ ငုတ်တုတ်ကြီး သွားနေ တာမဟုတ်ဘူး။ သိတဲ့စိတ်ကလေးပါ ပျောက်ထွက်သွားတာ။

ဒီအသုဘရုပ်ကြီး မပြောနဲ့။ သိတဲ့စိတ်ကလေးပါပျောက် ထွက် သွားတာ။ အရှုခံရော ရှုသိစိတ်ပါ ပြတ်ထွက်သွားတော့၊ သိတယ်၊ သိတယ်လည်း မှတ်မရတော့ဘူး။ သိတယ် သိတယ်က အနိစ္စ။ တစ်သိပြီး တစ်သိ ပြောင်းနေတာ မဟုတ်လားယောဂီတို့။ ဦးပဥ္စင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်မီသလောက် ရှင်းပြနေတာနော်။

အဲဒီတော့ ရှုစရာမှတ်စရာမှ အကုန်လုံးပျောက်ထွက်သွားတော့ မှတ်စရာကို မလိုတော့ဘူး။ မှတ်နေရင် ပြောင်းနေမှာပဲ။ ပြောင်းတယ် ဆိုတာ မမြဲတာပဲ။ အနိစ္စ အနိစ္စလို့ အော်နေမှမဟုတ်ဘူး။ ပြောင်းနေ တာ မမြဲတာဘဲ။

အခုဟာက မှတ်စရာကိုမရှိဘူး။ မမြဲတာ မရှိတော့ဘူး။ မမြဲ တာ မရှိတော့ မြဲတာပေါ့။ ရွှေ့လျောသေခြင်း၊ ကင်းရှင်းလေသည် ဆိုတာ မမှန်ဘူးလား။ နောက်တစ်ခါ ပုံဟာန်နိမိတ်၊ ကင်းဆိတ်ထင် သည်။ နိဗ္ဗာန်မင်္ဂဖိုလ်တွေရတဲ့ပုဂ္ဂိုလ်တွေ မေးကြည့်ပါလား။

နိဗ္ဗာန်က မြို့ကြီးလား၊ ပြကြီးလား။ ဝင်းဝင်းလက်လက်ကြီး လား။ တချို့ကလည်း ဝင်းလက်နေတာပဲတဲ့။ ဘယ် ‥ အလင်းရောင် ဆိုတာ ရုပ်တရားပဲ။ နေအလင်းရောင် ရုပ်တရား။ လ'အလင်းရောင် ရုပ်တရား။ ရုပ်နာမ်မှ မရှိတဲ့ဟာ၊ သိကို မသိတာ။ လင်းတာတွေ၊ မှောင်တာတွေ ဘာမျှမသိဘူး။

ပြန်ပြီးသိတဲ့အခါကျမှ ငြိမ်းတဲ့သဘောပဲ။ ခုန ဘာဖြစ်သွား တာလဲ။ အကုန်လုံး ချုပ်ပြတ်သွားတယ်။ အဲဒီ ‥‥

ချုပ်ပြတ်သွားတာကိုပဲ ငြိမ်းတယ်။

ချုပ်ပြတ်သွားတာကိုပဲ အေးတယ်။

ချုပ်ပြတ်သွားတာကိုပဲ သေခြင်းကင်းတယ်။

ချုပ်ပြတ်သွားတာကိုပဲ ပုံဟာန်နိမိတ်ကင်းတယ်လို့ ဆိုလိုပါတယ်။

ရှုစရာအာရုံနဲ့ ရှုသိစိတ်က အမြဲတမ်းပူလောင်နေတာပဲ။ ရှုစရာ အာရုံရော ရှုသိစိတ်ရော ရုပ်တွေ နာမ်တွေ မဟုတ်လား။ ရုပ်တွေ နာမ်တွေက ဒုက္ခသစ္စာ။

ဒုက္ခသစ္စာဆိုတာ ပူလောင်နေတာပဲ။ ရုပ်တွေ နာမ်တွေ ချုပ် သွားတယ်ဆိုတာ ငြိမ်းသွားတယ်။ သန္တိလက္ခဏာ၊ ငြိမ်းအေးခြင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လက္ခဏာ။ ရေခဲလို အေးနေတာမဟုတ်ဘူး။ ငြိမ်းသွားတဲ့ သဘောကို ပြောတာ။ အဲဒါ သန္တိလက္ခဏာ။

ဒုတိယအကြိမ်ထပ်ပြောမယ်နော် ယောဂီတို့။ ရွေ့လျောသေခြင်း၊ ကင်းရှင်းလေသည်။ သိတယ် သိတယ် သိတယ် မှတ်နေတာ အဲဒါ ပြောင်းနေတာ။ ပြောင်းနေတယ်ဆိုတာ မမြဲဘူးလေ။ အဲဒီ သိစိတ်လေးပါ ပြုတ်ထွက်သွားတာ။ သိစိတ်ပါ ပြုတ်ထွက်သွားတယ် ဆိုတော့ ပြောင်းစရာရှိပါဦးမလား။ မရှိဘူး။ မပြောင်းဘူးပေါ့။ မြဲတယ် ဆိုတဲ့နိဗ္ဗာန်က အဲဒီသဘော။

ဘာပုံဟာန်နိမိတ်မှ မရှိဘူး။ နတ်ပြည်နတ်နန်းလည်း မရှိဘူး။ ဝင်းဝင်းလက်လက်လည်း မရှိဘူး။ အဲဒီဟာကို သိတဲ့စိတ်တောင် မရှိတော့ဘူး။ ပုံတွေအကုန်လုံး ချုပ်ငြိမ်းတယ်။

အဲဒီလို နိဗ္ဗာန်ကိုမျက်မှောက်ပြုမှ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် အစစ်ရပြီး သက္ကာယဒိဋ္ဌိကို အမြစ်ပြတ်ဖြုတ်နိုင်တာ။

**နေယျပုဂ္ဂိုလ်တွေအနေနဲ့ဆို အများအားဖြင့် အဲဒီနေရာရောက်အောင် နှစ်နဲ့ချီပြီး မချိမဆံ့ အားထုတ်ရတယ်။**

သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေးဘဲနဲ့ ရပြီးပြီ ထင်နေမှာစိုးလို့၊ မှားမှာစိုးလို့ သေသေချာချာ ရှင်းပြနေတာ။

သက္ကာယဒိဋ္ဌိကို ဖြုတ်ဖို့အတွက် ဘယ်ကစလာသလဲ ဆိုတော့–

ဆင်ခြင်ပြီးဖြုတ်တဲ့အပိုင်း (ဉာတပရိညာပိုင်း)နဲ့ ရှုမှတ်ပြီး ဖြုတ်တဲ့အပိုင်း(တိရဏပရိညာပိုင်း)ဆိုပြီး နှစ်ပိုင်းခွဲပြီး ရှင်းပြရာက စလိုက်တာမဟုတ်လား ယောဂီတို့။

''ဟုတ်ပါတယ်ဘုရား''

ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေ ဖြစ်ပျက်နေတာပဲလို့ ဆင်ခြင်သင့်တဲ့အခါ ဆင်ခြင်ပေးရတယ်။ အဲဒါ အလေ့အကျင့် လုပ်ပေးရတယ်။ အလေ့အကျင့်လုပ်ပါများတော့ အလေ့အထဖြစ်။ အာစိဏ္ဏကံဖြစ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အာသန္နကံဖြစ်။ အပါယ်မှလွတ်။

ရှုမှတ်ပွားများတဲ့အခါ ပေါ်ရာပေါ်ရာ ရှုမှတ်တဲ့အခါကျတော့၊ နောက်ဆို ပျောက်တာတွေ မြင်လာတယ်။ ပျောက်တာတွေ မြင်တော့ သဘောတွေကို သိလာတယ်။

တရစပ်ကြီးကို ဖောက်ပြန်ပြောင်းလဲနေတာပဲ။ နှိပ်စက်နေတဲ့ သဘောကို သိလာတယ်။ မှတ်နေရတာကို နှိပ်စက်တယ်။ နာကျင် ကိုက်ခဲနေလို့ ဒုက္ခမဟုတ်ဘူး။ မနာမကျင် မကိုက်ခဲဘဲနဲ့ မှတ်နေရ တာကို ဒုက္ခဖြစ်နေတာ။ မမှတ်ချင်လည်း မရဘူး။ မှတ်နေရတာပဲ။ အဲဒီသဘောတွေ ထင်ရှားလာတယ်။ ဒါဘာလဲ၊ ဒုက္ခသစ္စာ ထင်ရှား လာတယ်။ ဒုက္ခမြင်တော့ ဘာပါးလာလဲ။

''တဏှာပါးပါတယ်ဘုရား''

ယောက်ျား၊ မိန်းမ မဟုတ်ဘူးဟေ့။ သဘောတွေပဲဆိုတော့ ဘာပါးလာလဲ။

''သက္ကာယဒိဋ္ဌိပါးပါတယ်ဘုရား''

အဲဒါတွေက ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် မှတ်လို့ ကို မကုန်နိုင်ဘူး။ အမယ်လေး သမုဒ္ဒရာရေကို တောင်းနဲ့ချင်နေရ သလိုပဲ၊ မှတ်လို့ကိုမကုန်နိုင်ဘူး။ ထပ်မှတ်နေရဦးမယ်။ ထပ်မှတ် နေရဦးမယ်ဆိုတော့ ဆင်းရဲကို မြင်လာတယ်။

ဆင်းရဲကိုမြင်တော့ တဏှာပါးလာတယ်။ ဒိဋ္ဌိနဲ့ တဏှာကို တွဲ ပြောနေတာ ယောဂီတို့။ ဒိဋ္ဌိပါးတယ်။ တဏှာပါးတယ်။ တကယ်ပြတ် ထွက်သွားတာက ဒိဋ္ဌိပြတ်ထွက်သွားတာ။

ဒိဋ္ဌိပြတ်ထွက်သွားရင် ဝိစိကိစ္ဆာပါ တွဲပါသွားတာပဲ။ သူနဲ့ အပေါင်းအသင်းဆိုတော့၊ ရောသေသွားတာပေါ့ဗျာ။ တဏှာက အား ကြီးတော့ အကုန်လုံးမသေဘူး။ ဒိဋ္ဌိနဲ့တွဲနေတဲ့တဏှာ လေးပုံ တစ်ပုံ သေသွားတယ်။ လေးပုံ သုံးပုံ ကျန်သေးတယ်။ အဲဒါတွေကျတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နောက်မဂ်တွေနဲ့မှ ဆက်ဖြတ်လို့ရတယ်။

ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို ပယ်သတ်ပြီးရင်တော့ ငါးပါးသီလကို ဖောက်ဖျက်လိုတဲ့စိတ်၊ သူများသားမယားကို ဖျက်ဆီးလိုတဲ့စိတ်မျိုးတော့ မရှိတော့ဘူး။ ကာမဂုဏ်စိတ်တော့ မကုန်သေးဘူး။

**သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာ နိဗ္ဗာန်ရတာပဲ ပထမနိဗ္ဗာန်ပေါ့ဗျာ။**

သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ရခြင်းဟာ စကြဝတေးမင်းဖြစ်ရတာထက်လည်း မြတ်တယ်။ နတ်မင်း၊ ဗြဟ္မာမင်း ဖြစ်ရတာထက်လည်း မြတ်တယ်ဆိုတဲ့အကြောင်းကို မြတ်စွာဘုရားရှင်က အနာထပိဏ်သူဌေးကြီးရဲ့သား မောင်ကာလကို အကြောင်းပြုပြီးတော့ ဟောထားတာ ရှိတယ်။

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊**

**သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ၊**

| | |
|---|---|
| သောတာပတ္တိဖလံ – | သောတာပန်အဖြစ် သောတာပတ္တိ ဖိုလ်ရခြင်းသည်၊ |
| ပထဗျာ ဧကရဇ္ဇေန – | လူ့လောကတစ်ခုလုံးကို အစိုးရတဲ့ စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်လည်းကောင်း၊ |
| သဂ္ဂဿ ဂမနေန ဝါ– | နတ်ပြည်ဗြဟ္မာပြည်သို့ ရောက်ရခြင်းထက်လည်းကောင်း၊ |
| သဗ္ဗလောကာဓိပစ္စေနဝါ– | တစ်လောကလုံးကို အစိုးရတဲ့မဟာ ဗြဟ္မာမင်းကြီးအဖြစ်ထက် လည်းကောင်း၊ |
| ဝရံ – | သာလွန်ကောင်းမြတ်လှပါပေ၏ လို့ ဟောကြားတော်မူခဲ့တယ်။ |



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာကြောင့်လဲဆိုတော့ သောတာပန်ပုဂ္ဂိုလ်မှာ အပါယ်ကျစေနိုင်တဲ့ ကံဟောင်းတွေ ကုန်ခမ်းသွားပြီ။ အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံသစ်တွေကိုလည်း မလုပ်တော့ဘူး။

(၇)ဘဝထက် ပိုလွန်ပြီးတော့လည်း သံသရာဘဝဆင်းရဲတွေကို မခံစားရတော့ဘူး။ ကာမဘုံမှာ အများဆုံး(၇)ဘဝပဲ နေရတော့တာ။ နောက် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်နှင့် အရဟတ္တမဂ်တွေရအောင် ဆက်ကြိုးစားရင်၊ ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းတဲ့ **"အနုပါဒိသေသနိဗ္ဗာန်"** ထိ မရောက်နိုင်ဘူးလား။

"ရောက်နိုင်ပါတယ်ဘုရား"

သချာပေါက်ကို ရောက်မှာ။ ဒါကြောင့် သောတာပန်ပုဂ္ဂိုလ်ဖြစ်ရခြင်းဟာ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဖြစ်ရတာထက် သာလွန်ကောင်းမြတ်တာ။ ယောဂီအပေါင်းတို့လည်း ကာမဂုဏ်ချမ်းသာတွေကို ရှာဖွေရင်း၊ ကာမဂုဏ်ချမ်းသာတွေကို ခံစားရင်းနဲ့ပဲ၊ **ဘဝတစ်ခုလုံး အချိန်တွေ မကုန်လွန်ပါစေနဲ့။**

လွတ်မြောက်မှုချမ်းသာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်အောင် အခုပြောခဲ့တဲ့အတိုင်း ကျင့်ကြံပွားများ အားထုတ်ကြပါလို့ တိုက်တွန်းရင်း လင်္ကာလေးဆိုပြီး တရားသိမ်းကြစို့ ...

**သူတော်သူမြတ်၊ ဆည်းကပ်မှန်စွာ၊**
**သူမြတ်တရား၊ နာကြားသေချာ၊**
**သင့်အောင်စိတ်ထား၊ တရားကျင့်ရာ၊**
**သောတာစစ်၊ ဖြစ်ဖို့ကြောင်းလေးဖြာ။**

သာဓု - သာဓု - သာဓုပါဘုရား။

❐



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဉာဏ်လမ်းစဉ်မှ ကမ်းတစ်ဖက်သို့

## မောင်သွေးချွန်
## (မြသန်းစံအမေး၊ မြစိမ်းတောင်ဆရာတော်အဖြေ)

**မြသန်းစံအမေး -**

သီတင်းဝါလ ကျွတ်ခဲ့ပေပြီ။ တစ်ဝါတွင်းလုံး ကျွန်တော် အထူးပြုနာကြားခဲ့သော တရားတော်များမှာ–

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့မှ နှစ်မိုင်ခွဲခန့်အကွာရှိ တောတောင်လျှိုမြောင် ချိုင့်ဝှမ်းတွေကြားမှ "**မြစိမ်းတောင်တောရ(၁) ဝိပဿနာကျောင်း**"နှင့် လိမ္မော်ခြံရွာ၊ မြစိမ်းတောင်ကျောင်းတို့၏ ဦးစီးနာယက "**မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ**"၏ တရားတော်များ ဖြစ်ပါသည်။

ကက်ဆက်တိပ်ခွေ၊ စီဒီခွေတပ်ပြားများမှတစ်ဆင့် နာကြားခဲ့ရပါသည်။ တရားနာနေရင်းမှပင် မြစိမ်းတောင်ဆရာတော်အား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လက်အုပ်ချီ၍ အာရုံပြုကာ ကြည်ညိုလာမိပါတော့သည်။

ဝိပဿနာတရားများကို ပယ်ပယ်နယ်နယ် အားထုတ်ခဲ့ပြီး၍ တပည့်ဒကာ ယောဂီများအား ပြန်၍ တရားပြလျက်ရှိကြောင်းလည်း သိရပါသည်။

မြစိမ်းတောင်ဆရာတော်၏ တရားတော်များနှင့် စတင် မိတ်ဆက်ပေးသူမှာ ဆရာတော်၏ တပည့်ဒကာတစ်ဦးဖြစ်သူ 'ဦးတူး' ဖြစ်ပါသည်။ မြစိမ်းတောင်ဆရာတော်၏ တရားများနှင့် ပတ်သက်လာလျှင် ဦးတူးသည် အစဉ်နိုးကြားတက်ကြွလျက် ရှိနေသူပါတည်း။

''ဆရာသွေးလည်း မဟာဗောဓိမြိုင်ဆရာတော်ကြီးရဲ့တရားတော်တွေကို ရေးသားပူဇော်နေတဲ့သူပဲဗျာ။ တရားရည်ဝပြီးသားထဲကပါ။ အခုကျွန်တော်ပေးလိုက်တဲ့ မြစိမ်းတောင်ဆရာတော်ရဲ့တရားတွေ နာကြည့်စမ်းပါ။ မဟာစည်ဆရာတော်ကြီးရဲ့ ဓမ္မအမွေကို ဘယ်လိုဆက်ခံခဲ့တယ်ဆိုတာ လေ့လာကြည့်စမ်းပါ''

ဦးတူး အညွှန်းကောင်းသဖြင့် မြစိမ်းတောင်ဆရာတော်၏ တရားတော်များကို အမြည်းသဘော နာကြည့်ရာ ထိုင်ရာမှ မထနိုင်တော့ဘဲ၊ မိုးလင်းသည်အထိ တစ်ညလုံး နာကြားကြည်ညိုဖြစ်ခဲ့ပါတော့သည်။

လမ်းမှန်ကို လျှောက်စေချင်ပါသည့်တရားတော်၊
ဝိပဿနာအလုပ်ပေးတရားတော်၊

ထို့နောက် ထို့နောက်တွင်ကား တရားခွေတ်ပြားတစ်ချပ်ထည့်၍ နာလိုက်မိချိန်တွင် ကျွန်တော် မျှော်လင့်မထားသော ယောဂီတစ်ဦးကို မြစိမ်းတောင်ဆရာတော်၏ ခြေတော်ရင်းတွင် ဘွားခနဲတွေ့လိုက်ရပါသည်။

ထိုယောဂီကား ကျွန်တော်၏ ဓမ္မမိတ်ဆွေကြီး အပ္ပမာဒမဂ္ဂဇင်းစာတည်းချုပ် ဆရာမြသန်းစံပါတည်း။ သူ့ရုပ်သွင်က သိမ်သိမ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ခမွှေ့မွှေ့၊ သူ့အသံက အေးအေးမြမြဖြင့်။ သူသည် ဆရာတော်အား တရားစကား လျှောက်ထားမေးမြန်းနေသည်။

**မြစိမ်းတောင်ဆရာတော်နှင့် မြသန်းစံ**

မြ နှစ်မြ၏ တွေ့ဆုံခန်းသည် ကျွန်တော့်အား လန်းဆန်းနိုးကြားသွားစေခဲ့သည်။ ထိုစဉ်က –

မြစိမ်းတောင်ဆရာတော်အား ဆရာမြသန်းစံမေးသော မေးခွန်းသည် အတော်အသင့်အားထုတ်ဖူးသောယောဂီများ မေးချင်နေသောမေးခွန်းဖြစ်ပါသည်။

မြစိမ်းတောင်ဆရာတော်၏ အဖြေစကားသည်လည်း ယောဂီအများ ကြားနာချင်သောအဖြေစကား တရားစစ်တမ်းပါတည်း။

ထိုအမေးအဖြေတိပ်ခွေ၊ စီဒီခွေပြားကို ကျွန်တော်သည် အကြိမ်ကြိမ်နားထောင်နာကြားခဲ့ပါသည်။ မိတ်ဆွေများအားလည်း ဝေငှ၍ ဓမ္မဒါနပြုခဲ့ပါသည်။

ကျွန်တော်၏ရည်ရွယ်ချက်မှာ –

ဆရာမြသန်းစံ၏ ဓမ္မပုစ္ဆာကို ပဲ့တင်လိုခြင်းဖြစ်ပါသည်။ ဆရာမြသန်းစံက မြစိမ်းတောင်ဆရာတော်အား ဤသို့မေးလျှောက်ခဲ့ပါသည်။

**"ဆရာတော်ဘုရား –**

**ဝိပဿနာတရား အားထုတ်နေတဲ့ ယောဂီများကိုယ်စား တပည့်တော် မေးလျှောက်ပါရစေဘုရား၊ တပည့်တော်များ သိလိုတာကတော့ ယောဂီပုဂ္ဂိုလ်သည် ကြိုးစားအားထုတ်ပါသော်လည်း ဘာကြောင့် တရားမတက်ရပါသလဲဘုရား၊**

**ဉာဏ်စဉ်တို့၏ အထွတ်အထိပ်ဟုဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်ခဲ့ပါလျက် ကမ်းတစ်ဖက် မဂ်စခန်းသို့ ဘာကြောင့် မကူးမြောက်နိုင်ရပါသနည်း အရှင်ဘုရား"**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မေးခွန်းက သိမ်မွေ့သလောက် နက်ရှိုင်းနေပါသည်။ မြစိမ်းတောင်ဆရာတော်မှာလည်း မရည်ရွယ် မမျှော်လင့်ဘဲ ရုတ်တရက် အမေးခံလိုက်ရခြင်း ဖြစ်ပါသည်။

ဒကာဦးတူးအိမ်သို့ ဆွမ်းစားကြွလာစဉ် ဤသို့အမေးရှိသည်ကို မြစိမ်းတောင်ဆရာတော်ကလည်း လက်တန်းအဖြေပေး ရှင်းပြသွားသည်မှာ–

တရားပွဲကြီးတစ်ပွဲကို တက်ရောက်နာကြားရသကဲ့သို့ အားရဖွယ်လည်း ကောင်းလှပါသည်။ ကြည်ညိုမှတ်သားဖွယ်ရာများဖြင့်လည်း အတိပြီးပါတော့သည်။

## မြစိမ်းတောင်ဆရာတော်၏အဖြေ

ယောဂီများ ကြိုးစားအားထုတ်ပါလျက် ကမ်းတစ်ဖက်သို့ ဘာကြောင့် မရောက်ရပါသနည်း။

''သင်္ခါရုပေက္ခာဉာဏ်''အထိတော့ ရောက်တယ်။

အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ထိ မကူးနိုင်ဘူး။

ဘာကြောင့် မကူးနိုင်ဘဲနဲ့ အောက်ကို ပြန် ပြန် ကျသွားရတာလဲ။

ဒကာကြီးလျှောက်တဲ့မေးခွန်းရဲ့အဓိပ္ပာယ်က ဒီလို မဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''

အကြောင်းတရားများစွာထဲက ထင်ရှားတဲ့(၄)ချက်ကို ဦးပဥ္စင်း ဉာဏ်မီသလောက် ရှင်းပြမယ်။

***



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ဆုပန်ထားတာရှိသလား

ပထမအချက်က ဆုကြီးပန်ထားလို့ရှိရင် မကူးနိုင်ဘူး။ များသောအားဖြင့် စာပေလေ့လာထားတဲ့ပုဂ္ဂိုလ်တွေ၊ ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားရဲ့ မဟာကရုဏာတော်ကို အင်မတန် ကြည်ညိုတတ်ကြပါတယ်။

မြတ်စွာဘုရားလိုပဲ သတ္တဝါတွေကို ကယ်တင်ချင်တဲ့စိတ် အင်မတန်ကြီးတယ်။ ကိလေသာတွေ မကင်းသေးလို့ အိမ်ထောင်တွေပဲ ကျနေနေ၊ သံယောဇဉ်တွေ ဘယ်လောက်ပဲရှိရှိ၊ အများကို အရမ်းကယ်တင်ချင်တယ်။ မွန်မြတ်တဲ့စိတ်ပါပဲ။

အဲဒီကရုဏာစိတ်ကြောင့် မိမိကုသိုလ်ကောင်းမှုပြုတိုင်း ပြုတိုင်း အများကို ကယ်တင်နိုင်ရပါလို၏။ တစ်ခါတလေကျတော့ ဤကုသိုလ်ကောင်းမှုကြောင့် ''သဗ္ဗညုတ ရွှေဉာဏ်တော်''ရရပါလို၏။ တချို့လည်းပဲ  အဂ္ဂသာဝက၊ မဟာသာဝက ဖြစ်ရပါလို၏ ဆုတောင်းခဲ့တယ်။ အရင်ဘဝတွေက ဆုပန်ထားတာတွေလည်း ရှိနိုင်ပါတယ်။

ရိပ်သာရောက်လို့ ဝိပဿနာတရားတွေနာ၊ တရားတွေ အားထုတ်တဲ့အခါမှာ ဒုက္ခဝေဒနာကို ကိုယ်တိုင်အကြီးအကျယ် ခံစားရတဲ့အခါကျတော့ သံသရာက လွတ်ချင်လာတယ်။ ဟိုတုန်းက ဒုက္ခဝေဒနာကို စာပေလောက်ပဲ၊ သညာလောက်ပဲ သိခဲ့တာကိုး။

ဩော် ပဋိသန္ဓေနေရတာ ဆင်းရဲတယ်။ အိုတာ ဆင်းရဲတယ်၊ နာတာ ဆင်းရဲတယ်၊ ဒါကတော့ များသောအားဖြင့် ကြားနာနေကြရတယ်။ ဒီလောက်လေးက မမှုဘူးပေါ့လေ။ အဲဒီတော့ ဆုကြီးတွေ ပန်ကြတယ်။

တကယ်အားထုတ်တဲ့ အခါကျတော့ ''သမ္မသနဉာဏ်''ပိုင်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာကတည်းက အပြင်းအထန် ခံနေရပြီ။ နောက်ပိုင်း ''ဥဒယဗ္ဗယ ဉာဏ်''တွေ ကျော်ပြီး ဟိုဘက်ရောက်တဲ့အခါ ဝေဒနာတွေက ပြန်တွေ့သေးတာ။

အဲဒီလို မချိမဆံ့ခံလာရတော့ ဟိုတုန်းက စာပေနဲ့သိတဲ့ ဒုက္ခနဲ့ အခုကိုယ်တိုင်ကျင့်ကြံလို့ သိလာတဲ့ဒုက္ခက အများကြီး ကွာတာပဲ၊ မကွာဘူးလား ဒကာကြီး၊

''ကွာပါတယ်ဘုရား''

ဘယ်လိုမျှ နှိုင်းယှဉ်လို့မရအောင် ကွာတယ်။ ကိုယ် တကယ် ခံရတာက ဖျာပေါ်မှာတွင် ငရဲပြည်ရောက်နေသလို ဖြစ်နေတာ။ ဖျာပေါ်မှာတင်ကို ပြိတ္တာပြည်ရောက်နေသလို ဖြစ်နေတာ။

ဖျာပေါ်မှာထိုင်နေရင်းနဲ့ အကုန်လုံးက ဝိုင်းပြီးတော့ နှိပ်စက်တာကို ခံနေရသလိုပဲ။ ဒါကတော့ ကိုယ်တိုင်လုပ်ဖူးမှ ကိုယ်တိုင်သိတဲ့ တရားတွေ။ တစ်ခါတည်းကို မချိမဆံ့ခံနေရတာ။ နာရီပိုင်းလောက်လေးတောင် ဒီလောက် ဆင်းရဲရင်၊ ငရဲဆိုတာ ကမ္ဘာနဲ့ချီပြီး ခံရတာ။ နှစ်ပေါင်းကိုးသန်းမှ သိဋ္ဌိုးငရဲတစ်ရက်ဆိုတော့ အမယ်လေး ဒါကြီးတော့ မခံချင်တော့ဘူး။ ဒီတော့ –

မဂ်ဉာဏ် ဖိုလ်ဉာဏ် လိုချင်လာပြီ။

လွတ်မြောက်ချင်လာပြီ။

ဆုကြီးပန်ထားတာကိုကျတော့ စွန့်ရမှာကို မေ့နေတယ်။ တချို့ကျတော့ အရင်ဘဝတွေက ဆုကြီးပန်ထားမှန်းမသိဘူး။ အားထုတ်ရင် ရမှာပဲဆိုပြီး ဒီလိုပဲ ထင်ထားတယ်။

အဲဒီတော့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား''သင်္ခါရုပေက္ခာ ဉာဏ်'' အပေါ်ကို မတက်ဘူး။ ဒီနားရောက်ရင် ပြန်ကျ၊ ဒီနားရောက်ရင် ပြန်ကျတာပဲ။

တချို့ကမ္မဋ္ဌာန်းဆရာတွေ၊ ကျွမ်းကျင်တဲ့ ဆရာတော်ဘုရား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီးတွေက သိနေပြီ။ ဆုကြီးပန်ထားတာများ ရှိသလား။ မေးတော့ တာပဲ။ ဒီနေရာ ခဏ ခဏ ရောက်ပြီးပြန်ကျတာကို။

ဆုကြီးပန်ထားရင် စွန့်လိုက်။ စွန့်ပြီးမှအားထုတ်၊ မစွန့်ဘူး ဆိုရင်တော့ ပြန်ကျတော့။ ဆက်အားမထုတ်နဲ့တော့။ ဆုကြီးပန်ထား လို့ရှိရင်ဒီလောက်ပဲ ရတယ်။ ပါရမီဖြည့်ရုံပဲ ရှေ့ကို ဆက်မတက်တော့ ဘူး။ ''ဟာ ... တပည့်တော် ကြောက်လာပြီဘုရား''

မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ အမြန်လိုချင်ပါတော့တယ်ဆိုရင် ဆုကြီးပန်ထားတာကို စွန့်လိုက်။

စွန့်ပြီးရင် အပြင်းအထန် ဆက်အားထုတ်။

ဒါမှလည်း ဟိုဘက်ရောက်နိုင်တယ်။ ဒါက ပထမအချက်။

***

## တရားထူးလိုချင်တဲ့ နိကန္တိ

ဒုတိယအချက်က ပန်းတိုင်နားရောက်တဲ့အခါ–

''ကူးတော့မယ်၊ ကူးတော့မယ်''နဲ့ တရားလိုချင်တဲ့ဆန္ဒ ဖြစ်ပေါ်နေရင် မကူးနိုင်ဘူး။

ဉာဏ်စဉ်တရားတွေကို မနာနဲ့ဦး၊ ဉာဏ်စဉ်စာအုပ်တွေကို မဖတ်နဲ့ဦးလို့ ဆရာတော်ဘုရားကြီးတွေက တားမြစ်ထားတာရှိတယ်။ အဲဒီလို တားမြစ်ထားသော်လည်း များသောအားဖြင့် ယောဂီတွေက စာဖတ်ချင်ကြတယ်။ စာဖတ်တဲ့ အခါကျတော့ ဉာဏ်စဉ်(၁၆)ပါးကို အကုန်လုံးနားလည်တယ်။ ကိုယ်တိုင်တော့ မရောက်သေးဘူး။ စာပေ အရ အကုန်လုံးကိုနားလည်တော့ အားထုတ်နေရင်းနဲ့ကို ဒါက ''နာမ ရူပ ပရိစ္ဆေဒဉာဏ်''၊ ဒါက''ပစ္စယပရိဂ္ဂဟဉာဏ်''၊ ဒါက ''သမ္မသန



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်''၊ ဒါက ''ဥဒယဗ္ဗယဉာဏ်''ပဲ။ ဒါအနုပိုင်း၊ ဒါအရင့်ပိုင်း။ အဲဒီလို ဝေဖန်ဆန်းစစ်နေတာက များတယ်။

လုပ်တာကနည်းတယ်။ ဝေဖန်ဆန်းစစ်တာက များနေတယ်။ အဲဒီတော့ ထိုင်နေရင်းနဲ့ သူများတွေကို တရားဟောရတာနဲ့ ထိုင်နေရင်းနဲ့ သာသနာတွေပြု။ ဟာ ..အကြီးအကျယ်ပဲ။ အဲဒီလို ဖြစ်နေတော့ အရှိန်က မကောင်းတော့ဘူး။ မြောင်းတစ်ဖက်ကမ်းကို ခုန်တော့မယ်ဆိုရင် ဟိုဖက်ကမ်းကိုရောက်ဖို့ အရှိန်တော်တော်ယူရတယ်။

အခုဟာက လျှောက်သာ လျှောက်နေတယ်၊ အရှိန်က ပျက်နေပြီ။ နောက်ပြန်ဆုတ်လိုက်၊ ရှေ့ပြန်တိုးလိုက်နဲ့ ရှမ်းတွေ ရှင်ပြုသလို ဖြစ်နေတယ်။

ရှေ့တစ်လှမ်းတိုးလိုက် နောက်ကို နှစ်လှမ်းသုံးလှမ်း ပြန်ဆုတ်လိုက်နဲ့ ချာလပတ်လည်ပြီး အရှိန်က ကုန်နေပြီ။ ဟိုဘက်ကမ်းရောက်အောင် မခုန်နိုင်တော့ဘူး။

ခုန်မယ်လည်း ကြံရော၊ ပြုတ်ကျရော။

ဝေဖန်ဆန်းစစ်တာက များနေတော့ အရှိန်တွေ လျော့သွားတယ်။ အဲဒါကြောင့် ဆရာတော်ဘုရားကြီးတွေက မဝေဖန်ပါနဲ့၊ မဆန်းစစ်ပါနဲ့၊ အမြဲတမ်း မိန့်ကြားတာ။ ဝေဖန်ဆန်းစစ်နေလို့ရှိရင် တကယ်လုပ်တဲ့နေရာကျတော့ အခက်အခဲဖြစ်တယ်။

အမျိုးသားတို့၊ ရဟန်းတို့က များသောအားဖြင့် ဝေဖန်ဆန်းစစ်မှုများတယ်။ ဘာလို့လဲဆိုတော့ အမျိုးသားကလည်း ပြောရခက်တယ်၊ ကမ္မဋ္ဌာန်းဆရာတွေထက်ကို ပိုတတ်တယ်။ ကမ္မဋ္ဌာန်းဆရာက တစ်ခွန်းပြောရင် သူက အလုံးတစ်ရာလောက် ပိုသိနေတာ။

ရဟန်းကလည်း ဒီအတိုင်းပဲ၊ သူက သူများကို ဆရာလုပ်နေတာမဟုတ်လား။ ကိုယ့်အတွက် တကယ်လုပ်တဲ့အခါကျတော့ ကမ္မဋ္ဌာန်းဆရာပြောတာကို ဟာ ... ဒါ ငါအကုန်သိပြီးသားပါ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပါဠိတောင်အလွတ်ရတယ်ဆိုပြီး နားမထောင်ဘူး။ တကယ့် တကယ်ကျတော့ မကူးနိုင်ဘူး။ "သင်္ခါရုပေက္ခာဉာဏ်"လောက်တော့ ရတယ်။ ဟိုဘက်ကျတော့ ကူးဖို့ခက်ရော။

မှတ်စိတ်က သမားရိုးကျမှတ်နေရင်းက တစ်ဖက်ကမ်းကို ကူးတော့မလို့ အရှိန်အဟုန်ယူတဲ့အခါ ...

အင်မတန် နူးညံ့နေတဲ့အချိန်အခါပေါ့။ ပညတ်တွေအကုန် ပျောက်ပြီး ပရမတ်သက်သက် မှတ်စိတ်က အင်မတန်ပွင့်နေတဲ့ အချိန်၊ အင်မတန်မှ နီးကပ်နေပြီ။ ပန်းတိုင်နား ရောက်နေပြီ။ အဲဒီ အချိန်မှာ ဘာဝင်လာသလဲဆိုတော့ ကိုယ်က ကြိုပြီးတော့ ဉာဏ် စဉ်တွေကို လေ့လာထားတော့-

ဟာ ... "ထူးတော့မယ်၊ ရတော့မယ်"

အင်မတန် သိမ်မွေ့တဲ့စိတ်ကလေးက ဖျတ်ဆို ဝင်လိုက် တယ်။ ထူးချင်တဲ့ လောဘလေးက ကပ်ဝင်လာတယ်။

"ထူးတော့မယ်၊ ထူးတော့မယ်"နဲ့ မထူးတော့ဘူး။ မသိမသာ လောဘလေး၊ အကြီးအကျယ်ကြမ်းတမ်းတဲ့ လောဘ မဟုတ်ဘူး။ အင်မတန်နူးညံ့တဲ့လောဘလေး၊ တရားလိုချင်တဲ့ ဆန္ဒ ပေါ့။ ဥပက္ကိလေသ(၁၀)ပါးထဲက "နိကန္တိ"လို့ခေါ်တဲ့ သိမ်မွေ့တဲ့ တဏှာဝင်လာတော့

ဟိုဘက်ကမ်း မရောက်တော့ဘူး။ ပြန်ကျသွားတယ်။"သင်္ခါ ရုပေက္ခာ"ကနေ "ဘင်္ဂ"တို့ "ဥဒယဗ္ဗယ"တို့ကို ပြန်ကျသွားတာ။ တချို့ဆို (၅)ရက် (၆)ရက်လောက်ကို ကြာတယ်။ အဲဒီလို ကျဖန်များ တော့ ယောဂီက စိတ်ဓာတ်တွေကျလာတယ်။ ရှုအားတွေ လျော့သွား တော့ ပြန်မတက်တော့ဘူး။

ဒီတစ်ခါများ ပန်းတိုင်နားရောက်ရင်

"ထူးတော့မယ်၊ထူးတော့မယ်"လို့ စိတ်မကူးတော့ဘူး ဆုံး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြတ်ထားပေမယ့် အဲဒီနေရာကျရင်ပြန်ဝင်တာပဲ။ မရဘူး။ ကိုယ်က ဉာဏ်စဉ်တွေကို ကြိုကြည့်ထားတာကိုး။ ဗဟုသုတတွေ များတဲ့အခါ ကျတော့–

အလုပ်ကို အဓိကမလုပ်ဘဲ၊ စာကြည့်တာက အဓိကဖြစ်နေတယ်။ အဲဒီတော့ ဟိုး ... အောက်ဉာဏ်ထဲက ငါ ဘယ်ဉာဏ် ရောက်နေပြီနဲ့ ဝေဖန်ဆန်းစစ်တဲ့အကျင့်က ပါလာတာ။ အဲဒီအကျင့် က ဒုက္ခပေးတာပဲ။

ဝေဖန်ဆန်းစစ်တဲ့အကျင့်က တခြားကိစ္စတွေမှာတော့ ကောင်း ပါတယ်။ ရောင်းရေးဝယ်ရေးတွေ အလုပ်အကိုင်တွေ ဝေဖန်ဆန်းစစ် ပြီးမှလုပ်တာ ကောင်းပါတယ်။ သတိပဋ္ဌာန် အားထုတ်တဲ့နေရာမှာက ဝေဖန်ဆန်းစစ်တာများလို့ရှိရင် ထူးမြတ်တဲ့နေရာကျတော့ ခက်သွားပြီ။ ဘယ်တော့မှ မရောက်တော့ဘူးလို့ ဒီလိုပြောတာမဟုတ်ဘူး။ အထင် လွဲသွားမှာစိုးလို့။ တစ်ချိန်ချိန်တော့ ရောက်မှာပဲ။

သို့သော်လည်း စိတ်ဓာတ်ကျစရာဖြစ်သွားတယ်။ တော်ကြာ ရင်း အဲဒီနေရာရောက်ရင် ပြန်ကျရင်း။ ခဏခဏဆိုတော့ ယောဂီက ဘယ်လိုဖြစ်လာသလဲဆို ငါတော့ ဒီဘဝမှာ တရားရမယ် မထင်တော့ ပါဘူး။ ပါရမီဖြည့်တဲ့အနေနဲ့ပဲ လုပ်တော့မယ်။

နောက်ဘုရားပွင့်တော့မှ ရမယ်ထင်ပါရဲ့၊ ဒီဘဝကတော့ မရသင့် မရထိုက်တဲ့ ပုဂ္ဂိုလ်ထဲမှာများ ပါနေသလားမသိဘူး။ ရဲဟန်း တွေဆိုရင်လည်း ဝိနည်းသံသယတွေဝင်တာပေါ့။ ငါတော့ အာပတ် သင့်ထားသလား မသိဘူးဆိုပြီး စိတ်ကို လျှော့ပစ်တတ်ပါတယ်။

ဗဟုသုတ ရှိတဲ့သူဆိုရင်လည်း မဂ်အန္တရာယ်(၅)ပါးထဲက တစ်ပါးပါးများ ငြိနေပြီလား ထင်တော့တာပဲ။ ဓမ္မန္တရာယ်များ ရှိ သလား။ အရိယာတွေကို ကာယကံ၊ ဝစီကံ၊ မနောကံ၊ တစ်ခုခုနဲ့ ပြစ်မှားခဲ့တာများ ရှိလို့လား။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဟာ ... အမျိုးမျိုးထင်တော့တာပဲ။ တချို့ဆိုရင်

ငါတော့ ဒွိဟိတ်များ ဖြစ်နေလားမသိဘူး။

စသည်အားဖြင့်ပေါ့။ ကြံဖန်ပြီးတော့ စိတ်ဓာတ်ကျသွားတယ်။ ရမယ် မထင်တော့ပါဘူးဆိုပြီးတော့ နောက်ဆုတ်လိုက်တဲ့အခါ မရတော့ဘူး ပေါ့။ အကြောင်းအများကြီးထဲက (၂)ချက်ရှိသွားပြီ။

***

## အရှိန်အားကောင်းပါမှ

နောက် တတိယအချက်က ဘာလဲဆိုတော့၊ တရားအရှိန် မရှိရင်လည်း မကူးနိုင်ဘူး။ တချို့က မိမိရဲ့လုပ်ငန်းကို မယုံဘူး။ လုပ်သာလုပ်နေတာ မယုံ့တယုံနဲ့လုပ်နေတာ။ တရားအားထုတ်နေ တိုင်း တကယ်ယုံလို့ အားထုတ်နေတယ်မထင်နဲ့။ တချို့က မယုံဘူး။ အန္တရာယ်ကင်း ဘေးရှင်းအောင် ယတြာချေသလိုမျိုး လုပ်တာက ရှိသေးတယ်။

တချို့က ဒီနည်းနဲ့ ဟိုနည်းနဲ့ နှိုင်းယှဉ်ပြီး ဝေဖန်ဆန်းစစ် နေတယ်။ ဆရာတော်ဘုရားကြီးတွေက တကယ်ရလို့ ဟောထား တာကို မယုံ့တယုံနဲ့။ ကိုယ့်ဟာကိုယ်လုပ်တာ များနေတယ်။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးနည်း ဆို လို့ရှိရင် ပေါ်သမျှမှတ်ရတယ်။

သူ့ဟာသူကြည့်ရတဲ့အချိန်ရောက်တော့ ကြည့်ရတယ်။ သင်္ခါရု ပေက္ခာဉာဏ်လောက်ဆို မှတ်လို့မရတော့ဘူး၊ ကြည့်ရတယ်။ အခုက အဲဒီလိုမဟုတ်ဘူး။ စအားထုတ်ကတည်းက –

''မဂ်ဉာဏ်ဖိုလ်ဉာဏ်''ရသလောက် ဖြစ်နေတယ်။

ဗဟုသုတတွေက စုံနေတော့ စအားထုတ်ကတည်းက သမာဓိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

က တစ်ပြားသားမျှမရှိသေးဘဲနဲ့ ခန္ဓာကိုယ်ကို ကြည့်နေတယ်တဲ့။ မှတ်စရာမလိုဘူးတဲ့။

''ဝင်လေ၊ ထွက်လေ''လည်း မှတ်စရာမလိုဘူး။

''ဖောင်းတယ်၊ ပိန်တယ်''လည်း မှတ်စရာမလိုဘူး။

ဘာမျှ ''မှတ်စရာမလိုဘူး''တဲ့၊ သတိကပ်ထား ပြီးတာပဲတဲ့။

''သတိကပ်ထားပြီးတာပဲ''ဆိုတာက သခၤါရုပေက္ခာဉာဏ် ရောက်မှ သတိအားကောင်းပြီး ကပ်လို့ရတာ အခုချိန်မှာ ဩဝါဒ တွေက မျိုးစုံဖြစ်နေတယ်။

စအားထုတ်ကတည်းက သတိကပ်ထားတယ်။

ကကြီး ခခွေးတောင် မတတ်သေးဘူး ဘွဲ့လိုချင်သလို ဖြစ် နေတယ်။

အဲဒီအကျင့်ကြီးကလည်း ပါနေတယ်။ တရားတွေကလည်း အများကြီးနာထားတော့ တရားစလိုက်ကတည်းက သိနေပြီ။ ဘုန်းကြီး ထက်တောင် သိသေးတယ်။

သေသေချာချာမှတ်ပါ။ အသေးစိတ်အမူအရာတွေကို မှတ်ပါ၊ မကြည့်ပါနဲ့၊ ပြောပေမယ့်လည်း ပြောစကားနားမထောင်ဘူး။ ဖောင်း ပိန်လေး တစ်ချက်နှစ်ချက်မှတ်ပြီး မမှတ်တော့ဘူး။ ကြည့်နေတယ်။ ကြည့်နေတဲ့အခါကျတော့ သမာဓိကအစစ် မရတော့ဘူး။ စိတ်ကူး ယဉ်တွေ ဖြစ်နေတယ်။ စိတ်ကူးယဉ်တွေဖြစ်ပြီး ...

ဩော်.. ရုပ်တွေ၊ နာမ်တွေက ဖြစ်ပြီး ပျက်တာပဲ။ အဲဒီ လောက် တရားတက်နေရင် သာသနာအလုပ်လုပ်ပါလား။ မလုပ် ဘူး။ ဘယ်လုပ်မလဲ၊ သူရတဲ့ဉာဏ်က အစစ်မှမဟုတ်ဘဲ။ စိတ်ကူး ယဉ်ပြီးတော့ ထင်ရောင်ထင်မှားဖြစ်နေတာ။

အဲဒီလိုဖြစ်နေတဲ့အခါကျတော့ တရားတွေကလည်း အများ ကြီး နာထားတော့ ကိုယ့်ကိုယ်ကို ပြီးသလိုဖြစ်နေတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လူတတ်ကြီး ဖြစ်နေတယ်။ အဲဒီလို ''သုတမယဉာဏ်''ကိုပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်လောက်ကြီးထင်နေတဲ့အခါကျတော့ အရှိန်တွေ မရှိတော့ဘူး။ ဒီတရားထူးတရားမြတ်ဆိုတာ သမထပဲဖြစ်ဖြစ် ဝိပဿနာပဲဖြစ်ဖြစ် အောင်ဖို့ခက်ပါတယ်။

ဦးပဍ္ဍင်းပြောတာကတော့ စေတနာနဲ့ပြောတာပါ။ ဆရာတော်ဘုရားကြီးတွေ အမိန့်ရှိတာနဲ့ မကိုက်ရင်လည်း လိုအပ်သလိုပြင်ယူပေါ့။ ဦးပဍ္ဍင်း ဉာဏ်မီသလောက်ပြောရတာ။

သမထအောင်ထားတဲ့ ဆရာတော်ဘုရားကြီးတွေဆီမှာ ကျကျနနနည်းခံခဲ့တော့ ကိုယ်တိုင်မအောင်ဘူးသော်လည်းဘဲ သမထအောင်ဖို့ ဘယ်လောက်ကြိုးစားရတယ်ဆိုတာ သေသေချာချာ သိတယ်။ သမထအောင်ထားတဲ့ ဆရာတော်ကြီးတွေကို ဦးပဍ္ဍင်းတို့က ကျကျနနဆည်းပူးခဲ့ရတာကိုး။

**သမထ၊ ဝိပဿနာ အောင်ဖို့ဆိုတာ၊ လူတွေက ပေါ့ပေါ့လေးအောက်မေ့နေတာ။** စာဖတ်ရင်ရမယ် အောက်မေ့နေတယ်။ အဲဒီလိုသာဆိုရင် အကုန်လုံးရကုန်မှာပေါ့။ ထူးထူးမြတ်မြတ် ရဖို့ဆိုရင်တော့ သည်းခံရတယ်။

**အသက်နဲ့ ခန္ဓာကိုယ်ကို မငဲ့ကွက်ရဘူး။**

ဘာတွေပဲဖြစ်ဖြစ်၊ ဘယ်သူတွေကပဲ လာသတ်သတ်၊ ဘာကောင်တွေပဲ ကိုက်ကိုက် အထူးသည်းခံရတယ်။ သဒ္ဓါလို့ခေါ်တဲ့ ယုံကြည်ချက်ကလည်း အထူးခိုင်မာရတယ်။

စာလိုပြောရင်တော့ သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သမာဓိဗိုလ်၊ သတိဗိုလ်၊ ပညာဗိုလ်တို့ ငါးပါးလုံးဗိုလ်ကိုဖြစ်မှအောင်တာ။ ငယ်သားအဆင့်နဲ့ တရားမရဘူး။ ငယ်သားကတော့ အောက်ပိုင်းဉာဏ်ပဲရမယ်။ ထူးထူးမြတ်မြတ်တရားတွေဖြစ်ဖို့ဆိုရင် သဒ္ဓါလည်း ဗိုလ်ဖြစ်ရမယ်၊ ဝီရိယလည်း ဗိုလ်ဖြစ်ရမယ်၊ သတိလည်း ဗိုလ်ဖြစ်ရမယ်၊ သမာဓိ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်း ဖိုလ်ဖြစ်ရမယ်၊ ပညာလည်း ဖိုလ်ဖြစ်ရမယ်။

ဘယ်လိုပဲ စီးပွားရေးတွေ ထိခိုက် ထိခိုက်၊ လူမှုရေးတွေ ဘယ်လိုပဲထိခိုက်ထိခိုက် ဒီရတနာသုံးပါးအပေါ်မှာ၊ အဓိက ဝိပဿနာ အပေါ်မှာ၊ သမထဆိုလည်း သမထအပေါ်မှာ ယုံကြည်ချက်က–

ကျောက်သားထဲ ထွင်းထားတဲ့စာလို မပျက်ယွင်းစေရဘူး၊ ဘယ်သူဘာပြောပြော ဂရုကိုမစိုက်တော့ဘူး။ ဘုရား၊ တရား သံဃာ အပေါ်မှာ မတုန်မလှုပ်ယုံကြည်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရသေး ဘူးနော်။

**မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ့်ပုဂ္ဂိုလ်ဟာ ရိုးရိုးလူနဲ့မတူဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရခင်ကတည်းကိုက သဒ္ဓါတရားက အင်မတန် ထက်သန်တယ်။**

စီးပွားရေးတွေပဲကျကျ၊ လူမှုရေးတွေပဲကျကျ၊ ဘာကျကျ ဒီအလုပ်ကို စွန့်ကို မစွန့်ဘူး။ ရောက်တဲ့နေရာ၊ ရတဲ့အချိန်မှာ အားထုတ်တာ။ အဲလို သဒ္ဓါမျိုးတွေ။

**ဝီရိယကလည်း သူများအိပ်တဲ့အချိန် မအိပ်ဘူး။**

သူများအနားယူလည်း မနားဘူး။ ဒီအလုပ်ကိုပဲ တစ်ခါတည်း အမြဲတမ်း ထက်ထက်သန်သန်ကြိုးစားတယ်။ သတိကလည်း ဆရာ တော်ဘုရားကြီးတွေ ဟောတဲ့အတိုင်း **အသေးစိတ် အမူအရာကို ရိုရိုသေသေ လေးလေးစားစား အတတ်နိုင်ဆုံးမှတ်တယ်။** အဲဒီလို ယုံကြည်မှုတွေ၊ ကြိုးစားမှုတွေ နောက်ကနေတွန်းအားပေးတော့ သတိကလည်း အရမ်းအားကောင်းလာတယ်။

ကိုယ့်ဘာသာကိုယ် လုပ်ပြီးယူရတဲ့သတိရယ်၊ နောက် သူ့ဟာ သူ အရှိန်ကြောင့်ဖြစ်လာတဲ့သတိရယ် သိသိသာသာဖြစ်လာတယ်။ အသေးစိတ်အမူအရာကို ရိုရိုသေသေရှုမှတ်ပါများတော့ ယောဂီက ဖိနပ်ချွတ်တာ၊ ဖိနပ်စီးတာ၊ သက်န်းရမ်းတာ အကုန်လုံးမှတ်ပြီးသား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်နေတယ်။

ဘယ်လိုများဖြစ်ကုန်ပြီလဲ။ အဲဒီလို အံ့ဩစရာကောင်း လောက်အောင်ကို သတိကောင်းတာ။ အဲဒီလို အရှိန်အားကောင်း ပါမှ ဟိုဘက်ကို ကူးလို့ရတယ်။

များသောအား ဖြင့်အဲ့ဒီအရှိန်တွေက လျော့ကျနေတယ်။ အရှိန်တွေကလျော့ကျ၊ စိတ်ကူးယဉ်တာတွေက တစ်ဝက်၊ မှတ်တာက တစ်ဝက်ဆိုတော့ ကားများစက်ပျက်တဲ့အခါ ဆီမီးမမှန်တဲ့အခါတွေမှာ တဖြည်းဖြည်းနဲ့ ရွေ့သွားနေရသလို ဉာဏ်ကလည်း မတက်ချင် တက်ချင် တက်နေရတာ၊ တရားတွေ နာရပါများတော့၊ ရက်ကလည်း များတော့၊ မတက်မဖြစ် တက်ရတာပေါ့။ အရှိန်နဲ့တက်တာမဟုတ် ဘူး။ မတက်မဖြစ်လို့တက်ရတာ။ (၄၅)ရက်ပြည့်ရင် ပြန်ရတော့မယ် ဆိုတော့ ဆက်မကြိုးစားတော့ဘူး။

အဲဒီတော့ အရှိန်က မရဘူး။ တချို့တချို့ကို ပြောတာပါ။ လူတိုင်းကိုပြောတာမဟုတ်ဘူး။ အရှိန်က မရတဲ့အခါကျတော့ ဟိုဘက် ကို မကူးနိုင်တော့ဘူး။ များသောအားဖြင့် သင်္ခါရုပေက္ခာဉာဏ်လောက် နဲ့ပဲ ဉာဏ်စဉ်နာပြီးပြန်ရတာ များတယ်။ သင်္ခါရုပေက္ခာဉာဏ်အထိ ရောက်ရင် လူတော်လို့ သတ်မှတ်နိုင်သေးတယ်။ ဒီဉာဏ်ကို တော်ရုံ တန်ရုံယောဂီ ရောက်တာမဟုတ်ဘူး။ တော်တော်လေးကို ကြိုးစားခဲ့ လို့ ရှုနည်း မှတ်နည်းကလည်း မှန်လို့ ရောက်တာ။

တချို့ ဥဒယဗ္ဗယဉာဏ်တောင်မရဘဲ ဉာဏ်စဉ်နာရတာတွေ အများကြီးပဲ။ တချို့ဆိုရင်လည်း သမ္မသနဉာဏ်တောင်မရသေးဘူး၊ ရိပ်သာမှာ နည်းနည်းဆိုးဝါးနေလို့ ပေးနာလိုက်ရတာတွေလည်း ရှိတယ်။

ဉာဏ်စဉ်နာရတာတွေဟာ များသောအားဖြင့် အဲဒီအဆုံး ရောက်တဲ့သူက အင်မတန်နည်းတယ်။ ဉာဏ်စဉ်တရားကိုနာတာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နာရတယ် အဆုံးထိမရောက်တာ ယောကျ်ားတွေလည်း များတယ်။ ဘုန်းကြီးတွေလည်း မရောက်တာများတယ်။ များသောအားဖြင့် သူတို့က ဆရာ့စကား နားမထောင်ဘူး။

ကိုယ်လုပ်ချင်တာ လုပ်ကြတယ်။ ကိုယ်ကလည်း ဗဟုသုတတွေကများတော့ ဟိုဟာကြည့်လိုက်ဦးမှပဲ၊ ကြည့်နေရင် ပြီးတာပဲ မှတ်နေရင် သညာကြီး ဖြစ်နေဦးမယ်။ မှတ်နေတာ ပညတ်ကြီးတဲ့။

သူတို့က မဟာစည်ဆရာတော်ဘုရားကြီးထက် ပိုတတ်တာ ကျနေတာပဲ။ ဆရာတော်ဘုရားကြီးက တကယ်ရလို့ ဟောထားတာ။ မရဘဲနဲ့ စိတ်ကူးယဉ်ဟောထားတာမဟုတ်ဘူး။ ဦးပဥ္စင်းတို့ကတော့ အပြတ်အသတ် အသေအချာယုံကြည်တယ်။ သူ့ဟာသူ ဘာတွေပဲ ပြောပြော၊ အင်္ဂလိပ်လိုပဲ ပြောပြော၊ ဘာစာအုပ်ကြီးနဲ့ပဲ ရေးထားရေး ထား ဦးပဥ္စင်းတို့ရင်ထဲကို ဘယ်သူမှ ဖျက်လို့မရဘူး။ ဆရာတော် ဘုရားကြီး ဟောထားတာက အမှန်ဗျ။

**မှတ်ပါများမှ၊ သညာပွားမှ ပညာများမယ်၊**

သညာနဲ့မှတ်ပါများတော့မှ နောက်ကျတော့ ပညတ်ကနေ ပရမတ်ကို သဘောပေါက်သွားတယ်။ အဲလိုမဟုတ်ဘူး၊ အခုဟာက များသောအားဖြင့် နည်းနည်းလေးမှတ်ရသေးတယ်၊ မမှတ်ချင်တော့ ဘူး။ ကြည့်နေတာက များတယ်။

တကယ်သမာဓိအားကောင်းရင်တော့ ကြည့်လို့ရတယ်။ **ဘာသမာဓိမှမရှိဘဲ ကြည့်တာကတော့ ဉာဏ်အစစ်မဖြစ်ဘူး။** ဒီ ကြည့်တဲ့အပိုင်းက ဦးပဥ္စင်းတို့ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးနည်းနဲ့ဆို ...

အကြည့်က သူ့ဟာသူဖြစ်လာတာ။ ကိုယ်ကလုပ်ပြီး ကြည့် ရတာမဟုတ်ဘူး။ ကိုယ်ကလုပ်ပြီး ကြည့်ရတာဆို အဲဒါမှားသွားပြီ။ သူ့ဘာသာသူ သင်္ခါရုပေက္ခာဉာဏ် ရောက်လို့ရှိရင် မှတ်လို့ကို မရတော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘူး။ နာမည်ကို တပ်လို့မရတော့ဘူး။ အပျက်တွေ အများကြီးမြင်နေလို့ အသာလေးကြည့်နေရတယ်။ သူ့အပိုင်းနဲ့ သူရောက်တာ၊ ခုဟာက အဲဒီအဆင့်မရောက်သေးဘူး။ အများကြီးလိုသေးတယ်။ ကြည့်ရင် သိတာပဲဆို အကုန်ကြည့်နေတယ်။ ရောပြီးသိနေတာ၊ သေသေချာချာ သိတာမဟုတ်ဘူး။ အဲဒီတော့ အရှိန်တွေက ပျက်ကုန်တယ်၊ အရှိန် အားမကောင်းတဲ့အတွက် ဟိုတက်ကမ်းကို မကူးနိုင်ဘူး။ ဒါက တတိယ အချက်။

***

## ဆုံးမရခက်နေမှတော့

စတုတ္ထအချက်က –

တချို့ကျတော့လည်း စအားထုတ်ကတည်းက ဆရာသမားရဲ့စကားကို နားမထောင်ချင်ဘူး။ စအားထုတ်ကတည်းက ယောဂီက တရားထိုင်ချိန်ရောက်ရင် မလွှဲသာ မရှောင်သာလို့ ထိုင်ရတာ၊ ရိပ်သာမှာ မထိုင်မဖြစ်လို့ ထိုင်ရတာ။ ကျန်တဲ့အချိန်မှာ စကားမပြောပါနဲ့။ အဆောင်မှာလည်း ဝေယျာဝစ္စတွေ၊ ကိစ္စတွေ သိပ်မများဖို့ ဆရာသမားတွေက ဆုံးမတယ်မဟုတ်လား။

အဲဒါကို သူတို့ကနားမထောင်ဘူး။ ထိုင်တဲ့အချိန်တော့ ထိုင်တယ်။ စင်္ကြံလည်း ကောင်းကောင်းမလျှောက်ဘူး။

နောက်ပြီးတော့ ဒီပြင်ကိစ္စတွေ ညှော်သည်တွေ့ရတာနဲ့ ဘာနဲ့ ရှုပ်ယှက်ခတ်နေတာပဲ။ အဲဒါ စကားတွေမများပါနဲ့ဆို များတယ်။ စာမကြည့်ပါနဲ့ဆို စာအုပ်ကို ခိုးကြည့်တယ်။ ဝိပဿနာအားထုတ်နေတဲ့အချိန်မှာ ပုတီးမစိပ်ပါနဲ့ဆို စိပ်တယ်။ ပုတီးစိပ်တာမကောင်းဘူးလို့ ပြောတာမဟုတ်ဘူး။ စိပ်သင့်စိပ်ထိုက်တဲ့အချိန်မှာ စိပ်ရမယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာလုပ်နေတဲ့ ဒီတစ်လခွဲအချိန်လေးမှာ ဆရာသမား တွေက ထိထိရောက်ရောက်ဉာဏ်တွေရစေချင်လို့ . . .

**ပုတီးမစိပ်ပါနဲ့၊ စာမဖတ်ပါနဲ့၊**

**ကိစ္စမများပါနဲ့၊ အတွေးတွေနယ်မချဲ့ပါနဲ့၊**

**မဝေဖန်ပါနဲ့၊ မဆန်းစစ်ပါနဲ့၊**

ဆရာသမားတွေက စေတနာကြီးမားစွာနဲ့ ခဏခဏ ဆုံးမ တယ်။ အဲဒါကို နားမထောင်ဘူး။ အကြောင်းမဲ့ စကားပြောတာတို့၊ ကိစ္စများတာတို့၊ စာအုပ်ကြည့်တာတို့ လုပ်နေတယ်။ ဉာဏ်စဉ် စာအုပ် တွေ၊ ဝိပဿနာစာအုပ်တွေ၊ သခ်ၤတပရမတ်တို့၊ အသခ်ၤတပရမတ် တို့ အကုန်လုံးလျှောက်ကြည့်နေတယ်။

ဟိုနည်းက ဒီလို၊ ဒီနည်းကဒီလို အခန်းထဲမှာ စာအုပ်တွေ တစ်ပုံကြီးနဲ့။ အဲဒါ တချို့ကျတော့လည်း ပုတီးစိပ်နေတယ်။ တချို့က လည်း ကသိုဏ်းရှုနေကြသေးတယ်။

ဆရာသမားစကားကို နားမထောင်တာပြောပါတယ်။ သူ့လိုင်း နဲ့သူ လုပ်တာကို ဦးပဥ္စင်းတို့ မကဲ့ရဲ့ပါဘူး။ သူ့လိုင်းနဲ့သူ လုပ်ကြရမှာပဲ။ အခုရိပ်သာမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရအောင် ဒါကိုပြောတာ။ အဲလို လုပ်တဲ့အခါကျတော့ ဉာဏ်တွေက သေသေချာချာမရဘူး။ ရတယ် ဆိုရုံလောက်ပဲရှိတယ်။

အဲဒါမျိုးတွေ ဖြစ်တဲ့အခါကျတော့ အရှိန်တွေက လုံးဝမရှိ တော့ဘူး။ ဟိုဘက်ရောက်ချင်လို့ ဘယ်ရပါ့မလဲ။ သူရတဲ့ဉာဏ်က သူများသိတဲ့ဉာဏ် ဖြစ်နေတယ်။ သူများကို ပြန်ပြောရင်တော့ အထက် စီးကနေ ပြောနိုင်တယ်၊ ရင်ထဲမှာတကယ်မသိဘူး။ **သူများကို ပြော တတ်ရုံနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရတာမဟုတ်ဘူးဗျ။**

သောတာပန်ဖြစ်ကြောင်း လေးပါးထဲမှာပါတယ်မဟုတ်လား။ မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်အောင် ဟောတတ်၊ ကျင့်တတ်တဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာသမားကို မှီဝဲဆည်းကပ်ရမယ်ဆိုတာလေ။ အဲဒါ ဆရာ့စကားမှ နားမထောင်ရင် မှီဝဲဆည်းကပ်ရာရောက်ပါ့မလား။ နားမထောင်ရင် တရား မရဘူးမှတ်။

**ဟောမှုရော၊ ကျင့်မှုရောပြည့်စုံမှ တရားကရတာ၊**

၁လေးငါးဆယ်ရက်က ပြောစကားနားမထောင်ဘူး။ နောက်ပိုင်းကျမှ နားထောင်တယ်ဆိုပါတော့။ ကိုယ်က တကယ် ဉာဏ်လည်းရခါနီးရော ခုနတုန်းက နားမထောင်ခဲ့တဲ့အကျင့်တွေက လာဒုက္ခပေးတော့တာပဲ။

သေပြီးမှ ဆိုးကျိုးပေးတာမဟုတ်ဘူး။ ရှင်လျက်နဲ့ကို ဒုက္ခလာပေးတာ။ ကိုယ်က စာကြည့်ထားတော့ အဲဒီစာတွေက ပြန်ပေါ်လာတာပေါ့။

ဟိုလူနဲ့စကားပြောတာတွေ၊ ဒီလူနဲ့စကား ပြောတာတွေက အဲဒီအချိန်ကျမှ ပြန်ပေါ်လာတယ်။ စကားတွေက တချို့ဆို ကိုယ့်ဟာကိုယ် ထိုင်တွေးတာတောင် မရဘူး။ တရားထိုင်မှ အကုန်ပေါ်တယ်။ ဟိုလူက ဘယ်လိုပြောလိုက်တာ၊ ဒီလူက ဘယ်လိုပြောလိုက်တာ၊ အမယ်လေး ... စုံနေတာပဲ။

အဲဒီတော့ တဖြည်းဖြည်းနဲ့ ပျံ့လွင့်တဲ့စိတ်တွေ ဖြစ်သွားတာပေါ့။ ပျံ့လွင့်တဲ့စိတ်တွေဖြစ်တော့ ဟိုဘက်ကမ်း မကူးနိုင်တော့ဘူး။ အဲဒါမျိုးတွေလည်း ရှိတယ်။

တကယ် ကြိုးစားအားထုတ်လို့ မရတဲ့ ယောဂီတွေကတော့ များသောအားဖြင့် ခုနပြောထားသလို နံပါတ်တစ်၊ နံပါတ်နှစ်လောက်က များပါတယ်။

အဲဒါ ဆုကြီးပန်ထားလို့သော်လည်းကောင်း၊ ကိုယ်သိထားတာလေးနဲ့ သွားသွားဆင်ခြင်မိတဲ့ နိကန္တိကြောင့် အောက်ပြန်ကျသွားတယ်။ အဲဒါတွေပဲ များပါတယ်။ ဒါပေမယ့် တချို့ တချို့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လည်း အရှိန်နည်းတာတွေလည်း ပါတယ်။ ထိထိရောက်ရောက် မလုပ်ထားတဲ့အခါကျတော့ အရှိန်နဲ့ ဟိုဘက်ကမ်းကို မကူးနိုင်တော့ဘူး။ ကမ်းထိပ်ကိုတော့ရောက်တယ်။ ဟိုဘက်ခုန်ကူးလို့မရတော့ဘူး ပြုတ်ကျသွားရော။ ဒါက နံပါတ်သုံးအချက်။

နောက်နံပါတ်လေးအချက်က ...

ဆရာသမားရဲ့စကားကို နားမထောင်ဘူး။ ဆိုဆုံးမရ ခက်တယ်။ မာနရှိတယ်။ အဲဒီလိုယောဂီမျိုးလည်း မကူးနိုင်ဘူး။ အမှန်က ယောဂီဆိုတာ ပေါ်ဋ္ဌိလမထေရ်လို –

**မာန်မာနမရှိမှ၊ ဆရာပြောတဲ့အတိုင်းလုပ်မှ တရားရတာ။**

***

## အနတ္တဆိုတာ ဒါပါလား

ဒကာကြီးတို့လို တရားလိုလားတဲ့သူတွေအတွက် ယောဂီတစ်ယောက်အနေနဲ့ပြောပြမယ်။ ဦးပဥ္စင်းတို့ အနေနဲ့မဟုတ်ဘူး။ ရည်ရွယ်ချက်က–

သာသနာအတွက် ရည်ရွယ်ပြောတာ။ အထင်ကြီးအောင်၊ ဘာဖြစ်အောင် ဒီလိုမဟုတ်ဘူးနော်။ ဒါတွေက ထည့်ပြောရသေးတယ်။ အမှန်မှာတော့ ရဟန်းတော်တွေက အင်မတန် ထိန်းသိမ်းရတယ်။ အတုအယောင်တွေက များနေတော့ သာသနာ ညစ်နွမ်းမှာ စိုးလို့သာ ပြောနေရတာ။

ရေမဆာဘဲနဲ့ ရေဆာသလိုလို။ ဘာမျှအစွမ်းမထက်ဘဲနဲ့ ထက်သလိုလို မျိုးစုံဖြစ်နေတယ်။ မျိုးစုံဖြစ်နေတဲ့အခါကျတော့ ဓာတ်ပုံတွေမှာလည်း အမျိုးမျိုးရိုက်ထားတာရှိတယ်။ ကျားတို့၊ မြွေတို့နဲ့ ရိုက်ထား



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာ။ ခံနိုင်ရင်တော့ကောင်းပါတယ်။

ဦးပဥ္စင်းတို့တော့ အဲဒါတွေကိုမရိုက်ဘူး။ ကိုယ်လည်း မခံနိုင်သေးဘူး။ လာကပ်တာကိုမပြောနဲ့၊ အသံကြားရုံနဲ့တောင် ဖျားချင်သလိုဖြစ်လာတာ။ ကိုယ်က မကြုံဘူးသေးတော့ ဒါတွေက သိပ်ကြောက်စရာမဟုတ်ဘူး အောက်မေ့နေတာ။ ကြုံတဲ့အခါကျတော့ အကြောအချင်တွေ ပြတ်မလိုဖြစ်သွားမယ်။

အဲဒါကြောင့် တရားကို တကယ်မရဘဲနဲ့ ကြွားဖို့ဆိုတာ ဘယ်လိုမျှ မသင့်တော်ဘူး။ ဒါ ဘယ်သူဘယ်ဝါတွေပြောနေတာ မဟုတ်ဘူး။ တကယ်တရားလိုလားတဲ့သူတွေအတွက် –

ဒီတရား အားထုတ်ချင်အောင်၊

ဒီတရားအခက်ခဲလေးကနေ ကျော်နိုင်အောင်၊

သာသနာအတွက်၊ မြတ်စွာဘုရားဆုံးမထားတဲ့ သာသနာတော်ကြီး နေလို လလို ထွန်းတောက်ပါစေခြင်းအကျိုးငှာ

ဦးပဥ္စင်း ဉာဏ်မီသလောက်၊ ဗဟုသုတရှိသလောက် ပြောပြမှာ။ အဲဒီတော့ ယောဂီတစ်ယောက် အဲဒီဉာဏ်နား ရောက်ဖူးတယ်။ ရောက်တော့ ဟာ ... ထူးတော့မှာပဲ ထူးတော့မှာပဲဆို ပြန်ကျ၊ ပြန်ကျတဲ့အခါကျတော့

ဟာ ... ငါတော့သွားပြီ။

ငါတော့ ဒီဘဝမှာ မရထိုက်တဲ့ပုဂ္ဂိုလ်ပဲ။

အရိယာပုဂ္ဂိုလ်တွေကိုများ ပြစ်မှားမိခဲ့လား မသိပါဘူး။ ဒါမှမဟုတ် အာပတ်တွေများ သင့်နေသလား။ ရမှာမဟုတ်တော့ပါဘူး။ ဒီတရားကတော့ ငါနဲ့ မထိုက်တန်လို့နဲ့တူပါတယ်။

ငါတော့ ဒီလောက်နဲ့ပဲ ပါရမီဖြည့်ရုံလောက်နဲ့ပဲ တူပါတယ်ဆိုပြီးတော့ စိတ်ဓာတ်တွေက ကျသွားတယ်။ စိတ်ဓာတ်ကကျပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့အတွက်ကို မမှန်းတော့ဘူး။ လုပ်ရိုးလုပ်စဉ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုံမှန်ပဲမှတ်တော့တယ်။ ရက်ကလည်း ပြည့်တော့မယ်လေ။ ရက်ပြည့်ရင် ဉာဏ်စဉ်တရားနာပြီး ပြန်ရမှာကိုး။ အသစ်အသစ်ယောဂီတွေအတွက် နေရာပေးရဦးမယ်။

မင်း ဉာဏ်လည်း ထက်တာမဟုတ်ပါဘူးကွာ။ တကယ့်ပုဂ္ဂိုလ်ကြီးတွေရဲ့တရား သွားမှန်းတာ ဘယ်ရမလဲဆိုပြီးတော့ ဆက်မမှန်းတော့ဘူး။

ဆရာတော်ဘုရားကြီးတွေရဲ့ အဆုံးအမကို ရိုသေဖို့လည်း လိုတယ်။ ရိုသေရမယ်။ ဆရာတော်ဘုရားကြီးတွေ အလုပ်ပေးတရားထဲမှာဟောထားတဲ့

**ဒီဟာလေးက အရေးမကြီးပါဘူး။ အဲဒီလို မလုပ်ပါနဲ့။** အရေးမကြီးဘူးထင်ရတာလေးတွေက အရေးကြီးနေတတ်ပြန်ပါတယ်။ ဆရာတော်ဘုရားကြီးတွေရဲ့စကားတွေကို နားထဲကြားတော့–

ဩော် ... ငါတော့ ရတာ မရတာ အသာထား။ ဆရာတော်ဘုရားကြီးတွေရဲ့စကားနားထောင်ပြီးအားထုတ်ရင် ပါရမီဖြစ်တာပဲ။ ကုသိုလ်ရတာပဲ။ ဒီဘဝမှာမရလည်း နောက်ဘဝအတွက် အထောက်အပံ့ ဖြစ်နိုင်တာပဲဆိုပြီး၊ အသေးစိတ် အမူအရာကအစ မှတ်တဲ့အခါကျတော့၊ သိသိသာသာ ထူးထူးခြားခြားဖြစ်လာတယ်။

ဖြစ်လာပေမယ့်လို့ ထိုင်နေတဲ့အခါ အဲဒီစိတ်က ဝင်တာပဲ။ နည်း ည်းလေးထူးလာပြီဆိုရင် ကိုယ့်ကိုယ်ကို သိနေတယ်။

ရမှာမဟုတ်တော့ပါဘူးလေဆိုတဲ့စိတ်အတွေးလေး ဝင်လိုက်တာနဲ့ ဟိုဘက်မကူးနိုင်တော့ဘူး။ ပြုတ်ကျတာပဲ။ အဲဒီအတွေးကလေးဟာ အရေးမကြီးပါဘူး၊ မပြောပလောက်ပါဘူးဆိုပေမယ့် သူက တားနေတာ။ **ယောဂီရဲ့ မဟာရန်သူဟာ အတွေးပဲ။**

တွေးလိုက်တာနဲ့ ရောက်တဲ့ဉာဏ်က တန့်သွားတယ်။ ဒီနေရာရောက် အတွေးလေးကဝင်တယ်။ ဒီနေရာရောက် အတွေးဝင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိုက် တန့်သွားလိုက်နဲ့ဆိုတော့၊ ဟာ ... နေပါစေတော့။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တော့မယ်လို့ စိတ်ကို ဒုန်းဒုန်းပစ်ချပြီး၊ ရိုးရိုးပဲ ရှုမှတ်တော့တယ်။ အရေးမကြီးဘူးထင်ရတာလေးတွေက အရေးကြီးပုံကို ထပ်ပြောပါဦးမယ်။

**တရားဖြုတ်တဲ့အခါ သိပ်အရေးကြီးတယ်။** ထိုင်တုန်းကတော့ စိတ်အားထက်ထက်သန်သန်ပဲ၊ ဖြုတ်တဲ့အခါမှာ များသောအားဖြင့် အမှတ်လွတ်တာ များတယ်။

**ဦးပဋ္ဌင်းတွေ့ဖူးတဲ့ယောဂီတစ်ယောက်ဟာ ဖြုတ်တုန်းမှာ ရသွားတယ်။** ဖြုတ်တဲ့အခါကျတော့ ခြေထောက်လေး မရင်လည်း "မတယ်၊ မတယ်"၊ ရွေ့ရင်လည်း "ရွေ့တယ်၊ ရွေ့တယ်" နဲ့ အလိုက်သင့်ကလေး မှတ်သွားတာ။ စထိုင်စဉ်ကလို လောကြီးနေတဲ့စိတ် မရှိတော့ဘူး။ ဖြုတ်တော့မယ်ဆိုတော့ စိတ်ကလည်းလျှော့ထားတယ်။

ပထမလေးငါးရက် ခဏခဏ ပြန်ပြန်ကျနေတုန်းကလည်း စိတ်ဓာတ်ကို လျှော့ထားတယ်။ ယောဂီက သူ့အလုပ်သူလုပ်ရင်း အကုန်လုံးလျှော့ထားတဲ့အချိန်အခါမှာ လျှော့တယ်ဆိုတာ **ရှုမှတ်မှုကို လျှော့တာမဟုတ်ဘူးနော်။** ခုနတုန်းက စိတ်ကစောပြီး ဟိုဟာလိုချင် ဒါကို လိုချင်၊ တရားလိုချင်နေတဲ့ လောဘစိတ်ကို လျှော့ထားတာ။ ငါရမှာ မဟုတ်တော့ပါဘူး။ စိတ်ကို ဒုန်းဒုန်းပစ်ချပြီး ရိုးရိုးပဲ ရှုမှတ်တယ်၊ အဲဒီလို **အမှတ်လေးနဲ့ ဖြုတ်တဲ့အချိန်မှာရတာ။**

တရားထူး တရားမြတ်တွေကို လိုလားတဲ့ပုဂ္ဂိုလ်တွေ သိအောင်။ အဲလိုလည်း ရှိတတ်တယ်ဆိုတာ ပြောပြတာ။

**တချို့ရဟန်းတွေဆို စင်္ကြံလျှောက်ရင်းနဲ့ ရတာ။**

စင်္ကြံလျှောက်ရင်းနဲ့ဆိုတော့ ထိုင်သလောက် စိတ်က မထက်သန်ဘူးလေ။ ထိုင်တဲ့အခါ "ရတော့မယ်၊ရတော့မယ်" နဲ့ များသောအားဖြင့် ထက်သန်ကြတယ်။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပုံမှန်လေးပဲ မှတ်နေ၊ အရှိန်ရှိတဲ့အခါကျတော့စကြံလျှောက်နေရင်းနဲ့ ''ကြွတယ်၊ လှမ်းတယ်၊ ချတယ်''မှတ်နေရင်းနဲ့ သူ့ဟာသူ ချုပ်သွားတာ။

ဦးပဥ္စင်းတို့က ကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ယောဂီတွေနဲ့ ဆွေးနွေးရလို့ သိတာ၊ အဲဒါဘာလဲဆိုတော့ ဆရာတော်ဘုရားကြီးတွေ ဟောထားတာ အင်မတန်မှန်ကန်တယ်၊ **စိတ်ဟာ မဖွံ့မပဋိပဒါကျမှ ဟိုဘက်ကိုရောက်တယ်။** လိုချင်နေတယ်ဆိုရင်လည်း လောဘလေး ဖြစ်နေတယ်မဟုတ်လား။ မရလို့ မကျေမနပ်ဖြစ်နေရင်လည်း ဒေါသ ဖြစ်နေတာပဲ။

ငါ့လောက် မကြိုးစားတဲ့ယောဂီတွေကကွာ၊ တရားလျှောက်တဲ့အခါ ငါ့ထက်တောင် သာသေးတယ်ဆိုပြီး မကျေမနပ်ဖြစ်နေတယ်။ တစ်ခါတစ်ရံ တရားလျှောက်တဲ့အခါတောင် ဒေါသတွေကပါသေးတယ်။

တချို့ကလည်း သူများလျှောက်တာကြားပြီးတော့ လျှောက်တာလည်း ရှိတယ်လေ။ နေတာကတော့ ဘာအမှတ်မျှ မပါဘဲနဲ့၊ တရားလျှောက်ရင်တော့ ထိပ်ကချည်းပဲဆိုတော့၊ စိတ်က မကျေမနပ် ဖြစ်နေတယ်။ ကိုယ့်ဟာကိုယ်မှတ်နေရမှာကို သူများသွားဝေဖန်နေတယ်။ အဲဒီလို **ဒေါသဖြစ်ရင်လည်းပဲ ဟိုဘက်မရောက်ဘူး။**

ခုန ရောက်တော့မှာပဲ၊ ရောက်တော့မှာပဲဆိုရင်လည်း အဲဒါ လောဘ၊ တရားကိုလိုချင်တဲ့လောဘ။ အဲဒီလို **လောဘဖြစ်နေရင်လည်း မရောက်ဘူး။**

အဲဒါ မလျှော့တမ်းကြိုးစားတဲ့အခါကျတော့ အကုန်လုံး စိတ်ဓာတ်ကို ချထားတယ်။ ရောက်တော့မှာပဲလည်း မတွက်တော့ဘူး။ ဘာမျှမတွက်တော့ဘူး။ ဘာဖြစ်လို့ မတွက်လဲဆိုတော့ လေးငါးရက် ပြုတ်ပြုတ်ကျနေလို့။ တစ်ရက်တည်းမှမဟုတ်ဘဲ။ လေးငါးရက် ပြုတ်ပြုတ်ကျနေတော့ ဒီတရားက ငါနဲ့မတန်ဘူး။ မတန်တဲ့တရား မှန်း


WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မနေတော့ဘူး။ ဒါပေမယ့် **ကိုယ့်အလုပ် ကိုယ်လုပ်ရမှာပဲ**။ ဆရာသမား တွေ ဆုံးမထားတယ်။ ရှုရင်း မှတ်နေရင်းနဲ့ အံ့ဩဖို့ကောင်းလိုက်တာ။ ဆရာတော်ဘုရားကြီးတွေ အမိန့်ရှိထားတာ–

**လိုချင်နေလို့ရှိရင်လည်း မရဘူး။**

**စိတ်ပျက်နေရင်လည်း မရဘူး။**

မဇ္ဈိမပဋိပဒါ အင်မတန်စင်ကြယ်နေတဲ့အခါမှာ၊ မထင်မှတ်ဘဲ ရောက်သွားတယ်။ အနတ္တဆိုတာ ဒါပါလား။ အဲဒီနေရာ ရောက်ဖူးတဲ့ ပုဂ္ဂိုလ်မှ မဇ္ဈိပဋိပဒါတို့၊ အနတ္တတို့ကို သေသေချာချာသိတယ်။ မဇ္ဈိမ ပဋိပဒါဆိုတာ မြတ်စွာဘုရားရဲ့ သာသနာတော်မှာသာ ရှိတာ။ ဪ ... ဟုတ်ပါလား။ မဇ္ဈိမပဋိပဒါ အလယ်လမ်းဆိုတာ ဒါပါလား၊ အနတ္တ ဆိုတာ ဒါပါလား။ ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတမရှိရင် မပြောတတ် ဘူး။ ဒါပေမယ့် သဘောရင်းကတော့ သေချာသိတယ်။

ဪ ... ကိုယ်မှန်းလို့ရှိရင်လည်း လောဘတွေ ဖြစ်နေ တယ်။ စိတ်ပျက်၊ စိတ်ဆိုးနေရင်လည်း မရောက်နိုင်ဘူး။

သူက သုံးလေးရက် ပြန်ကျတယ်ဆိုပါတော့။ ဟာ ... ရမှာ မဟုတ်တော့ပါဘူး။ ပျင်းပြီးဆက်အားမထုတ်ရင်ရော ရပါ့မလား။

'' မရနိုင်ပါဘူးဘုရား ''

ဟာ ... ''ရတော့မှာပဲ ရတော့မှာပဲ ''ဆိုတော့ လောဘဖြစ် ပြန်ရော။ အဲဒါဆိုလည်း ရပါ့မလား။

'' မရနိုင်ပါဘူးဘုရား ''

အဲဒီတော့ စိတ်ကိုပေချုပ်ပြီး ဇွတ်တင်းပြီး မှတ်နေရင်လည်း ဟိုဘက်ကမ်း မရောက်နိုင်ဘူး။

အကုန်လုံးလျှော့ချလိုက်တဲ့အခါကျမှ ရောက်သွားတယ်။ အဲဒီလိုမလျှော့တတ်လို့လည်းပဲ ဟိုဘက်ကို မရောက်ဘူး။ များသော အားဖြင့် လူတွေက ဘယ်နေရာဖြစ်ဖြစ် မလျှော့ဘူးကွာဆိုတာက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

များတယ်မဟုတ်လား။ စီးပွားရေးဆိုင်ရာမှာလည်း မလျှော့ဘူး၊ ပညာရေးမှာလည်း မလျှော့ဘူး။ တိုးတက်ရမယ်။ လောကီပိုင်းဆိုင်ရာမှာတော့ ဟုတ်ချင်ဟုတ်လိမ့်မယ်။ ဒီနေရာမှာတော့ မလျှော့လို့မရဘူး။

**ဝီရိယကို လျှော့ခိုင်းတာမဟုတ်ဘူး။** ''ရတော့မှာပဲ ရတော့မှာပဲ''ဆိုတဲ့ လိုချင်တဲ့ဆန္ဒတွေကို လျှော့ပစ်ရမှာ။ ကိုယ့်တာဝန်က ဆရာတော်ကြီးတွေညွှန်ကြားတဲ့အတိုင်း ယောဂီက ရှုမှတ်ဖို့သက်သက်ပါပဲ။

ဉာဏ်စဉ်တွေကို ကြိုမနာနဲ့၊ ကြိုနာထားတော့ ဆန္ဒတွေက ငါ သူများထက် ''သာရမယ်၊ သာရမယ်'' အဲဒါလောဘတွေ။

အဲလိုဖြစ်တဲ့အခါကျတော့ သင်္ခါရုပေက္ခာဉာဏ်လောက်ပဲ ရတယ်။ ဟိုဘက်မကူးတော့ဘူး။ ဒါ ဦးပဍ္ဍင်းဉာဏ်မီသလောက် ရှင်းပြတာ။ အဲဒါကြောင့်မို့လို့ ခုနကပြောတဲ့ ယောဂီတစ်ယောက် ရသလို၊ အသေးစိပ်အမူအရာမှတ်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဆရာပြောတဲ့ဩဝါဒကို အသက်တမျှမြတ်နိုးပြီးတော့ ဘာမျှမဆင်ခြင်ဘူးဟော့၊ **ပေါ်လာသမျှ အကုန်မှတ်ပစ်မယ်၊ ဘာမျှ မမှန်းဘဲနဲ့ ရှိရှိသေသေသာမှတ်၊** အရှိန်အားကောင်းလာရင် အလိုလိုရောက်လာတယ်။ အရှိန်ကနေ ဖုံးကွယ်ထားတာ။

***

## နှစ်နဲ့ချီပြီး လုပ်ရတယ်

နောက်ပြီးတော့ အဲဒီရသွားတဲ့ယောဂီ ကျော်ဖြတ်ခဲ့တဲ့ အတိတ်ကာလအပိုင်းအခြားကို ကြည့်ကြရအောင်။

များသောအားဖြင့် တချို့က ကိုယ့်ပါရမီ ဘယ်လောက်ရှိမှန်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မသိဘဲနဲ့ ရိပ်သာမှာ တစ်လခွဲ နှစ်လ အားထုတ်လိုက်လို့ရှိရင် ရမှာပဲ။ (၃)လ (၄)လ အားထုတ်လိုက်လို့ရှိရင် ရမှာပဲ။ ဒီလိုမျှားသော အားဖြင့်ထင်ကြတယ်။

စာပေမှာလည်း ရှိတာကိုး။ တစ်နံနက်နဲ့ရနိုင်တယ်။ (၇)ရက်နဲ့ ရနိုင်တယ်။ ဒီလိုရှိတာကိုး။ တကယ်ပါရမီရင့်သန်တဲ့သူတွေဆိုရင်တော့ ရနိုင်ပါတယ်။

များသောအားဖြင့် တရားအလုပ်ဟာ လောကီစာပေတွေလိုပါပဲ၊ တရစပ်ဆည်းပူးနေမှ တန်ကာကျတယ်။ ဦးပဥ္စင်းတို့က အဲဒီလိုမြင်ပါတယ်။ မှားရင်လည်း မိမိစိတ်ကြိုက်ပြင်ယူပေါ့။

ဦးပဥ္စင်းလေ့လာရသလောက် အတွေ့အကြုံအရဆိုရင် ပရိယတ္တိစာပေမှာလည်း စာကို တစာစာနဲ့ကျက်ပြီး အရှိန်ယူရတယ်။ အငယ်တန်းအတွက် ကျက်ပြီးရင် စာမေးပွဲဖြေ။ အလတ်တန်းအတွက် ကျက်ရပြန်တာပဲ။ ပြီးရင်စာမေးပွဲဖြေ။ တစ်ခါတလေ ကျတာရှိတယ်။ ပြန်ကျက်ရပြန်ပြီ။

အဲဒီလို အဆက်မပြတ် စာကျက်နေရတဲ့အရှိန်တွေ အားကောင်းတော့မှ ထိထိရောက်ရောက် အောင်မြင်သလိုပဲ ပဋိပတ္တိကျင့်တဲ့ဘက်မှာ အရှိန်အများကြီးလိုပါတယ်။ ရိပ်သာရောက်မှ ကြိုးစားမယ်ဆိုရင် ဦးပဥ္စင်းအနေနဲ့တော့ ရမယ်မထင်ဘူး။

ရိပ်သာမရောက်ခင် ကိုယ့်နေရာမှာကတည်းက အိမ်မှာဖြစ်စေ၊ ကျောင်းမှာဖြစ်စေ ဒီအလုပ်သည်သာလျှင် အားကိုးရာအစစ်ပဲ။ တကယ်ရင်ထဲမှာ နှစ်နှစ်ကာကာ ယုံကြည်တဲ့ သဒ္ဓါဗိုလ်နဲ့ အမြဲတမ်းကြိုးစားနေရမယ်။

သူများတွေ အားပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊
ကြည်ညိုသည်ဖြစ်စေ၊ မကြည်ညိုသည်ဖြစ်စေ၊
လာဘ်လာဘရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘယ်သူသိသိ မသိသိ ကိုယ့်အလုပ်ကို ကိုယ်အမြဲတမ်း လုပ်ရမယ်။ အဲဒီလို အမြဲတမ်းအရှိန်ရှိတော့မှ ရိပ်သာဝင်တဲ့အခါကျတော့ ဆရာတော်ဘုရားကြီးတွေရဲ့ ဩဝါဒတရားတွေကလည်း တည့်ပေးထားတယ်။ ဒီကလည်း အရှိန်ရနေတယ်။ အရှိန်ရနေတဲ့ကားကို တည့်ပေးလိုက်သလိုပေါ့၊ တစ်ဟုန်ထိုး အရှိန်အားကောင်းသွားတယ်။

ဒါဦးပဥ္စင်းအထင်မြင်ပြောတာပေါ့။ သမထဆိုလည်း ဒီလိုပါပဲ။ သမထအောင်တဲ့ ဆရာတော်ဘုရားကြီးတွေကို ဖူးခဲ့ရတယ်။ ဆည်းကပ်ခဲ့ရတယ်။ အိပ်ချိန်မရှိသလောက် နေ့ရော ညရော ဒီအမှတ်ကို တရစပ်ကြီး ရှုမှတ်နေတာ။

ဗုဒ္ဓါနုဿတိဆိုလည်း ဗုဒ္ဓါနုဿတိပေါ့၊ အရဟံဆိုလည်း အရဟံပေါ့။ တချို့လည်း နမောတဿပေါ့။ ကိုယ်ကြိုက်ရာ ကြိုက်ရာ တရစပ်ကြီးကို ကြိုးစားအားထုတ်နေရတာ။

ဝိပဿနာက ပိုပြီးကြိုးစားရမယ်။ ဦးပဥ္စင်းအမြင်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ **ဝိပဿနာသက်သက်ကြီးပဲ လုပ်လို့မရဘူး။** ရိပ်သာမှာတော့ ဝိပဿနာသက်သက်ပေါ့လေ။ အလုပ်ပေးတရားနာပြီးကတည်းက ''ဖောင်းတယ်၊ ပိန်တယ်''မှတ်မယ်။ တချို့ဆိုရင်လည်း ''ဝင်လေ၊ ထွက်လေ'' အာနပါနရှုမယ်။

ရိပ်သာကတော့ သံဃာတော်တွေရဲ့အား၊ ဆရာတော်ဘုရားကြီးတွေရဲ့ ဘုန်းရှိန် ကံရှိန်နဲ့ အန္တရာယ်ကင်း ဘေးရှင်းပြီးတော့ အားထုတ်လို့ရတယ်။

အပြင်လောကမှာကျတော့ အနှောင့်အယှက်တွေ ဘေးအန္တရာယ်တွေက များတယ်။ ဝိပဿနာတစ်ခုထဲလုပ်လို့ မရဘူး။ သမထလည်း ကူရသေးတယ်။

ဂုဏ်တော်ပွားတာတို့၊ မေတ္တာပို့တာတို့၊ ရှုမှတ်ရင်းနဲ့ ပေါ့လာရင်၊ ပျင်းလာရင် မရဏာဿတိတို့ လုပ်ရသေးတယ်။ နောက်ပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ကိလေသာက အင်မတန်ဆိုးတယ်၊ ဘာအဝတ်မျှ မထောက်ဘူး။ သက်နိုးဝတ်ထားလည်း မရဘူး။ ခဏာခဏာဒုက္ခပေးတယ်။ အဲဒီ ကောင်ရောက်တဲ့အခါလည်း သူ့ကိုလုပ်ရသေးတယ်။ ဒီစိတ်ကို ပါးသွားအောင်၊ ကုန်သွားအောင်၊ အသုဘတွေ ဘာတွေ ရှုရသေးတယ်။

အဲဒီလိုလုပ်တဲ့အခါကျတော့ သမထလည်း လုပ်ရတယ်။ စတုရာရက္ခကမ္မဋ္ဌာန်း လေးခုပေါ့။ အဲဒါလည်း လုပ်ရတယ်။ ဝိပဿနာလည်း ရှုရတယ်၊ ဝိပဿနာမှာပိုလုပ်ရတယ်။ ပိုပြီးတော့ ကြိုးစားရတယ်။

နောက်ပြီး ဝိပဿနာသမားက ဖြည်းဖြည်း၊ ဖြည်းဖြည်း တက်ရတာကိုး။ ဦးပဉ္စင်းအမြင်ပြောတာ။ ဦးပဉ္စင်း ကျင်လည်ရသလောက်၊ ဉာဏ်မီသလောက်ပြောတာပေါ့။ အဲဒီတော့ သမထလည်း လွှတ်လို့မရဘူး။ လုပ်ရတယ်။

ဝိပဿနာလည်း ဦးစားပေးပြီးတော့ သူလည်း အများကြီး လုပ်ရတယ်။ အဲဒီလိုလုပ်တာတောင်မှ ကြားထဲမှာ ဝိပဿနာမလုပ်ချင်အောင် အထင်လွဲခံရတာတို့၊ အစွပ်အစွဲခံရတာတို့၊ ကျန်းမာရေး မကောင်းရတာတို့ မျိုးစုံပဲ ဒုက္ခကြီး၊ အဲဒီအခက်အခဲတွေကို အကုန်လုံး သည်းခံပြီးကျော်ရတာ။

နည်းနည်းလေးအရှိန်ရပြန်တော့ အထင်ကြီးပြန်ရော။ အဲဒီဒဏ်ကလည်း တော်တော်ခံရတယ်။ အဲဒါကို ကိုယ်ကလည်း ကြွားချင်သူများအထင်ကြီးတာကို မျှော်လိုက်သွားမယ်ဆိုရင်တော့ အဝီစိရောက်သွားလိမ့်မယ်။

သူ့ဟာသူ အထင်ကြီးတာမကလို့ ဘာကြီးကြီး၊ ကိုယ့်အမှန်ကို ကိုယ်သိနေရမယ်။ ငါကိလေသာ မကင်းသေးဘူး။ မကင်းတာကို သိလည်း သိရမယ်။ ပြောလည်း ပြောရဲရမယ်။ ဒါမှအမှန်ကို ရောက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မှာ။ မှိန်းပြီးလိုက်နေရင် ဒုက္ခရောက်သွားလိမ့်မယ်။ ပထမတုန်းကတော့ အခက်အခဲကြုံတယ်။ သံဃာလည်း သံဃာနဲ့ ပတ်သက်တဲ့ အခက်အခဲ၊ အဲဒီအခက်အခဲတွေ နည်းနည်းကျော်လာပြန်တော့ ဟိုက ကြည်ညို ဒီကကြည်ညို၊ ဟိုကအထင်ကြီး ဒီက အထင်ကြီး အသွင်မျိုးစုံပဲ။ အကုန်လုံးကို ကျော်ရတယ်။ စိတ်ပျက်စရာကိုလည်း စိတ်မဆိုးနဲ့၊ စိတ်မပျက်နဲ့။ ကိုယ့်တရားကိုယ်လုပ်။

သူများအထင်ကြီးလို့ ကြည်ညိုလာရင် မသာယာနဲ့၊ မပြီးသေးဘူးဆိုတာ ကိုယ့်ဟာကိုယ် သိတယ်မဟုတ်လား။ မသာယာနဲ့၊ သာယာရင်လည်း မျောသွားမှာနော်။

စိတ်ဆိုးစိတ်ပျက်ရင်လည်း လျော့တယ်။

သာယာပြန်ရင်လည်း လျော့တယ်။

တစ်ခါတစ်ရံ ကြောက်စရာလန့်စရာတွေ့တယ်။ အဲဒါတွေကိုလည်း သည်းခံကျော်ရတယ်။ တပ်မက်စရာတွေကိုတွေ့လည်း သည်းခံကျော်ရတယ်။ အဲဒါကြောင့်မလို့ ရွှေတောင်ကုန်း ဆရာတော်ဘုရားကြီးတို့၊ သဒ္ဓမ္မရံသီဆရာတော် ဘုရားကြီးတို့၊ ချမ်းမြေ့ဆရာတော်ဘုရားကြီးတို့လို ဝါကြီးတဲ့ ဆရာတော်ဘုရားကြီးတွေဆို ဦးပဉ္စင်းတို့ ကြည်ညိုလို့မဆုံးနိုင်ဘူး။ ဘုန်းကြီးအကြောင်းကို ဘုန်းကြီးမှ သိတာကိုး။ ဒါတွေကိုအကုန် ကျော်ဖြတ်နိုင်ခဲ့တဲ့ ဆရာတော်ဘုရားကြီးတွေကို အင်မတန်ကြည်ညိုဖို့ကောင်းတယ်။ ဒါတွေကို အကုန်လုံးကျော်ရတယ်။

ဝိပဿနာလည်း လုပ်ရတယ်။ သမထလည်း လုပ်ရတယ်။ ကောင်းဆိုးနှစ်တန် လောကဓံကိုလည်း ကျော်ရတယ်။

အဲဒီအရှိန်တွေ အများကြီးရတော့မှ ရိပ်သာရောက်တဲ့အခါမှာ ကြိုးကြိုးစားစားအားထုတ်လိုက်ရင် တစ်လခွဲနှစ်လလောက်နဲ့ လိုရင်းပန်းတိုင်ကို ရောက်တာ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒါကြောင့်မို့လို့ အဲဒါမျိုးတွေကို အထိုက်အလျောက် သိထားတဲ့ ဆရာတော် သံဃာတွေက တပည့်တွေ ဒကာတွေ ဒကာမ တွေကို အားထုတ်ကြပါဟဲ့၊ အားထုတ်ကြပါဟဲ့လို့ ခဏ ခဏပြော နေတာ။ အရှိန်ရအောင်လို့။

နည်းလမ်းကတော့ စာအုပ်ဖတ် သိတာပဲဗျ၊ ဟုတ်တယ် မဟုတ်လား။ စာဖတ်တတ်တဲ့သူဆို စာအုပ်လေးကြည့်ပြီး ဒီလို ဒီလို ဖောင်းပိန်မှတ်ရတယ်တဲ့။ လူတိုင်းသိတယ်။

အဲ့ဒီစာအုပ်ဖတ်ရုံနဲ့ မရဘူး။ နှစ်နဲ့ချီလုပ်ရတယ်။

**တကယ်ရဖို့ နှစ်နဲ့ချီပြီးလုပ်ရတယ်။**

**မချိမဆံ့ကို ကြိုးစားခဲ့ရတာ။** ဘယ်လိုအပြောခံရသလဲဆို ရူးနေပြီ။ ကြောင်နေပြီ။ ဦးနှောက်ထဲ ငှက်ဖျားပိုးရောက်နေပြီ။ ကြောင် တောင်တောင်နဲ့ ဒီကိုယ်တော်တော့သွားပါပြီ။ အဲဒါတွေ အကုန်လုံးကို သည်းခံနိုင်ပြီး ကြိုးစားနိုင်မှ ဒီကိုရောက်တာ။

အဲဒါကြောင့်မို့လို့ တကယ်လိုလားကြတဲ့ ယောဂီတွေ ဒကာ ဒကာမတွေပေါ့။ အဲဒါရိပ်သာရောက်မှ အားထုတ်မယ်၊ တန်ခူးလ ရောက်မှ အားထုတ်မယ်။ ဒီလို မလုပ်ကြပါနဲ့။

တစ်နှစ်မှ (၁၀)ရက်လောက်၊ (၁၅)ရက်လောက်ဆိုလည်း မရသေးဘူးလို့ တွက်ထား။ ဗေဒင်မမေးနဲ့ ဗေဒင်ထက်မှန်တယ်။ တန်ခူးလရောက်ရင် အားထုတ်မယ်စိတ်ကူးထားပေမယ့် တန်ခူးလ မရောက်ခင်သေသွားရင် ဘယ်နဲ့လုပ်မလဲ။ မသေဘူးထားပါတော့ဗျာ။

စားနိုင်သောက်နိုင်ဆိုတော့ ဝဝဖြိုးဖြိုးပါပဲ။ လူကသာ ဝတာ။ တရားက မဝသေးဘူး။ တရားက ပိန်ခြောက်နေတာ။ ရိပ်သာရောက် မှလုပ်မယ်။ သင်္ကြန်ကျမှ လုပ်မယ်ဆိုတော့ တရားက ပိန်ခြောက် ပြီးတော့ သွားလို့မရတော့ဘူး။

အဲဒါကြောင့်မို့လို့ အစောကြီးကတည်းက လုပ်ထားကြ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဒီနေ့ကစပြီး လုပ်ကြ။ အိမ်မှာနည်းနည်းလေး အချိန်ရရင်ရသလို ရှုကြ မှတ်ကြ။ အလုပ်တွေများနေလို့ ဝိပဿနာ မမှတ်နိုင်ရင်လည်း သမထကို အထင်မသေးနဲ့။ အဲဒါကိုလည်း မှာချင်တယ်။

***

## သမထကို အထင်မသေးနဲ့

တချို့က ဝိပဿနာကိုပဲ အားထုတ်တယ်။ သမထကို အထင်သေးချင်တယ်။ အထင်သေးချင်ရင် အဲဒါဒုက္ခရောက်ချင်လို့ပဲ။ သမထက ဘုရားဟောထားတာ။ ဘုရားမကြိုက်တာ လောင်းကစားကို မကြိုက်တာ။ နံပါတ်ကြည့်တာတို့၊ ချဲထိုးတာတို့ အဲဒါ ဘုရားမကြိုက်ဘူး။ အဲဒါ သမထလည်း မဟုတ်ဘူး။ ဝိပဿနာလည်း မဟုတ်ဘူး။ ဘယ်ပုဂ္ဂိုလ်မျှ ထိခိုက်ပြီးပြောတာမဟုတ်ဘူး။ သမထက ဘုရားဟောထားတာ။ သမထကို အထင်မသေးနဲ့။ ဒုက္ခရောက်သွားမယ်။ ဝိပဿနာသမားတွေ သမထမပါလို့ မရဘူး။ အဲ့ဒီတော့ –

**ဗုဒ္ဓါနုဿတိပွားသင့်တဲ့အခါ ပွားရတယ်။**
**မေတ္တာပို့သင့်တဲ့အခါ ပို့ရတယ်။**
**အသုဘပွားသင့်တဲ့အခါ ပွားရတယ်။**
**မရဏာနုဿတိပွားသင့်တဲ့အခါ ပွားရတယ်။**

အထိုက်အလျောက်တော့ ပွားပေးရတယ်။ အဲဒါကြောင့်မို့လို့ ကိုယ့်အိမ်မှာနေရင်းနဲ့၊ လုပ်ရင်းကိုင်ရင်းနဲ့ မေတ္တာပွားများကြ။

ဗုဒ္ဓါနုဿတိပွားတာထက်သန်ရင်လည်း ဗုဒ္ဓါနုဿတိ ပွားများကြ။ ငါတို့က အလုပ်ရှုပ်ပါတယ်။ ဘာမျှ ပွားလို့မရဘူးဆိုရင်တော့ တရားအရှိန် မရတော့ဘူး။

အိမ်မှာ လုပ်ရင်းကိုင်ရင်း နေရင်းထိုင်ရင်းနဲ့လည်း ဗုဒ္ဓါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နုဿတိလည်း ပွားလို့ရတယ်။ အရဟံဆိုလည်း ''အရဟံ အရဟံ အရဟံ ''အမြဲတမ်း ပွားများနေရမယ်။ မေတ္တာလည်း ပွားလို့ရတယ်။ ''အားလုံးကျန်းမာပါစေ၊ ချမ်းသာပါစေ'' ဒါပေမယ့် ဘာဝနာနဲ့ ပတ်သက်လို့ကတော့ တိုတိုပွားတာကောင်းတယ်။ ဘုရားရှိခိုးတာက တော့ ဗဟုသုတရှိရင် ရှိသလို အရှည်ကြီး နှစ်နာရီ သုံးနာရီ ရှိခိုး။ ကောင်းပါတယ်။

တကယ်ပွားနေတဲ့အခါကျတော့ တိုလေ ကောင်းလေပဲ။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ စာအုပ်ထဲမှာ ပါပါတယ်။ ''ချမ်းသာကြပါစေ''တစ်လုံးတည်း ပွားတာပါ။

တစ်လုံးတည်းကို ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ ပွားနိုင် ရင် အဲဒီဘာဝနာက ခရီးရောက်သွားတယ်။

ဘုရားရှိခိုးမှ ဝတ်ကျေတန်းကျေလေး မေတ္တာပို့တယ်။ ကျန်တဲ့ အချိန်ကျတော့ မေတ္တာမပို့ဘူးဆိုရင် မေတ္တာဘာဝနာက ဘယ်ထိမလဲ။

အဲ့ဒီတော့ ဘုရားရှိခိုးတာလည်း မပယ်ပါဘူး။ ရှိခိုးပါ။ သို့သော် လည်းပဲ နေရင်းထိုင်ရင်း၊ သွားရင်းလာရင်း ဝိပဿနာကတော့ ဖြည်း ဖြည်း မှတ်ရတာကိုး။ မမှတ်နိုင်လို့ရှိရင်လည်း မေတ္တာတွေ့ပွားကြ။ ဗုဒ္ဓါနုဿတိတွေ ပွားကြ။ အဲဒါဆို အဲဒီသမထက ရိပ်သာဝင်တဲ့အခါ မှာ ဝိပဿနာကို အထောက်အကူပေးတယ်။ ဟိုကဆရာသမားတွေ က ''ဖောင်းတယ်၊ ပိန်တယ်''၊''ထိုင်တယ်၊ ထိတယ်''မှတ်ရမယ်။ အာ နာပါနဆိုလည်း ''ဝင်လေ၊ ထွက်လေ'' မှတ်ရမယ် ညွှန်ကြားတဲ့အခါ ဒီက ပွားများထားတဲ့အရှိန်က ရနေတော့ ပြောတဲ့အတိုင်း တည့်တည့် မှတ်နိုင်တာပေါ့။

ဗုဒ္ဓါနုဿတိကို ဒီအတိုင်းပဲပွားပွား၊ ပုတီးနဲ့ပဲစိပ်စိပ် ဦးပဋ္ဌင်း တို့လည်း တစ်ခါတလေ စိပ်တာပဲ။ အရှိန်ယူတာပေါ့။ အများနဲ့ ပြောဆိုဆက်ဆံတဲ့အခါကျတော့ ပုတီးလေးကုပ်ပြီး အသာစိပ်နေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တယ်။ ပုတီးစိပ်ထားတော့ သမထအရှိန်ရတယ်။ ကိုယ်တစ်ပါးတည်း ကျန်တဲ့အခါကျတော့ ကိုယ့်ခန္ဓာ ကိုယ်စိုက်ပြီး ဝိပဿနာကိုရှုတယ်။ သမထကနေ ဝိပဿနာကို အထောက်အကူပြုတယ်။ အကုန်လုံးက တစ်ခါတည်း အပြန်အလှန်အထောက်အကူပြုတယ်။

အဲဒီတော့ စိတ်ကို လွှတ်မထားဘဲနဲ့ မကင်းနိုင်သေးလို့ သားတွေ၊ သမီးတွေနဲ့နေသော်ငြားလည်း ရှုမှတ်ပွားများနေရမယ်။ အဲဒီလို ရှုမှတ်ပွားများနေပါမှ သာသနာတော်ကြီးနဲ့ တွေ့ရကြိုး နပ်မယ်။ တပည့်တော်တို့က ဘုရားတည်ဖူးတာပဲ၊ ရဟန်းခံဖူးတာပဲ၊ ကျောင်းဆောက်ဖူးတာပဲ၊ ဒီလောက်နဲ့တွင်မရဘူး။ အဲဒါက တစ်ခါ တစ်ရံလေး လုပ်တာ။ အိမ်မှာနေရင်းနဲ့ကို ပွားများနေရမယ်။ ဘာပဲ လုပ်လုပ်–

''ကျန်းမာကြပါစေ၊ချမ်းသာကြပါစေ''ဒါမှမဟုတ်

''အရဟံ၊ အရဟံ၊ အရဟံ''ဒါမှမဟုတ်

''သေရဦးမယ်၊ သေရဦးမယ်၊ သေရဦးမယ်''

ကိုယ်ကြိုက်ရာပေါ့လေ။ အသုဘဆိုလည်း ''အသုဘ၊ အသုဘ အသုဘ''လို့ ကိုယ်ကြိုက်ရာကို အမြဲတမ်းပွားများနေရင် ဒါ စိတ်လုပ်ငန်း လုပ်နေတာပဲ။ ပွားများနေရင် အပ္ပမာဒ၊ မပွားရင်တော့ ပမာဒပဲ။ အဲဒါ အပ္ပမာဒ အမြဲတမ်းရှိရမယ်။ ပွားများနေရမယ်။

ဗုဒ္ဓါနုဿတိ ကြိုက်ရင် ဗုဒ္ဓါနုဿတိ။ မေတ္တာကြိုက်ရင် မေတ္တာ။ မရဏဿတိကြိုက်ရင်လည်း မရဏဿတိပွားပေါ့။ သူ့နေရာနဲ့သူတော့ ပွားသင့်တာရှိတာပဲ။

ဥပမာ– အပေါ့အပါးသွားတယ်။ အသုဘပွားလို့ကောင်းတယ်။ ရှင်လျက်အသုဘလေ၊ သင်္ချိုင်းကုန်း သွားတွေ့စရာမလိုဘူး။ ကိုယ့်ခန္ဓာကိုယ်ကြီးထဲက ထွက်နေတာမဟုတ်လား။

''ဟုတ်ပါတယ်ဘုရား''



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒါကျတော့ အသုဘ ဘယ်လောက်ပွားလို့ ကောင်းလဲ။ ပွားတတ်ရင် ကုသိုလ်ရတယ်။ အိမ်သာတက်ရင်းနဲ့လည်း ကုသိုလ်ရတယ်။ ဝိပဿနာရှုရင်လည်း ရှုပေါ့၊ ဒါပေမယ့် အရှိန်မရှိတဲ့သူတွေက ဝိပဿနာရှုဖို့ မလွယ်ပါဘူး။ အရှိန်ရှိဖို့လိုတယ်။

**သွားရင်းလာရင်းလည်း ဝိပဿနာကို မှတ်ရတာပဲ။**

အရှိန်မရှိရင် ဝိပဿနာမလုပ်ချင်ဘူး။ ပြောတော့သာ လွယ်တာ၊ မလုပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်သံသရာလုံးက ရေစုန်ပဲလိုက်ခဲ့ကြတာ။ ကိလေသာရေစုန်ပဲ လိုက်ခဲ့ကြတော့၊ အခုဟာက ဝိပဿနာက ဆန်တက်ရတာ။ ဆန်တက်ရတော့ မှတ်သာမှတ်နေရတယ် မလုပ်ချင်ဘူး။

ရိပ်သာမှာတောင် မှတ်သာမှတ်နေရတယ် မမှတ်ချင်ဘူး။ စိတ်မပါဘဲ လုပ်ရတာတွေရှိတယ်။ စေတနာနဲ့လုပ်နေတာပဲ၊ လုပ်ရင်းနဲ့ကို ဟာတာတာ ပေါ့တော့တော့ကြီးဖြစ်လာတာ။ ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိဘူး။

အထိုက်အလျောက် ဗဟုသုတတွေရှိနေတာပဲ။ ရှိနေပေမယ့် မလုပ်ချင်ဘူး။ အဲဒါမျိုးကျတော့ ဒီအလုပ်ကြီးနဲ့ ဖြစ်မယ် မထင်တော့ပါဘူး။ စိတ်လျှော့လာတယ်။ အဲဒီလိုအချိန်မျိုးမှာ သမထကျွမ်းကျင်တဲ့သူက သမထပြောင်းလုပ်လိုက်တယ်။ သမထလုပ်လိုက်လို့ စိတလေး အေးသွားတော့မှ ဝိပဿနာ ပြန်ကူးလိုက်တယ်။ အရသာကို ရှိသွားတာပဲ။

သမထကို အထင်သေးပြီးတော့ ဝိပဿနာကို အရမ်းအထင်ကြီးတဲ့ပုဂ္ဂိုလ်မျိုးကျတော့ ကိုယ်လည်း ဝိပဿနာကို ထိရောက်တာမဟုတ်သေးဘူး။

တကယ့်တကယ် လုပ်တဲ့အခါကျတော့ မကူတတ်ဘူး။ ပျင်းရိခြောက်သွေ့တဲ့အခါကျတော့ ဟိုသွားချင်သလိုလို၊ ဗွီဒီယို ကြည့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချင်သလိုလို ဖြစ်လာတယ်။ သွားရော၊ ရေစုန်မျောရော။

**သမထ၊ ဝိပဿနာ နှစ်ခုလုံးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်က ဘယ်နေရာပဲရောက်ရောက် အကုန်ရှုလို့ရတယ်။ ဝိပဿနာရှုနေရင်းနဲ့ ငြီးငွေ့တဲ့အခါ ဘာမျှကို မမှတ်ချင်တော့ဘူး။**

**သမထကို နာရီဝက် တစ်နာရီပြောင်းမှတ်လိုက်။ သမာဓိရလာတဲ့အခါ ရှုလို့မှတ်လို့ ပြန်အဆင်ချောသွားတာပဲ။**

ဒီတရားအလုပ်ကို ဘယ်တော့မှပြန်မချချင်ဘူး။ ဒီတရားအလုပ်က မှန်ကန်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင်သိနေတယ်။ ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် အကုန်လုံးသိစေချင်ပါတယ်။

ဘာဖြစ်လို့ သိစေချင်သလဲဆိုတော့ နည်းနာနိဿယတွေက များလွန်းအားကြီးလို့။ ဘယ်နည်း မှားတယ်။ ဘယ်နည်း မှန်တယ်။ မပုတ်ခတ်ပါဘူး။ ဦးပဥ္ဇင်းတို့ အတွေ့အကြုံအရဆိုရင် အင်မတန်ကြိုးစားမှ တရားက တန်ကာလောက်ကျတာ။

အခုဟာက မမှတ်ရသေးဘူး တရားဝင်ခါစရှိသေးတယ်။ အကုန်လုံးရင့်ကျက်ကုန်ကြပြီ။ သိပြီးရောကိုဖြစ်နေကြတယ်။ အခုမှ ဖင်နွေးအောင်မထိုင်ရသေးဘူး။

သိပြီးရော ဘာမျှ မမှတ်ချင်တော့ဘူး။ ဘာမျှမမှတ်ဘဲ အိမ်မြှောင်ပြုတ်ကျတာကအစ ကြောက်လန့်ပြီး ထပြေးနေတဲ့ပုဂ္ဂိုလ်တွေက မမှတ်တော့ဘူး။ အဲဒီတော့ လိုရင်းရောက်ပါတော့မလား။ မရောက်တော့ဘူး။ အဲဒီလိုတွေ များနေကြတယ်။

ဦးပဥ္ဇင်းတို့ ဒီလုပ်ငန်းကတော့ သေသေချာချာကြိုးစားမှ၊ အသက်စွန့်ပြီးကြိုးစား မှရတာ။ သေသေချာချာကြိုးစားမှဆိုတာ ငါးနာရီ၊ ခြောက်နာရီ ဒီလိုထိုင်ဖို့ပြောတာ မဟုတ်ဘူးနော်။ အဲဒီအစွန်းမဟုတ်ဘူး။

ကိုယ်တတ်နိုင်သလောက်ထိုင်။ သေသေချာချာ စူးစူးစိုက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိုက် လိုလိုချင်ချင် ကြိုးစားရတယ်။ အခုက အဲဒီလိုမဟုတ်ဘူး။ ပေါ့ပေါ့ဆဆပဲဗျာ။

**အခုမှ စအားထုတ်ကာစပဲ ရှိသေးတယ်။**

**သူတို့က အရိယာတွေ ဖြစ်နေကြပြီ။**

အဲဒီပုဂ္ဂိုလ်တွေက များနေတယ်။ နောက်ပိုင်းကျရင် အဲဒါတွေများလိမ့်မယ်။ အဲဒီလို ဘာဉာဏ်မှမရသေးဘဲနဲ့ ကိုယ့်ကိုယ်ကို အရိယာကြီးထင်ပြီး ဆရာလုပ်နေတာတွေက များတယ်။ နောက်တပည့်တွေက ပိုဆိုးသွားတယ်။

နောက်ကျတော့ မြတ်စွာဘုရားရဲ့တရားတော်ထဲမှာ ပါတယ်။ သက်နုံးလေး လက်ချည်ထားတာတို့ လည်ပင်းလေး ချည်ထားတာတို့ ဖြစ်လာလိမ့်မယ်။

သူများကို ဆရာလုပ်နေတဲ့ ပုဂ္ဂိုလ်တွေကလည်း သားတွေ မယားတွေယူပြီးတော့ ဆရာလုပ်နေတာတွေ များလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာတွေကိုယ်တိုင်က ထိရောက်အောင် မလုပ်ဘူးလေ။ ဆရာတွေကိုယ်တိုင်က အနာမခံချင်ဘူး။ ခြင်ကိုက်မခံချင်ဘူးဗျ။ ဟုတ်တယ်မဟုတ်လား။ ခြင်တောထဲ သွားထိုင်ဖို့ ပြောတာမဟုတ်ဘူးနော်။

ဒုက္ခဝေဒနာကို သည်းခံဖို့ပြောတာ။ တော်ရုံတန်ရုံ သည်းခံပြီးမှတ်ပေါ့ဗျာ။ နည်းနည်းနာတာနဲ့ ပြင်မှတ်တယ်။ ပေထိုင်ရင် ''အတ္တကိလမထ''ဖြစ်တယ်လို့ ဝေဖန်ချင်ကြသေးတယ်။ မဟာစည်ဆရာတော်ဘုရားကြီးလည်း ဟောထားတာရှိပါတယ်။

**ဒုက္ခဝေဒနာကို ''သတိ၊ ပညာ''နဲ့ ရှုမှတ်နေတာဟာ အတ္တကိလမထ မဟုတ်ဘူး၊ ဒေါသအစွန်း မဟုတ်ဘူး။ အပေါ်ယံ အသွင် သဏ္ဌာန်ပိုင်းနဲ့ အတွင်းက အနှစ်သာရပိုင်းကို ခွဲခွဲခြားခြား သိမြင်ဖို့လိုတယ်။** အခုဟာက ဆိုဖာခုံကြီးပေါ် တက်ထိုင် ကိလေသာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေခံစားမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ်လို့များ အောက်မေ့နေသလား မသိဘူး။ အဲလိုမျိုးတွေ ဖြစ်နေကြတယ်။ ပြောရင်းပြောရင်း ဦးပဥ္စင်း စကားလုံးတွေက မယဉ်ကျေးသလို ဖြစ်ဖြစ်နေတယ်။ အခုဟာက ယောဂီက **ဘာမျှ မလုပ်ရသေးဘူး၊ အရိယာဖြစ်နေတယ်။**

**ရှုတာ မှတ်တာကို အထင်သေးနေတယ်။ သမထကိုလည်း အထင်သေးတယ်။** အဲဒါတွေကို ကြိုးစားပါမှ အရှိန်ရှိတာ။ ရိပ်သာက တစ်လခွဲလောက်ပဲ လက်ခံတာ။ တစ်လခွဲလောက်ဆို ပြန်လွှတ်တာ။ အဲဒီတော့ကျန်တဲ့အချိန်မှာ သမထအဆင်ပြေရင် သမထပွားနေ။ ဝိပဿနာဆိုလည်း ဝိပဿနာပွားနေ။ သမထပွားလိုက်၊ ဝိပဿနာ ပွားလိုက် ဒီလိုကို ကြိုးစားနေရမယ်။

ဟို ... ကြီးပွားရေးလမ်းကြောင်းနံပါတ် ကြည့်တာကို ပြော တာမဟုတ်ဘူးနော်။ ရိုးရိုးသမထ၊ မြတ်စွာဘုရားဟောတဲ့ သမထကို ပြောတာ။ အဲဒီလိုပွားထားလို့ အရှိန်ရှိထားတော့ ရိပ်သာဝင်တဲ့အခါ မြန်မြန်ခရီးရောက်တာပေါ့။

အလုပ်များတဲ့ ဒကာကြီးတွေကျတော့ စေတနာလည်းရှိတယ်။ တကယ်လည်း သာသနာတော်ကို ကြည်ညိုပါတယ်။ တကယ်လည်း သဒ္ဓါတရားရှိတယ်။ သို့သော်လည်း အိမ်မှာ ဝိပဿနာကို သေသေ ချာချာမလုပ်ဖြစ်ကြဘူး။ လုပ်ရကိုင်ရတာနဲ့၊ လခစားလည်း လခစား အလျောက် လုပ်ရကိုင်ရတယ်။ အဲဒီတော့ ကိုယ့်အိမ်မှာနေရင်းနဲ့၊ လုပ်ရင်းကိုင်ရင်းနဲ့ မေတ္တာပွားများကြ။ ဗုဒ္ဓါနုဿတိပွားတာ ထက်သန် ရင်လည်း ဗုဒ္ဓါနုဿတိပွားများကြ။ ဒါမှ တရားက အရှိန်ရမှာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်ရင် တရားအားထုတ်နေတဲ့ ကာလ အတွင်းမှာ စာမဖတ်နဲ့။ စာဖတ်တာကို မကောင်းဘူးလို့ ပြောတာ မဟုတ်ဘူးနော်။

**စာဖတ်တာ အမှတ်လွတ်တယ်။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက် မြန်မြန်ဆန်ဆန်ရအောင် လုပ်တော့မယ်ဆို မဖတ်နဲ့။ ဆရာတော်ဘုရားကြီးတွေပေးထားတဲ့ အလုပ်ပေးတရားကို နာပြီးတော့ ရိုရိုသေသေလုပ်။

အခုယောဂီတွေက တရားထိုင်တယ်၊ တရားဖြုတ်တယ်ဆိုတာနဲ့ စာအုပ်ကောက်ဖတ်နေတယ်။ ဟာ ... အဲဒီလိုဆို ခင်ဗျားတို့ သမာဓိ မဆက်တော့ဘူး။ အဲလိုမလုပ်ပါနဲ့၊ ဒီလိုပဲပြောနေရပါတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် မလိုချင်ဘူး။ ရသလောက်ပဲ ပါရမီဖြည့်ရုံလောက်ပဲဆို ဖတ်။ ဖတ်ချင်သလိုဖတ်။ သူက လိုမှ မလိုချင်တာကိုး။ မလိုချင်တော့ ဖတ်ပေါ့။ တကယ်လိုချင်လို့ရှိရင် စာမဖတ်ရဘူး၊ စာမရေးရဘူး၊ စကားမပြောရဘူး စသည်အားဖြင့်ပေါ့။ စကားမပြောရဘူးဆိုတာ ဝစီပိတ်၊ နှုတ်ပိတ်ခိုင်းတာ မဟုတ်ဘူးနော်။ အစွန်းတွေကလည်း အများကြီးပဲဗျ။ စာရေးတာကလည်း စကားပြောတာနဲ့ အတူတူပဲ။ အမှတ်တွေ လွတ်ကုန်တာပဲ။

**အမှတ်လွတ်ရင် သမာဓိမဆက်တဲ့အတွက် အရှိန်တွေက အားမကောင်းတော့ ဟိုဘက်ကမ်းကို မကူးနိုင်တော့ဘူး။**

ဝိပဿနာတရား အားထုတ်ရာမှာ တတ်နိုင်ရင် စီးပွားရေး၊ လူမှုရေး သံယောဇဉ်တွေဖြတ်ပြီး အားထုတ်ပါ။ ကမ်းတစ်ဖက်ကို ကူးချင်ရင် အရှိန်များများယူပါ။ သမထသမားများကို နမူနာယူပါ။

သမထသမားများဟာ ဘုရားတည်တော့မယ်ဆိုရင် သီလစောင့်၊ သက်သတ်လွတ်စား၊ ဂုဏ်တော်ပွား အဓိဋ္ဌာန်ဝင်ကြတော့တာပဲ။ အဓိဋ္ဌာန်အောင်မှ ဘုရားတည်တာ အောင်မြင်မှာကိုး။ ဒီတော့ အလုပ်သိပ်လုပ်တယ်။

ဝိပဿနာသမားက ကမ်းတစ်ဖက်ကူးမှာဆိုတော့ အလုပ်ပိုလုပ်ရမယ်။ အခု ဦးပဥ္စင်းပြောခဲ့တာတွေဟာ သာသနာတော်ကြီးအတွက်ရည်ရွယ်ပြီး ယောဂီတစ်ယောက်အနေနဲ့ ပြောပြခဲ့တာပါ။



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိုချုံးလိုက်ရင် –

သင်္ခါရုပေက္ခာဉာဏ်ကို ရောက်နေပါလျက်သားနဲ့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မကူးနိုင်ဘဲ တဝဲလည်လည်ဖြစ်နေရတဲ့ အကြောင်းတရားများစွာထဲက ဦးပဥ္စင်းရှင်းပြတဲ့ (၄)ခုက–

(၁) ဆုကြီးပန်ထားတာရှိရင် မကူးနိုင်ဘူး။

(၂) တရားထူးလိုချင်တဲ့ နိကန္တိဖြစ်လာရင်လည်း မကူးနိုင်ဘူး။

(၃) တရားအရှိန်အားမကောင်းရင်လည်း မကူးနိုင်ဘူး။

(၄) ဆရာသမားရဲ့စကားကို နားမထောင်ဘူး၊ ဆိုဆုံးမရခက်တယ်၊ မာနတွေခံနေတယ်ဆိုရင်လည်း မကူးနိုင်ဘူး။

ဒီ(၄)ချက်ကို လွန်မြောက်နိုင်တဲ့ ယောဂီမှ ဟိုဘက်ကမ်းသို့ ကူးနိုင်ပြီး လွတ်မြောက်မှုချမ်းသာကို ရရှိနိုင်တာ။ ဒါကြောင့် –

**တရားရိပ်သာတွေ များများဝင်၊**

**အရှိန်ရအောင် များများကြိုးစားပြီးတော့၊**

သူတော်ကောင်းတို့လိုလားတဲ့ ဟိုဘက်ကမ်းတည်းဟူသော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

သာဓု – သာဓု – သာဓု ပါဘုရား။

□



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့၏
# အသိပေးလွှာ ပန်ကြားလွှာ

(၁) ၂၀၀၄ခုနှစ် ၊ဖေဖော်ဝါရီလ၊ အပ္ပမာဒမဂ္ဂဇင်းမှ မောင်သွေးချွန်၏ ''ဉာဏ်စဉ်လမ်းမှ ကမ်းတစ်ဖက်သို့''တရားတော်ကို မူရင်းဟောစဉ်အတိုင်း အနည်းငယ်ဖြည့်စွက်၍ စာပေအဖြစ် မှတ်တမ်းတင်ကာ ပြန်လည်ပူဇော်ထားပါသည်။ အပ္ပမာဒမဂ္ဂဇင်း စာတည်းချုပ်ဆရာမြသန်းစံနှင့် ဆရာ မောင်သွေးချွန် တို့ကိုလည်း အထူးကျေးဇူးတင်ပါသည်။

(၂) ဤစာအုပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှ ကိုစည်သူဝင်း၊ မအေးလေး မိသားစုတို့မှ တရားအလှူ၊ ပညာပါရမီ အလှူ၊ တိုက်ရိုက်သာသနာပြုအလှူအဖြစ် လှူဒါန်းထားသော မြစိမ်းတောင် ဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့် ထုတ်ဝေပါသည်။

(၃) မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူထားသော အလုပ်ပေးတရား တိပ်ခွေပေါင်းမှာ (၅၀၀)ခန့်ရှိသဖြင့် ဤကဲ့သို သော အလုပ်ပေးတရားတော်စာအုပ်များ ဆက်လက်ထုတ်ဝေနိုင်စေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တရားအလှူ ပညာပါရမီအလှူ တိုက်ရိုက်သာသနာပြုအလှူအဖြစ် ပါဝင်လှူဒါန်းလိုပါက–

(ဖုန်း–၀၅၅–၂၀၃၄၁)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၄) အသံသွင်းတိပ်ခွေများမှတစ်ဆင့် စာသားအဖြစ် ကူးပြောင်းသည့်အခါ ဖတ်ရှုသူတို့ကို တတ်နိုင်သမျှအသိတိုး၍ အကျိုးများစေလိုသော စေတနာကြောင့် လိုအပ်သည့်နေရာများတွင် အချက်အလက်အနည်းငယ်ကို ဖြည့်စွက်ထားပါသည်။ ချွတ်ချော်အားနည်းချက် တစ်စုံတစ်ရာရှိခဲ့ပါလျှင် မြစိမ်းတောင်ဓမ္မစာပေ ပြန့်ပွားရေးအဖွဲ့၏ တာဝန်သာဖြစ်ပါကြောင်း ဝန်ခံတင်ပြအပ်ပါသည်။

( မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့ )



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲဒါကျတော့ အသုဘ ဘယ်လောက်ပွားလို့ ကောင်းလဲ။ ပွားတတ်ရင် ကုသိုလ်ရတယ်။ အိမ်သာတက်ရင်းနဲ့လည်း ကုသိုလ်ရတယ်။ ဝိပဿနာရှုရင်လည်း ရှုပေါ့၊ ဒါပေမယ့် အချိန်မရှိတဲ့သူတွေက ဝိပဿနာရှုဖို့ မလွယ်ပါဘူး။ အချိန်ရှိဖို့လိုတယ်။

**သွားရင်းလာရင်းလည်း ဝိပဿနာကို မှတ်ရတာပဲ။**

အချိန်မရှိရင် ဝိပဿနာမလုပ်ချင်ဘူး။ ပြောတော့သာ လွယ်တာ၊ မလုပ်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်သံသရာလုံးက ရေစုန်ပဲလိုက်ခဲ့ကြတာ။ ကိလေသာရေစုန်ပဲ လိုက်ခဲ့ကြတော့၊ အခုဟာက ဝိပဿနာက ဆန်တက်ရတာ။ ဆန်တက်ရတော့ မှတ်သာမှတ်နေရတယ် မလုပ်ချင်ဘူး။

ရိပ်သာမှာတောင် မှတ်သာမှတ်နေရတယ် မမှတ်ချင်ဘူး။ စိတ်မပါဘဲ လုပ်ရတာတွေရှိတယ်။ စေတနာနဲ့လုပ်နေတာပဲ၊ လုပ်ရင်းနဲ့ကို ဟာတာတာ ပေါ့တော့တော့ကြီးဖြစ်လာတာ။ ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိဘူး။

အထိုက်အလျောက် ဗဟုသုတတွေရှိနေတာပဲ။ ရှိနေပေမယ့် မလုပ်ချင်ဘူး။ အဲဒါမျိုးကျတော့ ဒီအလုပ်ကြီးနဲ့ ဖြစ်မယ် မထင်တော့ပါဘူး။ စိတ်လျှော့လာတယ်။ အဲဒီလိုအချိန်မျိုးမှာ သမထကျွမ်းကျင်တဲ့သူက သမထပြောင်းလုပ်လိုက်တယ်။ သမထလုပ်လိုက်လို့ စိတလေး အေးသွားတော့မှ ဝိပဿနာ ပြန်ကူးလိုက်တယ်။ အရသာကို ရှိသွားတာပဲ။

သမထကို အထင်သေးပြီးတော့ ဝိပဿနာကို အရမ်းအထင်ကြီးတဲ့ပုဂ္ဂိုလ်မျိုးကျတော့ ကိုယ်လည်း ဝိပဿနာကို ထိရောက်တာ မဟုတ်သေးဘူး။

တကယ့်တကယ် လုပ်တဲ့အခါကျတော့ မကူတတ်ဘူး။ ပျင်းရိခြောက်သွေ့တဲ့အခါကျတော့ ဟိုသွားချင်သလိုလို၊ ဗွီဒီယို ကြည့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ချင်သလိုလို ဖြစ်လာတယ်။ သွားရော၊ ရေစုန်မျောရော။

သမထ၊ ဝိပဿနာ နှစ်ခုလုံးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်က ဘယ်နေရာပဲရောက်ရောက် အကုန်ရှုလို့ရတယ်။ ဝိပဿနာရှုနေရင်းနဲ့ ငြီးငွေ့တဲ့အခါ ဘာမျှကို မမှတ်ချင်တော့ဘူး။

သမထကို နာရီဝက် တစ်နာရီပြောင်းမှတ်လိုက်။ သမာဓိရလာတဲ့အခါ ရှုလို့မှတ်လို့ ပြန်အဆင်ချောသွားတာပဲ။

ဒီတရားအလုပ်ကို ဘယ်တော့မှပြန်မချချင်ဘူး။ ဒီတရားအလုပ်က မှန်ကန်တယ်ဆိုတာ ပိုင်ပိုင်နိုင်နိုင်သိနေတယ်။ ပိုင်ပိုင်နိုင်နိုင် ထိထိရောက်ရောက် အကုန်လုံးသိစေချင်ပါတယ်။

ဘာဖြစ်လို့ သိစေချင်သလဲဆိုတော့ နည်းနာနိဿယတွေက များလွန်းအားကြီးလို့။ ဘယ်နည်း မှားတယ်။ ဘယ်နည်း မှန်တယ်။ မပုတ်ခတ်ပါဘူး။ ဦးပဍ္ဍင်းတို့ အတွေ့အကြုံအရဆိုရင် အင်မတန်ကြိုးစားမှ တရားက တန်ကာလောက်ကျတာ။

အခုဟာက မမှတ်ရသေးဘူး တရားဝင်ခါစရှိသေးတယ်။ အကုန်လုံးရင့်ကျက်ကုန်ကြပြီ။ သိပြီးရောကိုဖြစ်နေကြတယ်။ အခုမှ ဖင်နွေးအောင်မထိုင်ရသေးဘူး။

သိပြီးရော ဘာမျှ မမှတ်ချင်တော့ဘူး။ ဘာမျှမမှတ်ဘဲ အိမ်မြှောင်ပြုတ်ကျတာကအစ ကြောက်လန့်ပြီး ထပြေးနေတဲ့ပုဂ္ဂိုလ်တွေက မမှတ်တော့ဘူး။ အဲဒီတော့ လိုရင်းရောက်ပါတော့မလား။ မရောက်တော့ဘူး။ အဲဒီလိုတွေ များနေကြတယ်။

ဦးပဍ္ဍင်းတို့ ဒီလုပ်ငန်းကတော့ သေသေချာချာကြိုးစားမှ၊ အသက်စွန့်ပြီးကြိုးစား မှရတာ။ သေသေချာချာကြိုးစားမှဆိုတာ ငါးနာရီ၊ ခြောက်နာရီ ဒီလိုထိုင်ဖို့ပြောတာ မဟုတ်ဘူးနော်။ အဲဒီအစွန်းမဟုတ်ဘူး။

ကိုယ်တတ်နိုင်သလောက်ထိုင်။ သေသေချာချာ စူးစူးစိုက်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိုက် လိုလိုချင်ချင် ကြိုးစားရတယ်။ အခုက အဲဒီလိုမဟုတ်ဘူး။ ပေါ့ပေါ့ဆဆပဲဗျာ။

**အခုမှ စအားထုတ်ကာစပဲ ရှိသေးတယ်။**

**သူတို့က အရိယာတွေ ဖြစ်နေကြပြီ။**

အဲဒီပုဂ္ဂိုလ်တွေက များနေတယ်။ နောက်ပိုင်းကျရင် အဲဒါတွေများလိမ့်မယ်။ အဲဒီလို ဘာဉာဏ်မှမရသေးဘဲနဲ့ ကိုယ့်ကိုယ်ကို အရိယာကြီးထင်ပြီး ဆရာလုပ်နေတာတွေက များတယ်။ နောက်တပည့်တွေက ပိုဆိုးသွားတယ်။

နောက်ကျတော့ မြတ်စွာဘုရားရဲ့တရားတော်ထဲမှာ ပါတယ်။ သက်န်းလေး လက်ချည်ထားတာတို့၊ လည်ပင်းလေး ချည်ထားတာတို့ ဖြစ်လာလိမ့်မယ်။

သူများကို ဆရာလုပ်နေတဲ့ ပုဂ္ဂိုလ်တွေကလည်း သားတွေ မယားတွေယူပြီးတော့ ဆရာလုပ်နေတာတွေ များလိမ့်မယ်။

ဘာဖြစ်လို့လဲဆိုတော့ ဆရာတွေကိုယ်တိုင်က ထိရောက်အောင် မလုပ်ဘူးလေ။ ဆရာတွေကိုယ်တိုင်က အနာမခံချင်ဘူး။ ခြင်ကိုက်မခံချင်ဘူးဗျ။ ဟုတ်တယ်မဟုတ်လား။ ခြင်တောထဲ သွားထိုင်ဖို့ ပြောတာမဟုတ်ဘူးနော်။

ဒုက္ခဝေဒနာကို သည်းခံဖို့ပြောတာ။ တော်ရုံတန်ရုံ သည်းခံပြီးမှတ်ပေါ့ဗျာ။ နည်းနည်းနာတာနဲ့ ပြင်မှတ်တယ်။ ပေထိုင်ရင် ''အတ္တကိလမထ''ဖြစ်တယ်လို့ ဝေဖန်ချင်ကြသေးတယ်။ မဟာစည်ဆရာတော်ဘုရားကြီးလည်း ဟောထားတာရှိပါတယ်။

**ဒုက္ခဝေဒနာကို ''သတိ၊ ပညာ''နဲ့ ရှုမှတ်နေတာဟာ အတ္တကိလမထ မဟုတ်ဘူး၊ ဒေါသအစွန်း မဟုတ်ဘူး။ အပေါ်ယံ အသွင် သဏ္ဍာန်ပိုင်းနဲ့၊ အတွင်းက အနှစ်သာရပိုင်းကို ခွဲခွဲခြားခြား သိမြင်ဖို့လိုတယ်။** အခုဟာက ဆိုဖာခုံကြီးပေါ် တက်ထိုင် ကိလေသာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တွေခံစားမှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရမယ်လို့များ အောက်မေ့နေသလား မသိဘူး။ အဲလိုမျိုးတွေ ဖြစ်နေကြတယ်။ ပြောရင်းပြောရင်း ဦးပဥ္စင်း စကားလုံးတွေက မယဉ်ကျေးသလို ဖြစ်ဖြစ်နေတယ်။ အခုဟာက ယောဂီက **ဘာမျှ မလုပ်ရသေးဘူး၊ အရိယာဖြစ်နေတယ်။**

**ရှုတာ မှတ်တာကို အထင်သေးနေတယ်။ သမထကိုလည်း အထင်သေးတယ်။** အဲဒါတွေကို ကြိုးစားပါမှ အရှိန်ရှိတာ။ ရိပ်သာက တစ်လခွဲလောက်ပဲ လက်ခံတာ။ တစ်လခွဲလောက်ဆို ပြန်လွှတ်တာ။ အဲဒီတော့ကျန်တဲ့အချိန်မှာ သမထအဆင်ပြေရင် သမထပွားနေ။ ဝိပဿနာဆိုလည်း ဝိပဿနာပွားနေ။ သမထပွားလိုက်၊ ဝိပဿနာ ပွားလိုက် ဒီလိုကို ကြိုးစားနေရမယ်။

ဟို ... ကြီးပွားရေးလမ်းကြောင်းနံပါတ် ကြည့်တာကို ပြောတာမဟုတ်ဘူးနော်။ ရိုးရိုးသမထ၊ မြတ်စွာဘုရားဟောတဲ့ သမထကို ပြောတာ။ အဲဒီလိုပွားထားလို့ အရှိန်ရှိထားတော့ ရိပ်သာဝင်တဲ့အခါ မြန်မြန်ခရီးရောက်တာပေါ့။

အလုပ်များတဲ့ ဒကာကြီးတွေကျတော့ စေတနာလည်းရှိတယ်။ တကယ်လည်း သာသနာတော်ကို ကြည်ညိုပါတယ်။ တကယ်လည်း သဒ္ဓါတရားရှိတယ်။ သို့သော်လည်း အိမ်မှာ ဝိပဿနာကို သေသေ ချာချာမလုပ်ဖြစ်ကြဘူး။ လုပ်ရကိုင်ရတာနဲ့၊ လခစားလည်း လခစား အလျောက် လုပ်ရကိုင်ရတယ်။ အဲဒီတော့ ကိုယ့်အိမ်မှာနေရင်းနဲ့၊ လုပ်ရင်းကိုင်ရင်းနဲ့ မေတ္တာပွားများကြ။ ဗုဒ္ဓါနုဿတိပွားတာ ထက်သန် ရင်လည်း ဗုဒ္ဓါနုဿတိပွားများကြ။ ဒါမှ တရားက အရှိန်ရမှာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရချင်ရင် တရားအားထုတ်နေတဲ့ ကာလ အတွင်းမှာ စာမဖတ်နဲ့။ စာဖတ်တာကို မကောင်းဘူးလို့ ပြောတာ မဟုတ်ဘူးနော်။

**စာဖတ်တာ အမှတ်လွတ်တယ်။**



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မင်္ဂလာ ဖိုလ်ဉာဏ်အတွက် မြန်မြန်ဆန်ဆန်ရအောင် လုပ်တော့မယ်ဆို မဖတ်နဲ့။ ဆရာတော်ဘုရားကြီးတွေပေးထားတဲ့ အလုပ်ပေးတရားကို နာပြီးတော့ ရိုရိုသေသေလုပ်။

အခုယောဂီတွေက တရားထိုင်တယ်၊ တရားဖြုတ်တယ်ဆိုတာနဲ့ စာအုပ်ကောက်ဖတ်နေတယ်။ ဟာ ... အဲဒီလိုဆို ခင်ဗျားတို့ သမာဓိ မဆက်တော့ဘူး။ အဲလိုမလုပ်ပါနဲ့၊ ဒီလိုပဲပြောနေရပါတယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ် မလိုချင်ဘူး။ ရသလောက်ပဲ ပါရမီဖြည့်ရုံလောက်ပဲဆို ဖတ်။ ဖတ်ချင်သလိုဖတ်။ သူက လိုမှ မလိုချင်တာကိုး။ မလိုချင်တော့ ဖတ်ပေါ့။ တကယ်လိုချင်လို့ရှိရင် စာမဖတ်ရဘူး၊ စာမရေးရဘူး၊ စကားမပြောရဘူး စသည်အားဖြင့်ပေါ့။ စကားမပြောရဘူးဆိုတာ ဝစီပိတ်၊ နှုတ်ပိတ်ခိုင်းတာ မဟုတ်ဘူးနော်။ အစွန်းတွေကလည်း အများကြီးပဲဗျ။ စာရေးတာကလည်း စကားပြောတာနဲ့ အတူတူပဲ။ အမှတ်တွေ လွတ်ကုန်တာပဲ။

**အမှတ်လွတ်ရင် သမာဓိမဆက်တဲ့အတွက် အရှိန်တွေက အားမကောင်းတော့ ဟိုဘက်ကမ်းကို မကူးနိုင်တော့ဘူး။**

ဝိပဿနာတရား အားထုတ်ရာမှာ တတ်နိုင်ရင် စီးပွားရေး၊ လူမှုရေး သံယောဇဉ်တွေဖြတ်ပြီး အားထုတ်ပါ။ ကမ်းတစ်ဖက်ကို ကူးချင်ရင် အရှိန်များများယူပါ။ သမထသမားများကို နမူနာယူပါ။

သမထသမားများဟာ ဘုရားတည်တော့မယ်ဆိုရင် သီလစောင့်၊ သက်သတ်လွတ်စား၊ ဂုဏ်တော်ပွား အဓိဋ္ဌာန်ဝင်ကြတော့တာပဲ။ အဓိဋ္ဌာန်အောင်မှ ဘုရားတည်တာ အောင်မြင်မှာကိုး။ ဒီတော့ အလုပ်သိပ်လုပ်တယ်။

ဝိပဿနာသမားက ကမ်းတစ်ဖက်ကူးမှာဆိုတော့ အလုပ်ပိုလုပ်ရမယ်။ အခု ဦးပဥ္စင်းပြောခဲ့တာတွေဟာ သာသနာတော်ကြီးအတွက်ရည်ရွယ်ပြီး ယောဂီတစ်ယောက်အနေနဲ့ ပြောပြခဲ့တာပါ။

အပ္ပမာဒစာစဉ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အတိုချုံးလိုက်ရင် –

သင်္ခါရုပေက္ခာဉာဏ်ကို ရောက်နေပါလျက်သားနဲ့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မကူးနိုင်ဘဲ တဝဲလည်လည်ဖြစ်နေရတဲ့ အကြောင်းတရားများစွာထဲက ဦးပဥ္စင်းရှင်းပြတဲ့ (၄)ခုက–

(၁) ဆုကြီးပန်ထားတာရှိရင် မကူးနိုင်ဘူး။

(၂) တရားထူးလိုချင်တဲ့ နိကန္တိဖြစ်လာရင်လည်း မကူးနိုင်ဘူး။

(၃) တရားအရှိန်အားမကောင်းရင်လည်း မကူးနိုင်ဘူး။

(၄) ဆရာသမားရဲ့စကားကို နားမထောင်ဘူး၊ ဆိုဆုံးမရခက်တယ်၊ မာနတွေခံနေတယ်ဆိုရင်လည်း မကူးနိုင်ဘူး။

ဒီ(၄)ချက်ကို လွန်မြောက်နိုင်တဲ့ ယောဂီမှ ဟိုဘက်ကမ်းသို့ ကူးနိုင်ပြီး လွတ်မြောက်မှုချမ်းသာကို ရရှိနိုင်တာ။ ဒါကြောင့် –

**တရားရိပ်သာတွေ များများဝင်၊**

**အရှိန်ရအောင် များများကြိုးစားပြီးတော့၊**

သူတော်ကောင်းတို့လိုလားတဲ့ ဟိုဘက်ကမ်းတည်းဟူသော မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

သာဓု – သာဓု – သာဓု ပါဘုရား။

❐

အပွမာအစာစ်

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့၏
# အသိပေးလွှာ ပန်ကြားလွှာ

(၁) ၂၀၀၄ခုနှစ် ၊ဖေဖော်ဝါရီလ၊ အပ္ပမာဒမဂ္ဂဇင်းမှ မောင်သွေးချွန်၏ "ဉာဏ်စဉ်လမ်းမှ ကမ်းတစ်ဖက်သို့"တရားတော်ကို မူရင်းဟောစဉ်အတိုင်း အနည်းငယ်ဖြည့်စွက်၍ စာပေအဖြစ် မှတ်တမ်းတင်ကာ ပြန်လည်ပူဇော်ထားပါသည်။ အပ္ပမာဒမဂ္ဂဇင်း စာတည်းချုပ်ဆရာမြသန်းစံနှင့် ဆရာ မောင်သွေးချွန် တို့ကိုလည်း အထူးကျေးဇူးတင်ပါသည်။

(၂) ဤစာအုပ်ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှ ကိုစည်သူဝင်း၊ မအေးလေး မိသားစုတို့မှ တရားအလှူ ပညာပါရမီအလှူ တိုက်ရိုက်သာသနာပြုအလှူအဖြစ် လှူဒါန်းထားသော မြစိမ်းတောင် ဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့် ထုတ်ဝေပါသည်။

(၃) မြစိမ်းတောင်ဆရာတော် ဟောကြားတော်မူထားသော အလုပ်ပေးတရား တိပ်ခွေပေါင်းမှာ (၅၀၀)ခန့်ရှိသဖြင့် ဤကဲ့သို့သော အလုပ်ပေးတရားတော်စာအုပ်များ ဆက်လက်ထုတ်ဝေနိုင်စေ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ တရားအလှူ ပညာပါရမီအလှူ တိုက်ရိုက်သာသနာပြုအလှူအဖြစ် ပါဝင်လှူဒါန်းလိုပါက–

(ဖုန်း–၀၅၅–၂၀၃၄၁)သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၄) အသံသွင်းတိပ်ခွေများမှတစ်ဆင့် စာသားအဖြစ် ကူးပြောင်းသည့်အခါ ဖတ်ရှုသူတို့ကို တတ်နိုင်သမျှအသိတိုး၍ အကျိုးများစေလိုသော စေတနာကြောင့် လိုအပ်သည့်နေရာများတွင် အချက်အလက်အနည်းငယ်ကို ဖြည့်စွက်ထားပါသည်။ ချွတ်ချော်အားနည်းချက် တစ်စုံတစ်ရာရှိခဲ့ပါလျှင် မြစိမ်းတောင်ဓမ္မစာပေ ပြန့်ပွားရေးအဖွဲ့၏ တာဝန်သာဖြစ်ပါကြောင်း ဝန်ခံတင်ပြအပ်ပါသည်။

( မြစိမ်းတောင်ဓမ္မစာပေပြန့်ပွားရေးအဖွဲ့ )



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)